www.burmeseclassic.com

# လရောင်ကျူးရင့်

ဖြူဖြူဝင်ဝင် ကောင်မလေး




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်နိုင်ယုလင်း (၀၁၆၆၀)
ရွှေငွေလှိုင်စာပေ၊ အမှတ်(၄၁)၊ ၄၄–လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း၊
ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ မတ်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

လရောင်ကျူးရင့် ၈၉၅.၈၃
ဖြူဖြူစင်စင်ကောင်မလေး/ လရောင်ကျူးရင့်၊
ရန်ကုန်၊ ရွှေငွေလှိုင်စာပေ၊ ၂၀၁၆။
၃၀၄ စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) ဖြူဖြူစင်စင်ကောင်လေး




## အခန်း(၁)

'ချစ်မြားရှင်'
သင့်အနာဂတ်ဘဝအတွက်,
ဖူးစာဖက် ကြင်ဖက်ကောင်းရွေးချယ်လိုလျှင်
ချစ်မြားရှင်သို့ ကြွခဲ့ပါ ...။

သင့်ဘဝကြင်ဖော်အတွက် အထူးဝန်ဆောင်မှုဖြင့် အကျိုးဆောင်ပေးပါမည်။

နံရံမှာ လင်းလက်နေသည့် စာလုံးတွေကို သေချာဖတ်ရင်း ဦးကောကို လျှာပေါ်မှာတင်၍ ပခုံးတွန့်လိုက်သည်။ လှည့်ပတ်ကြည့်လိုက်တော့ မှန်လိုကြည်တောက်နေသည့် ကျွန်းစားပွဲကြီးနှင့် အလှမီးနီယံကုလားထိုင် သုံးလုံးချထားသည်။

ပြီးတော့ အတွင်း၏ ညာဘက် ကန့်လန့်ကာတွေနဲ့ ကပ်လျက်မှာ အနီရောင် ဆိုဖာတွေနှင့် ဧည့်ခန်းတစ်ခု ...၊

အခန်းကျယ်၏ အပေါ်တည့်တည့်မှာ ပယင်းရောင် မှန်မီးဆိုင်းကြီးက အခန်းထက်တောင် ပိုကြီးနေသလိုပင် .. ထို့ပြင် ...၊

www.burmeseclassic.com



နံရံတွေမှာ ရာဇဝင်ထဲက ချစ်သူစုံတွဲတွေရဲ့ ပန်းချီကို အတွင်းဆလိုက်နှင့် ထိုးပေးထား၏။ အနားကို လျှောက်သွားကြည့်မိကာ လက်ဖဝါးနှစ်ဖက်ချည်း ထပ်ဆက်ထားသည့်ပုံကို လက်နဲ့ကိုင်ကြည့်လိုက်မိ၏။

တကယ့်လက်တွေလို နုရဲနေသဖြင့် ကပ်ကြည့်လေ သဘောကျဖို့ကောင်းလေ ..။

"အတွင်း Decoration ကတော့ ရေရေလည်လည်မိုက်တယ် .."

"မိုက်တယ်ဆိုတာသိပြီးရင် နေရာတကျလေး ပြန်နေပေးပါလား.."

ဟင် !...၊

အထဲကို လူဝင်လာတာ မသိလိုက်သဖြင့် ဖျတ်ခနဲလှည့်ကြည့်လိုက်မိသည်။ မန်ကျည်းရောင်ချည်ပုဆိုးက အနက်ရောင်ပြေးနေကာ စတစ်ကော်လံနှင့် ရှပ်လက်ရှည်အဖြူကို ဝတ်ထား၏။

ဆံပင်ခပ်တိုတိုကို သေသပ်စွာ သားခွဲဖြီးထား၏။ အသားလတ်လတ် အရပ်မြင့်မြင့်မို့ ယောကျ်ားပီသသည်ဟုဆိုနိုင်သည်။ ဒါပေမယ့် မတည်မပြုံးမျက်နှာက အထက်စီးဆန်နေလျက် ..၊

"ကျေးဇူးပြု၍ပေါ့ .."

ဆိုဖာတွေကို လက်ဖဝါးနဲ့ညွှန်ပြကာ ထိုင်ဖို့ပြောသည်။ စကားလုံးတွေက ယဉ်ပေမယ့် သူ့မျက်လုံးတွေကတော့ ကိုယ့်ကို စည်းကမ်းရှိဖို့ အတိအကျသတိပေးနေတာမို့ ..၊

"လွယ် က အလုပ်အပ်မလို့လာတာ .. ခဏ တစ်ဖြုတ်မေးမြန်းစနည်းနာပြီး ပြန်မှာမဟုတ်ဘူး .."

"သြော် ..."

လွယ့် တစ်ကိုယ်လုံးကို ဝေ့ခနဲကြည့်ပြီး သူက ခေါင်းညိတ်သည်။ ပြီးတော့ မှန်တံခါး၏နောက်ကိုလှမ်းကြည့်လိုက်ပြီးမှ ..၊

"ထိုင် ... "



စားပွဲရှေ့က ထိုင်ခုံကို မေးဆတ်ကာ နောက်မှာ သူ ဝင်ထိုင်၏။

"အထဲမှာ လူမတွေ့ရင် အဲဒီဘဲလ်လေးကို တစ်ချက်လောက်နှိပ်လိုက်လို့ရတယ် .."

လွယ် က ပီကေကို အံထဲမှာထည့်ဖိပြီး ခပ်ကြိတ်ကြိတ်မဲ့ကာ ...

"သိတယ်လေ .. ကြည့်စရာတွေလုပ်ထားလို့ ကြည့်နေမိတာ အပြစ်ဖြစ်သွားလို့လား .."

သူ့အကြည့်က အံ့ဩသလိုရောက်လာ၏။ ပြီးတော့ အံဆွဲထဲက ဖိုင်တစ်အုပ်ကိုထုတ်ယူပြီး စားပွဲပေါ်တင်လိုက်ကာ ..၊

"ခင်ဗျားက ဆန္ဒရှိလို့ဆိုရင် ကြိုက်သလောက်ကြည့်နိုင်ပါတယ်.. ကက်စတန်မာ ဝင်လာတာတောင် ကြိုဆိုမယ့်သူမရှိဘူးလို့ အပြစ်တင်သံထွက်ခဲ့ဖူးတယ် .."

"ဟွန်း ..."

"အဲဒါကြောင့်ပါ .. ကျွန်တော်တို့ဆီကို ရောက်လာကြတဲ့လူတိုင်းက မရှိမဖြစ်လိုအပ်နေတာတစ်ခုခုအတွက်.. အဓိကအရေးတကြီးပြေးလာကြတာမဟုတ်ဘူးလေ .. ဒီရောက်လာတဲ့အချိန်မှာ သူတို့ရဲ့ ယုံကြည်မှု-အဲ .. ပြောရရင် စိတ်ဝင်စားမှု ရင့်သန်လာဖို့က ကျွန်တော်တို့ဘက်က တက်ကြွနိုင်နင်းမှုကိုပြနိုင်မှ .."

"မှန်တာပေါ့ .."

"ခင်ဗျား ဝင်လာတဲ့အချိန်မှာ အထဲမှာ လူရှိမနေတဲ့အတွက် ဆောရီးပါ .."

"ဟွန်း .. ဒါ တောင်းပန်တာလား .."

လွယ် က ကောက်ကောက်ကွေ့ကွေ့နှင့် အုပ်ဖြာကျနေသည့် ဆံနွယ်တွေကို မျက်နှာလေး မော့ခါရင်း မဲ့ကာ ..၊

"မသိပါဘူး .. ရှင် လွယ့် ကို ဆွဲထုတ်ပစ်တော့မှာလားလို့ .."

www.burmeseclassic.com

www.burmeseclassic.com



သူက မျက်ခုံးမသိမသာ တွန့်သွားသည်။ သို့သော် ချက်ချင်းဖြေချပစ်၍ ...၊

"ခင်ဗျား အဲဒီလိုထင်စရာဖြစ်သွားရင် ဆောရီးပါ .. ကျွန်တော်က ခင်ဗျားရဲ့ လာရင်းကိစ္စကို နားထောင်ပေးမယ့်သူနဲ့ ချက်ချင်းတွေ့သွားနိုင်မယ့် နည်းလမ်းရှိတာ ပြောပြရုံသက်သက်ပဲ .."

"ဧည့်သည်ရောက်နေတာလား .."

ထွက်လာကြတော့ နှစ်ယောက်ပူး ...၊

တစ်ယောက်က အသက်ငါးဆယ်ကျော်အရွယ်ဖြစ်ကာ တစ်ယောက်က သူ့အရွယ်လူလတ်ပိုင်းပဲဖြစ်၏။ လူကြီးက မျက်နှာချိုသလောက် လွှယ် ကို မြင်တာနှင့်ပြုံးပြကာ သူ့ဘက်ပြန်လှည့်၍ ...၊

"ငါတို့ကိစ္စရှိသေးလို့ မင်း ဖြစ်တယ်မို့လား .."

သူက လွှယ် ကို ကြည့်ပြီး ခေါင်းညိတ်၏။ ပြီးတော့ ...၊

"ကက်စတန်မာကို မေးရမှာပါ .. သူ ဘယ်သူနဲ့ ဆွေးနွေးချင်မလဲလို့ .."

စကားပြော အဆင်မပြေဖြစ်ကြတာကို တမင်ရည်ရွယ်တာမှန်း လွှယ် က သိလိုက်သည်။ ထို့ကြောင့် ခပ်တည်တည်လေးနေလိုက်ကာ...

"ဒီမှာ ဆွေးနွေးလို့ရတာ ဘယ်နှစ်ယောက်ရှိလဲ .."

"ဩော် .. ငါးယောက်ရှိပါတယ် .."

လူကြီးကပဲ ပျာပျာသလဲဖြေ၏။

"အခု ရှိတဲ့သုံးယောက်ရယ် .. နှစ်ယောက်က အမျိုးသမီးတွေပါ၊ တမကြီးက အမျိုးသမီးတွေနဲ့ ဆွေးနွေးချင်တယ်ဆိုရင်လည်း ခုပဲ စီစဉ်ပေးပါ့မယ် .. ခဏပဲ .. ဆယ်မိနစ်မကျော်ခင် သူတို့ရောက်လာမှာပါ.."

"အကုန်လုံးအားနေကြတဲ့ပုံပဲ .. ဟွန်း .. အလုပ်အကိုင်တွေ ကောင်းနေတာထင်တယ် .."

နှစ်ယောက်က မျက်နှာပျက်သွားပေမယ့် သူက ခိုင်ကြည်နေသည့်



မျက်ဝန်းတွေနှင့် ...၊

"ဒီက ကက်စတန်မာက လိုအပ်တာတစ်ခုခုကို ပြောပြဆွေးနွေးချင်လို့ ရောက်လာတာထင်ပါတယ် .."

"ဟုတ်တယ်လေ .. ဒါပေမယ့် ရှင်တို့အလုပ် ရှင်တို့ လှုပ်ရှားမှုတွေကို စိတ်ဝင်စားလို့ရော မရဘူးလား၊ ရောက်လာတဲ့လူက ကိုယ့်အတွင်းရေး အပြင်ရေးကို ယုံကြည်စွာဖြင့် ဆွေးနွေးရမှာလေ .."

"ဟုတ်တော့ဟုတ်ပေမယ့် ခင်ဗျား ထင်ထားသလောက် ပယ်ပယ်နယ်နယ်ကြီး မလိုပါဘူး၊ အခု ခင်ဗျား အိမ်ထောင်ဘက်အတွက် ဆွေးနွေးချင်တာမို့လား .. ဆောရီး မဟုတ်ဘူးဆိုရင် တစ်ယောက်ယောက်အတွက် စီစဉ်ပေးချင်တာမျိုး .."

"ဟုတ်တယ် .. ကျွန်မအတွက်ပဲ .."

သူမ မျက်နှာက ရှက်ရွံ့သွားတာလည်းမရှိ၊ ပြောရခက်သွားတာလည်း မဖြစ်ဘဲ စူးလက်နေသည့်မျက်ဝန်းလေးတွေက ယောကျ်ားတစ်ယောက်ကို ပြန်ကြည့်တာ မတွန့်မရွံ့ ...၊

"ကျွန်မတို့ ဆွေးနွေးပြီဆိုရင် ဆောရီးတွေ သိပ်မလိုပါဘူး၊ ရှင်က မရိုင်းသရွေ့ လွှယ် ကလည်း မရိုင်းပါဘူး .."

"ဒါဆို ခုပဲ စလိုက်ရအောင် .."

"အိုခေ .."

အိုခေဆိုတာကို လက်ဖဝါးနှစ်ဖက်စလုံးပင့်ပြီး မျက်နှာရော ပခုံးနှစ်ဖက်ပါအောင် ပြောသည်။ စကားပြောတိုင်း မျက်ခုံးဖြစ်ဖြစ် ပခုံးဖြစ်ဖြစ် ခုလို လက်နှစ်ဖက်စလုံးပါတာကအစ လှုပ်ရှားမှုတွေရှိနေတတ်ပေမယ့် စိတ်ပျက်ဖွယ်ဖြစ်မသွားတာကတော့ သေချာလေသည်။

အဘယ့်ကြောင့်ဆိုသော် သူမ၏ ယဉ်တစ်ကိုယ်လုံးက သုံးသပ်မဆုံးနိုင်အောင် အလှသွေးကြွယ်နေသည်ဖြစ်ရာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ .."

"ဟင် .. ခြော် .. အင်း .. ဆောရီး .."

ဆောရီး မလိုပါဘူးဆိုမှ ထပ်ပြောမိသဖြင့် ထပ်တောင်းပန်ရတော့မလို မျက်လုံးချင်းထပ်ဆုံပြန်၏။ သူက လူကို သနားစရာသတ္တဝါလို စိုက်ကြည့်ပြီး ပြုံး၏။

နေမြဲ မျက်နှာကတော့ အနီရောင် တစ်ချက်သမ်းခဲ့လျက် ...၊

"လိုအပ်လို့ပါ .."

တစ်ခါတလေ ဖုံးကွယ်ခြင်းကသာ ပို၍ အကျည်းတန်နေစေတာမို့ ...၊

"ခင်ဗျားကို ကြည့်လိုက်မိတာ ရှိုင်းသွားတယ် .."

"လှလို့ကြည့်တာပဲ .. ရပါတယ် .."

သူမပြောပုံက လျှောင်ရိပ်သမ်းနေပေမယ့် ကိုယ့်ကိုယ်ကိုယ် လှကြောင်း ကြွားတာနဲ့တော့ သိပ်မတူပေ ...။

"လွယ် က ရှင့်ကို ကြွားနေတာမဟုတ်ဘူးနော် .. ကျွန်မအတွက် ဒါတွေက စိတ်ပျက်ဖွယ်တွေပဲ .."

ပြောပြီး ပခုံးတွန့်၍မဲ့သည်။ မျက်ဝန်းလေးတွေမှာ အလွန်အမင်း စိတ်ပျက်ခြင်းတို့ကို တွေ့နေရလျက် ...၊

"ထားလိုက်ပါ .. အခု ရှင် မေးလို့ရပြီ .."

"ဟုတ်ပါပြီ .."

ကိုယ်ကို ခပ်မတ်မတ်ပြုပြင်၍ စားပွဲပေါ်မှာ လက်နှစ်ဖက်တင်ကာ ...၊

"လွယ် ဆိုတာကို ခင်ဗျားနာမည်ထင်တယ် .."

"လွယ်လွယ်ခက် .."

တော်တော်မလွယ်မယ့် နာမည်မှန်းတွေးမိလိုက်၏။ သူမဘေးမှာ ရပ်နေကြသည့် ဦးကိုက်စံ နဲ့ ကိုလေး က အထဲဝင်ဦးမည်ဆိုပြီး မဝင်နိုင်



ဘဲဖြစ်နေကြကာ ဝင်ဦးမည့်စကားကြောင့်သာ ဝင်သွားကြရလျက် ဖြစ်ရဲ့လားလို့ မေးဆတ်မေးနေသေးသည်။

နေမြဲ က မကြည့်တော့ဘဲ သူမကိုသာ အာရုံစိုက်ရင်း ...၊

"ကျွန်တော့်စိတ်ထဲမှာရှိတဲ့အတိုင်း ပြောရရင် နည်းနည်းဆောင်လွတ်သွားနိုင်တယ် .."

"ပြောလေ .. လွယ် နဲ့ ရှင် ခုမှသိဖူးပေမယ့် လွယ် တို့ ဆွေးနွေးကြမယ့် အကြောင်းအရာအတွက် ပွင့်လင်းလို့ရပါတယ် .."

သူ ခေါင်းညိတ်လိုက်ပြီး ...၊

"ခင်ဗျား ရုပ်ရည်တစ်ခုတည်းနဲ့ပြောရရင် အေဂျင်စီတစ်ခုကနေ အိမ်ထောင်ဘက်ရှာဖို့ .."

"လိုတာပေါ့ .. ကျွန်မဘေးမှာ ယောကျ်ားတွေ ခြင်တွေလို သပ်ချနေရရင်လည်း အိမ်ထောင်ဘက်ကောင်းတစ်ယောက်ရှိဖို့ကတော့ လိုကိုလိုတာပဲ .."

ဒါကိုတော့ သူ ခေါင်းညိတ်မိသည်။ ရုပ်ရည်ချောမောနေခြင်းတစ်ခုတည်းက လူတစ်ယောက်ဘဝကို ပြီးပြည့်စုံစေတာမဟုတ်သည့်ပြင် သူမက မိန်းကလေး ...၊

"ရှင့်ကို လွယ့် ဘဝနဲ့ပတ်သက်ပြီး နည်းနည်းပါးပါးပြောပြနိုင်ပါတယ် .. ဒါပေမယ့် အခု အချိန်မရသေးဘူး .."

ပြောနေရင်း ကြိုးပျော့အနီရဲရဲလေးနှင့် လက်ပတ်နာရီကိုပင့်ကြည့်လိုက်သည်။

"အခု .. ရှင် လိုအပ်တာတွေပဲ မေးလိုက်ပါလား .."

"အိုခေ .. အဓိကက ခင်ဗျားရဲ့ဓာတ်ပုံ .."

"မပါဘူး .."

"အဲ့ဒါမပါလို့မရဘူးလေ .. ကျွန်တော်တို့က ခင်ဗျားမျက်နှာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ယူသွားလို့မှမရတာ ..”

“လွယ် က ဓာတ်ပုံရိုက်တာ လုံးဝဝါသနာမပါဘူး ..”

“အစကမပါရင်လည်း အခု အလုပ်သဘောအရ ပါလိုက်ပါ၊ ခင်ဗျားလည်း ဒီနေ့ အချိန်မရဘူးဆိုတော့ ခင်ဗျားဓာတ်ပုံပါလာမှ အဆင်ပြေမယ့် တစ်ရက်ရက် ..”

“မဖြစ်ဘူး ..”

သူမက မျက်စိမျက်နှာပျက်ပျက်နှင့် ခေါင်းလည်းခါသည်။ ပြီးတော့ တစ်ရှူးတစ်စထုတ်ယူလိုက်ပြီး ထိုတစ်ရှူးနဲ့ ပါးစပ်ထဲက ပီကေကို ထုတ်သည်။

နေရာမှ ဖျတ်ခနဲထသွားကာ အမှိုက်ပုံးထဲသွားပစ်လိုက်ပြီးမှ ဆတ်ခနဲပြန်ထိုင်၍ ...၊

“လွယ် ဒီနေရာကို နောက်တစ်ခေါက်ထပ်လာလို့မရတော့ဘူး၊ ခုတောင် ကင်းပုန်းတွေအချက်ပေးပြီး အားလုံးသိကုန်ကြလောက်ပြီ..”

သူမပုံစံ အလန့်တကြားထဖြစ်သွားပေမယ့် နေမြဲ နားမလည်ပေ။ မိန်းမလှလေးတစ်ယောက်ကို ယက္ခဂုမ္ဘာန်တွေနဲ့ စောင့်ကြပ်ခြံရံထားကြတာလား ...၊

သူမက ဘယ်လိုမိန်းကလေးမျိုးလဲ ...၊

ဒီခေတ် ရက်(စ်)ပါရ်တွေ ထပ်ဝတ်ကြတဲ့ ခေါင်းစွပ်ပါတဲ့အင်္ကျီမျိုး အနီရောင်ရဲရဲနှင့် အဖြူစပ်ထားတာလေး နည်းနည်းပါသည်။ အတွင်းခံအင်္ကျီကလည်း လည်ပင်းတော်တော်ဟိုက်ကျနေသော အဖြူရောင် ကိုယ်ကျပ်နှင့် ဘောင်းဘီရှည်ကလည်း အဖြူစွတ်စွတ် ...၊

သူ ဝင်လာကာစက သူမ တစ်ကိုယ်လုံးကို ကြည့်ထားမိတာမို့ အကောင်းစား ဝေါ့ကင်းရှူးအဖြူရောင်လေးကလည်း သူမတစ်ကိုယ်ထင်းနေ၏။



ပုံစအရ သူမ အဆင့်အတန်းကို လူကုံထံမိန်းကလေးဟု သတ်မှတ်နိုင်သော်လည်း ...၊

“ရှင့် ဖုန်းနဲ့ ခုပဲ ရိုက်ယူလိုက်ပါ၊ တစ်ပုံပဲနော် ..”

“ဟာ .. အဲဒါက ..”

“လုပ်ပါရှင် ..”

ပြောပြီးတော့ ဆံပင်တွေကို နဖူးကနေ ဆွဲချလိုက် ပြန်လှန်လိုက်၊ ပြီးတော့ အင်္ကျီကို ရင်စေ့မလိုပြင်ပြီးမှ ပြန်ဖွင့်ကာ ...၊

“ဒီတိုင်းပဲကောင်းတယ်မို့လား ..”

ကိုယ်က ငေးနေမိတာနှင့် မော့လာပြီး မေးလိုက်တာ တည့်တည့်တိုး၏။ နောက်ထပ် နီသွားသည့်မျက်နှာမှာ ရှပ်ပျက်ဆင်းပျက်ရှိခဲ့ရရင်း...၊

“လုပ်ပါ ..”

“ဒါဆို .. ဖုန်းထုတ်လေ ..”

သူမက ခုံကြားထဲကထွက်ပြီး အဖြူရောင်အိတ်လေးကို ပခုံးပေါ်ထပ်ဆွဲတင်လိုက်ရင်း သေချာမတ်တတ်ရပ်သည်။

“နေပါဦး .. ကျွန်တော်တို့က ..”

“ဒီမှာ .. ဒီမှာ ..”

သူမက လူကြီးသူကြီးဟန်ပန်နှင့် မတ်တတ်ကနေ လက်ညှိုးတစ်ချောင်းနဲ့ လှမ်းခေါ်ကာ ...၊

“ကျွန်တော်တွေ ခင်ဗျားတွေ လုပ်မနေစမ်းပါနဲ့၊ ရှင့်အသက် အနည်းဆုံး အစိတ်တော့ သေချာပေါက်ရှိပြီ၊ အတိအကျခန့်မှန်းပြောရရင် နှစ်ဆယ့်ခုနစ်နှစ် ..”

သူ့ မျက်ခုံးတွေပင့်တက်သွားသည်။ သူမက သူ့အသက်က အမှုအရာကိုလည်း စိတ်ဝင်စားပုံမပြပေ ...။

www.burmeseclassic.com

www.burmeseclassic.com



"လွယ် က ခုမှ နှစ်ဆယ့်သုံးလေးနှစ်ပဲရှိသေးတာ .. ကျွန်မ နာမည် ဝဲခေါ် .."

"လွယ်လွယ်ခက် ဆိုတာကကွာ .."

"လွယ် လို့ပဲခေါ် .."

ပြောသမျှစကားသံတိုင်းက စိတ်မရှည်ပုံလေးပေါက်နေခဲ့လျက်..၊

"လုပ်လေ .. ရိုက်လေ .."

"မင်းမှာ ချက်ချင်းကြီး အချိန်မရဖြစ်လာတာ မတတ်နိုင်ဘူး၊ ငါတို့ဘက်က အလုပ်သဘောစည်းကမ်းတွေရှိသေးတယ်၊ မင်း ငွေတွေ ပုံပေးနိုင်လည်း မင်းလိုချင်တဲ့ အိမ်ထောင်ဘက်မျိုးကို ရရစေမယ်လို့ အာမ မခံနိုင်ဘူး .."

"ရှင်တို့ စာရေးထားတာကျတော့ စူပါနေထရယ်လ်တွေပါ့လား.."

"အဲ့ဒါကြောင့် လိုအပ်လို့ပြောနေတာလေ၊ မင်း အခု ဓာတ်ပုံရိုက်ထားခဲ့ပြီး အလုပ်အပ်ခဲ့တော့မှာလား .."

"ဟုတ်တယ် .. ဘာဖြစ်လို့လဲ .. လွယ် အရေးတကြီးဖြစ်နေလို့ မသေချာမှာစိုးရိမ်နေတာလား၊ စရံတစ်ဝက်ပါ တစ်ခါတည်းချခဲ့မှာ.."

"လိုအပ်တဲ့ အချက်အလက်တွေ မင်း မပေးခဲ့နိုင်ရင် မင်း အလုပ်တို ငါတို့လက်မခံဘူး .."

"ဟား ..."

သူမ နဖူးကဆံပင်တွေ တစ်ချက်သပ်ကာ အဲရဲကွန်းကိုမော့ကြည့်သည်။

"ဘာလဲ .. အပျက်ကြီးလား၊ ပျက်တဲ့ပုံမပေါ်ပါဘူး .. ကပ်စေးနဲတာပဲဖြစ်မယ် .."

သူပဲမေး သူပဲဖြေကာ ရီမုတ်ကွန်ထရိုးကို သွားယူကာ သူမဘာသာ ဖွင့်သည်။ ပြီးမှ ရီမုတ်ကို ပြန်ချထားလိုက်ပြီး ဒီဘက်ပြန်လှည့်၍ ...



"လွယ့် အကြောင်းပြောပြရင် မပျော်သဓာကြိုးသီရတဲ့ အကောက် တစ်ထောင်ပါတဲ့ ပတ္တမြားထက် ဆိုးသွားမှာ၊ ဒါပေမယ့် ဒီက လုံးဝ စင်းပဲလ်နော် .. ခုထိ ရည်းစားတောင်မထားခဲ့ဖူးဘူး .."

နေမြဲ နှုတ်ခမ်းမှာ ပြုံးရိပ်ဆင်သွားသည်။

"ရှင် မယုံဘူးမို့လား .. ဖြစ်ထိုက်ပါတယ်၊ လွယ့် မှာ ရည်းစားမရှိပေမယ့် ယောကျ်ားတွေနဲ့ .."

သူ့ မျက်မှောင်ကုတ်သွားမိပြန်သည်။ သူမက စကားရပ်သွားပြီး လက်တစ်ချက်ကာ၍ ...

"ရှုပ်ကုန်ပြီ .. ဒါပေမယ့် လွယ် က အဲ့လိုမိန်းမဟုတ်ပါဘူး၊ လွယ့် ဘဝကို ရှင့်ကိုပြောပြနိုင်တယ်၊ အဆင်ပြေမယ့် တစ်နေ့နေ့ပေါ့ .. အခု ဒီအလုပ်ကို လက်ခံထားပေးပါ၊ လောလောဆယ် အာမခံဖို့မလိုဘူး၊ လွယ် တို့ ထပ်တွေ့ကြဦးမှာပဲ .."

နေမြဲ က ဘာမှမပြောဘဲ သူမ ပြောသမျှကိုပဲ နားထောင်နေလိုက်သည်။

"ကဲ .. ရိုက်ပါဆိုမှ .."

သူမ နာရီထပ်ကြည့်သည်။ ပြီးတော့ ပန်ကာပြေးဖွင့်၏။

"ဟော့ .. မင်း မလွန်ဘူးလား .."

"ဒီမှာ အိုက်လှပြီ .. ရှင့်ဟာက အေးမှမအေးတာ၊ မီတာ ဘယ် လောက်တက်မှာမို့လို့လဲ .."

"မီတာကြောင့်မဟုတ်ဘူးကွ .. ဟ .."

"ဖလပ် .. ဖလပ် .."

ပြောလို့မဆုံးသေးခင် ပန်ကာ မျက်နှာမူလာသည်နှင့် စားပွဲပေါ်က စာရွက်တစ်ချို့ ဖလပ်ဖလပ်ဖြစ်ကုန်၏။

ထို့နောက် လိုက်ဖိထားဖို့အချိန်မရလိုက်ဘဲ တဖျောဖျောလွင့်ကျ

www.burmeseclassic.com

www.burmeseclassic.com



ကုန်လေသည်။

"ကျွတ် .."

"ဒါ .. ဒါကတော့ .."

သူမလည်း မျက်လုံးလေးဝိုင်းသွားကာ လွင့်ကျကုန်သည့် စာရွက်တွေကို ပြေးလွှားကောက်ရှာ၏။

ပြီးတော့မှ သတိရသွားပြီး ပန်ကာဆီထပြေးကာ စားပွဲလွတ်ရာမှာ စတော့(ပ်)လိုက်၏။

"ရပြီ .. ရပြီ .."

"ကျွတ် .."

ကိုယ့်ရဲ့ ကက်စတန်မာဖြစ်နေခြင်းကြောင့် သူမ သက်သာနေတာပါ။ နေမြဲဆေ ဆိုသည့်အတိုင်း သူ့နှစ်သက်တာက တည်ငြိမ်မှုပဲဖြစ်သည်။ ပြောင်းလဲရွေ့လျားခြင်းကို နည်းနည်းလေးမှ မနှစ်မြို့သည့်သူနဲ့မှ သူမ...။

"ဟုတ်ပြီ .. မတ်မတ်ရပ် .."

"ဟင် ..."

"ဓာတ်ပုံရိုက်မလို့လေ .."

စာရွက်တွေကို ဖြစ်သလို စုထပ်တင်ထားကာ ပေပါဝိတ်နဲ့ ဖိထားလိုက်ပြီး ဖုန်းကိုင်လိုက်၏။ ဒါကို သူမက နားမလည်စွာ ...။

"ပို့စ်ပေးရမှာမဟုတ်ဘူးလား .."

"ကြိုက်သလိုလုပ် .."

"မဟုတ်ဘူးလေ .. ဘယ်လိုလေးလုပ်ဆိုတာလောက်တော့ ပြောမှပေါ့ .."

"မင်းကို ဘယ်လိုနေပါထိုင်ပါ ပြောရအောင် မင်းလည်း မော်ဒယ်လ် မဟုတ်ဘူး .. ငါကလည်း ကင်မရာမန်း မဟုတ်ဘူး .. ကြိုက်သလိုနေရပြီဆိုရင်ပြော .."



"ပြီးတာပဲ .."

သူမ တကယ်ကို ဓာတ်ပုံသေချာမရိုက်ဖူးခဲ့တာဖြစ်သည်။ ထို့ကြောင့် နေရာတကာမှာ ဂရုမစိုက်စွာ နေထိုင်သွားလာတတ်ခဲ့ပေမယ့် ကင်မရာရှေ့မှာ ပို့စ်ပေးရမှာကိုတော့ ရှက်လေသည်။

"ဟာ .. ဟော့ .. ဘယ်လိုကြီးလဲ .. ခါးနှစ်ဖက်ထောက်ပြီး ဒေါသထွက်ပြနေတာ မင်းကို ဘယ်သူက .. ကျွတ် .."

"ရှင်ကလည်း တကျွတ်ကျွတ်နဲ့ပါလား .. တမင်စိတ်ပျက်စရာ ဘယ်သူမှ မလုပ်ဘူး၊ ဒီက မနေတတ်ပါဘူးဆိုနေမှ .."

"နေဦး .. နေကြဦး .. ခဏလေး တူမကြီး အန်ကယ်လ်ပြပေးမယ် .."

ဦးထိုက်စံ နဲ့ ကိုလေး တို့ ထွက်လာမှ ဓာတ်ပုံရိုက်ခြင်း အဆင်ပြေခဲ့၏။ ထို့နောက် လွှယ် က ပိုက်ဆံတွေအထပ်လိုက်တစ်ထပ်ပြီးတစ်ထပ် တင်ပေးလိုက်ရင်း ...။

"**အာမ** မခံပါနဲ့ဦးဆိုပေမယ့် လွှယ့် အတွက် အားကိုးချစ်ခင်ဖွယ် **ယောကျ်ား**လေးတစ်ယောက်က အရမ်းလိုအပ်နေတာနော် .. ခုချိန်ကစပြီး ရှာပေးပါ .. ဘယ်လိုလူမျိုးလို့မပြောတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လိုအပ်နေတာက သပ်သပ်၊ အဆင်ပြေမယ့်တစ်ယောက်ယောက်ကို ပြီးစလွယ်ကောက်ယူတာမျိုးကော့ မလုပ်ဘူး .."

"မင့် စကားက .."

"ပြောမယ်လေ .. လိုအပ်နေတယ်ဆိုပေမယ့် ပါဖက်(ထ်)မန်းနဲ့ ဖြစ်မှာ .."

နေမြဲ မျက်နှာကိုလွှဲ၍ ပြောချင်တာတွေကို မပြောမိအောင် အာရုံပြောင်းနေရသည်။ ဦးထိုက်စံ တို့ကတော့ သူနဲ့တစ်ဖက်တစ်ချက်မှာ ထိုင်နေကြကာ အပြုံးတို့နှင့် စကားတွေလည်း ချိုသာလို့ ...။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သွားတော့မယ် .. ဒါက စရံနော် .. မနည်းဘူးမို့လား .."

"ဟာ .. မနည်းပါဘူး .. အလုပ်တစ်ခုပြီးပြတ်သွားတဲ့ ငွေအမောင့်ပါ .."

"အိုခေ .. အနကယ်လ်တို့က ရိုးသားတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဘယ်အရာမဆို တန်ရာတန်ကြေးတော့ရှိတယ်နော် .."

"ဒီမှာ လွှယ်၊ ၊ယ်ခက် .. မင်း ငွေတွေပုံပေးနိုင်တိုင်း ဒီကိစ္စမျိုးကို လိုသလို သိမ်းကျုံးယူလို့ရဘူးဆိုတာ ငါပြောပြခဲ့တယ်ထင်တယ် .."

"ရှင်က ဒါကိုလုပ်စားနေပြီး ကက်စတန်မာကို ဘာဖြစ်လို့ အားရှိဖွယ်တွေပြောနေတာလဲ .. အခု လွှယ် က အလုပ်အပ်တယ်၊ ကိုယ်လိုချင်တဲ့ အတိုင်းအတာကိုပြောခဲ့မယ် .. လုပ်ကြည့်ရမှာက ရှင့်အပိုင်းလေ .. ဘာမှ မလုပ်ရသေးဘဲနဲ့ ဘာမှမဖြစ်နိုင်ဘူးလို့ပြောနေတာ ဘယ်လိုအေဂျင်စီမျိုးလဲ .."

"ဒါက ဒီလိုရှိတယ် တူမ .. စကားလေးတွေ ချိတ်ဆက်မှားပြီး နားလည်မှုလွဲနေတာပါ၊ တကယ်က .."

"ရပြီ .. လုပ်ထုံးလုပ်နည်းတွေကို လွှယ် လည်း မေးစမ်းပြီးမှ လာခဲ့တာပါ၊ ဒီမှာ အပိုတွေပြောနေဖို့ အချိန်လည်းမရှိဘူး .."

ကြည့်စမ်း ...၊

နေမြဲ မျက်နှာ တင်းခနဲဖြစ်သွားသည်။ ဒီကလူတွေကတော့ အချိန်တွေပေါလွန်းလို့လား ...၊

"ဒီမှာ ဒါလေးယူထားပေးပါ .."

နေရာတကာ နေမြဲ ကို ကြည့်ပြောနေပြီးမှ ချိတ်နဲ့တွဲထားသည့် စာရွက်တွေကိုတော့ ဦးထိုက်စံ တို့ဘက်ကို သေချာချထားပေးလိုက်ကာ ...၊

"လွှယ် က ဓာတ်ပုံကို သိပ်ပေးချင်တာမဟုတ်ဘူး၊ ဒီပုံကြောင့် လွှယ် ဒုက္ခတွေ့မှာ .."



ဦးထိုက်စံ တို့ နားမလည်ကြပေ ...။ သူမက ဒါကို ထပ်ရှင်းမပြဘဲ စာရွက်ထပ်ကို ရှေ့ထပ်တိုးပေးကာ ...

"အဲ့ဒါကြောင့် လွှယ့် ဓာတ်ပုံကို ဒီစာရင်းထဲမှာ လိပ်စာနဲ့တကွ ဖော်ပြထားတဲ့လူတွေဆီ မရောက်ပါစေနဲ့ .."

"ဪ .. ရပါတယ် .. ရပါတယ် .. ဒီလိုသိထားရင်ကောင်းတာပေါ့ .."

"ဟုတ်ကဲ့ ကျေးဇူးပါပဲ .. အဲ့ဒီလူတွေထဲမှာ ကျွန်မအတွက် အိမ်ထောင်ဘက်မရှာမိဖို့ပြောချင်တာပါ .."

ပြောပြီးတာနှင့် သူမက ထရပ်လိုက်လျှင် စာရွက်တွေကို လှမ်းကြည့်ပြီး စိတ်ဝင်စားသွားသည့် နေမြဲ က စာရွက်အထပ်လိုက်အတိုင်း ဆွဲယူကြည့်ကာ ...၊

"ဒီလူတွေက ဘာကြောင့်လဲ .. အနည်းအကျဉ်းတော့ ပြောလို့ရတယ်မို့လား .."

သူမက ထွက်သွားဖို့ခြေလှမ်းပြင်ပြီးမှ ပြန်ငဲ့ကြည့်ကာ ...၊

"အဲ့ဒီယောကျ်ားတွေက လွှယ့် ကို သိကြတယ်၊ အခု လွှယ် ဘာလုပ်တယ်ဆိုတာ သူတို့မသိလေ ပိုကောင်းလေပဲ .."

ဘုရားရေ ...၊

သူမ ထွက်သွားပြီးပေမယ့် သုံးယောက်စလုံး မျက်လုံးတွေ အဝိုင်းသားဖြင့် တိတ်ဆိတ်ဆွံ့အကျန်ခဲ့လေသည်။

ယောကျ်ားတွေ လူငယ် လူရွယ် လူလတ် လူကြီးပိုင်းပါမကျန် အားလုံးပေါင်း သုံးရာသုံးဆယ့်ကိုးယောက်ကြီးဟောင် ...၊

သူမက ဘာလဲ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဘာလဲဆို ၁ အသိသာကြီးကွာ .."

"ဒါတော့ မဖြစ်နိုင်ဘူးထင်တယ် .."

ပုညက အပြီအပြင်ဖြေလိုက်ပြီးမှ ကိုလေး က ကန့်ကွက်၏။

"ဒီကောင်မလေးကြည့်ရတာ .."

"မိန်းကလေးတစ်ယောက်ကို အပြင်ပန်းကြည့်ရုံနဲ့ ဘာမှမသိနိုင်ပါဘူးကွာ .."

"အပြင်ပန်းက ကြည့်မပြောလို့ မင်းက ဘယ်ထိကြည့်ချင်သေးလို့လဲ.."

"ဟ .. မင်းကလည်း ဒါကတော့ .."

အချိုကြီး စလိုက်ပြီး ဘာပြောရမှန်းမသိသဖြင့် ဘာမှမပြောရဘဲ နေနေသည့် နေမြဲ ကို လှမ်းကြည့်သည်။

"မင်းကရော ဘာလို့တိတ်နေတာလဲ .."

"မတိတ်လို့ ငါက ဘာလုပ်ရမှာလဲ .."

"အဲဒီကောင်မလေးက မင်းနဲ့ ချိတ်သွားတာမို့လား .."

"ငါနဲ့ ချိတ်ထားတာ ကက်စတန်မာတွေဒ မျှားကြီး .."

"ပြောတော့မယ် .."

"ဟုတ်တယ် .. မင်း ဒီကောင့်ကို သွားမပြောနဲ့၊ သူက လူမပုဘဲနဲ့ စိတ်တိုတတ်တာ .."



"သိတယ် .."

"အဲ့ဒီကောင်မလေးကိုလည်း သူ့စိတ်ရင်းနဲ့ဆို ရိုက်မျှားထုတ်မလား မသိဘူး၊ တော်သေးတယ် .. အကျိုးဆောင်လုပ်ငန်းလုပ်နေလို့ပေါ့၊ ဖြစ်နေကြပုံများ အဲဒီနေ့က မင်းကို မြင်စေချင်တယ် .."

"ဟုတ်လား .."

"ဟိုကလည်း မီးခဲ .. သူကလည်း သံခဲ .."

"ဘယ်လိုကြီးလဲ .."

"ဟိုက အပူကြီးသလောက် ဒီကလည်း တရဲရဲထလာတာလေ .."

"ကြွတယ်လုပ်ပါ .."

"အေးကွာ .. ဘာဖြစ်ဖြစ် .."

"နေစမ်းပါဦး .. မင်းတို့က လူပျိုကြီး ဒေါက်တာတင့်ဆန်း အတွက် ဆွေးနွေးဖို့ ဆုံတာလား၊ အဲ့ဒီတစ်ယောက်အကြောင်း ပြောကြဖို့လား.."

"နေမြဲ ရာ .. ငါတို့အလုပ်ကို ငါတို့ပုံမှန်စီးမျောသွားဖို့က ဘာမှ အခက်အခဲမရှိဘူး၊ အခု မင်းရဲ့ မလွယ်ခက်လေး ကသာ .."

"လွယ်လွယ်ခက် .."

"လွယ်တာ ခက်တာပါရင် ပြီးတာပဲကွာ .. ငါ နားလည်သလို ခေါ်ပါရစေ .."

"ဒါဆိုလည်း ပြီးတာပဲ .. ပြာလဲ့ တို့ လင်မယားကိစ္စ ငါသွား လိုက်ဦးမယ် .."

"ဟာ .. နေဦး .. နေဦး .."

နေမြဲ က ထရပ်ဖို့ပြင်လိုက်တာနှင့် ကိုလေး က လက်ကိုဆွဲမတတ် တားဆီးကာ ..၊

"မင်းက ရှေ့နေဆိုတာလည်း မှန်တယ်၊ ဒါပေမယ့် အဲ့ဒီလင်မယား ကိစ္စမှာ ဖြူပြာလဲ့ ဆိုတဲ့ အမျိုးသမီးဘက်က မရိုးသားဘူးနော်၊ ဒီအမျိုးသမီး သူ့ယောကျ်ားကို ပြန်ပေါင်းဖို့ကြိုးစားနေတာ အကြံအစည်ရှိနိုင်တယ်.."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လဲ .."

"မင်းက ရှေ့နေပီပီ အဲဒါကို ကြားထားလို့များ သူတို့အကြောင်းတွေကို စိတ်ဝင်စားမိရင်း .."

"အခု ငါက ရှေ့နေမဟုတ်ဘူး ကိုလေး .. သူများလျှို့ဝှက်ချက်ကို စိတ်ဝင်စားတာ စုံထောက်အလုပ်၊ မင်းကိုက ငုတ်တုတ်ထိုင်တွေးရတာကို ဝါသနာကြီးတာ .. စကားကလည်း များပါ့ .."

"အံမာ .."

"တော်တော့ .. ငါ သွားမယ် .."

"ဟ .. နေဦးလေ .. ဘာမှတောင် မစားရသေးဘူး .."

ပုည ကလည်း လှမ်းတားသည်။ ဒါပေမယ့် နေမြဲ က လက်ပဲခါပြသွားပြီး နောက်လှည့်မကြည့်တော့ပေ ..။

လှမ်းမြင်နေရသည့် ဂန္ဓာမာဟိုးဆေးလိပ် အဆောက်အဦးကြီးကိုပဲ အဓိပ္ပာယ်မဲ့ငေးလိုက်မိကာ ..၊

"ခုနစကား ပြန်ဆက်ရရင် ဒီကောင်မလေးက သနားစရာတော့ ကောင်းသားကွ .."

"ဟုတ်တယ် .."

"သူ့ခမျာ တစ်သက်တာအားကိုးဖို့အတွက် လင်ကောင်းသားကောင်းလေးတော့ လိုချင်ရှာမှာပေါ့ .."

ကိုလေး က ထိုစကားကို ခေါင်းညိတ်ပြီးမှ ခေါင်းခါလိုက်ကာ..၊

"သနားစရာမကောင်းတာတော့ သေချာတယ်ကွ .. ငါပြောတာ အမြင်ကပ်စရာခပ်ကဲကဲပုံမျိုးကို ပြောတာမဟုတ်ဘူးနော် .. အရမ်းလှတာ၊ လှတာမှ သူ့မျက်နှာလေးက ညို့တာမျိုးလုံးဝမပါဘဲနဲ့ ချစ်စရာကောင်းပြီး ပွင့်လင်းတာမျိုး၊ ဘဝကို နာကျင်ကြေကွဲနေတဲ့ပုံမပေါက်သလို သူ့ဘဝမှာ မပျော်တာလည်း သိသာတယ် .."

"မင့်ဟာကလည်း .."



"မင်း ပြောသလောက် သနားစရာကောင်းတဲ့ဘဝမျိုး သူ့မျက်နှာမှာ ရှိမနေတာကွာ .."

"သိပြီ .."

"သူ့ရဲ့ ဆော်ဒီစထရပ်ချာကအစ ဖြောင့်ဖြောင့်ပြည့်ပြည့် .. ဒါပေမယ့် ဖိုင့်တာမျိုးလုံးဝမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အရပ်မြင့်တယ်၊ သူ့ရဲ့ လုပ်ရပ်တွေက အထင်သေးဖွယ်ရှိပေမယ့် .."

"ဟောကောင် .. မိန်းကလေးတစ်ယောက်ရဲ့ အပေါ်ယံကိုကြည့်ပြီး အပျိုအအိုခွဲလို့ရတယ်ဆိုတာတွေ ငါတော့ လုံးဝလက်မခံဘူးနော် .."

"ဒါပေမယ့် ဖိုမသဘာဝအရ ကြည့်လိုက်တာနဲ့ ခံစားမိတာမျိုးကိုတော့ မင်း လက်ခံတယ်မို့လား .."

"ဒါလည်း ခပ်ခက်ခက်ခက်ပဲ .."

"ထားလိုက်ကွာ .. အဲ့ဒီကောင်မလေးက သဘာဝမျက်နှာလေးကိုက လှနေတာ၊ အဲ့ဒါတောင် ငါတို့ရဲ့ နေမြဲ က အခု မင်း မြင်တယ်မို့လား.."

"ဒါကတော့ မင်း မျက်လုံးထဲမှာ မင်း လှနေပေမယ့် သူ့မျက်လုံးထဲမှာမလှလို့ပေါ့၊ ကြည့်ရတာ မင်း အဲဒီကောင်မလေးကို ကြိတ်စွဲလမ်းသွားပုံပဲ .."

"ငါ့လို မည်းမည်းသည်းသည်းကို ဟိုကကြားရင် ချက်ချင်းကားရှေ့ပြေးဝင်နေပါ့မယ်ကွာ .."

"မင်း ချမ်းသာရင်တော့ မင်း ရှေ့ပြေးဝင်လာရင်လာမှာပေါ့ .."

"အဟဲ .."

ဒါကျတော့ ကိုလေး က စပ်ဖြဲဖြဲကြီးဖြစ်သွားပြီး ..၊

"ဟော့ .. ဒီကို .."

ကိုယ်မှာထားသည့် စားစရာကို စားပွဲထိုးကောင်လေးက သယ်ဆောင်လာပြီမို့ လှမ်းခေါ်လိုက်ရသည်။ ကောင်မလေးက တောင်းပန်သလိုရယ်ရင်း ကပျာကယာ လာချပေးသည်။

"ကွိုင်ပဲ .. စားစရာတွေက သုံးယောက်စာ .."

www.burmeseclassic.com

www.burmeseclassic.com



"ငါ ကုန်အောင်ရှင်ပေးမယ် .."

ပုည က အင်္ကျီလက်စတွေဆွဲတင်ပြီးမှ တူကိုကိုင်လိုက်ကာ ..၊

"ဒါဆို အဲဒီ မလွယ်ခက် က .."

"လာပြန်ပြီ .. လွယ်လွယ်ခက် ပါဆို .. ခုန နေမြဲ ငါ့ကိုအော်သလို.."

ပြောနေရင်း ကိုလေး က တစ်ခုခုကို သတိရသွားကာ ..၊

"ငါက လှတာကိုပဲ မြင်ယောင်နေတာ နာမည်ကို သေချာမမှတ်မိဘူးကြည့်စမ်း .. နေမြဲ က အတိအကျမှတ်မိနေတာ .."

"ဟား .. ဟား .. ဟား .."

ပုည က ဇားစရာကို မစားဖြစ်သေးဘဲ တဟားဟားရယ်လိုက်ပြီး..၊

"အဲဒါ .. အဲဒါ .. မင်း သဘောပေါက်လိုက်တော့ .. ပူမနေနဲ့ လွယ်လွယ်ခက် အတွက် ဒီကောင် တာဝန်ယူမှာ .."

ကိုလေး ခုမှ ပေ့ါပါးသွားသလို သက်ပြင်းချကာ တူကိုယူ၍ ပလတ်စတစ်အိတ်လေးကို ဆုတ်ပစ်လိုက်ရင်း ..၊

"ဟုတ်ပြီ .. ဒီကောင် တာဝန်ယူရမယ်လို့ ဦးထိုက် ကို အမိန့်ပေးခိုင်းမယ်၊ ဘာပဲဖြစ်ဖြစ် သူလည်း စိတ်ဝင်စားမှုရှိနေတာ သေချာနေတာကို.."

"ဒါပေါ့ .."

နေမြဲ ရဲ့ မျက်နှာကို မြင်ယောင်သွားမိသည်။

"သူ ဘယ်လိုပုံစံလိုချင်တယ်ဆိုတာ ရှင်းနေတာပဲ .. စရံငွေတွေတောင် နင့်အောင်ပေးသွားပြီးပြီ၊ အဲ့ဒီအလုပ်ကို ကျွန်တော် တာဝန်မယူဘူး .." တဲ့ .. ပြီးတော့ ရှိသေးသည်။

"အလုပ်နဲ့မတူတဲ့ အလုပ်တွေကို စိတ်မဝင်စားဘူး၊ တောင်စဉ်ရေမရတွေပြောပြီး အကုသိုလ်များလို့ .." လို့ဆို၏ ..။

ဘာပဲဖြစ်ဖြစ် .. ဒါ သူ လုပ်ကိုလုပ်ရမယ့်ကိစ္စ ..။



အခန်း (၃)

"သူ လာပါ့မလား ကိုနေမြဲစေ .."

"လာမှာပါ .. သူ ခင်ဗျားကိုတွေ့ဖို့အတွက်ပဲ လုံးပမ်းနေတာ၊ အတိအကျခေါ်လာပေးဖို့ သူပဲ သေချာမှာထားတာ .."

ကိုရဲထွတ် မျက်နှာက နာရီငုံ့ကြည့်ရင်း စိုးရိမ်မှုတွေ စတင်ဖြစ်ထွန်းလာခဲ့သည်။ ဒီ မိန်းမကို သူ ချစ်ပါသည်။ ဒါပေမယ့် ငွေတွေသုံးဖြုန်းတာ လွန်လွန်းသည်။

ထို့ပြင် ယောကျ်ားမိတ်ဆွေတွေနှင့် ဒူးတင်ပေါင်ဖက်နေတာတွေကြောင့် ကိုယ့်အသိုင်းအဝိုင်းကြားမှာ သူမကြောင့် သူ အရှက်ရခဲ့သည်။ ဂုဏ်သိက္ခာကျဆင်းခဲ့၏။

ဒါတွေကို သည်းမခံနိုင်လွန်းလို့ စကားများရန်ဖြစ်ခဲ့ရကာ ကွဲဖို့ကွာဖို့ထိ သူကစပြီး တောင်းဆိုခဲ့တာဖြစ်သည်။ သို့သော် ဖုန်းတွေအကြိမ်ကြိမ်အခါခါဆက်ပြီး တောင်းပန်နေတာ လနဲ့ချီနေပြီဖြစ်၏။

ထို့ပြင် သူ အမြဲတမ်း တောင့်တနေခဲ့သည့် ရင်သွေးရတနာလေးပါ သူမမှာရှိနေပြီဆိုတော့ သူ့စိတ်တွေ မနိုင်တော့ပေ ..။ ခက်နေတာက ကိုယ်ပဲ ကြိမ်းဝါးစွန့်လွှတ်ခဲ့ပြီးမှ ခေါင်းညိတ်ခေါင်းခါလုပ်ဖို့ခက်နေခဲ့သည်။ အကျီးဆောင်ခတွေ အကုန်ခံပြီး ကြိုးစားလာတဲ့အထိတော့

www.burmeseclassic.com

www.burmeseclassic.com



သူ တင်းမနေနိုင်ခဲ့ဘဲ …၊

"သူ မလာတော့ဘူးထင်တယ် …"

"ခဏလေးပါ … ခုမှ ဆယ့်ငါးမိနစ်ပဲဆိုတော့ သွားရလာရခက်ခဲတာတွေနဲ့ လျှော့ပေါ့နားလည်ပေးလိုက်ပါ ကိုရဲထွတ် ရာ … ကျွန်တော် ဖုန်းဆက်ကြည့်ပါ့မယ် …"

ခင်ပွန်းဖြစ်သူကို တောင်းပန်ကာ ဖုန်းခေါ်ရင်း ခပ်လှမ်းလှမ်းကို လျှောက်လာခဲ့သည်။

"ဟလို …"

"မဖြူပြာလဲ့ … ခင်ဗျားကို အတိအကျလာစောင့်နေတာ ဆယ့်ငါးမိနစ်လွန်သွားပြီဗျာ…"

"ဟုတ်ပါ၊ ဟယ်ရင် … ကိုရဲ ကို ရှင် အချိန်ဆွဲထားပေးပါဦးနော်… ဒီနားကိုရောက်နေကာမှ ကားက ထိုးရပ်သွားတာ ဘာဖြစ်လို့မှန်းမသိဘူး …"

"ဒီနားဆိုတာ ဘယ်နားမှာလဲ …"

"ကန်ပတ်လမ်းဘေးမှာ …"

နေမြဲ က ကိုရဲထွတ် ကို လှမ်းကြည့်လိုက်လျှင် ထိုသူက ခါးနှစ်ဖက်ထောက်၍ ကန်ရေပြင်ဘက်ကို ငေးနေကာ မျက်မှောင်ကုတ်ထားသည့်မျက်နှာက သုန်မှုန်နေ၏။

"ဒါဆိုလည်း ကားထားခဲ့ပြီး တက္ကစီငှားလာခဲ့ဗျာ … တစ်ပတ်လေးပဲ ပတ်လိုက်ရင်ရပြီ …"

"ဟာ … မဖြစ်ဘူး၊ ကားက သိပ်မကောင်းဘူး၊ မှန်တွေတင်ထားလို့မှမရတာ …"

"ကျွတ် …"

နဖူးတစ်ချက်ကုတ်မိကာ …၊



"ဒါဖြင့် … ကျွန်တော်တို့ပဲ …"

"အို … ခေါ်မလာပါနဲ့၊ သူ့ကိုတွေ့ခွင့်ရဖို့ ကျွန်မ မနည်းကြိုးစားနေရတာ … သူက လာတွေ့ရမယ့်အဖြစ်မျိုးဆိုရင် စိတ်ဆိုးသွားမှာပေါ့၊ ပြီးတော့ သူ ယုံမှာမဟုတ်ဘူး၊ ကျွန်မ လာခဲ့ပါ့မယ် … ရှင်ပဲ သူ့ကိုပြောထားပေးပါ …"

"ခင်ဗျားက ဘယ်လောက်ကြာမယ်မှန်းမသိတာကို ကျွန်တော်က ဘယ်လိုပြောရမလဲ …"

သူ လှည့်ကြည့်လိုက်တော့ ကိုရဲထွတ် က အမျိုးသမီးတစ်ယောက်နဲ့ စကားပြောနေတာကို လှမ်းမြင်လိုက်သဖြင့် ဝမ်းသာသွားကာ …၊

"ခဏလေး …"

ဖြူပြာလဲ့ ကို စကားဖြတ်၍ ပြန်လျှောက်လာခဲ့ရင်း …၊

"သူ လာနေပြီ ကိုရဲထွတ် … ဒီ ခြံစည်းရိုးအပြင်လေးတင်ပဲ … ကားထိုးရပ်သွားလို့တဲ့၊ ကျွန်တော် ကားသွားကြည့်ပေးလိုက်မယ်၊ သူ ချက်ချင်းရောက်လာမှာပါ … ခဏပဲစောင့်ပါ …"

ကိုရဲထွတ် က စကားပြောနေရင်း တစ်ချက်စဉ်းစားပြီး ခေါင်းညိတ်ပြသဖြင့် နေမြဲ ဝမ်းသာသွားသည်။ သို့သော် သူ တကယ်တမ်းစံနစ်တကျစီစဉ်ပေးခဲ့သမျှ အရာရာသည် …၊

"မင်း ငါ့ကို မစွပ်စွဲနဲ့ …"

"စွပ်စွဲတာမဟုတ်ဘူး၊ မျက်စိနဲ့ မြင်နေလို့ မယုံနိုင်ဖြစ်နေရတာ လက်စသတ်တော့ ရှင်က ဖြူ ကို မပေါင်းနိုင်ပါဘူးဖြစ်နေတာ သူ့ကြောင့်ကိုး …"

"ဖြူ … မင်း ငါ့သိက္ခာကို မချနဲ့နော် … ငါတို့ ရိုးရိုးသားသား စကားပြောနေကြတာ …"

"မဟုတ်ဘူး … မဟုတ်ဘူး … အဲဒီဟာမ နဲ့ကမှ ဖြူ့ ကားကို ကျော်တက်သွားတာ …"

www.burmeseclassic.com

www.burmeseclassic.com



ကားက ဆီပိတ်သွားတာမို့ သူပဲ သေချာပြန်လုပ်ပြီး ဖြူပြာလဲ့ နဲ့ အတူ ရောက်လာကြတာပါ။

ကိုရဲထွတ် စကားပြောနေတာလည်း သူ ထွက်သွားတုန်းက ရှိခဲ့တဲ့ အမျိုးသမီးပဲဖြစ်ကာ သူတို့ရဲ့ ဟိုအကြောင်းဒီအကြောင်းတွေကို နေမြ ဘာမှ မသိခဲ့ရ ...။

"မဖြူပြာလဲ့ .. သူက ကျွန်တော်ရှိနေတည်းက ဒီကိုရောက်လာတာပါ .."

"ရှင်မသိဘဲနဲ့ ဝင်မပြောပါနဲ့ .."

ပတ်ဝန်းကျင်က လူတစ်ချို့ ဖြူပြာလဲ့ ရဲ့ ဆူပူမှုကြောင့် ကွက်ကြည့်ကွက်ကြည့်ဖြစ်လာကြသည်။ ကိုရဲထွတ် ဒေါသတွေ ထွက်နေတာလည်း မျက်နှာတစ်ပြင်လုံး အဝတ်စနီလို ရဲတက်နေလျက် ...။

"ငါ မင်းကို လာစောင့်နေတာ .. သူနဲ့ လာချိန်းတွေ့တာ ဘာအကြောင်းမှမရှိဘူး .."

"ဟုတ်တယ်လေ .. ကုမ္ပဏီမှာ အမြဲတွေ့နေရတာပဲ .. ဒါပေမယ့် သူ ခုနကမှ ဖြူ့ ကို ကားပေါ်ကနေ စိန်ခေါ်သွားတာ ဖြူ နဲ့ ချိန်းထားပြီးသားလို့ ဖြူ ပြောတာတောင် သူ ရယ်သွားသေးတယ်၊ ပြီးတော့ ဘာလဲ 'ကြည့်နေလိုက်လေ' လို့ ပြောသွားတာ သူ .."

ကိုရဲထွတ် အကြည့်တွေ အမျိုးသမီးဆီရောက်သွားသည်။ နုသောငယ်သော သူမကလည်း မလုံမလဲမျက်လွှာချထားကာ ရဲထွတ် နားကို ပိုကပ်၏။

သူမနဲ့ ကိုရဲထွတ် အစတည်းက ဘယ်လိုပတ်သက်မှုတွေရှိနေခဲ့ပါသလဲ ...။

"ရှင် ဖြူ့ ရဲ့ ပြစ်ချက်တွေ ထောက်ပြပြီး ပုံကြီးချဲ့တာ အဲ့ဒါ သူ့ကို မြင်နေလို့၊ ခုတော့ ဖြူ သိပြီ .. အရမ်းဝမ်းနည်းတယ်သိလား၊ ဒီမှာ ရှင်ကရော သူ့ကို ကျွန်မနဲ့တွေ့ပေးဖို့လား .. သူနဲ့လား .."



ဖြူပြာလဲ့ ပြောသွားတာတွေ ရေပက်မဝင်တော့ပေ ..။ ကိုရဲထွတ် ပတ်ဝန်းကျင်ကိုလည်း မကြည့်ရဲတော့ဘဲ ကားပေါ်တက်၏။ ဖြူပြာလဲ့က ငြိမ်မနေဘဲ ...။

"ဒီကိစ္စကို ဖြူ ရအောင်ဖော်မယ်၊ ရှင် ဖြူ့ ကို ကွာချင်တိုင်းကွာလို့မရဘူး နားလည်လား .."

အခြေအနေအားလုံးကို နေမြ ဘာတစ်ခုမှ အဖတ်မဆည်နိုင်ခဲ့ပေ ..။

"ဟား .."

ပြဿနာအမျိုးမျိုး ကြုံဖူးခဲ့ပေမယ့် ခုလိုမျိုး လူပုံအလယ်မှာ သုံးပွင့်ဆိုင် ဆူညံစွာ အရှက်တကွဲဖြစ်ရတာမျိုးတော့ ဒီတစ်ခါသာ ပထမဆုံးပါ။

"ဖြူပြာလဲ့ ဆိုတဲ့ အမျိုးသမီးက မရိုးသားဘူးနော် .."

"သူ့ယောက်ျားကို ပြန်ပေါင်းဖို့ ကြိုးစားတာ အကြံအစည်ရှိနိုင်တယ် .."

ကိုလေး ပြောလိုက်တာကို ပြန်ကြားလာမိသည်။ တစ်ယောက်တည်း ကျန်ခဲ့ကာမှ ရေစပ်ကို တစ်လှမ်းချင်းဆင်းသွားမိကာ အဖြစ်တွေကို ပြန်တွေးနေမိ၏။

ဒါတွေဖြစ်ပျက်သွားတာ ရိုးသားရဲ့လား၊ အားလုံးကို ဖြူပြာလဲ့ ကြိုတင်ကြံစည်ထားခဲ့တာလား ...။

"စိတ်ညစ်ညစ်နဲ့ ရေထဲခုန်ဆင်းတော့မလို့လား .. လူက ဂျမ်းတဲလ်မန်းစတိုင်လ်နဲ့ မနေစမ်းပါနဲ့ .."

အသံက ကိုယ့်နောက်မှာ ...။

နေမြ မျက်မှောင်ကုတ်သွားသည်။ ဒီစကားရပ်က ကိုယ့်ကိုပြောတာမှလွဲ၍ တခြားမဖြစ်နိုင်ပေ ..။ ထို့ပြင် ဒီအသံကို သူသိနေသည်။

နောက်ကိုပြန်လှည့်ကြည့်လိုက်တော့ သစ်ပင်ကိုမှီကာ ကန်စပ်ဘက်ကိုလှည့်ထိုင်နေသည့် လွယ်လွယ်ခက် ...။

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါပဲလေ .. လူတွေက အပေါ်ယံရွှေမှုန်ကြဲထားတဲ့ စကားတွေကိုပဲ အကဲခတ်တာ၊ တကယ်တော့ ရှင် သတိထားရမှာက အမှန်တရားဆိုတာ ရှာဖွေရခြင်းပဲ .."

ဂျင်းကဲ့သို့ ကြေးညစိမ်းရောင်လက်ပြတ်ခါးရှည်လေးကို လက်တစ်ဝါးခန့် ရွှေအိုရောင်ခါးပတ်ပြားလေးနဲ့ ဖတ်ထား၏။

အရောင်တူ စတိုင်လ်ဘောင်းဘီရှည်လေးနှင့် ဆံနွယ်တွေဖြန့်ချထားသည့် သူမပုံစံလေးက ချစ်စဖွယ်လေးဖြစ်သည်။

ထိုပြင် စီးထားသည့် အောလ်စတားဖိနပ်က ရွှေအိုရောင်စပ်ကျားလေးဖြစ်နေသောကြောင့် တစ်ကိုယ်လုံးက ဖက်ရှင်ကျသည်။

သူမရဲ့ ပခုံးဖွေးဖွေးလေးနှစ်ဖက်နှင့် အိတ်ဖုံးအလှလေးတွေပေါ်မှာ ရွှေရောင်ကြေးကွင်းလေးတွေ တို့လို့တွဲလောင်းလှုပ်ခတ်နေခြင်းသည် သူမ ခေါင်းငုံ့တာ ဆံပင်သပ်တာ စသည့်အမူအရာလေးတွေနှင့် ရောနေခဲ့လျက်...၊

"မင်း ကြည့်ရတာ တစ်နေရာက ပြန်လာသလိုပဲ .."

"လွယ့် ကို .."

"ဟုတ်တယ် .."

မျက်ခုံးတန်းလေးတွေ မျက်လုံးမျက်တောင်တွေက အရောင်တွေရင့်နေသည်။ စိုလက်နေသည့် ပန်းနုရောင် နှုတ်ခမ်းလေးက နှုတ်ခမ်းဆိုးဆေးကြောင့် ပိုလှနေခဲ့၏။ ရုံးခန်းထဲကို ရောက်လာကတည်းက သူမ ဒီလိုပြင်လာတာမဟုတ် ..။

"ဒါပေမယ့် မင်း ငါ့နောက်ကို ရောက်နေတာကတော့ အံ့ဩစရာပဲ .."

"ရှင့်နောက်ကို လိုက်နေတယ်ထင်လို့လား .."

"မင်းသိမှာပေါ့ .."

"ဟွန်း .."

သူမက ဆန့်ချထားသည့် ခြေထောက်တစ်ဖက်ကို ပြန်ရုတ်လိုက်ပြီး ဒူးနှစ်ဖက်ကို ပိုက်ထားလိုက်ကာ ..၊



"ရှင်တို့မရောက်ခင်တည်းက လွယ် ဒီမှာရှိနေတာ၊ ရှင် ဟိုဘ…
လျှောက်သွားပြီး ဖုန်းပြောနေတာကိုမြင်တယ်၊ ဒီနောက်မှာ ဟိုအမျိုးသ…
နဲ့ ဟိုပုဂ္ဂိုလ်စကားပြောနေကြတာတွေလည်း ကြားတယ်၊ သူတို့ပြော…
နေကြတာတွေကို ရှင်မကြားရပေမယ့် လူနှစ်ယောက်စကားပြောနေ…
တာကို တစ်ချက်အကဲခတ်ကြည့်လိုက်တာနဲ့ ရိုးသားလား မရိုးသားလာ…
ဆိုတာ သိသာပါတယ်၊ ဒါပေမယ့် ရှင်ကတော့ မသိဘူး .."

နေမြဲ မျက်မှောင်ကုတ်သွားသည်။ ကန့်ရပြင်ကလာသည့် လေ…
တစ်ရိုက်က သူ့ကျောနောက်ကို ဟူးခနဲဆောင့်တိုက်သွားပြီးမှ သူ…
မျက်နှာထက်က ဆံစတို့ကို ဆွဲမွှေသွားခဲ့သည်။

သို့သော် နှစ်ယောက်စလုံးရင်ထဲက အပြိုင်အဆိုင်တုံပြန်နေကြသည့်…
မောဟမီးတောက်ကိုတော့ ထိုလေက မငြိမ်းစေနိုင်ခဲ့ဘဲ ..၊

"မင်း ဒီလိုပြောနိုင်ဖို့ ကြိုရောက်လာတာလည်း ဖြစ်နိုင်တာပဲ ..…"

"ဒါဆို ရှင်က အလုပ်တစ်ခုလုပ်လိုက်တိုင်း ပြောစရာဖြစ်ကျန်ခဲ…
တာပဲပေါ့ .."

နေမြဲ မျက်နှာညို့ခနဲမှောင်သွားသည်။ သူမက ဘာမှမသိသလို…
ကြည့်နေလျက် ..၊

"ရှင်က အဲဒီလိုလူမှန်း လွယ် က ကြိုသိထားခဲ့ရင်တော့ ရှင် ပြော…
တာဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အခု အဲ့လိုမဟုတ်ဘူး .."

သူမစကားတွေက လူကို ဝါးပါးလှီးချနေသလိုပင် ..၊

"လွယ် က ရှင့်ကို အလုပ်အပ်ခဲ့တယ်၊ ရှင်က တခြားလူနဲ့ တွဲ…
တယ်၊ အဲ့ဒီကိစ္စကိုပြောချင်တာ၊ ဒါပေမယ့် အဲ့ဒါပြောဖို့အတွက် ရှင့်…
နောက်လိုက်လာတာလည်း မဟုတ်သေးဘူး .."

"ဟုတ်တာက ဘာလဲ .."

"ဟုတ်တာက ပြဿနာတွေအမြဲတမ်းရှိနေတတ်တဲ့ လွယ့် အတွက်…

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာကမှ အသက်ရှူဝတဲ့နေရာဖြစ်နေလို့ ..”

ပြောပြီး သူမက ကန်ရေပြင်ကို လှမ်းငေး၏။ ပြီးတော့ ပင့်သက်ရှိုက်လိုက်ကာ ...၊

“လူစည်ကားတဲ့နေရာ ကားတွေရှုပ်တဲ့လမ်းပေါ် ဘယ်နေရာမှ လွယ် မသွားချင်ဘူး၊ ဒီမှာကျတော့ မိသားစုတွေတစ်ချို့ရှိတယ်၊ စုံတွဲတွေချည်း ခြေချင်းလိမ်နေကြတယ်၊ ပြောရမယ်ဆိုရင် .. ကိုယ်မြတ်နိုးတဲ့ သူနဲ့အတူရှိနေကြတဲ့နေရာမျိုးပေ့ါ၊ ဒီနေရာမျိုးမှာ လွယ် မတွေ့ချင်တဲ့ လူစားမျိုးတွေမရှိဘူး ..”

သူမက တစ်ယောက်တည်းပြောသလို ရေရွတ်နေကာ ခေါင်းလေးငဲ့ပြီး ပြုံးသည်။ ထိုအခါ အပေါ်စီးမှ မြင်နေရသည့် သူမ၏ ထောင့်ချိုးညီသော နှုတ်ခမ်းဖူးလေးနဲ့ နှာတံကော့ကော့အပြင် ခပ်ကျဲကျဲ မျက်တောင်ရှည်တို့က ပန်းချီရေးထားသည့် စုတ်ချက်များအတိုင်း အရိပ်ထင်၏။

သို့သော် သူမ ပြောပြနေသည့်အကြောင်းအရာတို့က မလှပသော မြစ်ကျိုးအင်းတို့၏ ခြေရာများလိုဖြစ်နေခဲ့လျက် ...၊

“လွယ် ဒီမှာရှိနေရတဲ့အကြောင်းကို ပြောပြီးပြီဆိုတော့ ရှင် ဘာဖြစ်လို့ လွယ့် အလုပ်ကို လက်မခံသလဲဆိုတာ ပြောလို့ရပြီလား ..”

“ငါ့အလုပ်နဲ့ ပတ်သက်ပြီး ငါ့မှာ ပုဂ္ဂလိက ရည်ရွယ်ချက်မရှိဘူး လွယ်လွယ်ခက် ..”

“လွယ် လို့ပဲ ခေါ်စမ်းပါ ..”

သူမက နာမည်တစ်စတစ်ဆုံးခေါ်ခြင်းကို မလိုလားစွာ ရှုံ့မဲ့တားဆီး၏။

“ရှင့်ကို တရင်းတနှီးခေါ်စေချင်လွန်းလို့မဟုတ်ဘူး .. အဲ့ဒါက ..”

ပြောရင်းနဲ့ ခေါင်းကုတ်၍ ...

“ကဲ .. ဆက်ပြောပါ .. ကြိုက်သလိုခေါ် ..”



စိတ်ပျက်စွာ ခွင့်ပြုခြင်းက ခြေရောခေါင်းရောပါကာ ...၊

“ပုဂ္ဂလိက ရည်ရွယ်ချက်မရှိပေမယ့် ရှင် လွယ့် ကျမှ ခေါင်းရှောင်တာပဲ .. အဲဒါကို ခုန ပြသနာနဲ့ ယှဉ်ပြောရရင် လွယ့် ကို ရှင် ဘယ်လိုထင်လို့လဲ ..”

“မင်းကို ငါ ဘယ်လိုထင်ချိန်ဆိုတာရှိလို့လား ..”

“သူတို့ကျတော့ရော ..”

“သူတို့က ငါ့အလုပ် စည်းကမ်းအတိုင်းလာတယ်၊ တစ်ပြီးရင်နှစ်ပဲ .. အလုပ်ကိုအလုပ်သဘောနဲ့ လာတာကိုဆိုချင်တာ ..”

“လွယ် က ..”

“မင်း လုပ်သွားပုံကို ပြန်တွေး ..”

“ရှင်တို့ မှန်းထားတာထက် အများကြီး ပုံပေးထားတာပဲ ..”

“ဒါဆို မင်းက အဲဒီငွေပုံပေါ်မှာထိုင်ပြီး ဖူးစာရှင်အလိုရှိသည်လို့ အွန်လိုင်းကနေ ကြေညာပါလား ..”

“ဟွန်း ..”

လွယ် က သဘောကျသွားသလို သွားလေးတွေပေါ်အောင် ပြုံးလိုက်ကာ ...၊

“ကြည့်ရတာ များများချပေးလိုက်တာနဲ့ ပိုလိုချင်သွားတာထင်တယ်၊ ဘာဖြစ်လို့ စဉ်းစားဖို့မလိုတာတွေ ထည့်ပြောနေတာလဲ ..”

သူမက တင်းခနဲဖြစ်သွားသည့် မျက်နှာကို ရဲတင်းစွာကြည့်၍ နေရာမှ ထရပ်လိုက်သည်။ ပြီးတော့ ထိုနေရာမှာပဲ လက်ပိုက်ရပ်နေကာ...၊

“ငွေရဖို့အလုပ်လုပ်နေကြတာကို အလုပ်နဲ့ပတ်သက်တဲ့ သစ္စာမိတ်ဆွေတွေ လာရှုတ်မနေပါနဲ့၊ လွယ် က ရှင့်ကို မြင်လိုက်ကာနဲ့ ထူးခြားတဲ့ အတွေးမျိုးနဲ့ ထက်မြက်မယ့်လူပဲဆိုတာ ..”

“မထင်နဲ့ ငါ အဲဒီလိုလူမဟုတ်ဘူး၊ ဒါပေမယ့် ငွေရဖို့အလုပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်ဆိုတာလည်း မဟုတ်ဘူး ..."

"ဒါဖြင့် ရှင်က မီလီယံနာကြီးလား .."

"မီလီယံနာလည်း မင်းပြောတဲ့ လူမျိုးပါပဲ၊ ဒါပေမယ့် မင်း မမြင်ဘူး မကြုံဘူးတဲ့လူတစ်ချို့ရှိနေလိမ့်မယ် .. အဲဒါ ငါပဲ .."

"ဟား .. ဟား .. ဟား .. ရယ်ရတယ် .."

"လုပ်ပါ .. င်း ရယ်ပြီးရင် ငါပြန်မယ် .."

ရယ်နေရင်း ( ယ့် မျက်နှာလေး တင်းသွားကာ ရယ်ရှိန်ကိုချုပ်၏။ ပြီးမှ ...

"ဒါဆိုရင်ဘေ ာ့ ရှင့်ကို နောက်ထပ်စွပ်စွဲစရာတစ်ခုတိုးပြန်ပြီ .."

လွယ် က မျက်လုံးချင်းဆုံကြည့်ကာ ...

"ရှင်က အလုပ်ထက် ခံစားချက်ကိုပိုပြီး ဦးစားပေးတဲ့လူပဲ .."

အတိအကျ စွပ်စွဲ၏။ ထို့ပြင် ...

"လွယ် အလုပ်အပ်တာ ဘယ်လိုပုံစံဝင်နေနေ ရှင့်ကို အလုပ်အပ်တဲ့ ကက်စတန်မှာပဲ .. ဒါကို ရှင်က လွယ့် အကြောင်း မသိရသေးတာနဲ့ပဲ လွယ့် အလုပ်ကိုငြင်းတယ်၊ တကယ်ဆိုရင် အလုပ်တစ်ခုလို့ပဲ သဘောထားပြီး ."

"လုပ်ကြည့်ဖရာမလိုဘူး လွယ်လွယ်ခက် .. မင်း ချပြခဲ့တဲ့ မင်းရဲ့ဘဝနဲ့ မင်းလိုချင်တဲ့ ပါဖက်(ထ်)မန်း မျိုးမရနိုင်ဘူး၊ ငါပြောလိုက်တာ ရှိုင်းသွားရင် ဆော်ရီး .."

"မရိုင်းပါဘူး .. ရှင် မှန်တာပြောတာပဲ၊ မတောင်းပန်ပါနဲ့ .. ဒါပေမယ့် ရှင့်ကို နောက်ထပ်တွေ့ပြီး သေချာဆွေးနွေးမယ်လို့ လွယ် ပြောခဲ့တယ်၊ ဟုတ်တယ်နော် .."

"ဒါပေမယ့် မင်း ပြောဖို့ကျန်နေတာကို ငါ စိတ်ဝင်စားလို့မရတော့ဘူး .."

"ဒါကြောင့် ရှင် အများကြီးလိုသေးတယ်လို့ လွယ် နားလည်သွား



ခဲ့တာ .."

"ဘာပြောတယ် .."

"ဟုတ်တယ် .. ရှင်က မြင်နေကြားနေရတာအပေါ်မှာ သံသယတွေနဲ့ အမျိုးမျိုးခွဲခြားတတ်တယ်၊ မမြင်ရတာကိုတော့ စိတ်မဝင်စားဘူး၊ ခုန အဖြစ်အပျက်တွေမှာတည်းက ရှင် ညှို့တာကို ညှို့တယ်လို့ လွယ် ပြောခဲ့သားပဲ .. ထီလက်မှတ်တွေရောင်းကောင်လို့ တစ်ဆိုင်လုံးနီးပါး ကုန်သွားရင်တောင် တကယ့်ပေါက်မဲက ထီသည်လက်ထဲမှာပဲ ရှိနေသေးတာမျိုး ရှင် မကြားဖူးဘူးလား .."

သူမက ဥပမာတွေဆောင်ကျဉ်းလျက် ...၊

"ရှင် လွယ် ပြောမှာကို နားမထောင်တော့ဘဲနဲ့ လွယ် ဘယ်လို မိန်းကလေးလဲလို့ သတ်မှတ်လိုက်တာက လွန်လွန်းတယ် .."

နေမြဲ ဘာမှမပြောသာပဲဖြစ်သွားခဲ့၏။ တကယ်က သူ ဒီလောက်ထိပြောလိုက်ဖို့ ာ့ မဟုတ်ခဲ့ပေ ...။ သူမ ပစ်ခွင်းလာသည့်စကားရပ်တွေကြောင့် ဒေါသစိတ်နှင့် ပြောလိုက်မိတာဖြစ်သည်။

သူမ မျက်ဝန်းမှာ ဒေါသရိပ်ထင်ကာ အေးစက်စက်လေးဖြစ်နေခဲ့လျက် ...၊

"တကယ်လို့ လွယ် ပြောပြဖို့ကျန်နေသေးတဲ့အကြောင်းအရာထဲမှာ ရှင် ထင်နေတာနဲ့ ဆန့်ကျင်နေတာမျိုးတစ်ခုခုရှိနေသေးတယ်ဆိုရင် ခုန ရှင့် ဝေဖန်ချက်တွေကြောင့် မိန်းကလေးတစ်ယောက် ဘယ်လောက်နစ်နာသွားသလဲ .."

"မင်း မှန်ပါတယ် .. အခု ငါ အပြောစောသွားတဲ့အတွက် မင်း ဘာဖြစ်စေချင်တာလဲဆိုတာ ပြောပါ၊ မင်း စိတ်ကျေနပ်သွားစေမယ့် တစ်ခုခု .."

"ဟွန်း .."

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ပြုံးသွားသည့်အပြုံးလေးက ကြည်စင်နေပြန်ကာ သူမ ရင်ထဲမှာ တကယ် နာကျင်အမျက်ထွက်သွားခဲ့တာမဟုတ်မှန်း သိသာသွား၏။

"ဒါကျတော့လည်း ရှင်က ဝန်ခံရဲသားပဲ .. လေးစားပါတယ် .."

"မလိုပါဘူး .. ငါ့ကိစ္စတွေဖြေရှင်းရဖို့ရှိသေးတယ်၊ မင်းနဲ့ နောက်ထပ်ဆုံဖို့ အဆင်ပြေမယ့်တစ်နေ့နေ့ပေါ့ .."

"အိုခေ .. လွယ် က ချိန်းရင်တော့ ရှင် ကောက်ခနဲ ထလာနိုင်ရမယ်နော် .. ကပ် .."

သူ ခေါင်းညိတ်လိုက်သည်။ ဒါပေမယ့် လမ်းပေါ်ပြန်တက်ပြီး လျှောက်လာခဲ့တော့ သူမက ပါလာသဖြင့် ..၊

"မင်းက ဘယ်လိုလဲ .."

"ရှင်ကရော .."

"ငါ့ဟာငါ ဘယ်သွားသွား မင်းကို အသိပေးဖို့လိုလို့လား .."

မကြည်လင်သည့်မျက်နှာက တည်တင်းနေသဖြင့် သူမက တအံ့ဩသလိုစိုက်ကြည့်ကာ ဒီတိုင်းပဲ ပခုံးချင်းယှဉ်၍ လိုက်ပါလာရင်း ..၊

"ရှင်က လွယ့် ကို ပြန်လွှတ်သွားပေမယ့် ဒေါသတွေနဲ့ပါလား၊ ရှင်နဲ့ လွယ် အလုပ်လုပ်ကြတော့မယ်ဆိုရင် စိတ်ထဲကတစ်မျိုးအပြင်ကတစ်မျိုး မဆက်ဆံသင့်ဘူးထင်တယ် .."

"ဒီမှာ လွယ်လွယ်ခက် .."

"အင်းလေ .."

"ငါ့အလုပ် ငါ ဘယ်လိုလုပ်ရမလဲဆိုတာ သိတယ် .."

"သိသိ မသိသိ လွယ့် အတွက် အိမ်ထောင်ဖက်ဆိုတဲ့ပုဂ္ဂိုလ်ဆီမရောက်ခင် ရှင်နဲ့ လွယ် က အရင်တွေ့နေရမှာလေ .."

"တွေ့ရ မတွေ့ရမှာတွေလည်း ငါ စီစဉ်ပေးတဲ့အတိုင်းပဲ မင်းလုပ်ရမှာ .."



"ဒါပေမယ့် ရှမ်းကြိုက်မှ နွားချောတာလေ .."

"မင်း .."

"စကားပုံရှိတာ ပြောပြတာ .."

သူမက ပခုံးလေး တွန့်၍ ခပ်တည်တည် ..၊

"ရှမ်းက နွားကိုကြိုက်တယ်၊ နွားပွဲစားက အပြောကောင်းရတာမျိုး .. ရှင့်မျက်နှာကြီးက ယောကျ်ားတွေကို နွားနဲ့ နှိုင်းနေတယ်ဆိုပြီး ပုပ်ပွနေတာလား .. ကျားနဲ့ နွားလို့ ထပ်တူပြုပြီး ပြောထားတဲ့တခြားစကားပုံတွေတောင်ရှိသေးတာ လွယ် က တမင်စော်ကားချင်လို့ပြောတာမဟုတ်ပါဘူး .. နွားကလည်း လူတွေရဲ့ .."

"လွယ်လွယ်ခက် .."

"ဟင် ..."

ဒေါသကြောင့် စကားထပ်မှားသွားမှာစိုးကာ နောက်စကားက ပြောမထွက်ဘဲဖြစ်သွား၏။

သင်း ပြောသွားသမျှ ဒီလောက် 'နွား' ချင်းထပ်နေတာကို မစော်ကားချင်ပါဘူးပြောနေသေးတာ ဘာလဲ ..၊

"မင်း တစ်ခုခု ပြောမှားဆိုမှားဖြစ်သွားမှာကို စိုးရိမ်တတ်တာ ဘယ်အချိန်လဲ .."

ဟင်!..၊

သူမက မျက်ခုံးလေးပင့်သွားပြီး အူကြောင်ကြောင်ပြန်ကြည့်၏။ ပြီးတော့ ခေါင်းခါ၍ ..၊

"ပြောမှားဆိုမှား .. အင်း .. အရင်တုန်းကတော့ မဖြစ်ဘူးပါဘူး၊ ဒီလိုမျိုး ရှင် ပထမဆုံးမေးတာဆိုတော့ လွယ် ပြောတာ မှားသွားတယ်လို့ ထင်တာ ရှင်က ပထမဆုံးပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ .."

သူ ခြေလှမ်းရပ်ပစ်လိုက်တော့ လွယ် ကလည်း တုံ့ခနဲရပ်ပစ်တာ တစ်ညီတစ်ညွတ်တည်း ..၊

"အခု .. မင်း လမ်းကို မင်းသွားလို့ရပြီလား .."

ကျောက်ပုံဝိုင်းလေးနဲ့ လမ်းခွဲလေးသုံးခုမှာ လွယ့် ကို မေးဆတ်ပြပြီး မေးလိုက်သည်။ သူမက ခေါင်းတော့ညိတ်၏။ သို့သော် ..၊

"ရှင့်မှာ ကားမပါဘူးမို့လား .."

"အဲဒီတော့ .."

"လွယ့် မှာပါတယ် .."

"မင်းနဲ့ ကားကြုံလိုက်စီးဖို့လား .."

"ရှင် ကားစီးလို့ရမယ့်နေရာထိလေ .. ပန်းခြံထဲမှာ ကားငှားဖို့မှ မလွယ်တာ .."

"တော်ပါပြီ .. ခုတောင် ရင်တွေရော နားရော ပူနေပြီ .. ကျေးဇူးတင်တယ် .."

သူ ခြေလှမ်းစရွေ့သည်။ သူမကလည်း ထပ်တူရွေ့၏။

"ရှင်က မာနကြီးလှချေလား၊ ဒီပုံစံနဲ့ ကက်စတန်မာတွေကို ဘယ်လို ဆက်ဆံနေလဲမသိဘူး .. အံ့သြစရာပဲ .."

"ဟွန်း .."

ခပ်မှဲ့မှဲ့ ရှုံ့တွတွမျက်နှာနှင့် နေမြဲ က လှည့်ကြည့်သည်။ မျက်မှောင်ကုတ်လိုက်တိုင်း မျက်ဝန်းထောင့်အစပ်ကနေ မျက်ခွံပြေပြေမှာ ထိကပ်သွားသည့် တစ်ပင်စ နှစ်ပင်စ မျက်တောင်ဖျားလေးတွေကို လွယ် သေချာမြင်အောင် ကြည့်လိုက်မိသည်။

အသားဖြူတာမျိုးမဟုတ်ပေမယ့် ခိုင်ကြည်သည့်မျက်နှာပေါ်က အစိတ်အပိုင်းတို့ ဖွဲ့စည်းမှုကြောင့် အကြည့်ခံသည့်မျက်နှာမျိုးပဲဟု သတိ



မှတ်မိပြန်သည်။

အထူးသဖြင့် နှာခေါင်းပွသလိုထင်ရပေမယ့် သေချာကြည့် ခပေ ကြည့်ကောင်းလေ ..။

"တကယ် အံ့သြသွားတဲ့ပုံပဲ .."

နေမြဲ ရဲ့ မျက်နှာပေါ်က ခနဲ့ခနဲ့အပြုံးက လူကိုပိုရွဲ့နေမိုသွားစေကာ ..

"မင်း ပြောခဲ့သလိုပေါ့၊ ဒီလိုစကားမျိုး မင်း တစ်ယောက်ပဲ ပထမဆုံးပြောဖူးတာ၊ ဖြစ်နိုင်တာကတော့ ကိုယ့် ဆက်ဆံရေးက ကွက်ကျားမိုးဖြစ်နေလို့ဖြစ်မယ် .."

သူမက စိတ်မဆိုးသည့်ပြင် သွားလေးတွေပေါ်အောင်ရယ်ကာ ..၊

"ရပါတယ် .. ရှင်က လွယ့် ရဲ့ ပထမဆုံး ရင်းနှီးတဲ့မိတ်ဆွေဆိုတော့ မှင်ရည်ကြဲလို့ရတယ် .."

"ဘာ!.."

"ရှင်က ဘဝမြင့်ရောဂါရှိမှန်း သိသွားပြီဆိုတော့ သည်းခံနိုင်စွမ်းမွေးရမှာလေ .. ဘာပဲဖြစ်ဖြစ် ရှင်နဲ့ ရင်းနှီးဖို့က ရန်ဖြစ်နေရသည်း ပျော်ဖို့ကောင်းပါတယ် .."

ဘာလဲ .. သူမရဲ့ စာရင်းအင်းထဲက စီနီယာတွေအရ ကိုယ်က သုံးရာ့လေးဆယ်မြောက် ပြောချင်တာလား ..။

ဟာသမြောက်တဲ့ စကားလုံးပါပဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

"ကိုရဲထွတ် .. အဲ့ဒီပြဿနာအတွက် ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ် .."

"မလိုပါဘူးဗျာ .. အဲ့ဒါကအစပါ .. သူက ကျွန်တော့် အိပ်ခန်းထဲထိ သက်သေနဲ့မိအောင် ချင်ဆင်ခဲ့တာ .."

"ဟင်!..."

ကိုရဲထွတ် မျက်နှာက တော်တော်ကြီး အိုစာနေလျက် ဘီယာတစ်ဂျား လုံးကို ပျော့ပျော့ပဲကျန်တော့တဲ့အထိ အလွန်အမင်း မော့ချထားတာ ကြောင့် မျက်နှာတစ်ပြင်လုံး ရဲတွက်နေ၏။

သတင်းတစ်ချို့ကိုကြားပြီး ကိုယ်က တောင်းပန်မလို့ဖုန်းဆက် တော့ ဒီဆိုင်မှာလို့ ပြန်ဖြေသည်။ ထို့ကြောင့် သူ ဒီထိလိုက်လာခဲ့ရတာ ဖြစ်ကာ ..၊

"ကျွန်တော် .. ကျွန်တော် ကြားခဲ့သလို တကယ်ပဲပေါ့ .."

"ဟုတ်တယ် .. သူလိုချင်တာက ကျုပ်ကို ပြန်ပေါင်းရဖို့မဟုတ် ဘူး၊ ကျုပ် ပိုင်ဆိုင်ထားတာတွေကို သူ့အပြစ်ကြောင့် လက်လွှတ်ရမှာ ကြောက်လို့ .."



"ဆော်ရီးပါဗျာ .. ကျွန်တော် အဲဒါတွေကို .."

သူ့စကားမဆုံးခင် ကိုရဲထွတ် က လက်ကာတားလိုက်ကာ ..

"မဆိုင်ဘူးလို့ ကျုပ် ပြောပြီးပြီပဲ .. သူ့လုပ်ရပ်ကို သူ့လောက် မလည်ရင် ဘယ်သူမှ ရှောင်နိုင်မှာမဟုတ်ဘူး၊ ဘယ်သူနဲ့မှလည်း မဆိုင် ဘူး .. ကျုပ် သူ့လောက်မတော်လို့ ခံရတာပဲ .. သူ လိုချင်တာယူပါစေ၊ ကိစ္စမရှိပါဘူး .."

သူ့ဘက်က ပြောစရာစကား ရှာမရဘဲဖြစ်နေစဉ် ဖုန်းဝင်လာသဖြင့် နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့မိသည်။

"ဟလို .."

"ကိုနေမြဲ .."

ဖုန်းထဲမှာ ပထမဆုံးကြားရတာပေမယ့် လွယ့် အသံက အပြင်ကနဲ့ သိပ်မကွာ ..၊

"ပြော .. ဘာလဲ .."

"ရှင် အခု လာလို့ရမလား .."

"ဘယ်ကိုလဲ .."

ကြားလိုက်ရသည့်နေရာကြောင့် သူ နားကြားမှားသွားသလားလို့ ထင်မိကာ ..၊

"ဟော့ .. နေဦး .. 'မင်းကြိုက်စိုးကြိုက်' ဆိုတာ ဘီယာဆိုင်ကြီး လား .. ကလပ်တွေလည်းရှိတယ် .."

"ဟုတ်တယ် .. အခု ရှင်လာခဲ့လေ၊ ဒါဆို လိပ်စာပြောဖို့မလိုတော့ ဘူးပေါ့နော် .."

သူမဘာသာပြောပြီး ဖုန်းချသွားသည်။

ဒီမိန်းကလေး ဘာလေးလဲ ..၊

စကားပြောဖို့အတွက်ကို ဘီယာဆိုင်မှာ ချိန်းစရာလား၊ မူးယစ်

www.burmeseclassic.com

www.burmeseclassic.com



သေစာဆို စီးကရက်တောင် သူ မကြိုက်ခဲ့တာ၊ ဘီယာလိုအရာမျိုးကို အပေါင်းအသင်းမိတ်ဆွေကဏ္ဍာနဲ့တောင် သူ မသောက်ခဲ့ဘူးပေ ...။ ထို့ကြောင့်လည်း ...

"ကြည့်လုပ် ဟော့ကောင် ... မင်းကို ယောက်ျားဟုတ်ရဲ့လားလို့ မေးကုန်ဦးမယ်၊ ယောက်ျားဆိုတာ မလုပ်ချင်တာပဲရှိရမယ်၊ မလုပ်တတ်ဘူးဆိုတာ မရှိရဘူး .." လို့ မိတ်ဆွေတစ်ချို့က ပြောဖူးကြ၏။

သူကတော့ ဘယ်သူဘယ်လိုထင်ကြပါစေ လူမှန်းသိတတ်စတည်းက အမေ လက်ထပ်သင်ပေးခဲ့တာ လောင်းကစားနဲ့ သေရည်သေရက်ကို ရှောင်ဖို့ ...။

"သားရဲ့ အဘိုး .. ပြီးတော့ သားရဲ့ ဦးလေး၊ သူတို့တွေ ဒါကြောင့် မိသားစုအသိုက်အမြုံပျက်ခဲ့ကြတယ်၊ ငွေကြေးချမ်းသာပါရက်နဲ့ သက်ဆိုးမရှည်ခဲ့ကြဘူး၊ မေမေနဲ့ သားရဲ့ အဘွားဆိုရင် သား ဘိုးဘိုးဆုံးသွားမှ အိမ်ပေါ်ပြန်ရောက်သွားခဲ့ကြတာ အဲ့ဒီတုန်းက သားဦးလေး မေမေ့ရဲ့ မောင်လေးက လူပျိုပေါက်လေးပဲရှိသေးတာ .."

လင်မယားကွဲကြကွာကြတော့ ကလေးနှစ်ယောက်ကို တစ်ယောက်စီ ခေါ်ကြကာ ဒေါ်မာမြင့် က သမီးကိုခေါ်သွားပြီး ဦးသုတ နဲ့ သားငယ်က ကျန်ရစ်ခဲ့၏။

ဦးသုတ ဆုံးသွားပြီး သားအမိပြန်လာကြတော့ သားငယ်က လူပျိုအရွယ်တောင်မရောက်သေးဘဲ စီးကရက်လေးတဖွာဖွာ အရက်လေးတမြမြနှင့် အပေါင်းအသင်း သူငယ်ချင်းတွေနဲ့ အိမ်မှာ ပါတီလုပ်တာကရှိသေးသည်။

အဖေနဲ့ အမေ ကွဲကွာနေကြတာကိုလည်း မခံစား၊ အဖေဆုံးသွားပေမယ့် ခဏတာ အပူလုံးကြွခဲ့တာပဲရှိကာ အမေ ပြန်ရောက်လာတာတောင် ကျဉ်းကျပ်သွားသည်ဟု ပြောခဲ့သေး၏။

ငယ်စဉ်တောင်ကျေးတည်းက ပုံစံခွက်အတိုင်း သဏ္ဍာန်ပေါ်လာ



ခဲ့တာမို့ ဒေါ်မာမြင့် က သားငယ်ကို ဘယ်လိုမှ ဆိုဆုံးမ မနိုင်တော့ပေ။

အိမ်ထောင်ကျတည်းက ခင်ပွန်းဖြစ်သူက ချမ်းသာကြွယ်ဝသလောက် ဒေါ်မာမြင့် တို့က သာမန်လူလတ်တန်းစားထဲကပဲဖြစ်ကာ ကွဲကြပြီဆိုတော့ ဦးသုတ က ထိုအချက်ကို မျှော်ကိုးပြီး ပြန်လိုက်မခေါ်ဘဲနေခဲ့တာဖြစ်၏။

"မင်း အမေ ဘယ်လောက်မာနကြီးကြီး .. သူ့သမီး ဆင်းရဲမှာကိုတော့ ကြောက်လာမှာပါ၊ သူ့မိဘဆွေမျိုးတွေမှာ ငါ့သမီးကို အမွေပေးစရာ ခွက်စုတ်တောင် ရှိတာမဟုတ်ဘူး၊ ခုနေ ဖေဖေ နောက်အိမ်ထောင်ပြုတော့မယ်လို့ သတင်းလွှင့်ကြည့် သူ ပြန်ရောက်လာမှာကြည့်နေ .." လို့ သားငယ်ရှေ့မှာပြောခဲ့သေးသည်။

ဒါတွေကို အငယ်ကောင်က မအေ အပေါ် စိတ်တိုင်းမကျဖြစ်လာတိုင်း ထည့်ပြောတတ်ကာ ...

"မေမေတို့က ဟိုဘက်အသိုင်းအဝိုင်းထဲမှာပဲ အသားသေလာခဲ့တာကိုး၊ သားတို့ သားအဖ အမြဲဒီတိုင်းပဲ လွတ်လွတ်လပ်လပ်နေလာခဲ့တာ .. မေမေ လိုချင်တဲ့ လိုက်ဖ်စတိုင်လ်မျိုးက မဖြစ်နိုင်တော့ဘူး .."

လူလေးက အသက်ငယ်ငယ်နှင့် စကားလုံးကြီးတွေနဲ့ ပစ်ပေါက်တတ်လာသည်။ သူ့အစ်မကိုတော့ ချစ်ပေမယ့် မအေကိုဆို ပြောလိုက်ရင်လည်း နားမထောင်၊ မျက်နှာချင်းမဆိုင်ဖြစ်အောင်လည်းနေ၏။

ထို့ကြောင့် လူရွယ်ပိုင်းရောက်လာသည့်အချိန်မှာ အသောက်အစား လောင်းကစားအပြင် ရှုပ်ရှုပ်ပွေပွေကိစ္စတွေလည်း ပါလာခဲ့သည်ဖြစ်ရာ ဒေါ်မာမြင့် စိတ်ဆင်းရဲကြီးစွာဖြင့် အသက်တိုခဲ့၏။

မောင်နှမနှစ်ယောက် အိမ်တော်ထိန်း၏ စောင့်ရှောက်မှုဖြင့် လုံခြုံစွာ နေထိုင်ခွင့်ရခဲ့ကြကာ သောက်စားသုံးဖြုန်းလွန်းသည့် မောင်ငယ်၏ စိတ်ကို ဇင်မာလွှင် ချည်းပဲ လိုမ့်ခံနေခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ကျောင်းဆရာ ကိုနေမျိုး နှင့် ဇင်မာလွင် က မေတ္တာမျှနေခဲ့လျှင် မောင်ဖြစ်သူက သဘောမတူဘဲ အုပ်စုဖွဲ့၍ တိုက်ခိုက်ကြ၏။

ဇင်မာလွင် နဲ့ နေမျိုး တို့ မထင်မှတ်ဘဲ ခိုးပြေးသလိုဖြစ်သွားခဲ့ကြရာက လက်ထပ်ဖြစ်သွားခဲ့ကြပြီး အစ်ကို စိတ်ဆိုးနေသည့် မောင်ငယ်က အိမ်ကို လုံးဝပြန်မလာရဟု အမိန့်ထုတ်၏။

"မောင်မောင် .. မောင်လေးရယ် .. မမ ပြောတာ နားထောင်ပါဦး၊ မမက အမွေပစ္စည်းတွေကို မက်လို့မဟုတ်ပါဘူး၊ မောင်လေးတစ်ယောက်တည်းဆိုရင် ထိန်းသိမ်းမရအောင် ပျက်စီးသွားမှာစိုးလို့ပါ၊ မမ မောင်လေးနားမှာ နေပါရစေနော် .."

နှစ်ခေါက်သုံးခေါက် သွားတောင်းပန်တာလည်းမရသည့်ပြင် အိမ်ထဲမှာ မိန်းကလေးတွေကို တစ်နေ့တစ်ယောက် ခရိုးအောင် မြင်တွေ့နေခဲ့သဖြင့် ဇင်မာလွင် လက်မလျှော့နိုင် ..၊

နောက်ဆုံး ထိုမိန်းကလေးတွေက ထွက်လာပြီး မောင်းထုတ်ခံရတဲ့အထိဖြစ်လာကာ ကိုယ့်ခင်ပွန်းဖြစ်သူကလည်း နောက်ထပ် မသွားဖို့ တားဆီးလာခဲ့၏။

သိပ်မကြာခင် မောင်ဖြစ်သူ ခြံတံခါးပိတ်ပြီး ပြောင်းရွှေ့သွားပြီကို သိခဲ့ရသည်။

"သူ့မှာ ရောဂါတစ်မျိုးမျိုး စွဲကပ်သွားတာထင်တယ်၊ သေချာစုံစမ်းလို့မရပေမယ့် သူ နိုင်ငံခြားထွက်သွားတာ ဆေးသွားကုတာလို့ သတင်းကြားရတယ်၊ မိဘအမွေဆိုတာလည်း သူ သုံးဖြုန်းတာတောင် မလောက်ဘူးထင်ပါတယ် ,, ဒီလိုနဲ့ပဲ ဖေဖေ့လိုပဲ သူလည်း ဘဝဆုံးခဲ့တာ .."

မေမေ့ရဲ့ ဘဝတစ်လျှောက်လုံး နာကျင်လာခဲ့ရသည့်အဖြစ်အပျက်တွေက သူ လူမှန်းသိတတ်စတည်းက နားထောင်နေကျ အိပ်ရာဝင်ပုံပြင်တွေလိုဖြစ်နေခဲ့သည်။



ထို့ကြောင့် သူ့စိတ်ကိုက သေရည်သေရက်ကို ရှောင်ကြဉ်သင့်သည့် မူးယစ်ဆေးအဖြစ်ခံယူသတ်မှတ်ခဲ့တာဖြစ်သည်။ ဘိုးဘိုးနဲ့ ဦးလေးဖြစ်သူ၏ သင်ခန်းစာယူစရာအဖြစ်ဆိုးတွေကြောင့် သူ့ကို ဘယ်လိုယောက်ျားမျိုးလို့ ထင်ကြပါစေ ဘယ်လိုစကားနဲ့ ထိုးနှက်တာကိုမှ ဂရုမစိုက်ဘဲနေနိုင်ခဲ့သည်။

လွှယ် လို မိန်းကလေးမျိုးက ဘီယာဆိုင်မှာချိန်းတာမဆန်းသော်လည်း မိန်းမသားက ချိန်းရဲပေမယ့် သူကတော့ မသွားချင်ဘဲဖြစ်နေတာ ကြားလို့တော့မကောင်း ..။

တောက်လျှောက်တွေးလာခဲ့ရင်း ဖုန်းပြန်ခေါ်ပေမယ့် စက်ပိတ်ထားတယ်ချည်းပြောနေခဲ့သဖြင့် အလုပ်သဘောအရ သူ သွားရတော့မှာကို နားလည်လိုက်သည်။

နာမည်နဲ့တော့ လိုက်ပါတယ် .. လွှယ်လွှယ်ခက် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ဆိုင့်ရှေ့ရောက်နေမှ ဖုန်းလာသဖြင့် နားထောင်လိုက်ရသည်။

"ကိုနေမြဲစေ လား .."

"ဟုတ်ပါတယ်ခင်ဗျ .. ဘယ်သူလဲ မသိဘူး .."

"ကျွန်တော်က ဒေါ်ရတနာမြင့် ရဲ့ တူ .."

"သြော် .. သူရမင်း .."

"ဟုတ်ပါတယ် .. ကျွန်တော် ကိုနေမြဲစေ နဲ့ တွေ့ချင်လို့ပါဗျာ.."

"ရပါတယ် .. ဒါပေမယ့် အခု မအားသေးဘူး၊ ဒီလိုလုပ်ပါလား.. ညနေ ငါးနာရီလောက်ဆိုရင်တော့ အားပါပြီ .. ငါ့ညီ အရေးကြီးလို့လား"

"ကြီးတယ် ကိုနေ .."

စကားပြောနေရင်း ရင်းနှီးသည့်အသံနှင့် ကိုနေ ဖြစ်သွားခဲ့ကာ..၊

"အခု ကိုနေ မလာနိုင်ရင် ကျွန်တော် လာမယ်ဗျာ .. ကိုနေ ဘယ်မှာလဲ .."

ဘီယာဆိုင်ကို လာခဲ့တာမပြောချင်ပေမယ့် သူလည်း တစ်ယောက်တည်းမို့ စိတ်ကူးရသွားကာ ..၊



"ကိုယ်အခု 'မင်းကြိုက်စိုးကြိုက်' ကိုရောက်နေတာ .."

"ဟာ .. ဟုတ်လား .. ကျွန်တော် ဆိုင်ထဲမှာရှိတယ်လေ၊ ကိုနေ ဘယ်မှာလဲ .."

သူ ဖုန်းပြောရင်း အထဲဝင်လိုက်တော့ ဆိုင်ထဲမှာ သူရမင်း ကို တော်တော်ရှာလိုက်ရသည်။ စားပွဲတွေ ခပ်ကျဲကျဲပေမယ့် ဆိုင်က အကျယ်ကြီးပဲဖြစ်သည်။

စားပွဲတိုင်းလူပြည့်မနေပေမယ့် လုံးဝလွတ်နေသည့်စားပွဲက တစ်လုံးစ နှစ်လုံးစလောက်ပဲရှိမည်ထင်သည်။ သူ ရပ်ကြည့်နေတုန်း သူရမင်းက လက်ခုပ်ပြမှ မြင်၏။

"ထိုင်ဗျာ .. ကျွန်တော် အရမ်းကို လိုအပ်နေတုန်း ကိုနေ့ ကို တန်းတွေ့ရတာ ကံကောင်းခြင်းနိမိတ်ပဲ .."

"ဟုတ်လား .. ဘာတွေဖြစ်လို့လဲ .."

သူက ဆိုင်အဝင်ဝနဲ့ မျက်နှာစာသုံးဖက်ကို မြင်ရအောင် သေချာနေရာယူလိုက်ပြီးမှ ထီးကို စားပွဲပေါ်တင်လိုက်သည်။ သူရမင်း က ထီးကိုကြည့်၍ ...

"ကျွန်တော်နဲ့တော့ ကွာပ! .. ကျွန်တော်က ဘီးကိုင်ရမှာ သိပ်ပျင်းတာ .."

"အပွန်း .. ကိုယ်လည်း ကိုင်ရတာတော့ မကြိုက်ပါဘူး၊ ဒါပေမယ့် နေပူလွန်းတာ မိုးအုံ့နေတာတွေကျတော့ ထီးယူဖို့မမေ့ဘူး၊ ပေါ်ကျင့်ဆိုပါတော့ .."

"သြော် .."

"မေမေက 'ထီးယူသွား သားလေး' လို့ပြောတာကို နှစ်ပေါင်းများစွာကြားလာရတော့ မေမေ့ မျက်စိအောက်က လွတ်နေပေမယ့် မမေ့တော့ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ့ မှာ မိဘတွေရှိသေးတယ်ပေါ့ .."

"ဖေဖေ မရှိတော့ပါဘူး .."

"ဒါပေမယ့် အမေ ရှိသေးတယ်ဆိုတော့ ကံထူးတာပေါ့ဗျာ၊ ကျွန်တော်က ငယ်ငယ်တည်းက ဒက်ဒီရှိပေမယ့် နောက်အိမ်ထောင်နဲ့လေ .. အန်တီနဲ့ပဲ နေခဲ့ရတာ .."

"ဩော် .. အခု ဘာကိစ္စပေါ်နေလို့လဲ .."

"ပြောမှာပေါ့ .. ကိုနေ့ အတွက် မှာပေးမယ် .."

"ဟာ .. မလုပ်နဲ့ .. ကိုယ် မသောက်တတ်ဘူး .."

"ဘယ်လို .."

"ကိုယ်လုံးဝ မရလို့ပါ .."

"ဒါဆို ဒီကိုဘာကိစ္စနဲ့လဲ .."

"ကက်စတန်မာတစ်ယောက်နဲ့ ချိန်းထားလို့ပါ .."

သူရမင်း ချက်နှာပျက်သွား၏။

"ဒါ .. ဒါဖြင့် သူ ရောက်လာရင် ကျွန်တော်က ဂျူနီယာ ဖြစ်သွားပြီပေါ့ .."

သူက တောင်းပန်သလိုပြုံးလိုက်ကာ ..၊

"ဟုတ်တယ် .. ပြီးတော့ သူက မိန်းကလေးဖြစ်နေလို့ပါ၊ သူ့ကို ဦးစားပေးမှရမယ် .. ဆော်ရီးပါ .."

"ရတယ် .. ရတယ် .. ဒါဆို ကျွန်တော် စီနီယာဖြစ်သွားအောင် ခု မြန်မြန်ပဲပြောတော့မယ် .."

"နေဦးလေ .. တစ်ခုပြီးမှတစ်ခု ကောင်းပါတယ်၊ ဒါမှမဟုတ် ငါ့ညီ ကိုလေး နဲ့ .."

သူရမင်း က လက်ကာခေါင်းခါ၍ ..၊

"မဖြစ်ဘူး .. ကျွန်တော်က ကိုနေ့ ကိုပဲ ရင်းနှီးတာ၊ ကျွန်တော်



ကိုနေ့ ရုံးခန်းကိုလာခဲ့ချင်တယ်၊ အဲဒါကို သေချာဆွေးနွေးပြီး အလုပ်အပ်မှာလေ .. ကိုနေ အလုပ်လုပ်တာ စည်းကမ်းရှိတယ်၊ အောင်မြင်တယ်ဆိုတာ ယုံတယ်ဗျာ .."

သူ ခပ်ယဲ့ယဲ့ပြုံးမိကာ ..၊

"ကိုယ့်မှာလည်း အဆင်မပြေမှုတွေအများကြီးရှိတာပါပဲ ညီရာ.. မင်း မသိလို့ပါ .."

"အလုပ်လုပ်နေတဲ့သူမှာ အပြစ်အနာအဆာမကင်းကြပါဘူး၊ ဘာမှမလုပ်ဘဲထိုင်နေရင် ဘာမှမဖြစ်ဘူးလေ၊ ဒါပေမယ့် လူ့ဘဝဆိုတာ အကြံနဲ့ ဉာဏ်နဲ့ ရုန်းကန်လှုပ်ရှားနေရမယ့်သဘာဝပဲ .. အထူးသဖြင့် ယောကျ်ားကောင်းမှန်ရင် ဘယ်သူမှအပြောခံရမှာကြောက်ပြီး ငုတ်တုတ်ထိုင်မနေပါဘူး .."

သူရမင်း က စကားပြောရင်း အမြည်းထပ်မှာသည်။

"နောက်ထဲသွားမလား .. ဒေးကလပ်ရှိတယ် .."

"မသွားတော့ဘူး .."

စကားပြောနေရပေမယ့် တစ်ဆိုင်လုံးမှာ ယောကျ်ားချည်းပဲမို့ မိန်းမတစ်ယောက်တစ်လေကို ရှာဖွေမိသည်။ သူ မြင်မြင်သမျှမှာတော့ မိန်းကလေးဆိုလို့တစ်ယောက်မှ မရှိ ..။

သူမက ဒီဆိုင်ထဲကိုချိန်းပြီး ဘာလုပ်မလို့လဲ ..၊

"ကိုနေ့ လူက ကလပ်ထဲရောက်ချင်ရောက်နေမှာပေါ့၊ လာလေ.. သွားရှာမလား .. ကျွန်တော့်မှာ မန်ဘာကဒ်ရှိတယ် .."

"မဟုတ်ဘူး ဆိုင်မှာပဲ ချိန်းတာ .."

"ဒီဆိုင်က တအားနာမည်ကြီးတာ၊ အခု နည်းနည်းလေးစောနေသေးလို့ .. နောက်ထပ် နှစ်နာရီလောက်ဆို ဟို စတေ့ချ်ပေါ်မှာ သီချင်းဆိုပြီ .."

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုင်တွေ ရှိပါတယ်ကွာ .."

"ဟုတ်တယ် .. ဒါပေမယ့် မစ္စူဘူး၊ ကျွန်တော် ပြောချင်တာလည်း ဒီဆိုင်နဲ့ ပတ်သက်တယ် .."

"ဟင် .."

လွှယ် ကို ရှာဖွေရင်း နားစွံ့ထားခဲ့သည့် တစ်ပြိုင်တည်းအလုပ်နှစ်ခုက မျက်လုံးပေါ့ါ သူရမင်း ဆီ ဒိုင်းခနဲရောက်သွားကာ ..၊

"ဘယ်လို .."

"ကျွန်တော် ဒီဆိုင်က ကောင်မလေးတစ်ယောက်ကို ကြွေနေတာ .."

စိတ်ဝင်စားသွားခြင်းက ပြုံးလိုက်မိသည့်အဖြစ်သို့ရောက်ကာ..၊

"ဘာလဲ .. မင်း အခေါ်က သဘောမတူမှာစိုးလို့လား .."

"အဲ့ဒါတော့ပါတယ် .. ဒါပေမယ့် ကျွန်တော် လက်ထပ်လိုက်ပြီဆိုရင်တော့ အန်တီ ဘာမှပြောတော့မှာမဟုတ်ဘူး .."

"ဒါဆိုလည်း မင်း လုပ်စရာရှိတာ လုပ်လိုက်ပေါ့ ညီလေးရာ၊ စားသောက်ဆိုင်မှာ အလုပ်လုပ်နေကြရတဲ့ မိန်းကလေးတွေထဲမှာ မင်းလို ဂုဏ်သရေရှိ ပညာတတ်သူဌေးသားကို အတည်တကျလက်ထပ်ချင်တဲ့သူ ရှိမှာပါ၊ ဒါက မင်းတို့ချင်း အဆင်ပြေရင် ပြီးသွားမှာပါ၊ အောင်စီကို အားကိုးဖို့မလိုပါဘူး .."

"ဟာ .. အဲဒါ ကိုနေ လွဲပြီ .. သူက .."

သူရမင်း က အားတက်သရောကြားဖို့ပေမယ့် နေမြဲ ၏ နာရီငုံ့ကြည့်လိုက်သည့်အဖြစ်ကြောင့် အားနာသွားကာ ..၊

"ကိုနေ အရေးကြီးရင် ဒေးကလပ်ထဲ သွားရှာပေးရမလား၊ ဒါမှမဟုတ် ဖုန်းဆက်ကြည့်လေ .."

"မဟုတ်ဘူး .. ငါ စိတ်ရှုပ်လာတာ .. သူ ဘာဖြစ်လို့ ဒီမှာချိန်းမှန်းမသိဘူး .. ကျွတ် .."



"သူ သွားနေလာနေကျမို့လို့ဖြစ်မှာပေါ့ .."

"မဟုတ်ဘူး .. သူက မိန်းကလေး .."

"ဟင်!..."

ပြောနေရင်း ဖုန်းထုတ်ယူလိုက်သည်။ သို့သော် အမှတ်တမဲ့ ဟိုဒီဝေ့လိုက်သည့်မျက်လုံးက ထိပ်ဆုံးက ဘားဆီရောက်သွားလျှင် ..၊

လွှယ် ..၊

ဖုန်းကိုင်ရင်း သူ့အကြည့်တွေကို ထိုနေရာမှာ စူးစိုက်သွားကာ လှုပ်ရှားမှုအားလုံး ရပ်တန့်သွားခဲ့၏။ သူမက အတွင်းပိုင်းကနေ လျှောက်ထွက်လာတာဖြစ်ကာ ဘားနောက်မှာ ခဏရပ်၏။

အတွင်းခံအင်္ကျီအနက် လည်ဟိုက်နှင့် ဘောင်းဘီရှည်အနက်ကို ဝတ်ထားကာ ပျော့အိနက်ပြောင်နေသော ခါးတိုလက်ရှည်ကုတ်အင်္ကျီအနက်ကို ယပ်ပ..က်ထား၏။

နဖူးကဆံပင်တွေကို သိမ်းလှန်တင်ထားကာ ဘေးနှစ်ဖက်မှာလည်း ကျစ်ဆံမြီးသေးသေးလေးတွေ ကျစ်ချထားသဖြင့် နပိုကောက်ကွေ့သော ဆံနွယ်ရှည်တွေထဲမှာ ခပ်ရိုင်းရိုင်းလှနေ၏။

မျက်နှာတစ်ပြင်လုံးကို တမင်ဖွေးဆွတ်နေအောင် ပြင်ထားကာ နှုတ်ခမ်းနီတ ရဲတောက်နေသည်။ မျက်ခွံပြေပြေ..ာ ခရမ်းရင့်ရောင်ကို မှောင်နေအောင် တင်ထားလျက် ရှည်ကော့နေသော မျက်တောင်များတို့မှာ ဖြူဖတ်ဖတ် အပြာနုကို တင်ထား၏။

သူမ ဘာပုံစံပေါက်အောင် လိမ်းခြယ်ထားမှန်းမသိပေမယ့် 'ဟင်' ခနဲငေးသွားမိအောင် လှနေတာတော့ အမှန်ပါ။

သူ ဝင်လာတုန်းက အားလုံးကိုဝေ့ကြည့်ခဲ့ပါသေးသည်။ ထို့ကြောင့် သူမ ခုမှ ထွက်လာတာမှန်းတွေးလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူမက ဖုန်းထုတ်ကိုင်နေတာမြင်လိုက်ရကာ သူ ကိုင်ထားသည့်ဖုန်းက ဖုတ်ခနဲလင်းလာ၏။

သူရမင်း အားလုံးကို မြင်နေခဲ့၏။ လွယ် ထွက်လာတည်းက သူ လှမ်းမြင်လိုက်သလို နေမြဲ လေးမောသွားတာကို သတိထားမိသည်။

ထို့ကြောင့် သူ အားပါးတရပြောတော့မည့်စကားတို့သည် သူမ ဖုန်းကိုင်လိုက်ဝ...ှင့် ဒီမှာ လာမြည်လာခြင်းကြောင့် ဆွံ့အသွားစေခဲ့သည်။

"ဟလို .."

"..... ..... ....."

"ငါ ဆိုင်ထဲ ..."

ဖုန်းပြောနေ...ည့် နေမြဲ ၏ စကားအဆုံးမှာ သူမ လည်ပင်လေးလိမ်၍ လှည့်ကြည့်သာ၏။ ပြီးတော့ ခေါင်းညိတ်ပြပြီး ဖုန်းကိုင်ကာ ..။

"..... ..... ....."

"ဘာ!..."

"..... ..... ....."

"မရ ...း .. ငါ့မှာ တခြားအလုပ်ကိစ္စရှိသေးတယ် .."

"..... ... ....."

"ကျွတ် .."

ဖုန်းချလို... သည့်အခါ သူ့ကို တအံ့တသြကြည့်နေသည့် သူရမင်းက ဟိုဘက်ဒီဘ... တစ်လှည့်စီကြည့်ကာ ..။

"ကိုနေ က ပ...မှာရပ်နေတဲ့ ကောင်မလေးနဲ့ ပြောနေတာလား.."

"ဟုတ်တယ် .."

"သူနဲ့ ဘာကိစ္စ .."

"ကိုယ့် ကက်စတန်မ...ါ "

"မခင်ဘူးလား .."



သူ ခေါင်းခါလိုက်တာကို သူရမင်း က မယုံနိုင်သလို ..။

"ကိုနေ ဒီဆိုင်ကို တစ်ခါမှမရောက်ဖူးဘူးလား၊ ဆော်ရီးနော် .. စပ်စုတာမဟုတ်ပါဘူး .. သူ့ကို ကိုနေ့ ကက်စတန်မာ မဖြစ်ခင်က မသိခဲ့ဘူးလားလို့ .."

"မသိဘူး .."

နေမြဲ ညာနေတာမဟုတ်မှန်း အကဲခတ်မိကာ သူရမင်း က ပြုံးလိုက်၏။ ပြီးတော့ .. တဖြည်းဖြည်းသွားကြီးဖြီးလာပြီး ..။

"သူက ဂ...နေ့ ကို ဖူးစာဖက်ရှာနိုင်းတာဆိုရင်တော့ ကိုနေ နှစ်ဖက်စလုံးက အကျိုးဆောင်ခရပြီလို့သာမှတ်လိုက်တော့၊ ကျွန်တော်က အဆင်ပြေရင် နှစ်ဆပေးမှာ .."

"ဘယ်လို .. မင်း ပြောတာဘာလဲ .."

"ကျွန်တော်ပြောတဲ့ ကောင်မလေးက သူပဲ .."

ဒီလို တိုက်ဆိုင်မှုအတွက် သိပ်အံ့သြဖွယ်မရှိပေမယ့် နေမြဲ ကတော့ မယုံနိုင်သေးပေ ..။ သူ ခဏကြာမှ ပြန်လှည့်ကြည့်လိုက်တော့ လွယ်က ဘားနားရောက်သွားပြီဖြစ်ကာ ဘားရှေ့မှာ တန်းစီထိုင်ကြသည့် လူရွယ်တွေက ဘယ်ကဘယ်လိုရောက်ချလာကြတာလဲ ..။

သူ ကြည့်နေတုန်းမှာပဲ မိုးတိုးမတ်တတ်တွေပါ ရှိလာကြလျက်..။

"သူက အရက်ရောင်းတာလား .. သီချင်းဆိုတာလား .."

သူရမင်း ကို လှည့်မကြည့်ဘဲ မေးမိ၏။ နှစ်ယောက်စလုံးပဲ သူမဆီကိုသာ ငေးကြည့်နေမိကြကာ ..။

"အဲ့ဒီဘားမှာ သူ ခဏထိုင်တတ်တယ်၊ မနက်တစ်ခါ ညတစ်ခါ.."

"အရောင်းစာရေးမပေါ့ .."

"ပိုင်ရှင်ရဲ့ တူမ .."

"ဟင် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. လွယ်လွယ်ခက် ဆိုတဲ့အတိုင်းပဲ၊ နေထိုင်ပုံက ယော့တ်တယ် .. ဒါပေမယ့် လက်ကလည်း ယဉ်တယ် .."

"သိုင်းတွေဘာတွေ တတ်တာလား .."

"မသိဘူး .. ဒါပေမယ့် စိတ်ဆိုးရင် လက်ပါတတ်တယ် .."

"မင်း ခံရဖူးပြီထင်တယ် .."

"ခံရဖူးချင်တာ .. ဒါပေမယ့် ကျွန်တော် အဲ့လောက် မရင်းနှီးသေးပါဘူး၊ သူ့ကို ကျွန်တော် အပြင်မှာ ဆုံဖူးတာ၊ တစ်ခါပဲ မြင်ဖူးပြီး တန်းတန်းစွဲဖြစ်သွားတော့ သူ့အကြောင်း စုံစမ်းရတာပေါ့ .. အဲ့ဒါနဲ့ပဲ ဒီဆိုင်ရောက်လာတာ .."

သူရမင်း ဘက်ကို သူ ပြန်ကြည့်လိုက်ကာ ...၊

"သူကလည်း ဖူးစာရှင်အလိုရှိနေတာဆိုတော့ .."

"ဟိုး .. ဟိုး .. ကိုနေ ပြောမှာ ကျွန်တော်သိတယ်၊ သူ့ကို ဒီလို မြင်လိုက်တာနဲ့ အထင်သေးမသွားနဲ့ .. သူ့ကို ပိုင်ဖို့မပြောနဲ့ သူ့နားကပ်ဖို့တောင် မလွယ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ဦးလေးက တပည့်တပမ်းတွေအများကြီးပဲ .. သူ့တူမကို ဆိုင်ထိုင်ခိုင်းပြီး နေ့စဉ် ချွေဥစေနေတာ ကိုပဲ လိုချင်တာ၊ ဘယ်ကောင်ဘယ်လောက် ပုံပေးပေး လုံးဝမရဘူး .."

တစ်မျိုးပါလား ...၊

"ပြီးတော့ သူ့ဦးလေးက စက်ရုံပိုင်ရှင် သူဌေး၊ ရန်ကုန်မှာရော မန္တလေးမှာရော 'မင်းကြိုက်စိုးကြိုက်' တွေအများကြီးပဲလေ .."

"ဒီလိုလုပ်ငန်းနဲ့ ကြီးပွားနေတာကတော့ သံသရာမှာ မကောင်းပါဘူးကွာ .."

"သံသရာက ဝမ်းတစ်ထွာကို မမြင်ရသေးဘူးလေ၊ ပစ္စုပ္ပန်ချမ်းသာမှ အုမ်တောင့်မှာမို့လား .."

သူ ပြုံး၍ ခေါင်းညိတ်ပေးလိုက်သည်။



"တွေ့လား .. သူ ထွက်လာတဲ့အချိန်ဆိုရင် ကိုနေ ခုန ဝင်လာဘိန်းနဲ့ တူလို့လား .."

တစ်ဆိုင်လုံးကို လှည့်ပတ်ကြည့်လိုက်တော့ စားပွဲအပြည့် လူတွေအပြည့် ...။

ထို့ပြင် ဘားနားမှာလည်း လူတွေဝိုင်းရံလျက် ...၊

"အားလုံးက တစိမ့်စိမ့်ကြည့်ရင်း တစိမ့်စိမ့်သောက်ရရုံနဲ့ကျေနပ်ကြတာပဲ ...၊ လှလည်း လှတာကိုး .. ပြင်ဆင်ထားတာပေမယ့် သူက ပြင်လို့လှတာမဟုတ်ဘူး လှလို့ပြင်လေ ပိုလှလေ .."

ဒါဆို သူမက ဘာဖြစ်လို့ ကိုယ့်အိမ်ထောင်ဖက်ရဖို့ ကိုယ့်ဘာသာ ရှာနေတာလဲ ...၊

စာရင်းထဲက သုံးရာသုံးဆယ့်ကိုးယောက်သော ယောကျ်ားတွေက သူမကို လိုချင်နေကြတဲ့လူတွေလား၊ ဒါမှမဟုတ် အန္တရာယ်ပြုကြမယ့်လူတွေလား ...။

ဦးလေးဖြစ်သူကလည်း ကာကွယ်ပေးထားသည်ဆိုလျှင် သူမက ဘာအတွက်ကြောင့် ဖူးစာဖက်ကို ကိုယ်တိုင်ရှာဖွေချင်တာလဲ၊ တစ်စုံတရာကို တွေးမိလာသလိုရှိကာ ...၊

"မင်းနဲ့ သူနဲ့ မရင်းနှီးသေးတာ တကယ်လား .."

"ဟုတ်တယ် .. ကျွန်တော်ကသာ စွဲလမ်းနေရတာ၊ သူကတော့ မှတ်မှတ်သားသားတောင် ရှိပါ့မလားပဲ၊ ဈေးသည်နဲ့ ဈေးဝယ်လိုပေါ့၊ ဒါမှမဟုတ် ပရိသတ်နဲ့ အနုပညာရှင်လို့ပဲ တင်စားပြောရမလား၊ တစ်ယောက်သမားက လူအများကို မမှတ်မိနိုင်တာမျိုး .."

စကားတွေပြောနေရင်း တစ်နာရီတိတိ စောင့်ပေးပါလို့ ပြောထားသည့် သူမကို လှမ်းကြည့်ရင်း နာရီကိုလည်း ငုံ့ကြည့်မိသည်။

ဒီကပြီးသည့်အချိန်မှာတွေ့ပြီး ပြောကြလို့ရပါလျှင်နှင့် သူမ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒီထဲမှာ လာထိုင်စောင့်ဖို့ပြောရတာပဲ ..။

တစ်ယောက်တည်းတွေးနေသည့် ဖြစ်နိုင်ချေတွေက ရေရာသည့် အဖြေကို မရခဲ့ဘဲ ..။

"ဒါပေမယ့် အေဂျင်စီကို အားကိုးပြီဆိုရင်တော့ ကျွန်တော့်အတွက် ရင်းနှီးဖို့တွေ၊ ကြိုးစားဖို့တွေ မလိုဘူးမို့လား .."

သူရမင်း က ထပ်ပြောတော့ သူ ပြုံးလိုက်မိကာ ..။

"အိမ်ထောင်ရေးကို လိုအပ်ချက်တစ်ရပ်လို သဘောထားတဲ့လူတွေအတွက် ဟုတ်တယ်လေ .. တခြားအကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်ပြုမှုကိုဖြစ်မှာမို့လို့ အေဂျင်စီနဲ့ ကွန်တက်(ထ်)လုပ်ကြတာတွေလည်းရှိတာပဲ .. ဒါပေမယ့် အခုကျတော့ မင်းက သူ့ကို ချစ်ခင်မြတ်နိုးလို့ ပိုင်ဆိုင်ချင်တာမဟုတ်ဘူးလား .."

"သိပြီ .."

သူရမင်း က လွှယ် ရဲ့ မျက်နှာကွက်ကွက်လေးကို မစို့မပို့မြင်နေရပေမယ့် သေချာလိုက်ငေးနေရင်း လည်ပင်းကိုပဲ ပွတ်သပ်နေခဲ့လျက်..။

"ဒါပေမယ့် လုံးဝမလွယ်ဘူးဆိုတာ ကျွန်တော် သိနေတယ်၊ ကျွန်တော့်လိုလူက သူ့အတွက် ဘာမှ ထူခြားဆန်းပြားဖွယ်မဖြစ်နိုင်ဘူးဆိုတာလည်း သေချာတယ် .."

"ဒါ့ကြောင့်လည်း သူ့အတွက် ဒီလောက် ဝိုင်းဝိုင်းလည်နေတာကို မင်းက အေဂျင်စီအားကိုးနဲ့ ရနိုင်မယ်လို့ ဘာလို့ထင်ရတာလဲ .."

ဒီတစ်ခါလည်း ခေါင်းကုတ်ပြန်ကာ ..။

"ကျွန်တော့်နည်းလမ်းက မဖြစ်နိုင်တာတွေချည်းဖြစ်နေတော့ ဘယ်လိုအဖြေထွက်လာမှာ မိုင်းနပ်စပ်ပဲဖြစ်နေတာ ဘာဆက်လုပ်ရတော့မှာလဲ .. ဒါပေမယ့် ခုတော့ သူနဲ့ ကျွန်တော် ဖူးစာပါနေသလားပဲ.."

နေမြဲ ရယ်ပိုက်တော့ သူရမင်း က လိုက်ရယ်ကာ ..။



"ကိုနေ ပဲ စဉ်းစားကြည့်လေ .. သူနဲ့ ကျွန်တော် လိုအပ်တာချင်းလည်း တူနေကြတယ်၊ ဒီလိုအပ်ချက်ကို ဖြည့်ပေးမယ့်သူကလည်း ကိုနေဖြစ်နေတယ်၊ သစ်ခြောက်ပင်အောက်မှာ ပန်းကောက်ဖို့စောင့်နေမယ့်အစား ပန်းပွင့်နေတဲ့ အပင်အောက်ကနေ တံချူနဲ့ ရအောင် ခူးယူတာ မကောင်းဘူးလား .."

မကောင်းလောက်ဘူးလို့ စိတ်ထဲမှာ ဖြစ်လာသည့်စကားကိုတော့ မပြောဖြစ်ပေ ..။

ထို့ကြောင့် သူ သက်ပြင်းချမိကာ ..။

"ငါတို့အလုပ်က ကာယကံရှင်က ပုံချအပ်နှံတာကိုပဲ တာဝန်ယူဆောင်ရွက်ပေးနိုင်တာ .."

"အခုလည်း .. ကျွန်တော်တို့ ကိုယ်တိုင်ပဲလေ .."

"မင်းမှာ မိဘရှိသေးတယ် .."

"ဗျာ .."

"မင်း အလုပ်ကို လက်ခံတာကျတော့ အိမ်ထောင်ရေးအကျိုးဆောင်မဟုတ်တော့ဘူး၊ အဲဒါ အောင်သွယ်တော်ကိစ္စဖြစ်သွားပြီ .."

သူရမင်း အကြည့်တွေ လွှယ် ဆီ ရောက်သွားကာ ..။

"သူ့ကျတော့ရော .."

"သူက အပ်ခဲ့တာ .. ငါ ဆောင်ရွက်ပေးပါ့မယ်လို့ ခေါင်းမညိတ်ရသေးဘူး၊ အခု ဆွေးနွေးကြမယ့်အဆင့်ပဲရှိသေးတယ် .."

"မ .. မဟုတ်သေးပါဘူး ကိုနေရာ အောင်သွယ်တော်ဖြစ်သွားလည်း ကျွန်တော်က ကိုနေ အောင်သွယ်ပါတယ်လို့ လျှောက်ပြောမှာမှမဟုတ်တာ .. အကျိုးဆောင်ခအတွက်လည်း .."

"အဲ့ဒါကို နောက်မှာပြောမှာ .. ဒါပေမယ့် ကိုယ်ကတော့ အောင်သွယ်မပေးဘူး ငါ့ညီ .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း .."

ဖုန်းမြည်လာသဖြင့် ကောက်ကြည့်လိုက်တော့ လွှယ် ပဲ ဖြစ်နေကာ သူလှမ်းမကြည့်တော့ဘဲ ဖွင့်လိုက်၏။

"ဟလို .."

"ရှင် အခု ပြန်လို့ရပြီ၊ မနက်ဖြန် နေ့လယ် ကန်တော်ကြီးထဲက ဟိုတစ်ခါဆုံခဲ့တဲ့ နေရာမှာတွေ့မယ်နော် .."

သူရမင်း က လွှယ့် ကို လည်ပင်းရှည်ပြီးကြည့်နေကာ ...

"ဟိုမှာ ဖုန်းပြောရင်း ဝင်သွားပြီ .. ကိုနေ့ ကို တစ်နေရာမှာ ချိန်းတာလား .."

"ဟုတ်တယ် .."

"ကျွန်တော်နဲ့ .."

"ဆန္ဒမစောပါနဲ့ .. ကိုယ် ကူညီလို့ရတဲ့ ကဏ္ဍရှိလာရင် မင်းကို ဆက်သွယ်မှာပါ .."

သူရမင်း ဘာမှဆက်မပြောနိုင်ခင် နှုတ်ဆက်ပြီး သူ ထပြန်လာခဲ့သည်။

လုပ်လာခဲ့သမျှ သူ့ရဲ့ စီးပွားရေးလမ်းကြောင်းတစ်လျှောက်မှာ ဒီတစ်ခါလောက် ခလုတ်ကန်သင်းများတာမရှိပါလား ..။

အဲဒါ လွှယ်လွှယ်ခက် ကြောင့် ...



## အခန်း (၆)

"ဘယ်ကိုလဲ .. လွှယ် .."

သွက်လက်စွာ လှမ်းထွက်လာခဲ့သည့် ခြေလှမ်းတွေ တုံ့ခနဲရပ်သွားခဲ့၏။ ပြန်လှည့်မကြည့်ရသေးဘဲ ပြောင်လက်နေသော ပါကေးကြမ်းခင်းထက်မှာ အရိပ်တွေထိုးကျလာတာကို မျက်တောင်ဖျားတို့ လှုပ်ခတ်ရုံ မေးစင်းကြည့်၍ ...

"သွားစရာရှိလို့ပါ .."

လှည့်မကြည့်ဘဲဖြေကာ ကိုင်ထားသည့် အဖြူရောင်အိတ်လေးကို ပခုံးမှာ ချိတ်လိုက်၏။ ကိုယ်ရံတော်တွေနှင့်အတူ အနားရောက်လာသည့် ဦးကောင်းမိုး က လွှယ့် ရှေ့မှာပဲ လာရပ်ကာ ...

"ခုတစ်လော သွားစရာရှိတာတွေ များနေတယ်မို့လား .."

"ခုတစ်လော မတိုင်ခင်တုန်းက လွှယ် ဘယ်မှမသွားလာဘဲနေခဲ့တာပဲ .."

"အဲဒီလိုပဲ အမြဲနေသွားတာကိုကြိုက်တယ် သမီး .. အန်ကယ်တို့က အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး နည်းနည်းမှ လစ်ဟတာမကြိုက်ဘူး.."

အေးဆေးမေးသလိုနှင့် ဦးကောင်းမိုး မျက်နှာက တို၍တည်တံ့သွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"စက်ရုံကိစ္စတွေ .. တခြား ဖြန့်ဖြူးရောင်းဝယ်ရေးတွေကို အန်ကယ်လ်က လုပ်နေတယ်၊ ညည်းက ဆိုင်လေးတစ်ဆိုင်တည်းမှာ တာဝန်ယူပြီး ထိုင်နေပေးဖို့တောင်မှ ပင်ပန်းလှပြီထင်နေတာလား .."

"လူတိုင်းမှာ စိတ်ထွက်ပေါက်ဆိုတာ ရုံဖန်ရံခါတော့ ရှိသင့်တာပဲ အန်ကယ်လ် .. လွှယ် က ရုံဖန်ရံခါလည်း မယူခဲ့ပါဘူး .."

ဦးကောင်းမိုး က လွှယ့် ကို စူးစိုက်ကြည့်ရင်း ခဏငြိမ်နေ၏။ အရပ်မြင့်မြင့် လူက တုတ်ခိုင်သန်စွမ်းရုံမကဘဲ ဗိုက်ပူပူစူထွက်နေသော ဦးကောင်းမိုး ပုံက ထိပ်ပြောင်နေသဖြင့် ပို၍ခန့်ညားနေသည်။

ကြည့်ရမဆိုးသော ထိပ်ပြောင်ခြင်းဖြစ်ကာ ဗိုက်ပူတာကလည်း ဝတုတ်ရွှဲနေတာမျိုးမဟုတ်ပေ။ ထို့ပြင် လွှယ့် မေမေ ဆုံးသွားတည်းက လွှယ့် ကို သမီးလေးလို စောင့်ရှောက်ရင်း ဒိမ်ထောင်လည်း မပြုတော့ဘဲနေခဲ့၏။

သားလူတွေ အမြင်မှာတော့ တူမအပေါ်မှာ အေးစက်စက်ဆက်ဆံပြောဆိုပေမယ့် ဂေတ်ာ့တော်ချစ်ရှာပေသည်လို့ ထင်ကြလိမ့်မည်။

သို့သော် .

"ခု .. အန်ကယ်လ်က ပြောလာပြီဆိုတော့ လွှယ် တစ်ခုတောင်းဆိုပါရစေ .. နောက်ထပ်ပြီး အလုပ်ချိန်ထဲက ထုတ်နုတ်ပြီး အပြင်ထွက်တာမျိုး မလုပ်ပါဘူး .. ဒါပေမယ့် တစ်ပတ်တစ်ရက်တော့ .."

"ညည်း တစ်ခုခုလုပ်ရှားနေတယ်လို့ ငါ့စိတ်ထဲက သိနေတယ် လွှယ် .. အဲ့ဒါက ရည်းစားထားဖို့ဆိုရင်တော့ ကိုယ်လုပ်နေတဲ့အလုပ်နဲ့ ရည်းစားထားတဲ့ကိစ္စ အဆင်ပြေနိုင်မလားဆိုတာ နည်းနည်းစဉ်းစား.."

လွှယ့် ဘာမှမပြောဘဲ ငြိမ်နေခဲ့၏။

"ညည်းစိတ်ထဲမှာ 'မျောက်ပြဆန်တောင်း' နေတယ်လို့ ထင်နေတယ်မို့လား .. အေး .. အဲဒီလိုဖြစ်နေရင် နေလိမ့်မယ်၊ ဒါပေမယ့် ညည်းသိရမှာက ညည်းက အန်ကယ့်လ်အလုပ်သမားမဟုတ်ဘူး၊ သမီးလည်း



ဟုတ် .. တူမဆိုရင်လည်း ဟုတ်တယ် .. နောက်ပြီး ဒါတွေက အန်ကယ်လ်ပဲ ပိုင်တာမဟုတ်ဘူး .. သမီးပိုင်တဲ့စီးပွားရေး .."

"လွှယ့် စိတ်ကြိုက်ရင်းနှီး ထူထောင်ရမယ်ဆိုရင် အရက်ရောင်းတဲ့ အလုပ်ဘယ်တော့မှ မလုပ်ဘူး .."

"ဟွန်း .."

ဦးကောင်းမိုး က ခပ်မဲ့မဲ့ပြုံးကာ ..၊

"ခက်မြည္မာ ရဲ့ သမီး .. အဘိုးဦးအောင်မြေ ရဲ့ မြေးက ဒီစကားပြောတော့ အံ့သြဖို့ကောင်းနေပြီ လွှယ် .."

လက်နှစ်ဖက်နောက်ပစ်ပြီး လွှယ့် ကို ကျောခိုင်းလျှောက်သွား၏။ ပြီးမှ ပန်းချီကားတစ်ချပ်ရှေ့မှာ ခြေစုံရပ်လိုက်ပြီး မော့ကြည့်ငေးရင်း..၊

"ဘီယာချက်တဲ့စက်ရုံတွေကို လက်ဦးတည်းက တည်ထောင်ခဲ့တာ ညည်းရဲ့ဘိုးဘေးတွေပဲ .. တော်မဝင် တန်းမဝင်ခင် အခြေအနေတည်းက အရက်ချက်တဲ့လုပ်ငန်းကို မယိုင်လဲအောင်ကြိုးစားထူထောင်ခဲ့တယ်၊ ကြီးပွားလာတော့ တိုးတက်အောင် ကြိုးစားတယ်၊ အဲဒါ ညည်းအမေ လက်ထက်ထိပဲ .."

"မှန်တာပေါ့ .."

ဦးကောင်းမိုး က လွှယ့် ဘက်ကို ဖျတ်ခနဲလှည့်လာပြီး ..၊

"ညည်းက ဥပမာပေးနေပြီဥစ္စာ .. အန်ကယ်လ်က လက်ခံရတော့မှာပေ့ါ၊ ဒါပေမယ့် ညည်းနဲ့ အန်ကယ်လ်က ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ တစ်ယောက်လဲရင် တစ်ယောက်ကထူဖို့ရှိနေရမှာ၊ ဒီနေ့ထိ ညည်းအမေရဲ့ စီးပွားရေးတွေကို အန်ကယ်လ်က လုံလုံလဲလဲ ဦးဆောင်ထိန်းသိမ်းလာခဲ့တာ .. အဲ့ဒါလည်း ညည်းရှေ့ရေးအတွက်ပဲ .."

"အန်ကယ်လ်က လွှယ့် ကို ဒီအရက်ဆိုင်မှာ ဘယ်လောက်ထိ ငုတ်တုတ်ထိုင် အလုပြစေချင်တာလဲ .. ဘယ်လောက်ထိ စုပုံမြတ်စွန်းလာမှာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. ဒါတွေက ညည်းရဲ့ စီးပွားရေးလေ .."

"လွယ့် သဘောအတိုင်း ဘာလုပ်ခွင့်ရလို့လဲ .. ခေါင်းစဉ်မှားတွေ တပ်မနေပါနဲ့ အန်ကယ်လ် .."

"ခေါင်းစဉ်မှားနေလည်း အကြောင်းအရာက မမှားဘူး လွယ် .. မိုးရွာတုန်း ရေခံရတယ် .."

"မိုးရွာပေးနေရတာက လွယ် .. ရေခံနေတာက အန်ကယ်လား.."

"ဟုတ်တယ် .. အခြေအနေအချိန်အခါကောင်းဆိုတာ အမြဲမရှိနိုင်ဘူး.."

"အဲဒါကြောင့် လွယ့် အသက်အရွယ် လှပနေတဲ့အချိန်လေးမှာ အိမ်ထောင်မပြုဘဲနေပြီး ဆိုင်မှာထိုင်ဖို့ .."

"နေဦး .."

ဦးကောင်းမိုး က လက်ပြတားကာ ရှေ့ကို မြန်မြန်ဆန်ဆန်တိုးလာပြီး ..၊

"ညည်းက အိမ်ထောင်ပြုချင်နေတာလား .."

ဟုတ်တယ်လို့ ဖြေလို့မဖြစ် ..၊

မဟုတ်ပါဘူးလို့လည်း ရုတ်တရက် မထွက်လိုက်နိုင်ဘဲ ..၊

"သိပြီ .. ညည်း အိမ်ထောင်ပြုလိုက်ရင်တော့ ဘားမှာ မထိုင်ရတော့ဘူးဆိုပြီးတော့လား .."

"လွယ် တွေးတာက .."

"နေဦး လွယ် .. ညည်း အန်ကယ့်လ်ကို အထင်လွဲနေတာ ရှင်းပြမယ်.."

ပြောပြီး လက်ကို နောက်ပစ်လျက်နှင့် ရှေ့ကိုပို၍ တိုးကပ်လိုက်ကာ လေသံသာသာမျှဖြင့် ...

"ညည်းကို ငါ တမင်ခိုင်းစားနေတာမဟုတ်ဘူး .. ညည်းတို့ သားအမိမှာ အိမ်ထောင်ပြုလို့မရတဲ့ရောဂါရှိတယ်၊ အိမ်ထောင်ပြုပြီး တစ်နှစ်ကျော်တာနဲ့ အရေပြားရောဂါ .."

"မဟုတ်ဘူး .."

လွယ် မျက်လုံးဝိုင်းသွားကာ နောက်ကို ခြေတစ်လှမ်းဆုတ်သွားခဲ့



သည်။ ငြင်းဆန်လိုက်သော်လည်း တုန်လှုပ်ချောက်ချားခြင်းက အထင်းသားပေါ်နေခဲ့လျက် ဦးကောင်းမိုး က စိုက်ကြည့်ကာ ..၊

"ညည်းကို ငါ့သမီးလေးလို တယုတယစောင့်ရှောက်ခဲ့တာ လွယ်၊ အန်ကယ့်လ်စေတနာကို တလွဲထင်ရင် ညည်း ငရဲကြီးလိမ့်မယ်၊ လိမ်ညာတယ်ထင်ပြီး ဖွတ်တိုးလုပ်ရင် ရလာမယ့် အကျိုးရလဒ်က စေတနာစော်ကားမိတဲ့ ငရဲပဲဖြစ်လိမ့်မယ် .."

"ဒါ .. ဒါမျိုး လွယ် တစ်ခါမှ မကြားခဲ့ဖူးဘူး .."

"ညည်းအမေကို ညည်း မြင်တောင်မြင်ဖူးခဲ့လို့လား .."

အဲဒါ အန်ကယ့်လ်အစ်မပဲလို့ ပက်ခနဲ မေးလိုက်ရမှာပေမယ့် လွယ့်နှုတ်ခမ်းလေးတွေ တင်းတင်းစေ့နေခဲ့လျက် စူးစိုက်ကြည့်နေသော မျက်ဝန်းတို့မှာ မျက်ရည်ကြည်တွေသာ တရစ်ရစ်တက်လာခဲ့လေသည်။

"ညည်း စဉ်းစားပါ၊ ရည်းစားလည်း မထားဘဲ .. အိမ်ထောင်ပြုဖို့လည်း မစဉ်းစားဘဲ ကိုယ့်နောင်ရေးအတွက် စိတ်ချရဖို့ ဘယ်လိုကြိုးပမ်းရမလဲဆိုတာ .."

လွယ် မျက်တောင်တွေ တဖျတ်ဖျတ်ခတ်ပစ်လိုက်ပြီး မေးဖျားလေးပင့်၍ အံကြိတ်ကာ ..၊

"အခု လွယ် သွားလို့ရပြီလား .."

ဦးကောင်းမိုး မျက်မှောင်ကုတ်သွားပြီး ဘာမှ မဖြေဘဲနေ၏။ လွယ်က ခဏပဲစိုက်ကြည့်ပြီး နေရာမှ လှည့်ထွက်သွားလေသည်။

သူမ မျက်စိတစ်ဆုံးကနေ ပျောက်ကွယ်သွားမှ ဦးကောင်းမိုး အံကြိတ်ပြီး ဟွန့်ခနဲမဲ့၏။

"ညည်းကိုယ်ညည်း ဘာမှန်းမသိသေးပါဘူး လွယ် .. ညည်း ငယ်ပါသေးတယ် .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

နေ့လယ်ခင်းဆိုပေမယ့် နေရောင်သိပ်မမြင်ရသဖြင့် တိုးတိုက်နေသည့် လေပြည်ညှင်းက အေးမြလတ်ဆတ်နေ၏။ အုပ်စုလိုက် ဆူညံပွက်ထမှုတွေလည်း မရှိကြတာမို့ ဟိုနေရာဒီနေရာမှာ ချစ်သူစုံတွဲတွေ ရှိနေကြသည့်တိုင် ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်ချမ်းနေလေသည်။

"မင်း ဒီလို တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေရတာ ငြိမ်းချမ်းနေရင်လည်း ငါ့မှာသွားစရာတွေရှိသေးတယ် .."

"ရှင်လည်း လွယ့် ကို စေတနာဝန်ထမ်းလုပ်ပေးနေရတယ်လို့ မှတ်နေတဲ့ပုံပဲ .."

"စေတနာဝန်ထမ်းမဟုတ်ပေမယ့် ဒီ ဆွေးနွေးမှုအဆင်ပြေမှ မင်း အလုပ်ကို ငါ လက်ခံမှာ၊ စားပွဲပေါ်မှာ ငွေထုပ်ချထားခဲ့တာနဲ့ပဲ ငါတို့က မင်းရဲ့ အကျိုးဆောင်တွေဖြစ်သွားမှာမဟုတ်ဘူး .."

"အဲ့ဒါကို လွယ် နားလည်ပါတယ်၊ ရှင်ပဲ လွယ့် အကြောင်းဘာမှ မသိရလို့ ဘာမှလုပ်မပေးနိုင်တာဆို .."

"ဒါကြောင့် .. ကန်ပေါင်မှာလာပြီး ငုတ်တုတ်ထိုင်နေတာလား.."

"ဟင် .."

လွယ် က မျက်ခုံးလေးပင့်၍ သူ့ကို ငဲ့ကြည့်ကာ ..၊

"လွယ် က ရှင် သိချင်တာကို ဖြေပြီးပြီလေ .. အခု ရှင် ပြောရမယ့်



အလှည့်မဟုတ်ဘူးလား .."

"ဘာ!..."

သူမက စိတ်မရှည်တော့သည့်မျက် နှာလေးနှင့် အိတ်ထဲကနေ ပီကေ တစ်ခု ထုတ်ယူပြီး ပါးစပ်ထဲထည့်လိုက်သေးသည်။ ပြီးမှ အိတ်ခွံကို သေချာ ပြန်ခေါက်ပြီး အိတ်ထဲပြန်ထည့်ကာ ..၊

"လွယ် ဘယ်လိုမိန်းကလေးလဲဆိုတာ ရှင် သိပြီဥစ္စာ .."

"မင်း .."

တစ်စုံတရာ ပြောမလို့ပြင်လိုက်ပြီးမှ သူမ ကိုယ့်ကို အရက်ဆိုင် ထိခေါ်ခဲ့တဲ့အဖြစ်ကို သတိရသွားမိသည်။ ထို့ကြောင့် ခဏကြာအောင် ငြိမ်ကျသွားပြီးမှ ..၊

"ငါ သိခဲ့ရတာ သူများ ပြောပြသလောက်ပဲ .."

"အဲဒါ လွယ် က ပြောပြတာထက်တောင် ပိုစုံသေးတယ်၊ ရှင် ဆိုင်ထဲကို ဝင်လိုက်ပြီဆိုတာနဲ့ အထဲမှာ ထိုင်နေတဲ့ ဘယ်ယောကျ်ားကို မေးမေး .. ဒါမှမဟုတ် ရှင်က လွယ့် ကို တစ်ချက်လောက်ငေးနေလိုက်တာနဲ့ ရှင်တောင် မေးစရာမလိုဘဲ ပြောကြလိမ့်မယ်၊ အဲ့ဒါ သတင်းအစုံအလင်ပဲ .."

"ဒါပေမယ့် ငါ သိချင်နေတာက မင်း ပြောပြတာကို .."

"မကြေချင်လို့ ရှင့်ကို လက်တွေ့ခေါ်ပြတာလေ၊ ဟစ်ရိုးအကြောင်းတွေဆို သူတို့သသလောက်တောင် လွယ် ကိုယ်တောင်မသိဘူး၊ အဲ့ဒါက ဘာတွေလဲဆိုတော့ လွယ့် ဦးလေးအကြောင်းနဲ့ လွယ် ဝင်လုပ်နေတဲ့ စီးပွားရေးတွေပဲ .."

သူ ဘာမှ ထပ်မမေးဖြစ်ပော့ပေ ..။ လွယ် က မြက်ခြောက်ဖုတ် လေးပေါ်မှာ ထိုင်နေရာကနေ ကန်စပ်ကို ထလျှောက်သွားကာ သူ့ဘက်ကို ခပ်စောင်းစောင်းလေးပြန်လှည့်၍ ..၊

"လွယ့်ကိုယ် လွယ် စိတ်ဝင်စားတာထက် သူတို့က လွယ့် ကို ပိုပြီး စိတ်ဝင်စားကြတယ်၊ လွယ် ဘယ်လိုမိန်းကလေးလဲ .. ဦးလေးက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလူလဲ .. အန်ကယ့်လ်ကို လွှယ့် ထက် သူတို့က ပိုပြီး နားလည်နိုင်ဖို့ကြိုးစားကြတယ် .. ဟွန်း ..”

သူမ ဘာတွေသဘောကျပြီး ပြုံးလိုက်မှန်း မသိပေမယ့် ..၊

“ဒါဖြင့် မင်း ချပေးခဲ့တဲ့ စာရင်းထဲက သုံးရာသုံးဆယ့်ကိုးယောက်သော ယောကျ်ားတွေက မင်းကို လက်ထပ်ချင်နေကြတဲ့ လူတွေပေါ့..”

“ဘယ်သိမလဲ ..”

ဖြေလိုက်ပုံက ဘုဆတ်ဆတ် ..၊

ပြီးတော့ ရှေ့ကိုငေးနေကာ ပီကေဝါးနေသော မေးဖျားလေးတလှုပ်လှုပ်နှင့် ..၊

“သူတို့ရင်ထဲမှာ ဘာတွေရှိရှိ ပုလင်းတွေ ဖန်ခွက်တွေကြားထဲက အဲဒီမျက်နှာတွေကို လွှယ် အစောကြီးတည်းက ကဲန်ဆယ်လ် လုပ်ထားခဲ့တာ ..”

ပြောနေရင်း သူမကေ ဖျတ်ခနဲလှည့်ကြည့်ကာ ..၊

“ဘာလဲ .. အဲဒီစာရင်းတွေကို ရှင်တို့ဆီလာမှ ပြေးလွှားရေးမှတ်လာခဲ့တယ်ထင်လို့လား ..”

“ဘယ်သိမလဲ ..”

သူကလည်း လွှယ် နဲ့ လေသံတူအောင် ငေါက်ဆတ်ဆတ်ဖြေ၍..၊

“ဒါပေမယ့် အဲဒါတွေကိုကြည့်ပြီး မင်းကို ငါ တော်တော်လန့်သွားတာတော့ အမှန်ပဲ ..”

“ထင်သားပဲ ..”

“ဘာ!...”

အလိုမကျဖြစ်သွားခြင်းက နေမြဲ ရဲ့ မျက်နှာထက်မှာ အထင်းသားပေါ်ကာ ... ၊

“သိရဲ့သားနဲ့ မင်းကို သူများ ဘယ်လိုထင်ထင် တမင်ဂရုမစိုက်ပြခဲ့တာပေါ့ ..”

“ဟွန်း ..”



“သူများအထင်သေးဖွယ်ဖြစ်သွားအောင် လုပ်ပြနိုင်ခဲ့တာကို ပျော်နေတာလား ..”

“ဝမ်းနည်းနေတာရော .. ဘယ်သူက အထင်ကြီးပေးမှာမို့လို့လဲ.. ရှင့် စိတ်ထဲမှာရော အစကနေ ခုချိန်ထိ ဘာတွေတွေးနေသလဲ ..”

သူ့မျက်လုံးတွေကို သူမက စိုက်ကြည့်ကာ ..၊

“လွှယ့် ကို ဘယ်လိုမိန်းကလေးပဲထင်ထင် လွှယ့် ဘက်က ရှေ့တိုးဖို့လည်းမရှိဘူး .. ဆင်ခြင်ပြဖို့လည်း မရှိဘူး၊ ဘာမှကိုမရှိတာ လွှယ်လွှယ်ခက် ပဲ ..”

“မင်းမှာ အထိန်းအကွပ်မမဲ့သေးဘူး လွှယ် .. မင်းထက် နာမည်ဖျက်အဖြစ်ဆိုးပြီး လမ်းပေါ်ရောက်နေတဲ့မိန်းကလေးတွေ အများကြီးပဲ၊ အဲဒီတော့ မင်းကလည်း ဆုံးဖြတ်ထားပြီးပြီ၊ အခု ငါကလည်း မင်းအတွက် ဆောင်ရွက်ပေးဖို့ လက်ခံတယ်ဆိုရင် မင်းရဲ့ အိမ်ထောင်ဖက်အတွက် တစ်ယောက်ယောက်ကို မင်း ရွေးချယ် ..”

“ရှင် ...က်ခံတယ်ပေါ့ ..”

“ဟုတ်တယ် .. ဒါပေမယ့် မင်းရဲ့ဦးလေးက ဒီအိမ်ထောင်ရေးကို လက်မခံနိုင်ဖြစ်နေတော့ ..”

“သူနဲ့ မငြိပါဘူး ..”

သူမ မျက်နှာလေးက တည်ငြိမ်နေခဲ့လျက် ..၊

“လွှယ့် အတွက် ခန့်ညားတည်ကြည်တဲ့ ယောကျ်ားတစ်ယောက်နဲ့ အမြန်ဆုံး လက်ထပ်နိုင်ဖို့ လိုအပ်နေတယ် ..”

“မင်းဘက်က သဘောကျရွေးချယ်ဖို့ချည်းပဲ အာရုံမထားနဲ့လေ၊ တစ်ဖက်က လိုလားနှစ်သက်မှုကို မင်း ရမှ မင်းရဲ့ အိမ်ထောင်ရေးက သာယာမှာ၊ ဆိုလိုတာက မင်းက ကိုယ့်ထက်အသက်ပိုကြီးရမယ်လို့ သတ်မှတ်ချက်ရှိထားပေမယ့် ရွယ်တူတန်းတူဖြစ်နေတာမျိုး၊ ရွယ်တူလို့ စိတ်ကူးပေမယ့် အသက်ပိုကြီးနေတာမျိုးပေါ့ .. ကိုယ့်ဘက်က လက်ခံနိုင်လောက်တဲ့ အချက်တစ်ခုကိုပဲ ရှေ့တန်းတင်ရမှာ ..”

www.burmeseclassic.com

www.burmeseclassic.com



"ဟွန့် .."

"လွယ့် ဘက်က အရေးတကြီးလိုအပ်နေပေမယ့် အဆင်မပြေလောက်တယ် ဗိုလ်သင်တဲ့အဆင့်လောက်နဲ့တော့ လွယ် လက်ခံမှာမဟုတ်ဘူး .."

"ဒါ .."

"ပြ ပြတာ .."

"မပြောနဲ့ဦးလေ .. ငါ မင်းကို ခုပဲ ပြောနေတာ အဲဒါ .."

"လွယ် ပြောတာလည်း အဲ့ဒါပါပဲ .. ရှင့် စွမ်းဆောင်ချက်ကို ယုံကြည့်စိ ဖြစ်လို့ လွယ့် အနာဂတ်ကို ပုံအပ်ထားတာ .."

"ပြောပါဦး .. ယုံကြည်လိုက်ရတဲ့အကြောင်း .."

"မသိ .. စိတ်ကူးပေါ်လာလို့ အဲဒီ အေကျင်စီကိုရောက်သွားတယ်၊ ရှင့်ကို တွေ့လိုက်တော့ စိတ်ကူးထားတာတွေ ဖြစ်လာနိုင်တယ်လို့ ယုံကြည်သွားတယ် .. ဒါပဲ .."

"ငါတို့က မြားနတ်မောင်တွေမဟုတ်တာတော့ မင်း သိဖို့လိုတယ် .."

"မြားနတ်မောင် လည်း ဖူးစာဖက်တွေချင်းမှ ပေါင်းဖက်ပေးလို့ရတာပေါ့၊ ရှင့်ဟိုကို အားကိုးတဲ့လူတွေကတော့ ရေစက်ဆုံမယ့်အချိန်ကို စောင့်မနေနိုင်တဲ့ အလျှင်လိုသူတွေပေါ့ .."

သူမ စကားကြောင့် သူ ပြုံးလိုက်မိသည်။ ပြီးတော့ နေရာမှ ထရပ်လိုက်ပြီး သူမနားကို ခပ်ဖြည်းဖြည်းလျှောက်သွားမိကာ ..၊

"မင်း ပေးထားတဲ့ လစ်(စ်)ကိုတော့ သေချာဖတ်မကြည့်ရသေးဘူး၊ ဒါပေမယ့် တစ်ခုမေးလို့ရမလား .."

"ပြော .."

"မင်း .. သူရမင်း ကိုသိလား .."

"မသိဘူး .."

"စဉ်းစားကြည့်ရင် သိရင်သိမှာပေါ့ .."

"လွယ် ဘယ်ယောကျ်ားအကြောင်းမှ မစဉ်းစားဘူး .."



"မင်းရဲ့ အိမ်ထောင်ရေးက မိန်းကလေးချင်း ညားမှာမဟုတ်ဘူး.."

"အဲ့ဒါကြောင့် ရှင့်ကို အပ်ထားတာလေ .."

"ဒါဖြင့် မေးစရာတစ်ခု ထပ်တိုးလာပြီ၊ မင်း သူနဲ့တွေ့ကြည့်မလား၊ သူက မင်းကို သိနေတယ်၊ ပြီးတော့ သူ့ဘက်က အရမ်းလိုလားနေတာ.."

"နေဦး .. ရှင်ပြောတဲ့ပုံကြည့်ရတာ ဆိုင်ကိုလာတဲ့ထဲက တစ်ယောက်ယောက်များဖြစ်နေသလား .."

"ဟုတ်တယ် .."

"အဲ့ဒါတွေကို ကဲန်ဆယ်လ်လုပ်ထားပါတယ်လို့ ရှင့်ကို ထပ်ပြောဦးမလား .."

"မဟုတ်ဘူးလေ .. မင်းက ဆိုင်ကို လာဖူးသမျှယောကျ်ားတွေကို ကဲန်ဆယ်လ်လုပ်နေတာလား၊ ဒါဆို ဘီယာမသောက်ဘူးတဲ့ ယောကျ်ား ရှာပေးပါလို့ပဲ အစတည်းက ပြောပါလား .."

သူမက သူ့ဒေါသတွေကို ခပ်တည်တည်ခေါင်းခါရင်း ..၊

"မသိဘူး .. အဲ့ဒီလောက်တော့ မဟုတ်ပေမယ့် လွယ့် မျက်စိအောက် ရောက်လာဖူးသမျှ ယောကျ်ားတွေ ဒါမျိုးချည်းပဲ .. အဲ့ဒါကြောင့် ကြိုက်ဘူး .."

"ဒါဆို မင်းနဲ့တွေ့ဖို့ မင်း ရွေးချယ်လာမယ့်လူကိုရော .."

"ရောက်လာမှ သိမှာပေါ့ .."

"ပြောပုံက .."

"လွယ်လွယ်ခက် .."

"ပြော .."

"အလုပ်အတွက် ငါက အကျိုးဆောင်ခယူထားပြီး ဆောင်ရွက်ဆဲနေတာ မှန်တယ်၊ ဒါပေမယ့် ထုံးစံအတိုင်း ငါက အင်ဂေ့(ရှ်)လုပ်ဆဲရင်တော့ မင်း တွေ့ရမှာပဲ .."

"တွေ့ချင်တာ မတွေ့ချင်တာကို လွယ့် မှာ ရွေးချယ်ခွင့်ရှိတာပဲ၊ ရှင့်စကားက အထာမကျပါဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. မင်းနဲ့ စပြောတည်းက အထာမကျတာတွေပဲ ပြောနေရတာ၊ မင်းစိတ်ကြိုက် တစ်ထပ်တည်းကျဖို့ဆိုတာ မင်း ကိုယ်တိုင်မှဖြစ်မှာ .."

"ရှင် လုပ်ပေးနိုင်ဖို့က အလုပ်သဘောပဲလေ..."

"အဲ့ဒါလည်း မှန်တယ် .. ဒါပေမယ့် ငါ နားမလည်တာက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးယုံကြည်တတ်တဲ့လူတိုင်း တခြားသူကို မယုံတတ်တဲ့အကျင့်ရှိတယ်၊ ဒီလိုကိစ္စမှာ သူများကို အားကိုးတာ အံ့ဩစရာအကောင်းဆုံးပဲ .."

"တစ်ခါတလေ စိတ်ကိုဆန့်ကျင်ပြီး ဖြစ်ချင်သလိုဖြစ်ခွင့်ပေးလိုက်တာတွေရှိတတ်တယ် .."

"လုပ်ပြီ .. အဲဒါကြောင့် မင်း ငါ့ကိုစီမံခွင့်ပေးထားပြီဆိုရင် မင်းစိတ်ကြိုက်ဆိုတာကို လျှော့ပေါ့ထားဖို့ တစ်ခါတည်းတွေးထားရမှာပေါ့.."

"ရှင်က ရှင့်ရဲ့ အဲ့ဒီတစ်ယောက်ကိုပဲ မဖြစ်မနေတွေ့စေချင်နေတာလား .."

"နောက်တစ်ယောက်ပြောလည်း မင်းရဲ့ လက်မခံနိုင်ဖွယ်တစ်ခုခုနဲ့ ငြိနေနိုင်တာပဲ .."

"နောက်တစ်ယောက်တွေ ရှင် ကြိုးစားပေးပေါ့ .."

တော်ပါပေတယ် မယ်မင်းကြီးမ ...၊

လက်ခံပါ့မယ် ပြောပြီးမှ ခေါင်းခါလို့လည်း မဖြစ်တော့ပေ ...။

လွယ်လွယ်ခက် ဆိုတာ .. အဲ့ဒါ ...၊



## အခန်း (၈)

"ဟား ..."

စိတ်ပျက်သည့် ဟားခနဲအသံကြောင့် ဦးထိုက်စံ က မျက်ခုံးပင့်ကြည့်၏။ ကိုလေး က ကော်ဖီခွက်နဲ့ ထွက်လာပြီး အနားမှာဝင်ထိုင်ကာ...၊

"ခုမှ ဝင်လာတာမို့လား၊ ဘာတွေ ခြေကုန်လက်ပမ်းကျလာတာလဲ.."

"ခြေကုန်လက်ပမ်းကျတာမဟုတ်ဘူး .. ဒီမှာ အလုပ်အပ်သွားတဲ့ တစ်ယောက်ကိုကြည့်ပြီး ဒီကောင်ဖြစ်သွားတာ .."

ဓာတ်ပုံတွေကို ရှေ့တိုးပေးလိုက်ပေမယ့် ကိုလေး က တစ်ချက်ပဲကြည့်ပြီး ရယ်ကာ ...၊

"ပြောပါဦး ဘာဖြစ်လို့လဲ .."

"ဓာတ်ပုံတောင် မပြရသေးဘူး .. သူ့ရမင်း ဆိုတာနဲ့ပဲ အဲဒီတိုင်း ဖြစ်သွားတာ .."

ဦးထိုက်စံ ကချည်း ဒိုင်ခံဖြေကာ ဆိုဖာမှာ ခြေပစ်လက်ပစ်မှီနေသည့် နေမြဲ ကို နှစ်ယောက်စလုံးက လှမ်းကြည့်ရင်း ...၊

"ပြောလေကွာ .. သူ့ရမင်း က ဘာဖြစ်လို့လဲ .."

"မင်းနဲ့ပဲ လုပ်ပါမယ်လို့တောင် ပြောသွားတာကို ဂုဏ်ယူရမယ့်အစား.."

"မင်း မသိပါဘူး ကိုလေး ရာ .."

www.burmeseclassic.com

www.burmeseclassic.com



"ပြောပြမှ သိမှာပေါ့ကွ .."

ပြောချင်စိတ်ကိုမရှိပေမယ့် ပြောပြလိုက်ရသည်။ သူတို့က ခဏ တော့ အံ့သြသလိုဖြစ်သွားကြကာ ပြီးတော့ ဝမ်းတွေသာကြလို့ ..၊

"ရုပ်ကဖြောင့်သားပဲကွ .. မင်းရဲ့ လွယ်လွယ်ခက် မမြင်ရသေးလို့ပါ.."

"အေးလေ .. သူတို့ချင်းတွေပြီးရင် တစ်မျိုးဖြစ်ရင်ဖြစ်မှာပေါ့.."

သူ ဘာမှပြန်မပြောရသေးခင် မေမေ့ဆီက ဖုန်းဝင်လာသဖြင့် ..၊

"ဦးထိုက် ကျွန်တော် ပြန်တော့မယ်၊ ဒေါ်ပုညရီ တို့ နေ့လယ်လာ ကြလိမ့်မယ် သူ့မြေးမလေးအတွက်ထင်တယ် စကားစယ်ားတာတော့ရှိ တယ်၊ မနေ့ညကမှ သေချာဖုန်းဆက်တာ .."

"ဟုတ်လား .. သေချာတာကတော့ မင်းနဲ့ပဲထင်တယ်၊ ငါ မကူညီ တာ မဟုတ်ဘူးနော် .. မင်းကိုချည်းပဲ ပွဲတောင်းနေကြလို့ .."

"ကျေးဇူးပါပဲ .."

"ဟဲ .. ဟဲ .. ဟဲ .."

အလုပ်က ကိုယ့်အလုပ်ပဲမို့ နေရာတကာ ကိုယ်ချည်းပဲ စိတ်ရော လူပါ ပင်ပန်းနေရသည်။ သို့သော် ဒီအတွက်နဲ့တော့ သူ တစ်ခါမှ စိတ် မညစ်ခဲ့ဘူးပေ ..။

ခုကျမှ ဘာတွေရှုပ်ထွေးနေခဲ့မှန်းမသိ၊ ဘာကြောင့်မှန်းမသိ ..။

ထို့ပြင် အိမ်ထဲဝင်လိုက်တာနှင့် မေမေ့ ညည်းတွားသံက ဆီးကြို နေခဲ့လျက် ..၊

"ဖြစ်ရလေ .. ယိုသူမရှက် မြင်သူရှက်နော် .. အရက်ကြော်ငြာရိုက် တာများ ဒီလောက်တောင် ဖော်လှော်ထားရတယ်လို့ .."

မဂ္ဂဇင်းစာအုပ်ထူကြီးကိုင်ကာ မျက်မှန်တဝင်းဝင်းနဲ့ သေချာကြည့် ပြီး ရှုံ့မဲ့နေ၏။ သူ ဝင်လာတော့ မျက်မှန်ပေါ်ကနေ လှမ်းကျော်ကြည့် ၍ ..၊

"ဒီမှာ ကြည့်စမ်း သားရယ် .. မိန်းကလေးက လှလိုက်တာ စက်စက် ယိုလေးပါ၊ မလုံ့တလုံ့ဝတ်ထ ြး ဘယ်လိုပုံစံပို့စ်ပေးနေသလဲ .."



"တော်ပါ မေမေရာ .. မကြည့်ချင်ပါဘူး .."

"ကောင်းတယ် မကြည့်နဲ့ .."

ပြတော့ပြပြီး မကြည့်ပါဘူးဆိုမှ အသည်းအသန်သိမ်းနေသေး သည်။ မသိရင် ဒီကအတင်းလုကြည့်မယ့်အတိုင်း ..။

"သား .. မေမေ ခေါ်လို့ပြန်လှည့်လာတာလား၊ အလုပ်လုပ်နေရင်းနဲ့ လားဟင် .."

"အလုပ်မလုပ်ပါဘူး ရုံးမှာပါ .. မေမေ သက်သာလား .."

သူ မေမေ့ဘေးမှာထိုင်ကာ လက်ဖဝါးကို ဆုပ်ကိုင်စမ်းလိုက်၏။

"ချွေးစေးတော့ မပြန်ပါဘူး .."

"ပြန်သေးတယ် သားရဲ့ .. ဒါပေမယ့် မေမေ ခေါင်းကြည်ဆေး လေးသောက်ပြီး ခဏ မှိန်းလိုက်တာ ပြန်ပျောက်သွားတယ်၊ ဗိုက်ထဲက အောင့်လာပြီး ချက်ချင်းကြီး မူးပြာလာတာနဲ့ မေမေ သားကို ဖုန်းဆက် လိုက်တာ မသိရင် ပလီနေသလိုပဲနော် .."

"မဟုတ်တာ မေမေရာ .. မေမေက နဂိုတည်းက အာရုံကြောအား နည်းတဲ့ရောဂါရှိနေတဲ့ဟာ .. ကျောကျိုးပေါင်းလည်းရှိတော့ ပိုဆိုးတာ ပေါ့၊ ကျွန်တော်က မူးခနဲမိုက်ခနဲဖြစ်ပြီး မေမေ တစ်ယောက်တည်း ဒုက္ခ ရောက်နေမှာကြောက်တာ၊ အထိုင်အထ စိတ်စောတာတွေ ဆင်ခြင်ပါ မေမေရယ် .."

"အေးပါ .. အေးပါ .."

"အစားလည်း ဆင်ခြင်နော် .. ကျွန်တော်က အပြင်မှာချည်းပဲ၊ ပြီးတော့ မေမေက အနားမှာ တခြားလူကပ်နေတာလည်း ကြိုက်တာ မဟုတ်ဘူး .."

"မကြိုက်ပါဘူး သားရယ် .. လူမမာပြုစုတယ်ဆိုတာ မိန်းကလေး မှ ကောင်းတာ၊ မေမေ့သား လူပျိုလေးရှိတဲ့အိမ်မှာ ဘယ်လိုမိန်းကလေး ကိုမှ နီးနီးစပ်စပ် ခေါ်မထားချင်ဘူး .."

"မေမေရယ် .. ကျွန်တော်က .."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .. မဟုတ်ဘူး .. မေမေ့သားကို မေမေ မယုံတာမဟုတ်ဘူး၊ မိန်းကလေးဘက်ကိုပဲ စိတ်မချတာ၊ မေမေလည်း မိန်းမပါပဲ၊ ဒါပေမယ့် ဒီလိုကိစ္စတွေမှာ မိန်းကလေးတွေဘက်ကသာ စောင့်စည်းမှုရှိရင် ကျူးပေါက်မှုတွေလည်း ဖြစ်လာမှာမဟုတ်ဘူး .."

ဒေါ်ဇင်မာလွင် က စိတ်မသက်သာသလို သက်ပြင်းချလျက် ..၊

"မဟားတရား စော်ကားခံရတဲ့အဖြစ်မျိုးတွေရှိကြပေမယ့် ခုနစ်ဆယ်ရာနှုန်းလောက်ကတော့ မစောင့်စည်းမှုတွေကြောင့်ဖြစ်ရတာများတယ်၊ တစ်ချို့က သာယာမှုကြောင့်၊ တစ်ချို့က အားကိုးရာတာ၊ အဆိုးဆုံးကတော့ ဒါမျိုးကိုဝါသနာပါပြီး သူများမိသားစု ငိုကြွေးနေရတဲ့မျက်ရည်တွေကိုလည်း ကြောက်ရမှန်းမသိတဲ့ မိန်းကလေးတွေပေါ့ .."

"စိတ်ညစ်ဂရာတွေ မေမေရာ .. သူများအကြောင်းတွေ မပြောပါနဲ့တော့ .."

"သားက သူများတွေနဲ့ ပြောဆိုဆက်ဆံနေရတာလေ၊ လိုအပ်လို့ မေမေက ပြောပြနေတာ .."

"ဟုတ်ပါတယ် .. ကျွန်တော် နားလည်ပါတယ်၊ အခု ကျွန်တော် အပြင်ပြန်သွားဦးမှာ .."

"သွားလေ .. မေမေ ကောင်းနေပြီဥစ္စာ .."

"မရဘူး .. မေမေ့ကို ဆေးခန်းလိုက်ပို့ခဲ့ဦးမှာ ထပါ .. အင်္ကျီလေးဘာလေးသွားလဲရအောင် .."

နေမြ က ဒေါ်ဇင်မာလွင့် ကို တွဲထူပြီး အတူတူထရပ်လိုက်၏။ ဒေါ်ဇင်မာလွင် က အင်တင်တင်နှင့် ရုန်းနေကာ ..၊

"မေမေက ဒီလိုပဲဖြစ်တတ်တာ သားရယ် .. ကောင်းနေပြီကို ဆေးခန်းသွားပြီးတော့ .."

"စိတ်ချရတာပေါ့ မေမေရယ် .. မတော်လို့ ထပ်ဖြစ်ရင် ဆရာဝန်ပေးထားတဲ့ဆေးရှိတော့ စိတ်ချရတာပေါ့၊ ခုနက ခေါင်းကြည်ဆေးလောက်နဲ့ ရပေမယ့် ထပ်ဖြစ်လို့ အဲဒါနဲ့ မသက်သာရင် ဘယ်လိုလုပ်မလဲ.."



"သားကတော့လေ .."

"မေမေကလည်း မေမေပဲ .."

"အလိုတော် .."

"ဒီလောက် ခံထားရတာတောင်မှ စာအုပ်က ဖတ်လိုက်သေးတယ်၊ ကျွန်တော် မလာခင်များ ထပ်ဖြစ်နေမှဖြင့် .."

"မေမေ ဘာမှမဖြစ်ဘူး၊ မင်းကို စိတ်ချရမယ့် မိန်းကလေးတစ်ယောက်ယောက်နဲ့ တင့်တောင်းတင့်တယ် လက်ထပ်မပေးနိုင်သေးဘဲ သေလို့ကိုမဖြစ်တာ .."

"မေမေ့သားကို မိန်းမတစ်ယောက်ယောက်လက်ထဲ ထည့်ခဲ့နိုင်မှ စိတ်ချမှာလား .."

"ဒီလိုမဟုတ်ဘူးလေ .. ယောက်ျားတစ်ယောက်အတွက် အိမ်ရှင်မကောင်းဆိုတာ လိုအပ်လာမှာပဲ၊ မိဘရဲ့ အုပ်ထိန်းမှု၊ ပြီးတော့ ဇနီးမယားရဲ့ ထိန်းသိမ်းမှုပေါ့ .. ဒါကို မိန်းမတစ်ယောက်ရဲ့ လက်ထဲမှာ ချုပ်ကိုင်ခံရတယ်လို့ ဘယ်တော့မှမမြင်နဲ့၊ လောကသဘာဝအရ သူ့နေရာနဲ့သူ နေရာပေးတာမျိုးပါ၊ သားက ဇနီးမယားကို နေရာမပေးဘဲ မာနပြိုင်နေရင် မိန်းမနဲ့ ပြိုင်ပြီးနေရာလုတဲ့ယောက်ျားဖြစ်သွားမှာပဲ .."

"မေမေက လုပ်ပြီ .."

ဒေါ်ဇင်မာလွင် က ရယ်ပြီး သားရဲ့ နဖူးဆံပင်တွေကို ချစ်စနိုးပွတ်သပ်ပေးကာ ..၊

"ငါ့သားက ယောက်ျားပီသတဲ့ ယောက်ျားပါ၊ ဒီလို ဘယ်တော့မှ မလုပ်ဘူးဆိုတာ မေမေ သိတာပေါ့ .."

မြှောက်၍တစ်မျိုး၊ ခြောက်၍တစ်မျိုး ..၊

ပြောလည်း ပြောနိုင်ပါ့ .. မေမေ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"လွယ် .."

ခေါ်သံကြောင့် မှတ်တိုင်မှာ လက်ပိုက်လေးရပ်နေရင်းကနေ လှည့်ကြည့်လိုက်မိသည်။ ပြာမှိုင်းသည့် မျက်မှန်သား၏ အပြင်ဘက်မှာ မျက်နှာကလည်း ပြာမှုန်မှုန်ပဲဖြစ်ကာ လွယ့် ကို ရယ်ပြနေတာ သွားအဖွေးသားနှင့် ..။

"ဘယ်သူ့ကို စောင့်နေတာလဲ .."

"ကားမှတ်တိုင်မှာရပ်နေတာမြင်သားနဲ့ ဘယ်သူ့ကိုစောင့်နေတာလဲဆိုတော့ ရှင်က လွယ့် ကို ဘာထင်နေလို့လဲ .."

"ဟာ .. ဆော်ရီးပါ .. အဲ့လိုမဟုတ်ပါဘူး .. ဟိုလေ .."

သူရမင်း ပျာယာခတ်သွားပုံက သူ့ရဲ့အဖြေမှားတစ်ခုကြောင့် သေဒဏ်ကျခံရတော့မယ့်အတိုင်း ..။

"ဒီ .. ဒီလိုပါ .. ကိုယ်က လွယ် နဲ့ တွေ့ဖို့အတွက် ကွန်တက်(တ်) လုပ်ထားတာဆိုတော့လေ .."

"အခု ရှင်နဲ့ တွေ့ဖို့စိတ်ကူးမရှိတော့ဘူး .."

"ဟင် .. ဘာဖြစ်လို့လဲ လွယ် ရယ် .."

"မသိဘူး .. ရှင့် မျက်နှာကိုမြင်လိုက်ရမှ အဲ့ဒီလိုဆုံးဖြတ်ဖို့ ဖြစ်သွားတာပဲ .."



"ဟာဗျာ .. မလုပ်ပါနဲ့ လွယ် ရယ်၊ လွယ် က **လက်ခံ**လိုက်တယ်လို့ ကိုနေ အကြောင်းပြန်လို့ ကျွန်တော်က ဝမ်း**သာနေတာ**၊ ခုလည်း ကျွန်**တော်**တို့ အတူတူသွားလို့ရတယ်ဆိုပြီး လွယ် **ကားစောင့်**နေတာဆိုရင် လိုက်ခဲ့ဖို့ .."

လွယ် က သူ့ဘက်ကို မျက်နှာချင်းဆိုင်လှည့်လိုက်ပြီးမှ မျက်မှန်လေးကို လက်ညှိုးနဲ့ တစ်ချက်ထောက်ပြီး ပင့်၍ ..။

"လွယ့် ဦးလေးမှာ အိမ်စီးကားချည်းပဲ လေး**စီးတော**င်ရှိတယ် .."

"ကိုယ်သိပါတယ် .."

"ဒါဆို .. ရှင့်အပြစ်ပိုကြီးသွားပြီ .."

"ဟင်!.."

"ဦးလေး ကားကိုတောင် စီးမလာဘူးဆိုရင် ရှင် လမ်းကြုံလိုက်ဖို့ ခေါ်သင့် မခေါ်သင့်စဉ်းစားရမှာပေါ့ ..၊ လွယ့် အိမ်မှာရှိသမျှ ကားတွေ အကုန်လုံး ပျက်နေပြီလို့တော့ ရှင် မတွေးလောက်ပါဘူး .."

"မဟုတ်သေးပါဘူး လွယ် ရယ် .. ကိုယ်က စေတနာစိတ်နဲ့ လောကြီးသွားတာပါ .."

"ယုံလားတော့မသိဘူး .. ဒါ့ ဒီလိုစေတနာတွေကို လွယ့် အတွက် ပိုပိုလျှံလျှံပေးနေကြတာ ပျက်အောင်ပဲ၊ ရှင့်စေတနာအတွက် ကျေးဇူး တင်ပေးနိုင်မှာမဟုတ်ဘူး .."

လွယ် က နေရာမှလျှောက်ထွက်သွားသည်။ ပြီးတော့ ရောက်လာသည့် ကားပေါ် ပြေးတက်သွား၏။ သူရမင်း လိုက်တက်ဖို့ ခြေလှမ်းပြင်ပြီးမှ ဖုန်းကို သတိတရ ဖုတ်မိကာ ..။

"ကိုနေ သူ ပြန်သွားပြီ .. ကျွန်တော့်ကို လာမတွေ့တော့ဘူးဗျ .."

"မင်းနဲ့ ဘယ်မှာတွေ့လိုက်လို့လဲ .."

"ဗဟန်းမှတ်တိုင်မှာ .."

နေမြဲ ထံမှ အသံခဏတိတ်သွားသည်။ ပြီးတော့ 'ကျွတ်' ခနဲစုတ်

www.burmeseclassic.com

www.burmeseclassic.com



သပ်သံနှင့် ...।

"ခဏနေဦး .. ကိုယ် ဖုန်းဆက်ကြည့်ဦးမယ်၊ ဒါပေမယ့် မင်း ဒီနေ့တော့ မဖြစ်နိုင်တော့ဘူး .."

"ကိုနေ .. ကျွန်တော်က အားလုံးစီစဉ်လာတာ .."

"ဘာလဲ .. သူနဲ့ပြောဖို့ ဒိုင်ယာလော့ဒ်တွေ ကျက်လာတာလား.."

"လုပ်ပြီ ကိုနေရာ .. အဲ့ဒီတစ်ယောက် မာနကတော့ ရေလည်ပဲ.. ခေါသတွေကို သွားကြားညှပ်ထားသလား မှတ်ရတယ်၊ နည်းနည်းလေးမှ စကားမှားမခံဘူး .."

"သိပြီ .. မင်း သူ့ကို တစ်ခုခုသွားပြောလိုက်တာမို့လား .."

"ပြောစရာလား ကိုနေရာ၊ သူ ကျွန်တော်နဲ့ တွေ့ဖို့လာတာပဲဟာ ဆုံကြမယ့်နေရာလည်းနီးနေပြီ၊ သူ ကားစောင့်နေတာမြင်လို့ အတူတူသွားဖို့ပြောမိတာပါ .."

"ဆုံကြမယ့်နေရာနီးနေကာမှ မင်းကရော ဘာထဖြစ်တာလဲကွ.."

"ကိုနေရာ .."

"ပြောပါဦး .."

"ယောကျ်ားလေးပီပီ တာဝန်ယူချင်တဲ့စိတ်နဲ့ပါ .."

"မင်း အဆင့်တွေ ကျော်နေတာ .."

"ဟား .. ရှေလည်ကွိုင်ပဲဗျာ .."

"ဒီနေ့ အေးဆေးနေလိုက်တော့ .. မီးတွေပါထတောက်ကုန်ဦးမယ် .."

ဟိုဘက်ကနေ ဖုန်းပြောရင်း နေမြဲ ဒေါတွေပါကာ ကိုယ်ကပဲ ဖုန်းချပစ်လိုက်သည်။

"လွယ်လွယ်ခက် ဘာလုပ်ပြန်ပြီလဲကွာ .."

စိတ်ပျက်စွာရေရွတ်ရင်း ဖုန်းခေါ်လိုက်တော့ သူမက အင်ယားကန်ပေါင်မှာ ဝက်သားတုတ်ထိုးစားနေသည်တဲ့ ..။



"ဘယ်ကန်ပေါင်လဲ .."

"ဘာလုပ်မလို့လဲ .. ရှင် ဟိုသတ္တဝါကိုလွှတ်လိုက်ရင်တော့ ဒီတစ်ခါ လွှယ် သည်းမခံဘူးနော် .."

"နေပါဦး သည်းခံနေရအောင် မင်းကို သူက ဘာတွေစော်ကားပြောသွားလို့လဲ .."

"သည်းခံနိုင်ခြင်း မခံနိုင်ခြင်းက သူ ပြောသွားတဲ့ စကားပေါ်မှာမူတည်တာမဟုတ်ဘူး .."

"မင်း ဘယ်လိုပြောမှ ကြိုက်သလဲဆိုတာ တစ်ကမ္ဘာလုံးကလူတွေက ကြိုသိနေတာမှမဟုတ်ဘဲ .."

"တစ်ကမ္ဘာလုံးက လွှယ့် ကို လိုချင်နေကြတာလည်းမဟုတ်ဘူးလေ၊ လိုချင်တဲ့သူက ပစ္စည်းအကြောင်း နားလည်နေရမှာမဟုတ်ဘူးလား .. ခုကိစ္စက အိမ်ထောင်ရေး၊ ဒီမှာ ကိုနေမြဲ .. လွှယ် က အရက်ဘားမှာထိုင်ရတဲ့ မိန်းမ .. အဲ့ဒါကြောင့် လွှယ့် ကိုယ် လွှယ် လူအထင်သေးစရာပုံစံခွက်ထဲကနေ ရုန်းထွက်ဖို့ကြိုးစားနေတာ၊ ဒီလိုဆက်ဆံလာတာမျိုး လုံးဝခွင့်မလွှတ်နိုင်ဘူး .."

ပြောပြန်ရင်လည်း မစာနာကျတော့မည်။

လူတွေဟာ တစ်ခါတလေ စိတ်ထဲရှိတဲ့အတိုင်းပြောတတ်ကြပေမယ့် တစ်ခါတလေကျတော့ စိတ်ထဲမှာဖြစ်နေတာကတစ်မျိုး၊ ပြောမိတာက တခြား ဖြစ်တတ်ကြတာပဲ ..။

သူမကို ပြောပြနေရင်တော့ ရန်ပဲဖြစ်ရတော့မှာမို့ ..။

"လွယ်လွယ်ခက် .."

"ပြော .."

"ဘာပဲဖြစ်ဖြစ် .. မင်း သူနဲ့ .."

"မတွေ့နိုင်ဘူး .. လွှယ် ကျေနပ်တဲ့လူ မတွေ့မချင်းရှာပေးရမှာ ရှင့်အလုပ်၊ ရှင် ခိုင်းတိုင်းလုပ်ပေးတာ ဒါ ပထမဆုံးနဲ့ နောက်ဆုံး .."

www.burmeseclassic.com

www.burmeseclassic.com



သူရမင်း ကို မတွေ့ချင်ပါဘူးလို့ သူမဘက်က ငြင်းပြီးသားဖြစ်သည်။ ဒါကို သူ မရမက စည်းရုံးပြီး နှစ်ယောက်ဆုံဖြစ်ဖို့ ကြိုးစားခဲ့ရတာဖြစ်သည်။

သူရမင်း ရဲ့ ဓာတ်ပုံကို ပြလိုက်တော့ တွေ့ကြည့်မယ်လို့ပြောလာသဖြင့် တွေ့လိုက်ရတော့ အဆင်ပြေသွားနိုင်သည်လို့ တွက်ခဲ့မိ၏။

ဖုန်းပြောရင်း လျှောက်လာခဲ့တာ ကားနားရောက်တော့ သူ့ မျက်လုံးတွေ တစ်နေရာရောက်သွား၏။

ခုန ပြောတော့ ကန်ပေါင်မှာတဲ့ ...၊

ဘတ်စ်ကားပေါ်ကနေ ချက်ချင်းကြီး ကန်ဘောင်ရောက်သွားသဖြင့် 'မြကျွန်းသာ' ကန်ပေါင်နေမှာပဲလို့ သူ တွက်ခဲ့တာလည်း မှားခဲ့လေသည်။

သူမက ကန်ပတ်လမ်းပလက်ဖောင်းပေါ်မှာ ရှားရင့်ရောင်စတိုင်ဘောင်းဘီရှည်နှင့် ကော်ဖီရောင်ရင့်ရင့် အပေါ်ထပ်လောင်းကုတ်အရှည်လေးကို ဝတ်ထားသည်။

အင်္ကျီ၏ အောက်ဖျားမှာ ဇာနားလေးတွေပါကာ ခါးစည်းကြိုးနှစ်ဖက်ကို မချည်ဘဲ ဒီတိုင်းချထားသဖြင့် ဘေးနှစ်ဖက်မှာ တွဲလွဲကျကျနေကြ၏။

လမ်းလျှောက်တော့ ခြေလှမ်းကျဲပြီး ခါးမတ်သည်။ ပခုံးချပြီး သက်တောင့်သက်သာအနေအထားဖြစ်နေပုံက စမတ်ကျ၏။

သူမကိုယ်ပေါ်မှာ ခေတ်စတိုင်အပေါ်ထပ်ကုက်အင်္ကျီအတိုအရှည် အမျိုးမျိုးကို မရိုးအောင် မြင်နေရကာ အတွင်းခံအင်္ကျီ လည်ဟိုက်အတို အပြတ်လေးတွေ ဝတ်ထားတတ်ပေမယ့် ကြည့်လိုက်တိုင်း ရိုင်းနေတာမျိုး ဘယ်တော့မှ မရှိခဲ့ပေ ...။

ခုကျတော့ ကုတ်အင်္ကျီရှည်ကို ကြိုးတန်းလန်းနှင့် ရင်ကွဲအတိုင်း ဝတ်ထားကာ မျက်မှန်တပ်ထားသဖြင့် သူမ၏ လှုပ်ရှားသွားလာပုံနှင့်



ဒိုင်းက အက်ရှင်ဆန်နေ၏။

သူမ လမ်းလျှောက်သွားသည့်အတိုင်း မျက်စိတစ်ဆုံးလိုက်ကြည့်နေပြီးမှ ဖုန်းကို ပြန်ကြည့်လိုက်တော့ သူမကလည်း မပိတ်ဘဲဒီတိုင်းထားဆဲကို သိလိုက်ကာ ...၊

"ဟလို .."

လွှယ် က စပီကာဖွင့်ထားသဖြင့် သူ ပြောသည့်အသံကြားလိုက်တာနှင့် နားနာမှာ ကပ်လိုက်ကာ ...၊

"ပြော .."

"မင်း ဖုန်းလည်းမပြော ချလည်းမချဘဲနဲ့ ဘာလဲ .. ဝက်သားတုတ်ထိုးက သိပ်ကောင်းနေလို့လား .."

"ရှင် စားချင်လို့လား .."

"ငါ သိသလောက်တော့ 'မြကျွန်းသာ' မှာ ဝက်သားတုတ်ထိုးမရှိပါဘူး၊ ပြီးတော့ မင်း ဗဟန်းမှတ်တိုင်ကနေ အဲ့ဒီကို ရောက်သွားတာမြန်တယ်နော် .."

"ရောက်မှ မရောက်တာ .."

"ဟွန်း စောစောက ပြောလိုက်ရင်ပြီးတာပဲ .."

"စောစောက မပြောချင်လို့လေ .. ခုမှ ရှင် မြင်သွားပြီမို့လို့ ဝန်ခံလိုက်တာ .."

သူ့အသံ တော်တော်နဲ့ ထွက်မလာတော့ လွှယ် က လမ်းလျှောက်နေရင်း ပြုံးလိုက်ကာ ...၊

"ရှင် အခုမှ လွှယ် မလာတော့ဘူးဆိုတာသိလို့ ဆိုင်ထဲက ထွက်လာတာ၊ လွှယ့် ကို လှမ်းမြင်လိုက်တော့ ဝမ်းသာအားရကြီး သူခိုးဖမ်းလို့ .. ဟုတ်တယ်မို့လား .."

"မင်းလည်း ငါ့ကို မြင်သွားတဲ့ပုံပဲ .."

"မြင်စရာမလိုပါဘူး .. လွှယ် တို့ ဆုံမယ့်နေရာမှာ ရှင် စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာ သိနေတာပဲ၊ ဘယ်သူမှ မလာတော့ရင် ရှင် ပြန်ရမှာပဲ၊ ဒါပေမယ့် လွယ် ကလည်း တခြားကိုမသွားဘဲ ကန်တော်မင်နားမှာပဲ နေလိုက်တော့ ရှင်နဲ့တိုးတာပေါ့ ..."

"သူရ မလာဘူးဆိုတာလည်း မင်း သိတယ်ပေါ့ .."

"သိတာပေါ့ .. သူရမင်း က ရှင့်မျက်နှာကို လာကြည့်မှာမှ မဟုတ်တာ .."

"မင်းကွာ .. ဒီနားရောက်နေကာမှ ပတ်ပြေးနေတာ .."

"ဒီလောက်ပဲ ပြောပြီး ငြင်းလွှတ်လိုက်တာ ရှင် ကျေးဇူးတင် .."

"လာမယ့် ဆန်းဒေး မင်း အားလား .."

"ညနေပိုင်းအားတယ် .."

"တစ်ယောက်တွေ့ဖို့ရှိတယ် .."

"ပုံပို့လိုက်လေ .."

"ပို့လိုက်မယ် .. အသက်က .."

သူ့အသံက ဒီမှာပဲ ပြတ်တောက်သွားသည်။ ခဏကြာလည်း ပြန်ပေါ်မလာဘဲ အကြာကြီးနေမှ ဖုန်းပိတ်သွား၏။

"အ ..."

သူမ လမ်းကူးဖို့ ပလက်ဖောင်းပေါ်က ဆင်းလိုက်တာနှင့် ဘေးမှာ ပွတ်ကပ်ရပ်သွားသည့်ကားသည် ..၊

"ဟော့ .. ခဏ စကားပြောရအောင်၊ ဟိုရှေ့က စောင့်မယ် ကိုယ်က အန်ကယ်လ်မိုး ရဲ့ မိတ်ဆွေပါ .."

ကားရပ်လို့မရသည့်နေရာမို့ ကားပေါ်ကနေ ဒါပဲပြောသွားပြီး မောင်းထွက်သွား၏။ ကိုယ့်လိုပဲ မျက်မှန်အနက်နဲ့ဖြစ်ကာ ဖြူဖြူချောချော ပုံစံနှင့် နှုတ်ခမ်းတွေနီမြန်းနေတာကိုလည်း သတိထားမိလိုက်၏။

ပလက်ဖောင်းပေါ် နောက်ပြန်ခြေတစ်လှမ်းတင်ပြီး စဉ်းစားလိုက်မိသည်။ ပြီးမှ ပလက်ဖောင်းပေါ် ခြေစုံပြန်ရပ်လိုက်ပြီး ထွက်သွားသည့်



ကားကို လှမ်းကြည့်မိသည်။

မျက်နှာကိုကြည့်ပြီးခေါ်သွားကာမှ လစ်ထွက်သွားဖို့ မဖြစ်နိုင်မှန်း တွေးမိကာ အလိုမကျသည့်စိတ်ကြောင့် မျက်ခုံးတန်းလေးတွေက စုကျုံ့လာခဲ့၏။

သေချာတာက ဒီလူဟာ ဆိုင်ကိုလာနေကျထဲက ကိုယ့်ကို သဘောကျနေသူတစ်ယောက်ယောက် ..၊

"ခုလို မင်းနဲ့ စကားပြောခွင့်ကြုံတဲ့အခွင့်အရေးရတာ ကိုယ် ဒီလမ်းကို ထွက်လာခဲ့တာ မှန်သွားတာပေါ့ .."

"ရှင့်ကို ကျွန်မ မသိဘူး .."

လမ်းဘေးမှာပဲ သူက ကားဘေးမှာရပ်စောင့်နေကာ အသက်သုံးဆယ်လောက် ခပ်ဖြောင့်ဖြောင့်ပုံစံနှင့် နှုတ်ခမ်းတွေက နီနေသလောက် ပြုံးနေတာကလည်း ကြည့်လို့တော့ကောင်းပါ၏။

သူကတော့ လွယ့် ကိုပဲ ရွှန်းရွှန်းစားစားကြည့်ကာ ..၊

"ကိုယ်က .. ဂျပန်မှာ အလုပ်ကိစ္စနဲ့ သွားနေရတာ နှစ်နှစ်ရှိပြီ၊ ပြန်လာတာ တစ်လနီးပါးလောက်ပဲရှိသေးတာ .."

သူက လွယ့် စကားကို စောင့်ရင်း ပြောလိုက် ခဏနားလိုက်နှင့်..၊

"ဟိုအရင်ကလည်း မင်းတို့ ဆိုင်ရဲ့ ကက်စတန်မာပဲ၊ ခုလည်း ဒီတိုင်းပါပဲ .. အန်ကယ်လ်နဲ့တော့ ပိုရင်းနှီးအောင်ပေါင်းထားရတယ်၊ အခြေအနေက ဟိုအရင်ကနဲ့ မတူတော့လို့လေ .."

အကြည့်တွေက စူးရဲလာသည်။ လက်ပိုက်ပြီး သွားတွေပေါ်အောင် ရယ်ကာ ..၊

"ဂျပန်မှာလည်း ကိုယ်က စားသောက်ကုန်နဲ့ အဖျော်ယမကာ လုပ်ငန်းပဲ၊ သိပ်မကြီးကျယ်ပေမယ့် အသေးစားစီးပွားရေးလုပ်ငန်းကနေ တိုးချဲ့သွားဖို့ စိတ်ကူးနဲ့လေ၊ ခုဆို စက်ရုံတွေကိုယ်ပိုင်ကူထောင်နိုင်ပြီ.."

"ကြွားနေတာမဟုတ်မှန်းတော့ သိပါတယ်၊ ဒါပေမယ့် ရှင် အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



မှုတွေနဲ့ မိန်းမတစ်ယောက်ရဲ့ အားကိုးသမှုကိုရဖို့ ကြိုးစားတာဆိုရင်တော့ ရှင် ကြိုးစားတာ အရာထင်မှာမဟုတ်ဘူး ..."

သူက လွှယ့် စကားကိုပြုံးကာ ...၊

"ကြိုးစားမှုတိုင်းက အချည်းအနှီးမဖြစ်ဘူးဆိုတာ ကိုယ်ယုံကြည်တယ်၊ ကိုယ့်ဘဝက လက်တွေ့ပဲလေ၊ လွန်ခဲ့တဲ့ ဆယ်နှစ် ဆယ့်ငါးနှစ်ကာလအတွင်းလောက်က ရဲသွေး ဆိုတဲ့ကောင်လေးက ရက်စထရန့် တစ်ခုမှာ စားဖျော်လုပ်ရင်း ပိုက်ဆံစုနေရတဲ့ဘဝ ..."

"အဲ့ဒီဘဝကနေ စက်ရုံတွေပိုင်ခဲ့တာဆိုရင်လည်း ရှင် အခုလိုချင်နေတာ စက်ရုံတွေမဟုတ်ဘူး ..."

"မှန်ပါတယ် လွှယ် .. မင်းလို မိန်းကလေးကို ရယူဖို့အတွက် ကိုယ် တော်နေတတ်နေတိုင်းမရဘူးဆိုတာ နားလည်တယ်၊ ဒါပေမယ့် ပန်းလိုချင်ရင် ပန်းကိုရဖို့ အဓိကပါ၊ တုံးပဲခုခု တံချူနဲ့ပဲဖြစ်ဖြစ်၊ နောက်ဆုံးကျွာ .. ပင်စည်ကိုလှုပ်ချမယ် .. ပွင့်နေတဲ့အကိုင်းကို ခဲနဲ့လှမ်းပစ်မယ် ..."

"ဟွန်း ..."

လွှယ် က နှုတ်ခမ်းမဲ့တော့ သူကလည်း ရယ်သည်။

"ကိုယ်ကတော့ မင်းကြောင့် အရူးရင့်နေပြီ .."

ဆိုကာ လွှယ့် တစ်ကိုယ်လုံးကို တပ်မက်သောအကြည့်တို့နှင့် လှမ်းခြုံစေ၏။ ပြီးတော့ ...

"ပင်စည်ကိုချိုင်းရင် အကိုင်းအခက်ဆိုတာ ပါလာရမှာပဲလေ မင်းကို မပြောသေးဘဲနဲ့ ကိုယ် ဘယ်လောက်ထိ ကြိုးစားထားခဲ့သလဲ ဆိုတာ မကြာခင် မင်း သိလာမှာပါ .."

"သမီးလိုချင်လို့ မိဘကိုကပ်တဲ့ နည်းဟောင်းကြီးလား .."

"ဟုတ်တယ် .. အဟောင်းဆိုတာလည်း အသစ်အသစ်တွေ ပြောင်းချင်ပြောင်းသွားမယ်၊ ပျောက်ပျက်သွားတဲ့အရာမဟုတ်ပါဘူး .."



"ရှင် တော်တော် ယုံကြည်နေတဲ့ပုံပဲ .."

"ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတဲ့လူ ဘယ်တော့မှ မတိုးတက်ဘူး၊ ကိုယ်အောင်မြင်လာခဲ့တာ ယုံကြည်မှုကြောင့် .."

"ရှင် အခုပြောချင်တာ ဘာလဲ .."

"မင်းကို ပရိုပို့စ်လုပ်နေတာ၊ လမ်းကြုံလို့မဟုတ်ဘူးနော် .. အထူးဘာလည်တွေ ခင်းကျင်းပြင်ဆင်ခွင့်မရှိလို့ပါ၊ နောက်ပြီး မင်းဆီက တုံ့ပြန်ဖို့ကို ကိုယ် မတောင်းဆိုသေးဘူး၊ ကိုယ့်ရဲ့ မတ်သတ်က ရယူပိုင်ဆိုင်ဖို့က နံပါတ်တစ်၊ အများနဲ့ပြိုင်ရင် နိုင်ဖို့က နံပါတ်တစ် .."

မဲ့ပြုံးနှင့် စိုက်ကြည့်ကာ လွှယ် ချာခနဲလှည့်ထွက်လာခဲ့သည်။ သူကလည်း မတားပေ ...။

သို့သော် မျက်လုံးအစုံကတော့ တက်ကြွလှုပနေသည့် လွှယ့် ရဲ့ ခြေလှမ်းတိုင်းကို ငေးနေကာ ...၊

"ယုံကြည်မှုအပြည့်နဲ့ ခြေလှမ်းတွေပဲ လွှယ် .. မင်းနဲ့ကိုယ် ပဋိပက္ခတွေဖြစ်ရဦးမှာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ဒါက ငြိမ်းချမ်းဖို့မရှိနိုင်တော့တဲ့ ပဋိပက္ခဆိုတာ ညည်းသိရဲ့လား လွယ် .."

"သိပါတယ် .."

"သိရက်နဲ့ အန်ကယ့်လ်ကို တမင်တကာ တိုက်ခိုက်နေတာလား.."

"လွယ် အိမ်ထောင်ပြုဖို့စိတ်ကူးမရှိသေးလို့ပါ .."

"ဟွန်း .."

ဦးကောင်းမိုး က ပြုံးနေသည့် မျက်နှာကြီးနှင့် ဒန်းပေါ်ကနေ ထရပ်လိုက်ကာ တစ်ဖက်စွန်းမှာ ခြေချင်းချိတ်ထိုင်နေသည့် လွယ့် ရှေ့ ခပ်လှမ်းလှမ်းထိလျှောက်သွား၏။

ပြီးမှ မျက်နှာချင်းဆိုင်ပြန်လှည့်ရပ်ရင်း ..၊

"အခု ညည်း ဘာလုပ်ဖို့ ကြိုးစားနေသလဲဆိုတာ အန်ကယ်လ်က သိနေပြီဆိုရင် ငြင်းဦးမှာလား .."

လွယ့် မျက်တောင်ဖျားလေးတွေ ပင့်တက်လာသည်။ ဦးကောင်းမိုး က မျက်လုံးချင်းဆုံကာမှ ဆက်၍ ...

"ညည်းကို အန်ကယ်လ် အဆုံးစွန်ထိပြောပြထားပြီးပြီ၊ ဘားမှာ



ိုင်ပေးရတာကိုလည်း ဘဝပျက်နေတဲ့မိန်းမလို ညည်း ကိုယ့်ကိုယ်ကိုယ် ာပြီး ပူလောင်နေတယ်၊ အိမ်ထောင်ပြုဖို့ကျမှ ဘာဖြစ်လို့ လွယ်လွယ် ား တွေးလိုက်တာလဲ .."

"အန်ကယ်လ် ဘာကိုပြောချင်တာလဲ .."

"အိမ်ထောင်ပြုဖို့ ဘယ်လိုမှ မသင့်တော်တဲ့ကိုယ့်ဘဝကို ညည်း းလည်စေချင်တာ .."

"လွယ် ကတော့ ကိုယ့်ကိုယ်ကိုယ် အဲ့လောက်ထိ အဖြစ်ဆိုးနေပြီ ို့ ဘယ်တုန်းကမှ မတွေးထားခဲ့ဘူး .."

"ဒါကြောင့် ဘားမှာထိုင်ပေးရတဲ့ဒုက္ခကို ဆင်းရဲကြီးလှပြီလို့တွက် း အိမ်ထောင်ပြုဖို့ ကြိုးစားတယ်ပေါ့ .."

"အိမ်ထောင်ရေးဆိုတာ ကာယကံရှင် ဆုံးဖြတ်တာ အသင့်တော် ုံးလို့ထင်လို့ပါ .."

"မှန်တယ် ဒါပေမယ့် ငါတို့က ဗုဒ္ဓဘာသာယဉ်ကျေးမှုနဲ့ ထွန်း ာက်တဲ့နိုင်ငံ၊ ထိမ်းမြားခြင်းဆိုတာကိုက ကာယကံရှင်နှစ်ဦးသဘော ား ညီညွတ်မှုရှိရုံနဲ့ ပေါင်းဖက်အဲတည်ပြုလို့မရဘူး၊ လူတစ်ယောက် ့ ဂုဏ်သိက္ခာဆိုတာ အဲဒါပဲ .."

ဦးကောင်းမိုး က နက်နက်နဲနဲတွေးတောက်ပြလာပြီး မျက်နှာပြင်မှာ ည်း အပြုံးအရယ်တို့ ဆိတ်သုန်းနေခဲ့လျက် ..၊

"ဆိုလိုတာက ဘီယာဆိုင်က မိန်းကလေးအဖြစ်မနေချင်လို့ ချွန်း ွတ်မယ်ဆိုလည်း ဒါက ညည်းနဲ့ အသားသေလာခဲ့တဲ့ဘဝပဲ လွယ်၊ ါ အတိတ်မဟုတ်ဘူး၊ ညည်းရဲ့ အရိပ်ပဲ .. ညည်း ရပ်နေနေ ပြေးနေနေ ည်းနားမှာ အမြဲတမ်းရှိနေလိမ့်မယ် .."

"အန်ကယ်လ် တစ်သက်လုံးပြောလာခဲ့ကဲ့ 'ညည်းက သူ့ဌေးသမီး ဆိုတာ ဒီလိုဘဝမျိုးလား .."

"ငါထားတဲ့ဘဝထဲမှာ ညည်းနေရင် ညည်းက ကြေးရတစ်ဖါးပဲ

www.burmeseclassic.com

www.burmeseclassic.com



လေ၊ အားလုံးရဲ့ ဂရုစိုက်အလေးထားမှုတွေ၊ လိုချင်တပ်မက်မှုတွေ ညည်းဆီမှာ စိန်ရောင်ရွှေရောင်တွေလို လင်းလက်နေမှာပဲ၊ ဒါပေမယ့် ဒီပတ်ဝန်းကျင်က ထွက်သွားမယ်ဆိုရင်တော့ အားလုံးရဲ့ အလိုမကျတွေက ကြောက်စရာကောင်းတဲ့ အညိုအယောက်လက်နက်တွေအဖြစ် ညည်းဆီကို ရောက်လာကြမှာ ..''

ဦးကောင်းမိုး က လွယ် ရှေ့ကို တစ်လှမ်းချင်းတိုးလျှောက်လာကာ လက်တစ်ကမ်းသာသာအကွာမှာ ရပ်လိုက်ပြီး ...

''ညည်းက အန်ကယ်လ်ကို ပထွေးပီသလိုက်တာလို့ တွေးနေမှာပဲ ..''

လွယ် က မျက်ရည်ရောင်လဲ့နေသည့် မျက်ဝန်းတို့ဖြင့် ဖျတ်ခနဲကြည့်ပြီး မျက်နှာလွှဲ၏။ ခြံထဲမှာ ဆောဘီလူ ဘယ်သူမှမရှိပေမယ့် ဦးကောင်းမိုးလေသံကို ထပ်နှိမ့်ချကာ ...၊

''ညည်း ငယ်ငယ်လေးတည်းက အန်ကယ်လ်က သမီးရင်းလေးလို ကျွေးမွေးပြုစုလာခဲ့တာကွယ်၊ ညည်းအမေဆုံးသွားတော့လည်း ပထွေးနဲ့ မယားပါသမီး မသင့်တော်ပါဘူးဆိုတဲ့ အပြောတွေ မခံနိုင်လို့ ဒီထိပြောင်းလာပြီး ဦးလေးအရင်းအဖြစ်နဲ့ စောင့်ရှောက်ထားခဲ့တာ ..''

လွယ် က အေးစက်စက်လေး ပြန်မော့ကြည့်ကာ ...၊

''အဲဒါကို လွယ် က တွေးနေတာမဟုတ်ဘူးဆိုရင် အန်ကယ်လ်လဲ သတိတရထည့်ပြောနေတာက ဘာအတွက်လဲ ..''

ဦးကောင်းမိုး မျက်နှာပျက်သွားသည်။ ဟန်ပန်အမူအရာ ခန့်ညားပေမယ့် ဒေါသကြောင့် ပြောင်းလဲသွားသည့်မျက်နှာမှာ ရက်စက်ခြင်းတို့ အထင်းသားဖြစ်ပေါ်စေလျက် ...၊

''ညည်း စကားအဖြစ်ပြောဆိုရင် အန်ကယ်လ် ကလည်း စကားအဖြစ်ပေ့ါ၊ တွေးတာမတွေးတာ ညည်းအပိုင်း၊ ညည်းရဲ့ အတွေးတွေလမ်းခွဲလျှောက်ပြီဆိုတည်းက အန်ကယ်လ်ဘက်က စေတနာနဲ့ ဘာ



ပြောပြော ညည်း ဘက်မှာ အကျိုးမဝင်ဘူး၊ ကိုယ့်သားသမီးလို နွေးထွေးဖို့လည်း အန်ကယ်လ်ကြိုးစားခဲ့တယ်၊ အဲဒါတွေလည်း ညည်းရဲ့ အမြင်မှာ ..''

''အန်ကယ့်လ် အမြင်နဲ့လည်း ဆိုင်ပါတယ်၊ အမှန်တိုင်းပြောရရင် လွယ့် စိတ်ထဲမှာ အဲ့လောက် မများဘူး အန်ကယ်လ်၊ ဒီလုပ်ငန်းကြီးတိုးတက်အောင်မြင်လာမှ အန်ကယ်လ် လောဘတွေတက်လာတာ၊ လွယ် ခံစားလာခဲ့ရတဲ့ ရှက်ရွံ့သိမ်ငယ်မှုတွေကလည်း အဲဒီကပဲ စခဲ့တာ..''

ပြောရင်း နေရာမှ ထရပ်လိုက်ကာ ...၊

''နောက်ထပ် အမှန်တရားတစ်ခုထပ်ပြောရရင် ချစ်ခင်ခြင်းတရားက လောဘကြောင့် ပြောင်းလဲသွားတယ်ဆိုရင် အဲဒါက မိဘတွေရင်ထဲက မေတ္တာမျိုးမဖြစ်နိုင်ဘူး ..''

လွယ် က မျက်နှာကိုကြည့်ပြီး အတိအကျစွပ်စွဲ၏။ ဦးကောင်းမိုးကလည်း မချေပပေမယ့် စူးရဲစွာပြန်ကြည့်နေခဲ့၏။

''ဘယ်သူသိသိ မသိသိ အန်ကယ်လ်နဲ့ လွယ် က တူဝရီးလည်း မတော်ဘူး၊ သားအဖလည်း မဟုတ်ဘူး ..''

ဦးကောင်းမိုး မချိတရိပြုံး၍ မျက်နှာလွှဲနေ၏။

''အဲဒါကြောင့် ခံစားရတယ်၊ ဘားမှာထိုင်ပြီး လက်တစ်ကမ်းမရှိတရှိလောက်မှာ ဘယ်ယောကျ်ားကိုမဆို ပုလင်းပေးပါဆို ပေးရတယ်၊ ဖန်ခွက်ပေးပါဆိုပေးရတယ်၊ 'မင်းလက်လေးနဲ့ ငှဲ့တိုက်စမ်းပါ' ဆိုရင် ကိုယ်တိုင် ထည့်တိုက်ရသေးတယ် ..''

ဦးကောင်းမိုး ၏ ဒေါသမျက်ဝန်းတွေ လက်ခနဲရောက်လာ၏။

''အဲဒါတွေကို ငါ့စီးပွား ငါ့အလုပ်လို့မှ ညည်း သဘောမထားနိုင်တာ..''

''လွယ် စိတ်ပါလက်ပါထူထောင်ထားတဲ့ စီးပွားရေးမဟုတ်ဘူး အန်ကယ်လ် လွယ့်ကို အန်ကယ်လ် စာနာမပေးနိုင်တာ အဲဒါကို အန်ကယ်လ် လုံးလုံးထည့်မတွက်ခဲ့လို့ပဲ ..''

www.burmeseclassic.com

www.burmeseclassic.com



"တွက်တာပေါ့ .. ညည်း ဒါကို မလုပ်ချင်မှန်း ငါသိခဲ့တာပဲ၊ ဒါပေမယ့် ညည်းကို အားလုံးပြောပြထားပြီးသား၊ ငါလုပ်သမျှ အားလုံးက ညည်းအတွက်ပဲ၊ ဒါတွေက ညည်းမိဘရဲ့ စီးပွားဥစ္စာတွေလေ .."

"အဲ့ဒါလည်း အံ့ဩဖို့ကောင်းတာပဲ အန်ကယ်လ် .. လွယ် တို့ မျိုးရိုးစဉ်ဆက် ဒီလုပ်ငန်းနဲ့ပဲ တူထောင်လာခဲ့ကြတာဆိုပြီး လွယ့် ကျမှ ဘာဖြစ်လို့မနှစ်မြို့နိုင်ဖြစ်ရတာလဲ .."

"ဟွန်း .."

ဦးကောင်းမိုး က အမိပွာယ်ရှာရခက်သည့်အပြုံးနှင့် ခပ်လှမ်းလှမ်းကို လျှောက်ထွက်သွားရင်း ..၊

"အင်း .. ညည်းကိုယ်တိုင်က ဒီလိုခွဲခြားသိချင်လာပြီဆိုတော့ နောက်ထပ် ဘာတွေပြောဖို့ရှိသေးလဲဆိုတာ အန်ကယ်လ်လည်း ပြန်စဉ်စားရတော့မယ်ထင်တယ် .."

"အန်ကယ်လ် ဘာပြောတာလဲ .."

"ဘာပြောရမလဲဆိုတာ မသိသေးဘူး၊ ဒါပေမယ့် ညည်း မသိသေးတာရှိတယ်ဆိုတာတော့ အန်ကယ်လ် သိတယ်၊ ဘာတွေလဲဆိုတာကတော့ ရှုပ်ထွေးလွန်းပါတယ် .."

ပြောနေရင်း လွယ့် ကိုပြန်လှည့်ကြည့်၏။ ပြီးတော့ မျက်နှာချင်းဆိုင် ပြန်လှည့်လျှောက်လာကာ နီးနီးလေးကျမှ ရပ်လိုက်ပြီး ..၊

"ဘယ်သူ့မှာမှ ကောင်းကျိုးဖြစ်မှာမဟုတ်တဲ့ အကြောင်းအရာတွေဖြစ်နေရင် ဘာလုပ်မှာလဲ သမီး၊ အဲဒီတော့ ညည်း ကိုယ့်ဘဝကို လက်ရှိဘဝထဲမှာပဲ ငြိမ်ငြိမ်လေး ထည့်ထားလိုက်ပါ၊ ရေထဲက ငါးကို ကုန်းပေါ်ပစ်တင်လိုက်ရင် ဘာဖြစ်သွားမလဲ .."

ပေးလိုက်တဲ့ ဥပမာကတော့ မရိုင်းမယဉ်လေးပါပဲ ..၊

ဒါပေမယ့် ... နားငမှာ ခါးသွားသည်။ ဒီအခြေအနေဘဝထဲက ရုန်းထွက် ... တက် လွယ့် ဘဝ ဘာတွေဖြစ်သွားနိုင်သလဲ၊



ထိုအတွေးက ငြိမ်သက်နေတဲ့ ကန်ရေပြင်ထဲကို ခဲလုံးလေးပစ်ပေါက်လိုက်သလို ခဏအတွင်းမှာ ပြန်လည်ငြိမ်သက်မသွားခဲ့ဘဲ ဖွဲ့ ပေါ်ကို မီးဖွာကျတာနှင့်သာ တူလေသည်။

ဘာတွေဖြစ်ကုန်တာလဲ၊ သူမ စခဲ့တဲ့ ခြေလှမ်းက ဒီလောက်ထိ အန္တရာယ်တွေထွေပြားနေခဲ့သလား၊ အန်ကယ့်လ်လောဘတွေက ကိုယ့်ကို အိမ်ထောင်သည်ဖြစ်မသွားစေချင်မှန်းသိသည်။

ဒါပေမယ့် ဒီလောဘတွေနဲ့ ကိုယ့်ဘဝကို မနှစ်မြို့သည့်အခြေအနေ တစ်ခုမှာ မြှုပ်နှံမထားချင်ခဲ့ပေ ..။ ထို့ပြင် အန်ကယ်လ် မဖြစ်စေချင်တာကိုပဲ ဖြစ်အောင်လုပ်ပြချင်သည့်စိတ်က အရွတ်ဆန်ချင်ခဲ့၏။

သူမဘက်ကတော့ ဒါပဲဖြစ်သည်။

ဘဝနဲ့သက်ဆိုင်သော တခြားအကြောင်းအရာကို သူမ သိလည်း မသိ၊ ရှိနေသေးသည်လို့လည်း မထင်ခဲ့ပေ ..။ ခုတော့ အန်ကယ်လ် ထုတ်ပြချုပ်ကိုင်လာသည့်အတိတ်ဆိုးတွေက တစ်ခုပြီးတစ်ခု မပြီးဆုံးတော့ပါလား ..။

ဒါပေမယ့် သူမ ဆုံးဖြတ်ထားပြီးသည့် ခြေလှမ်းကိုတော့ ဘယ်တော့မှ ပြန်ရုတ်မှာမဟုတ် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"တောက် .."

ခပ်ကြိတ်ကြိတ် တက်ခေါက်မိကာ လှမ်းနေသည့် ခြေလှမ်းတွေကို ရပ်ပစ်လိုက်သည်။ ပြီးတော့ ချက်ချင်း နောက်ပြန်လှည့်ကြည့်လိုက်တာနှင့် ဂျက်ကင်အနက်တွေနှင့် လူနှစ်ယောက်က သစ်သီးရောင်းသည့် လှည်းဆောမှာ ဈေးဝယ်နေသလိုလို ဘာလိုလို ..၊

သေချာအောင် စိုက်ကြည့်နေပေမယ့် သူတို့က ဒီဘက်ကို တစ်ချက်လေးမှ မလှည့်ဘဲ သစ်သီးရွေးနေကြသေးသည်။

"ဟွန်း .."

"ဒါ အန်ကယ်လ် လွှတ်ထားတဲ့ စပိုင်တွေပဲ .."

စိတ်ထဲက ရေရွတ်ရင်း ပြန်လှည့်လာခဲ့သည်။ မိန်းကလေးတစ်ယောက်က သေချာရပ်ပြီး စူးစိုက်ကြည့်နေတာကို တစ်ချက်လေးမှ ပြန်မကြည့်ဘဲ ဘယ်လိုယောကျ်ားက နေမှာလဲ ..၊

ပြီးတော့ လွယ် ရပ်ကြည့်နေတာကို မမြင်စရာလည်း အကြောင်းမရှိ ..။

ခုတစ်လောကျမှ အန်ကယ်လ် ဘာဖြစ်လို့ ဒီလိုတွေလုပ်လာတာ



လဲ ..၊ ကိုယ်က မနှစ်မြို့ပါဘူးလို့ပြောပြီး ဘာလုပ်တော့မယ်ဆိုတာလည်း ဝန်ခံထားပြီးသား ..။

ဒါကြောင့်ပဲ တမင်တားဆီးဖို့ကြိုးစားနေတာလား ..၊

လမ်းထွက်လာတိုင်း စိတ်တွေရှုပ်ပြီး သွားချင်ရာသွားပစ်လိုက်မိတာ ဘယ်နှစ်ကြိမ်ရှိပြီလဲ၊ နေမြဲ ဖုန်းဆက်ချိန်းတိုင်းလည်း ကိုယ့်ရဲ့ အိမ်ထောင်ဘက်ဆိုတာကို သွားမတွေ့နိုင် ..။

နေမြဲ ကို သတိရကာ ဒီနေ့တော့ တွေ့ဖြစ်အောင်တွေ့ဖို့ နာရီကြည့်ရင်း ဖုန်းထုတ်လိုက်မိသည်။

သို့သော် ဖလက်ဖောင်းအစွန်းက ကျောက်ပြားအကျိုးကို နင်းမိကာ လမ်းမပေါ်ကို ယိမ်းယိုင်ချော်ကျသွားလျှင် ..၊

"ကျွိ .."

"အား .."

"ခွပ် .."

ကားက ဘရိတ်အုပ်လိုက်ပေမယ့် ဘက်ခ်မှန်နဲ့ လွယ့် တံတောင်ဆစ်ဆောင့်တိုက်သွားပြီးမှ ရပ်နိုင်၏။ ကိုင်ထားသည့်ဖုန်း လွင့်ထွက်သွားကာ လန့်ရှောင်လိုက်သဖြင့် ခြေချင်းချိတ်မိသွားပြီး လူက ခွေခနဲ လဲကျ၏။

"ဒုက္ခပဲ .. ဟဲ့ .. ဘာဖြစ်သွားပြီလဲ .. ဆင်းကြည့်ပါဦး ငမျိုး ရဲ့ .."

ကားက အဖြူရောင်ရှုပါဆလွန်းလေးဖြစ်ကာ ယောင်းနေတာလည်း သိသာနေ၏။ ထို့ပြင် ဆင်းလာသည့်လူရွယ်ကလည်း အသားမည်းမည်း ပုံဆိုးဆိုးဖြစ်လျက် ..၊

"ဘာလဲ .. မထနိုင်တော့ဘူးလား၊ ငါ့ကားနဲ့ အလွတ်ကြီးနော် .. နင့်ဟာနင် ကားရှေ့ပြေးဝင်တာ .."

နားထဲမှာ ထော်လော်ကန့်လန့်ကြီးဝင်လာသည့် အသံကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လက်နာသွားသဖြင့် ရှုံ့မဲ့နေသော လွယ် မျက်ဝန်းလေး ဆတ်ခနဲမော့သွားသည်။ သို့သော် ...၊

"ရလား ညီမ .. မတ်တတ်ရပ်ကြည့်ဦး .."

"ရှော့ .. ဒီမှာ ညီမဖုန်း .. ကွဲတော့ ကွဲသွားတယ် .."

"လက်နာသွားတာလား .. ယောင်နေပြီထင်တယ် .."

အနားမှာ အမျိုးသမီးနဲ့ မိန်းကလေးတွေ နှစ်ယောက်သုံးယောက် ပြေးလာတွဲကြသဖြင့် မတ်တတ်ရပ်လိုက်ရင်း ...၊

"ရပါတယ် အစ်မ .. ဘာမှမဖြစ်ပါဘူး .."

အားလုံးကို အဆင်ပြေသလိုပြောလိုက်ပြီးမှ ကားပေါ်ပြန်တက်ဖို့ လှည့်သွားသည့်လူ၏ နောက်ကနေ သူ့ခါးမှာ ထိုးထားသည့်ဖုန်းကို ဆွဲယူလိုက်သည်။

"ဟာ ..."

ထိုလူ ဟာခနဲဖြစ်သွားပြီး ပြန်လှည့်လာပေမယ့် ...၊

"ခွမ်း .."

"ဟာ် .. နင် .. ဟာ သွားပြီ ငါ့ဖုန်း .."

မျက်နှာသည် နှမျောခြင်းကြီးစွာဖြစ်လျက် ပြီးမှ ဒေါသတွေ ဟုန်းဟုန်းတောက်လောင်ကာ ...၊

"နင် ဘာလုပ်လိုက်တာလဲ .."

"ခွဲပစ်လိုက်တာလေ .. ရှင့်ဖုန်းက အစုတ်ပါ၊ ကျွန်မ ဖုန်းကွဲသွားတာ ဘယ်လောက်တန်လဲသိလား .."

"နင့်ဟာနင် ဘယ်လောက်တန်တန်ပေါ့၊ ငါ့ကားကို နင်ပဲဝင်တိုက်တာ .."

"ဟုတ်တယ်ဆိုရင် ရှင် ဆက်တွေးလေ၊ ကိုယ့်ကိုယ်ကိုယ် အနာခံပြီး အဆင်မသင့်ရင် သေသွားနိုင်တယ်ဆောင် ကားရှေ့ပြေးဝင်ခဲ့တယ်



ဆိုတော့ ဘာအတွက်လဲ .."

"ဘာအတွက်ဖြစ်ဖြစ် နင်လည်းဘာမှမဖြစ်ဘူး၊ ငါ့ကားကြောင့်လည်း မဟုတ်ဘူး၊ ငါ့ဖုန်းကို ခွဲပစ်စရာဘာအကြောင်းရှိသလဲ .."

"ရှင် မိုက်ရိုင်းလို့ခွဲတာ .."

"ဟဲ့ .. ဟဲ့ နေကြပါဦး၊ မိန်းကလေးက ရန်တွေ့လှချေလား .."

ကြားနေရသည့်စကားတွေကြောင့် ဒေါ်ဇင်မာလွင် မနေနိုင်တော့ဘဲ ကားပေါ်ကဆင်းလိုက်ရကာ ...၊

"မတော်တဆဖြစ်ကြတာက ပြီးပြီမို့လား .. မင်းက တမင်တကာ ဖျက်ဆီးပြီးတော့ ရန်တွေ့လိုက်တာလည်း ရေပက်မဝင်ဘူး .."

"ဟုတ်လား .. လွယ် က ရေပက်မဝင်အောင်ပြောနေတာဆိုရင် အန်တီ့ဒရိုင်ဘာကတော့ လေတိုးမရအောင် ပြောနေတာလေ၊ အဲဒါကျတော့ အန်တီ မကြားဘူးလား .."

မျက်နှာလေးက ဒေါသကြောင့် ပန်းရင့်ရောင်သမ်းနေသည်။ ကျစ်ဆံမြီးသေးသေးလေးတွေမှာ ရောင်စုံကွင်းလေးတွေနဲ့ ဘယ်လိုတုပ်နှောင်ထားသည်မသိ ...။

လူကြီးတစ်ယောက်၏ မျက်လုံးထဲမှာတော့ လူရိုင်းတွေနဲ့ တူနေသလိုပါ။ ပြီးတော့ ဒူးကျစကတ်က ခရမ်းရင့်နဲ့ မီးခိုးရောင် အရိပ်တွေ ပြေးနေကာ အင်္ကျီက လက်ပြတ်ခါးတိုဖြစ်၏။

သို့သော် ခါးစပ်ကနေ အင်္ကျီ၏အနားစတွေက တို့လို့တွဲလောင်းတွေ ဖွာကျနေသေးသည်။

ဖိနပ်ကလည်း နည်းနည်းနောနောအမြင့်ကြီးမဟုတ်သည့်ပြင် ခြေဖမိုး ဖနောင့်ကစပြီး ခြေသလုံးတစ်ဝက်လောက်ထိ ကြိုးတွေချည်ထားတာ ရှုပ်ရှုပ်ပွပွ ...၊

ဒေါ်ဇင်မာလွင် ပြန်မပြောအားနိုင်အောင် ဖြစ်သွားကာ သူမရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆံဖျားကနေ ခြေဖျားထိမှာ တအံ့တသြကြီး မှင်တက်မိလေသည်။

သူမကလည်း ဒေါ်ဇင်မာလွင့် အကြည့်တွေကို သဘောပေါက်ပုံ ပေါ်ကာ ...

"ကိုယ့်လူက မိန်းမလိုမိန်းမရ ရန်တွေ့နေတာကို တော်ဟဲ့လို့ မဆုံးမဘူး၊ ရှူးတိုက်ဖို့ ဆင်းထွက်လာတာပဲ .."

"အို .. မင်း ရိုင်းလှချေလား .."

"ဘယ်သူက စရိုင်းတာလဲ .. ကားရှေ့ကို ပြေးဝင်တယ်ထင်ရင် ဘာလိုချင်တာလဲလို့ အရင်မေးလေ၊ အန်တီ့လူက သူများကို အားပါးတရ စော်ကားပြောပြီး ပြန်လှည့်သွားတာ .."

"အဲဒါကို မင်းက .."

"ငွေလိုချင်တဲ့သူဆိုလည်း ဒီလို ထွက်သွားခံမှာမဟုတ်ဘူး၊ လွယ် က ငွေလိုချင်တာမဟုတ်တော့ သူ စော်ကားတဲ့စကားအတွက် တုံ့ပြန်တာလေ .."

"ဖြစ်ရလေအေ .. တတ်လည်း တတ်နိုင်ပါပေ့ .."

"ဒီ့ထက်. တတ်နိုင်တာရှိသေးတယ်၊ ဒါပေမယ့် အချိန်မရတော့လို့ .."

လွယ် ကိုယ့်တံတောင်ဆစ်လေးကို ပြန်ကိုင်ထားရင်း နေရာမှ လှည့်ထွက်လာခဲ့၏။ လက်က အဆမတန်နာကျင်နေလျက် စိတ်ရှိတိုင်းသာ လွှတ်ချပေးလိုက်ရလျှင် ဒေါသနဲ့ နာနေတာရောကာ ဒီနေရာမှာ သွေးထွက်သံယိုတွေပါ ဖြစ်သွားနိုင်သေးသည်။

"ကားစုတ်ကိုစီးပြီးတော့ .. တောက် .."

သူမ တက်ခေါက်ရင်း လက်ကိုဖိကိုင်ထားမိသလို ဒေါ်ဇင်မာလွင့်ကလည်း ကားထဲကို ချက်ချင်း ပြန်မဝင်နိုင် ...

"လက်မှာ တော်တော်ခိုက်မိသွားတယ်ထင်တယ် .."



"သေပေါ့ .. တော်တော်စွာတဲ့မိန်းမ .. ကျွန်တော့်ဖုန်းတော့ သွားပါပြီ .."

ဖုန်းကို လိုက်ကောက်နေသေးကာ ငမျိုး က ကျိန်ဆဲနေတုန်း ...

"မဟုတ်ဘူး .. သူ့လက်တံတောင်ဆစ်က ငါတို့ကားမှန်နဲ့ ရိုက်မိသွားတာ .."

"လာပါ အန်တီရာ၊ အလကား ဂျစ်ပစီဂျပိုးတွေပါ .. ကားပေါ်တက် သွားရအောင် .."

ဒေါ်ဇင်မာလွင့် ကားပေါ်ပြန်တက်ပြီးတဲ့အထိ သူမ မျက်နှာကိုပဲ မြင်ယောင်နေကာ ...

"မိန်းကလေးက ရုပ်လေးသနားကမားရယ် .. နေဦး အဲဒီမျက်နှာလေးကို ငါ ရင်းရင်းနှီးနှီးသိနေတယ်၊ ဘယ်သူ့ပါလိမ့် .."

'မျက်နှာလေး' လို့ ကြားလိုက်သဖြင့် ငမျိုး က ကားမောင်းရင်း ခဲ့သွားကာ ...

"ဂျစ်ပစီတွေဆိုတာ ဒီလိုပဲ ဟိုမှာတွေ့ ဒီမှာတွေ့နဲ့ အန်တီ မြင်ဖူးထားတာ ဟုတ်မှာပေါ့ .."

"ငမျိုး ရေ .."

"ဗျာ .."

"မင်းလည်း သူများကို ကိုယ်ထင်မြင်ရာ ပက်ခနဲ ပြောချတတ်တဲ့အကျင့်ကို ပြင်နော် .."

"ကျွန်တော် မပြောတတ်ပါဘူး အန်တီရယ် .. ဒီကောင်မလေးကတော့ ပြောချင်စရာပဲလေ၊ ကားအနားရောက်မှာ ပြုန်းဆို ခုန်ချလာတာ .."

"တစ်ခုခု ခလုတ်တိုက်တာဖြစ်နိုင်တာပဲကွယ် .."

"ဖြစ်နိုင်ချေတွေ တွေးနေလို့ မရဘူး အန်တီရဲ့၊ ကျိုးပါပြီ ကန်းပါပြီပြောပြီး အလျှော်တောင်းရင် သေရော .."

www.burmeseclassic.com

www.burmeseclassic.com



"ခုလည်း မင်း ပစ္စည်းဆုံးတာပဲလေ .."

"အဲဒါပြောတာပဲ .. မိတော်လည်းတာ အန်တီ ဘာလို့ သနား နေတာလဲ၊ အော်ရဲဂေါ်ရဲ ဖါးစင်တာလည်း ရှိပါ့ .."

"ဟဲ .. ဟဲ .. တော်တော့ .. မင်းလည်း ဒေါသဖြစ်နေတာတွေ ပြောရင်း သူ့ရှား အတင်အရှင်းပြောသလိုဖြစ်နေပြီ၊ ကားတွေကျပ်နေ ရင် နည်းနည်းပါးပါး လမ်းလောင်းကျွမ်း၊ အိုက်ကအိုက် ပွကလည်း ပွ .."

သားအောက်နှစ်ယောက်ပေါင်းမှ ဒီတားလေးတစ်စီးပဲရှိကာ သားက ကားကို တစ်ခါတရံမှသာ ယူသွားတော့ဖြစ်သည်။ မိခင်အတွက်ကျတော့ ဘုရားသွား ကျောင်းတက်နဲ့ ကျန်းမာရေးအတွက် စိတ်ချရအောင်ဆိုပြီး ကားမောင်းဖို့ ဒရိုင်ဘာပါ အဆင်သင့်ထားပေးတဲ့ သား ..။

ပြောရှင် မျိုး ကလည်း ရွှေမျိုးကောင်းထဲကပဲဖြစ်ကာ ကားမောင်း ရုံအပြင် လူကြီးတစ်ယောက်ကို ကြည့်ရှုစောင့်ရှောက်ဖို့အတွက်ပါ အနီး ကပ်ထားပေးတာမျိုးဖြစ်သည်။

ဒါပေမယ့် မျိုး ကတော့ ကားမောင်းနို့လိုအပ်သည့်အချိန်လေး တွေသာ ပြေးလာတတ်ပေမယ့် ကျန်တဲ့အချိန်မှာတော့ ဖမ်းလို့မမိသည့် စူဠလိပ်မျိုး ..။

"ဟုတ်တယ် .. အဲ့ဒီလမ်းပဲ .."

လမ်းသွယ်တွေကိုကြည့်ကာ စမ်းတဝါးဝါးမောင်းနှင်နေသည့် မျိုး က အဲ့ဩသလိုမျက်နှာနှင့် ..၊

"အန်တီက တိကျလှချေလား .. အဲ့ဒါကြောင့် နေမြဲ က ပြောတာ၊ အန်တီက မှတ်ဉာဏ်အရမ်းကောင်းတာတဲ့ .. သချာလည်း တော်တယ်တဲ့.."

"အင်း .."

"အန်တီ အိမ်နံပါတ်ဘယ်လောက်လဲ .."

"၃၄၄ မြောက်ခြမ်းလို့ပြောတာပဲ .."



"နေဦး .. ကျွန်တော် ဆင်းသွားပြီး စုံစမ်းလိုက်မယ် .."

မျိုး ဆင်းသွားပြီး အိမ်တစ်အိမ်ရှေ့မှာ စောင်တွေလှမ်းနေသည့် အမျိုးသမီးတစ်ယောက်ကို မေးနေတာတွေ့ကာ ထိုအမျိုးသမီးက မျိုး နဲ့အတူ ကားနားထိ လိုက်ပါလာပြီး ..၊

"အစ်မကြီးက သိင်္ဂီဦး ရဲ့သူငယ်ချင်းဆိုတာလားဟင် .."

"အေး .. ဟုတ်တယ် ညီမ၊ အစ်မ ဖုန်းဆက်တုန်းက ဖုန်းပြောတာ ညီမလား .."

"ဟုတ်ပါတယ် .. ကိုဇေ ကတော့ ခရီးထွက်သွားပြီ၊ သိင်္ဂီဦး ကို ကျွန်မကပဲ စောင့်ရှောက်ထားတာပါ ..၊ လာပါ အစ်မ .. ကျွန်မတို့ခြံ ရှေ့မှာ ကားရပ်လို့ရပါတယ် .."

ဒေါ်ဇင်မာလွင် ရပ်ကွက်အခြေအနေကိုကြည့်ကာ ကိုယ့်သူငယ်ချင်း အတွက် ရင်ထုမနာဖြစ်မိလေသည်။ ပြောရမယ်ဆို သိင်္ဂီ အဖြစ်က မပြောသာ ဆက် ဆိုးလိမ့်မည်ထင်၏။

မိဘလင်သား သားသမီးတွေသာမက စည်းစိမ်ဥစ္စာတွေပါ ပျက်စီး ဆုံးရှုံးခဲ့ရသည်။ သူမအသက်ရှင်နေထိုင်လျက်ရှိသေးသည်လို့ ကြားလိုက် တော့ ..

"ဦးနှောက်ကတော့ သိပ်မကောင်းတော့ဘူး၊ ခပ်ကြောင်ကြောင် ဖြစ်နေပြီ .." ဟု ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ဒီမှာ .."

ပန်းလာပုတ်လိုက်သဖြင့် နေမြဲ လှည့်ကြည့်သည့် မျက်လုံးက စူးခနဲ -

ခေါ်သူကလည်း သူ့စားပွဲမှာ ခွင့်မတောင်းဘဲ ထိုင်လိုက်ကာ -

"မင်းက 'ချစ်မြားရှင်' က သူဌေးလည်းဟုတ် တာဝန်ခံလည် ဟုတ်တဲ့ နေမြဲစေ ဆိုတာ .."

"မင်း ဘာကိစ္စလဲဆိုတာ ပြောလို့ရတယ် .."

"ပြောချင်တာက မင်းအလုပ်က .."

စကားရပ်ပြီး တစ်ဖက်စွန်းက စားပွဲဆီကို လှမ်းကြည့်၏။ ထိုစာ မှာ လွယ် နဲ့ အမျိုးသားတစ်ယောက် မျက်နှာချင်းဆိုင် စကားပြော ကြတာကို နေမြဲ ကြည့်လိုက်တာမြင်မှ ..။

"သူတို့နှစ်ယောက် ပြေလည်သွားဖို့ လိုရင်းမို့လား .."

"မဟုတ်ဘူး .. ပြေလည် မပြေလည် သိရဖို့လိုရင်း .. ဒါက အင်ထ ပဲ ရှိသေးတာ .."

ထိုသူက ခဏလာထိုင်သည့်ပုံစံနှင့် ခပ်ကြွကြွ ခါးကုန်းထိုင်နေ မြင်ကာ နေမြဲ စကားကြောင့် မျက်နှာတည်သွား၏။ ပြီးတော့ နေ ပြန်ထရပ်လျက် ..။

"ဘာပဲဖြစ်ဖြစ် မင်းအလုပ်က လိုအပ်နေတဲ့သူနှစ်ဦးနှစ်ဖက်



တွေ့ဆုံပေးဖို့မို့လား .."

"ဟုတ်တယ် .."

"ဟုတ်တယ်ဆိုရင် ဟိုမှာတွေ့နေကြပြီဆိုတော့ မင်း ငုတ်တုတ် ိုင်စောင့်နေဖို့မလိုဘူး .. လစ်တော့ .."

ခြိမ်းခြောက်သံနှင့် ဟန်ပန်က ဩဇာသံအပြည့်နဲ့ပေမယ့် နေမြဲ ာ ကော်ဖီပူပူကို စိမ်းပြေနပြေ မွှေနေပြီးမှ ..။

"ထိုင်နေတာ ထိနေတာက ငါ့အလုပ်ပါ .. မင်း အမိန့်ပေးဖို့မလို ါဘူး .."

"ဟိတ်ကောင် .."

မျက်နှာငံ့၍ စားပွဲပေါ်မှာ လက်ထောက်ကာ ..။

"ဟိုမှာ စကားပြောနေတာ ဘယ်သူလဲ မင်းသိလား .."

"ရေလက်ကြား အဋ္ဌဝါ ကုမ္ပဏီက သူဌေး ကိုမိုးဇက် .."

"အေး .. မှန်တယ် .. ဒါပေမယ့် မင်း သူ့နာမည်ပဲသိထားရုံနဲ့ ရဘူး၊ သူ့လိုလူက ခုချိန်ထိ လက်ခံစကားပြောနေတယ်ဆိုတည်းက င်းကိစ္စ အဆင်ပြေပြီလို့ မှတ်နိုင်တယ်၊ အဲဒီတော့ ပြန်လို့ရပြီ .."

"သူ အဆင်ပြေပေမယ့် တစ်ဖက်က မိန်းကလေးရှင်ဆန္ဒက ရှိ သေးတယ် .."

"အဲဒါကို နောက်မှ သူ ဖုန်းဆက်လိမ့်မယ် .."

"ငါ့အလုပ် ထုံးစံကလည်း သူတို့နှစ်ဖက် ကွန်ဖန်း(မ်)မဖြစ်သေး ချ့ အတူတူတိုင်ပင်ဆောင်ရွက်ပေးရမှာပဲ .. ဒါနဲ့ မင်းက ဘယ်သူလဲ"

"ငါက သူဌေးရဲ့ ညာလက်ရုံး .."

"ဘယ်လက်ရုံး ရှိသေးတယ်ပေါ့ .."

"အရင်းမစိုက် လှေထိုးလိုက်ဆိုတာလို အနုပ်စုတ်ဂုတ်စုတ် အောင် ွယ်တော်အလုပ်လေးလုပ်စားပြီး မင်းနဲ့တန်ရာ ပြောစမ်းပါ၊ ငါ့သူဌေး ် မင်း ပါးစပ်ထဲ ထည့်မေးစရာမလိုဘူး ."

နောက်ထပ် မိုက်တိမိုက်ကန်းပုံစံတွေနှင့် လူနှစ်ယောက်ထပ်ရောက်

www.burmeseclassic.com



လာပြီး သူ့စားပွဲမှာ ထိုင်လိုက်ကြသည်။ နေမြဲ မကြောက်တတ်ပါ။ ဒါပေမယ့် လွှယ့် အတွက်တော့ စိတ်ပူသွားမိ၏။

သူ စုံစမ်းထားတုန်းက 'ရေလက်ကြား အဋ္ဌာဝါ' သူဌေးက ခုချိန်ထိ လက်ထပ်ထားသည့်မိန်းမ မရှိဘဲ ရုပ်ရည်အသက်အရွယ်ကအစ အဆင်ပြေသည်။

ပြီးတော့ ပညာတတ် သူဌေး ..၊

ပြီးတော့ ဒီပုဂ္ဂိုလ်ကိုယ်တိုင် ကိုယ့်ကို လာဆက်သွယ်ခဲ့တာဖြစ်သည်။ လွှယ့် ကို လက်ညှိုးထိုးလာတာမဟုတ်ပေမယ့် သူမအတွက် အစစအရာရာ ပြည့်စုံနေသည့်အချက်တွေကြောင့် သူပဲ တွေ့ဆုံစေခဲ့တာဖြစ်၏။

ဒါဆို ခုလိုတွေ့ဆုံမှုက အမှတ်တမဲ့ဟုတ်ရဲ့လား ..၊

သူဌေးလို့သာ သူ သိထားခဲ့သော ဒီသူဌေးကရော ဘယ်လောက်တောင် ချမ်းသာနေသလဲ ဘယ်လိုလူလဲ'..၊ ဒါတွေကို ကာယကံရှင်ချင်းတွေ့ဆုံဆွေးနွေးရမှာပေမယ့် သူ့ခေါင်းထဲကို တိုးဇော့ရောက်လာကြ၏။

လှမ်းကြည့်လိုက်တော့ လွှယ် တို့ကို မတွေ့ရတော့ပေ ..။

ဘယ်ရောက်သွားတာလဲ ..၊

ပထမဆုံး လက်ခံတွေ့ဆုံခြင်းမှာ ဒီလောက်ရင်းနှီးသွားတာက မဖြစ်နိုင် ..၊

သူ ဖုန်းကိုင်လိုက်သည်နှင့် ဖုန်းနဲ့ သူ့လက် မထိမိခင် တစ်ယောက်က သူ့ဖုန်းကို အသာလေးဘေးရွှေ့ထားလိုက်ပြီး ..၊

"အတင်းအဓမ္မ ဖမ်းချုပ်ခေါ်သွားတာမဟုတ်ဘူး၊ မင်း ဒီလောက်ထိ ဂရုစိုက်ဖို့မလိုပါဘူး .."

"လိုတာ မလိုတာ ငါ့အလုပ်ပါ .."

စိတ်က တိုသွားသလောက် ဖုန်းကို ဖျတ်ခနဲ ကောက်ပစ်လိုက်သည်။ စားသောက်ဆိုင်ထဲမှာ သူတို့မျက်လုံးတွေသာ စူးစူးရဲရဲဖြစ်သွားပေမယ့် ကိုယ်ရှိန်သတ်နေကြဆဲရှိကာ ..၊



"ဒီမှာ နေမြဲအေ အဲဒီမိန်းကလေးဟာ ဘာလဲ မင်းသိရဲ့လား .."

နားထဲမှာ ပူထူသွားသည်။ သူမ ဘယ်လိုမိန်းကလေးပဲဖြစ်စေ လောလောဆယ်မှာ ကိုယ်လက်တွဲနေတဲ့ ကာက်စတန်မာ ..၊ ပြီးတော့ မိန်းကလေးတစ်ယောက်အကြောင်း မြန်မာနဲ့ရွာ သုံးသပ်စစ်ဆိုက်တာ မိုက်ရိုင်းလွန်း၏။

"မင်းရှေ့ကို ထောင်ထုပ်ချပေးပြီး သူက သောင်းထုပ်ဆိုက်ဖို့ကြိုးစားတာ မနံ့စမ်းပါနဲ့ .. သူတို့ချင်း ညှိပြီးလို့အဆင်ပြေသွားတာပါ .."

"တောက် .."

နေရာမှ ထရပ်ကာ ထိုင်ခုံကို နောက်ပြန်လန်ပစ်လိုက်မိသည်။ ထိုင်နေသူတို့က မဲပြုံးနှင့် သူ့ကို လက်ပါခါပြနေသေးသည်။ ပြီးတော့..၊

"သွားလိုက်တော့ .. မင်း ကိုယ့်လမ်းကိုယ် အေးဆေးလှည့်ပြန်သွားရင် ဒီည အိပ်မက်လှလှတွေနဲ့ အိပ်ပျော်ခွင့်ရဦးမှာ .."

"သွားစမ်းပါကွာ .. ရုပ်အကျီလည်ကတုံးနဲ့ ပုဆိုးပုံအောင်ဝတ်ထားပြီး တက်ခေါက်မနေစမ်းပါနဲ့၊ ဒေါသက မတန်မရာ .."

သည်းခံနိုင်စွမ်းကုန်သွားသည်။ ဒေါသကြောင့် အမှောင်ဖုံးသွားတာလည်း တကယ်ပဲဖြစ်ကာ စားပွဲပေါ်မှာရှိနေသည့် အချိုပန်းကန်တွေ ခုနှ့ပန်းကန်တွေကို ဘယ်ရောညာရော ကောက်ယူသည်။

ပြီးတော့ မျက်နှစ်ခုကို ဆက်တိုက်ကိုင်ရိုက်ပစ်လိုက်၏။ နောက်တစ်ယောက် ထရပ်လိုက်တော့ စားပွဲကို ဆောင့်တွန်းလွှတ်လိုက်သဖြင့် ထိုသူ စားပွဲနဲ့ရောပြီး ဘိုင်းခနဲလဲလေသည်။

ဆိုင်ထဲမှာ ရုတ်ရုတ်သဲသဲတွေ ဖြစ်သွားခဲ့ပေမယ့် လွှယ် က ဘာမှ မသိ ..

"မောင်လေး .. တွိုင်းလက်ဘယ်မှာလဲ .."

"အဲဒီကြားထဲကို ဝင်သွား အစ်မ .."

ခေါင်းတွေ မူးဝေခဲ့နေကာ ခပ်သေးသေးစကြိန်လမ်းလေးကို အကြာ

www.burmeseclassic.com

www.burmeseclassic.com



ကြီး လျှောက်နေရသလိုထင်လာမိ၏။

ပြီးတော့ လည်ပင်းနဲ့ ကျောပြင်တွေမှာ ခေါ်ချွေးတွေ ပျံလာခဲ့လျက် ဖျို့အန်ချင်လာတာကို ခံရခက်နေ၏။ လမ်းသာဆုံးသွားပြီး တွိုင်းလက်ကိုလည်း မတွေ့ ...။

ဘယ်လိုမှ အောင့်အင်းချုပ်တီးမရတော့သဖြင့် အမှိုက်ပုံးကို မြင်သည်နှင့် နံရံမှာ လက်ထောက်၍ အန်ချမိတော့သည်။

ဘာမှလည်း မစားရသေးသဖြင့် သောက်ထားသည့် အအေးတွေပဲ ပူနွေးစွာ ပြန်ထွက်လာ၏။

“ငါ ဘာဖြစ်တာလဲ ..”

တစ်ကိုယ်လုံး နုံးခွေလာကာ ကိုယ်ကိုမတ်မတ်ပြန်ရပ်လိုက်တော့ တရိပ်ရိပ်မူးလာသည်။ သွေးရိုးသားရိုး မဟုတ်နိုင်ခြင်းကို ခံစားမိလိုက်သည်နှင့် သူမ ချက်ချင်း နောက်ပြန်လှည့်လိုက်လျှင် ...။

“ဘယ်လိုဖြစ်သွားတာလဲ လွယ် .. နေမကောင်းဘူးလား ..”

‘ရေလက်ကြား’ ကုမ္ပဏီပိုင်ရှင် အဗ္ဗဝါမိုးဇက် ...။

တင့်တယ်ပြေပြစ်သည့် ရှပ်ရှည်အင်္ကျီနှင့် သူဌေး ကိုမိုးဇက် ဆိုသည့် အရိုန်အဝါကို ရွေးချယ်ကြည့်သင့်သူလို့ လျာထားခဲ့မိသည့် ကိုယ့်ကိုယ်ကိုယ်ပဲ ဘယ်လိုအပြစ်ပေးဆုံးမရမှန်းမသိအောင် နောင်တကြီးစွာရလျက် ...။

“ဘာမှမဖြစ်ဘူး ..”

“နေပါဦး လွယ် ..”

“ရှင် .. ဖယ်နော် ..”

လွယ် ဘာမှမပြောဘဲ ချက်ချင်းပြန်ထွက်ဖို့ကြိုးစားသည်။ မိုးဇက်၏ မင်းသားခေါင်းက ကွာကျသွားခဲ့လျက် ...။

“ဘယ်လိုဖြစ်နေတာလဲ လွယ် .. မင်းဆီက ဒီအခွင့်အရေးရဖို့



ကိုယ် ဘယ်လောက်ကြိုးစားခဲ့ရသလဲ သိရဲ့လား ..”

“ရှင် .. မယုတ်မာနဲ့ ..”

“မင်း လိမ္မာရင် ကိုယ် ယုတ်မာဖို့မလိုဘူးပေါ့ လွယ်ရယ် .. ဒီမှာ ဒီမှာ .. ကိုယ့်ကိုကြည့် ..”

“ဟင့်အင်း ..”

သူ့လက်ထဲမှာ ဆွဲချုပ်မခံရအောင် လွယ် အသေအလဲကြိုးစားကာ ကွယ်နေရသည်။ တစ်သက်နဲ့တစ်ကိုယ် ဒီလိုအခက်အခဲမျိုး မကြုံခဲ့ဖူးသဖြင့် တစ်ကိုယ်လုံး ရှက်ရွံ့ပူထူနေကာ ဘာကိုမှလည်း သတိမရ ..။

“ကိုယ့်ကိုကြည့်စမ်းပါကွာ .. မင်းနဲ့ ကိုယ် လိုအပ်တာချင်း ဖလှယ်ရုံပဲ .. မင်းလိုတာ အားလုံး ကိုယ် ဖြည့်ဆည်းနိုင်တယ်၊ ကိုယ့်ကို မင်းကလည်း ..”

“ခွပ် ...”

“အ ....”

လူကို ဆွဲချုပ်ခံလိုက်ရတာနှင့် သူ့မျက်နှာကို ခေါင်းနဲ့ပစ်တိုက်ပစ်လိုက်သည်။ ချုပ်ထားတာက လွတ်သွား၏။ သို့သော် .. မိုးဇက်က အသေအလဲ ပြေးလိုက်သည်။

မမိတမိ အနေအထားမှာ လွယ် က လွတ်အောင်ပြေး၏။

ထိုအချိန်မှာ နေမြဲ က ကားပါကင်မှာဖြစ်ကာ လွယ့် ကားကိုမြင်လိုက်တာနှင့် သူမ အထဲမှာမှန်းသိလိုက်ပြီး ဆိုင်ထဲပြန်ပြေးဝင်ခဲ့၏။

“ဟိတ်ကောင် မင်းတို့မှန်နေဂျာ ဘယ်သူလဲ ဘယ်မှာလဲ .. ဟိုစားပွဲက ကာက်စတန်မာကို မဟုတ်မဟပ်ကြံစည်မှုနဲ့ ငါ တရားစွဲမယ်၊ ထမင်းနပ်မှန်အောင် မစားရတဲ့ဘဝမရောက်ချင်ရင် အဲဒီ မိန်းကလေးကို ခုထုတ်ပေးစမ်း ..”

လူမိုက်အုပ်စုကို သူ မယှဉ်နိုင်ပေ ..။ ထို့ကြောင့် ဝရုန်းသုန်းကားဖြစ်အောင်လုပ်ခဲ့နိုင်ပေမယ့် တကယ်ရင်ဆိုင်နိုင်စွမ်းမရှိတာကျတော့

www.burmeseclassic.com

www.burmeseclassic.com



သူ ဒီနည်းမသုံးလို့မရတော့ပေ ...။

မန်နေဂျာနားထဲရောက်သွားတာနှင့် အားလုံး ပြုံးတူးပြဲတဲဖြစ်ကုန်ကြကာ ထွက်ပြေးလာသည့် လွယ် နဲ့ စကြိန်လမ်းကြားထဲမှာ ဆုံမိကြ၏။

"လွယ် .."

သူ လွယ့် လက်ကို ပြေးဆွဲလိုက်၏။ သူမနောက်မှာ မိုးဇက် ရှိနေကာ သူ့နောက်မှာတော့ ဆိုင်ဝန်ထမ်းတစ်ချို့နှင့် လူမိုက်သုံးယောက်...။

"သွားမယ် .."

အခြေအနေသည် ပြဿနာကို ရှင်းရဖို့ရှိကာ လွယ့် သိက္ခာက ရေစုန်မျောဦးမှာဖြစ်၏။ ထို့အတူ လူသိရှင်ကြားမဖြစ်လိုသော မိုးဇက် တို့ကလည်း ညှပ်ပူးညှပ်ပိတ်ရှိနေကြသည့်တိုင် တစ်ခွန်းတစ်ပါဒမျှ တားဆီးခြင်းမပြုကြသဖြင့် ...။

"ဟား ..."

ဆိုင်ပြင်ကို လွတ်လွတ်ကျွတ်ကျွတ်ရောက်လာကာမှ ပင့်သက်တစ်ဝကြီး ရှူထုတ်မိလျက် ...။

"ပြောပါဦး .. မင်းက ဘယ်ကိုလိုက်သွားတာလဲ .."

မေးမိတာက ကရုဏာဒေါသတွေနဲ့ပါ၊ သို့သော် လွယ် က သူ ကိုင်ထားသည့်လက်ကို ဆောင့်ခါချပစ်၍ ...။

"ဘယ်ကိုလိုက်သွားတယ်ထင်လို့လဲ .. ရှင်က .."

ကားနားရောက်ကာမှ ရန်ဖြစ်ကြဖို့ သတိတရ မျက်နှာချင်းဆိုင်မိကြပြီး ...။

"ဒီမှာ ရှင့်လူကြောင့် ဘဝပျက်တော့မလို့ သိရဲ့လား .. ဒါလား စိတ်ချရတဲ့ အေဂျင်စီ .."

"ဟ .. ငါကလည်း အတွင်းအပြင်စစ်ဆေးပြီး ခေါ်ထုတ်လာတာမှမဟုတ်ဘဲ၊ မင်းရှေ့ရောက်လာတဲ့လူကို မင်းဘာသာ အကဲခတ်မစူးစမ်း



ဘဲ လာပါခေါ်တိုင်း .."

"ဘာပြောတယ် .."

"ဆောရီး .."

သူမရဲ့ မျက်နှာလေးပေါ်က ထိတ်လန့်မှုကို သူ မမြင်ခဲ့ရတာလည်း မဟုတ် ...။

ဒေါသအလျှောက်ပြောလိုက်ပြီးမှ ပျာပျာသလဲ ဆော်ရီးလုပ်ရင်း...။

"ဘာပဲဖြစ်ဖြစ် .. ကိုယ်မှားသွားတာပါ .. ဆော်ရီး .."

"ဟွန်း .."

သူမ မျက်စောင်းထိုးလိုက်ပြီးမှ မှုးဝေဝေဖြစ်နေတာက အစပြန်ပေါ်လာကာ ...။

"အဲ့ဒီလူ လွယ့် အအေးထဲမှာ ဆေးခတ်လိုက်တာ .."

"ဖြစ်နိုင်တာပေါ့ .. မင်းက အူတူတူ အတတလေးကိုး .."

"လွယ် တကယ်ပြောနေတာ၊ ချက်ချင်းကြီး ဗိုက်ထဲမှာရစ်လာပြီး လမ်းထလျှောက်လိုက်တော့ အန်ချင်လာတာ၊ ကြားဖူးနေတဲ့ ဆေးခတ်နည်းတွေလို မူးဝေ အိပ်ချင်လာတာမဟုတ်ဘဲ ဗိုက်နာလာတာဆိုတော့ မရိပ်မိဘူး၊ အားတွေကုန်သလိုဖြစ်ပြီး အသည်းအသန်ကြီး မူးလာကာမှ.."

"ဒါဆို မင်း ပြန်ပြေးလာနိုင်တာ တော်သေးတာပေါ့ .."

သူမကို သူ တကယ်အပြစ်မတင်သင့်ဘဲ အပြစ်တင်ခဲ့မိသည်။ ဒေါသတွေနဲ့ ဟိုလိုဒီလိုတောင်ပြောမိပြီဖြစ်၏။ ထို့ကြောင့် အားနာစိတ်နှင့်အတူ သနားခြင်းကပါ နောက်ဆက်တွဲပါလာခဲ့လျက် ...။

"ဒီလူ မရိုးသားဘူးဆိုတာ ငါလည်းသိလိုက်တယ်၊ ဒါပေမယ့် သိတဲ့အချိန်မှာ ကိုယ်လည်း ဘာမှမတတ်နိုင်တော့ဘူး .."

ဘယ်သူ့ကိုပြောပြော 'ကိုယ်' နဲ့ပဲပြောမိတဲ့အကျင့်ကြောင့် ငါတွေကိုယ်တွေ ရောထွေးကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က မင်းကို ကြံစည်ဖို့စိတ်ကူးနဲ့ ကိုယ့်ဆီကို ချဉ်းကပ်လာတာ .."

ပြဿနာရှင်းနေရသည့်အဖြစ်ကို သူကလည်း ပြောပြလိုက်ကာ..၊

"ဘာပဲဖြစ်ဖြစ် .. ဒါ ငါ့ဘက်က ချို့ယွင်းမှုပဲ .."

"ဒီလိုချည်းပဲ မဟုတ်ပါဘူး .. သူတို့က လွယ့် ကိုကျူမှ ကြံစည်ချင်ကြတာ၊ ကိုယ့်ဘဝအကြောင်းလို့ပဲ မှတ်ပါတယ် .."

လွယ့် အသံလေးခပ်ပျော့ပျော့နှင့်ဆိုကာ ကားထဲဝင်ထိုင်၏။ ပြီးတော့ တံခါးပိတ်လိုက်ရင်း ..၊

"ရှင်လည်း တက်လေ .."

"မလိုက်တော့ဘူး .."

နေမြဲ က မှန်ချထားသည့်တံခါးပေါ် လက်တင်ပြီး သူမ မျက်နှာလေးကို ငုံ့ကြည့်ကာ ..၊

"မင်းက ထူးထူးခြားခြားလှနေတဲ့မိန်းကလေးမို့ အန္တရာယ်များတာပါ၊ လျှောက်တွေးမနေပါနဲ့ .."

သူမက ပြုံးသည်မဲ့သည်မရှိသော မျက်နှာလေးနှင့် မျက်လွှာချသည်။ ပြီးတော့ မှန်တင်လိုက်လျှင် ..၊

"လွယ် .."

နေမြဲ က လွယ့် မှန်တံခါးကို ဖမ်းကိုင်ထားကာ ..၊

"ထိုင်ပြီးတာနဲ့ တံခါးတွေကို လော့ခ်ချပစ်လိုက်နော် .. ကားထဲကို စွတ်ဝိုင်ထိုင်ပြီး ပြဿနာရှာတာတွေ အများကြီးဖြစ်နေတယ် .."

"အင်း .."

"မင်း နေကောင်းရဲ့လား .."

"ရတယ် .."

"မူးနေတယ်ဆို .."

"ဘာလဲ .. ရှင် လိုက်မောင်းပေးမှာလား .."



"အဲ့ဒါက .."

"ရတယ် .. ဖယ် .."

သူ ဘာမှမပြောရသေးခင် မှန်လည်းမတင်သေးဘဲ မောင်းထွက်သွားသည်။ ရင်ထဲမှာ ခါတိုင်းလိုမဟုတ်ဘဲ ပူပန်စိတ်နှင့် မောလျှစွာ ကျန်ရစ်လေသည်။

သူမ ပြောခဲ့သည့်စကားတွေကြောင့်လား၊ နေမကောင်းသည့် မျက်နှာလေးနဲ့ ကားမောင်းသွားတာကြောင့်လား ..၊ ဘာမှန်းမသိဘဲ ဒီတိုင်း အကြာကြီးရပ်နေခဲ့မိ၏။

ပြီးတော့မှ ပင့်သက်ရှိုက်မိရင်း ဒီဘက်ပြန်လှည့်လိုက်လျှင် ..၊

"ခွပ် .."

မျက်လုံးထဲမှာ မီးပွင့်သွားသည်။

"ဒုတ် .."

"အင့် .."

ယိမ်းယိုင်သွားသည့်ကိုယ်ကို ထိန်းမတ်ဖို့ကြိုးစားနေတုန်း ခေါင်းမှာ ပူခနဲဖြစ်သွား၏။ လူတစ်ကိုယ်လုံး ညွတ်ကျသွားခဲ့စဉ် ဝေဝါးနေသည့် အမြင်အာရုံထဲမှာ ခြေထောက်တွေ လှုပ်ရှားနေတာမြင်နေရသည်။

ပြီးတော့ တက်ခေါက်ခြင်း ..၊

ထို့နောက်မှာတော့ ..၊

"မင်းပါးစပ်ကိုပိတ်ထား .. သတင်းတစ်ခုခုထွက်လာတာနဲ့ မင်းပါ အသက်ထွက်ပြီမှတ် .."

ကြိမ်းဝါးသွားတာကို သေချာကြားလိုက်သည်။

ကြားပြီးသည့်နောက်မှာ အရာရာက မှောင်အတိကျသွားခဲ့ပြီး ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ဖြစ်ရလေကွာ .. မင်းနှယ် .."

"ဘယ်သူတွေမှန်းမသိတာ သေချာလား နေမြဲ .. ဒါက ရန်ငြိုးရန်စ ဆိုရင် မပြီးသေးဘူးနော် .. မင်း .."

"မသိပါဘူးဆိုမှ .."

သူတို့ကိုကြောက်လို့ ဘူးခံနေတာမဟုတ်ပေ ...၊ ကိုယ့်မျက်လုံးနဲ့ တကယ်မမြင်လိုက်တာကြောင့် မသိဘူးပဲပြောလိုက်တာဖြစ်သည်။

"မင်း ပြန်မလာသေးဘူးလားလို့ အန်တီ ဖုန်းဆက်တာ သုံးခါရှိပြီ .."

"ဟုတ်တယ် နေမြဲ .. မင်း အမေ စိတ်ပူနေလိမ့်မယ်၊ ငါကတော့ အလုပ်ကိစ္စနဲ့ မော်လမြိုင်ခဏလိုက်သွားတယ်လို့ ပြောထားတယ်၊ မင်း ဒဏ်ရာကများတော့ မင်းကလည်း မင်းအမေကို သိစေချင်မှာမဟုတ်ဘူးလေ .."

နေမြဲ က ဦးထိုက်စံ ကမ်းပေးသည့် သံပုရာရည်ကို လှမ်းယူလိုက်ပြီး ဆိုဖာမှာ ထိုင်လိုက်ကာ ...၊

"ကောင်းတယ် .. နောက်တစ်ခါဆက်ရင် ကျွန်တော် ပြန်မရောက်သေးဘူးပဲ ပြောလိုက်ပါ .."

"ဒါပေမယ့် မင်း ဖုန်းဆက်ဦးလေ .. တော်ကြာ လူကြီးက စိတ်ပူ



မှာပေါ့ကွ .."

ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် နေမြဲ ကို ကြည့်၍ ကိုလေး နဲ့ ဦးထိုက်စံ တို့က စိတ်မချမ်းသာဖြစ်နေကြကာ ...၊

"ငါတို့အောင်မြင်လာတာ ဘယ်နှစ်နှစ်ရှိပြီလဲ .. ဒါမျိုး မဖြစ်ခဲ့ဖူးပါဘူး .."

"ဖြစ်ဖို့နေနေသာသာ လူချစ်လူခင်ပေါလိုက်တာမှ နေမြဲ ကို မပြောနဲ့ ကျွန်တော်တို့ကိုတောင် လူရှိန်တယ်၊ ကိုယ့်ရှေ့ရောက်လာပြီလားဆို ကိုယ်ကသာ အားကိုးစရာကယ်တင်ရှင်ကြီးလိုလို .."

ကိုလေး က မခံချင်သည့်လေသံနှင့်ပြောရင်း မျက်နှာကလည်း တင်းမာနေကာ ...၊

"ငါတော့ အဲဒါတွေဖြစ်လာတာ မင်းရဲ့ ဟိုတစ်ယောက်ကြောင့်ပဲ ထင်တယ် .."

မပြောစေချင်တာကို စလာပါပြီ ...၊

"ဟုတ်လောက်တယ်ကွ .. ဒီကောင်မလေးက တော်တော်လှတာ၊ ပြီးတော့ သူက ဘီယာဆိုင်က မိန်းကလေး .."

"မဆိုင်ပါဘူး ဦးထိုက် ရာ .."

"နည်းနည်းတော့ ဆိုင်မှာပဲ နေမြဲ .. မင်းက တရားခံမသိဘူးဆိုပေမယ့် သူတို့ကတော့ မင်းနဲ့ လွယ်လွယ်ခက် တွဲသွားတွဲလာ လုပ်နေတာကို မျက်မုန်းကျိုးချင်ကျိုးနေမှာပေါ့ .."

မျက်မုန်းကျိုးသည့်စကား ကြားလိုက်တော့မှ နေမြဲ တစ်စုံတစ်ယောက်ကို သတိရလိုက်မိသည်။

လွယ် ဦးလေးဆိုသည့် ရပ်စထရန့် ပိုင်ရှင် ဦးကောင်းမိုး ...၊

ဒီလူကြီးက တူမကို အိမ်ထောင်မပြုစေချင်သဖြင့် အတိအလင်း ကန့်ကွက်ထားခဲ့သူ ...၊

ဒါပေမယ့် လူကြီးတစ်ယောက်အနေနှင့် ပြီးတော့ ဦးလေးအရင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ဒီလို ဗီလိန်ဆန်ဆန် တိုက်ဖျက်တာမျိုးတော့ လုပ်မှာ မဟုတ်ပေ ..။

"နေမြဲ .."

"ဗျာ .."

"မင်း တစ်ခုခု သိထားတယ်မို့လား .."

သူ မေးနေတာကို ဦးထိုက်စံ က အငိုက်ဖမ်းမေးသည်။ ထို့ကြောင့် စားသောက်ဆိုင်မှာ ဖြစ်ပျက်ခဲ့တာတွေကို ပြန်ပြောပြလိုက်ရကာ ..၊

"သူတို့လို့တော့ ထင်ရတာပဲ .."

"ဒီလောက်ရှင်းနေတာကိုကွာ .. တောက် .."

"သူ့ဟာသူ ဘယ်အလုပ်လုပ်နေနေ ဘယ်အရပ်ဒေသကဖြစ်ဖြစ် မိန်းကလေးက မပါရင် နောက်ဆုတ်ရမှာပေါ့၊ ဒီလိုအထင်သေး အမြင်သေးစိတ်နဲ့ ဖျက်ဆီးဖို့ကြိုးစားတာကောင်းလား .."

"သူတို့ကတော့ ကောင်းလို့ဖြစ်မှာပေါ့ .."

"ကိုလေး .."

"မဟုတ်ဘူးလေ .. သူတို့အတွက်တော့ ဒီအလုပ်မျိုးက ထမင်းစားရသောက် အလုပ်လောက်ပဲရှိမှာပေါ့လို့ .."

ကိုလေး က ပြေရှင်းရှင်း နေမြဲ ဘက် လှည့်ကာ ..၊

"ဘယ်လိုလဲ နေမြဲ .. လွယ်လွှက်ခက် ရဲ့အလုပ်ကို မင်း ဆက်လုပ်မှာလား .."

"ဟုတ်တယ် နေမြဲ .. ငါတို့က အကျိုးဆောင်ပေးကြတာနော်၊ ဘာအတွက်နဲ့မှ အာမခံစာချုပ်ထားတာမဟုတ်ဘူး၊ ဖျက်သိမ်းတဲ့ဘက်က စရံအဆုံးပဲ .. ငါတို့ ဆက်မလုပ်ရင် သူ့ငွေ ပြန်ပေးလိုက်ရင် ပြီးပြီ.."

"မဖြစ်ဘူး ဦးထိုက် .. လွယ်လွယ်ခက် အတွက် အိမ်ထောင်ဘက်ကောင်း တစ်ယောက်က တကယ်လိုအပ်နေတာ၊ အလုပ်သဘောအရပဲ ကြည်ကြည် .. အန္တရာယ်တွေ ဝိုင်းနေတဲ့ မိန်းကလေးတစ်ယောက်အဖြစ်



ခြင်မြင် သူ့ကိုတော့ ဒီအလုပ်အောင်မြင်ပြီးဆုံးတဲ့အထိ ကူညီမှဖြစ်မယ် .."

ဦးထိုက်စံ က ကိုလေး ကို လှမ်းကြည့်သည်။ ပြီးမှ ပြန်လှည့်၍..၊

"နေပါဦး သူက သူ့ဦးလေးရဲ့ အရိပ်နဲ့ မလုံခြုံလို့လား၊ ဒီလူက လည်း သူ့တူမအတွက် စိတ်ချရတဲ့ အိမ်ထောင်ဘက်တွေ့ရင် စီစဉ်မပေးဘဲနေမလား .. ဖောက်ထွက်ဖို့ကြိုးစားနေလို့ အန္တရာယ်များနေတာကို ခိုနေအတိုင်း ငြိမ်ငြိမ်လေး ပြန်နေလိုက်ဖို့ပဲ မင်း တိုက်တွန်းရမှာ .."

ဒါကတော့ ဒါပေမယ့် သူမ ဘယ်လို ရင်ဆိုင်နေသလဲဆိုတာ ခရေအတွင်းကျတော့ မသိပေမယ့် သူ ခံစားကြည့်လို့ရသည်။

ထို့ပြင် အရက်ဘားမှာ ယောကျ်ားတကာကို ထိုင်ညှော်ခံနေရသည့် အလုပ်မျိုး မလုပ်ချင်ဖြစ်နေသည့် မိန်းကလေးတစ်ယောက်ရဲ့ ဒုက္ခကို ကြည့်မနေနိုင် ..။

"ပြီးတော့ မင်း စဉ်းစားကြည့် နေမြဲ .."

ဦးထိုက်စံ က သူ့စိတ် မပြတ်သားတာကို အားမလိုအားမရဖြစ်နေသည့် လေသံနှင့် ..၊

"သူ ကန်ဆယ်လ်လုပ်ထားတဲ့ လစ်(စ်)ထဲမှာပဲ မင်း ရှောင်ရတဲ့ သူတွေ နည်းတာမဟုတ်ဘူး၊ အခု နှစ်ယောက်သုံးယောက်လိုနေတဲ့ အပြင် မင်းမှာ အန္တရာယ်ပြုမယ့်သူတွေ ရှိလာပြီ .."

"အေးလေ .. မင်း သူ့အတွက် ဘယ်လိုလူကို ရွေးချယ်ခွင့်ရှိသေးသလဲ စဉ်းစားကြည့်ဦး .."

ခေါင်းတွေ ကိုက်ခဲလာသဖြင့် စဉ်းစားစရာပြောနေတော့ နေမြဲ ဆက်နှုတ်ဆိတ်မှုံ့ပွားသည်။

တကယ်တော့ ဒီလိုနေ့မျိုး ကြုံခဲ့ရတာကြောင့် လွယ့် ကို ပိုပြီး ထားခဲ့မိတာကို ပြောပြလို့လည်းမကောင်း ..။

သူမဘဝကိုတော့ နားလည်ဖို့ မကြိုးစားချင်ပါ။ ဒါပေမယ့် သူမရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်ကိုတော့ သူ စာနာပေးလို့ရခဲ့သည်။ ထို့ကြောင့် သူမအတွက် ဥပေက္ခာစိတ်မွေးဖို့က မဖြစ်နိုင် ..။

"ဘာဖြစ်လို့လဲ .. ဒဏ်ရာနာလာလို့လား .."

"ဟုတ်တယ် .. ကျွန်တော် ခဏ သွားလှဲမှဖြစ်မယ် .."

ထိုစဉ် စားပွဲပေါ်က ဖုန်းသံမြည်လာသဖြင့် ကိုလေး က ထကိုင်လိုက်၏။

"ဪ .. ဟုတ်တယ် .. သိတယ် ကိုလပြည့်မောင် .. ကျွန်တော် လာခဲ့မယ်၊ မချောအေမီ က နောက်ကျမယ်လို့ ဖုန်းဆက်ထားလို့ပါ.."

"..... ..... ....."

"ဟုတ်ကဲ့ .."

ဖုန်းပြောရင်း နေမြဲ ကို လှမ်းကြည့်၍ လက်မကို အောက်စိုက်ပြကာ ..၊

"ကိုနေမြဲ က အလုပ်ကိစ္စတစ်ခု မပြတ်သေးလို့ပါခင်ဗျ .."

"..... ..... ....."

"ဟုတ်ပါပြီ .. စိတ်ချပါ၊ အိုခေ .. အိုခေ .."

ဖုန်းပြောပြီးထလာလျှင် စကားတွေ များဦးမှာကို သိနေကာ နေမြဲ အရင်ထရပ်လိုက်ပြီး ငမျိုး ဆီ ဖုန်းခေါ်လိုက်၏။

"ဟလို .."

"..... ..... ....."

"ကိုမျိုး လား .."

"ဪ .. အေး .. သိပ်မကြားရလို့ နေမြဲ လား .."

"ဟုတ်တယ် .. ကျွန်တော် ဒီည ပြန်အိပ်မှာမဟုတ်လို့ အမေ့ကို ဂရုစိုက်ပေးပါ၊ ကိုမျိုး အိမ်မှာ အိပ်လိုက်ပါဗျာ .."

"အေးပါ .. ဒီည စောစောလေး သွားလိုက်ပါ့မယ်၊ မင်းက ဘယ်ရောက်နေလို့လဲ .."



"မော်လမြိုင်မှာ အစက ချက်ချင်းပြန်ဖို့ပဲ မပြန်နိုင်လို့ .."

"စိတ်ချ .."

ကိုမျိုး နာမည်ကိုက 'မျိုး' တစ်လုံးတည်းဖြစ်သည်။ ထို့ကြောင့် ရင်းနှီးတဲ့သူတွေက ငမျိုး လို့ပဲခေါ်ကာ တစ်ချို့ကတော့ ကိုမျိုး လို့ခေါ်ကြ၏။

သူကတော့ ကိုယ့်ထက်လည်း အသက်ကြီးသူမို့ ကိုမျိုး ပဲခေါ်ကာ ခြေထောက်မှာ ဖွေပါနေသလို လှစ်လှစ်ပါအောင် သွားလာနေတတ်သည့် အကျင့်ကိုလည်း သည်းခံရသည်။

ဘာပဲဖြစ်ဖြစ် ကိုမျိုး ကို မိအောင်ဖမ်းပြီး ခိုင်းနိုင်တာ သူပဲရှိသည်။ ဆွေမျိုးတွေထဲက တစ်ချို့ကလည်း အံ့သြကြ၏။ ဖုန်းချလိုက်ရင်း မျိုး ကို စိတ်ချလို့ရပါ့မလားတွေးနေမိ၏။

ဒါပေမယ့် သူ ခိုင်းသမျှတော့ ဘယ်အခါကမှ တလွဲတချော်ဖြစ်သည်မရှိခဲ့ဘူးခဲ့ပေ ..။ အတွင်းခန်းထဲဝင်လာပြီး အိပ်ရာသားမှာ ဝင်ထိုင်မှ မေမေ့ဆီ ခေါ်ကာ ..၊

"ကျွန်တော် မော်လမြိုင်မှာပဲ အိပ်ရတော့မှာ မေမေ .."

"အေးပါ သားရယ် .. မေမေ့အတွက် မပူပါနဲ့၊ မေမေက ဖုန်းမလာလည်းမလာနဲ့ဆိုတော့ စိတ်ပူလို့ .."

"စိတ်မပူနဲ့နော် မေမေ .. အလုပ်ကိစ္စအရေးကြီးလို့ပါ .."

မေမေ့ကို ရံဖန်ရံခါ ညာပြောလိုက်ရတဲ့အခါတိုင်း စိတ်ထဲမှာ အောင်း ..။

သို့သော် မိဘကို စိတ်မပူဖို့ လိမ်ညာပြောခဲ့မိသည့်အပြစ်က ညကျ ..ပေးလေသည်။ ကိုယ့်ကိုယ်ကိုယ် မျက်လုံးတွေပူနေသည်လို့ထင် ..မယ့် အဖျားကြီးလာမယ်လို့ မထင်ခဲ့ပေ ..။

သန်းခေါင်ကျော်ကာမှ အဖျားတက်လာတာ တစ်ရှာနှစ်ဆယ်..သည်။ ထို့ကြောင့် ကိုလေး သူ့ကို ဆေးရုံပြေးတင်လိုက်ရကာ..၊

www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း၊ ရေခဲပတ်လေးတင်ပေးလိုက်ရင် ရပြီကို .."

အဖျားကျသွားတော့ နေမြဲ က အပြစ်တင်၏။

"မင်းက ကယောင်ကတမ်းတွေပါပြောနေတော့ ငါလည်း ကြောက်တာပေါ့ကွ .. အဲဒီကြားထဲ ကိုယ့်ဘာသာ ရေအိမ်ထသွားပြီး ဘာနဲ့တိုက်မိလာမှန်းမသိဘူး ခေါင်းက ဒဏ်ရာက သွေးတွေထွက်နေတာ .."

"တော်ပါပြီ .. ရပြီ၊ ငါ ဒီရက်ပိုင်းမှာ အင်ဂေ့ရှ်မန့်(န်) လုပ်ရမှာတွေရှိတယ်၊ ဆေးရုံမှာ နှပ်နေလို့မရဘူး .."

"အဲဒါတွေ ငါတို့လည်း သိပါတယ်ကွာ .. တော်ရုံကိစ္စတွေ ငါတို့ဘာသာလုပ်မှာပေါ့ .."

"မဖြစ်ဘူး .."

ပတ်တီးလေးဖွေးဖွေးနှင့် ပြန်ချလာပြီး ဖုန်းတွေဆက်လိုက် အပြင်ထွက်သွားလိုက်နှင့် ..၊

"ဒီကောင် မလွယ်ဘူး .."

ဦးထိုက်စံ က ခေါင်းခါ၏။

"ဟုတ်တယ် .. မလွယ်တဲ့နောက်တစ်ယောက်လာပြီ .. ဟိုမှာ .."

ဦးထိုက်စံ လှည့်ကြည့်လိုက်မိကာ လွယ့် ကို မြင်လိုက်တော့ သရဲတစ္ဆေမြင်လိုက်တဲ့အတိုင်း ..၊

"လွယ်လွယ်ခက် .."

"အန်ကယ်လ် .. ကိုနေမြဲ နေမကောင်းလို့ဆို .."

"နေမကောင်းတာမဟုတ်ဘူး .."

"ဟင်!..."

"ရန်ဖြစ်လာတာ .."

"ရန်ဖြစ်တယ် .."

လွယ် က ဘာမှမသိပေ ..၊ မနေ့က ဖုန်းလှမ်းဆက်တုန်းက ကိုလေး ပြောလို့ သိခဲ့တာဖြစ်သည်။



"သူ ဖုန်းပြောနိုင်မှာမဟုတ်ဘူး .. နေမကောင်းဘူး" ဆိုတော့ ဖျားနာသည်ပဲထင်ခဲ့၏။ ထိုစဉ် နေမြဲ အပြင်ကနေ လှမ်းဝင်လာကာ လွယ့် ကို မြင်လိုက်တော့ ခြေလှမ်းတုံ့သွား၏။

လွယ် ကလည်း လှည့်ကြည့်သည်မို့ မျက်နှာချင်းဆိုင်မိပြီဖြစ်ကာ..၊

"ရှင် ရန်ဖြစ်တာဆို .."

ပြောလိုက်ပြန်ပြီ ဒီကောင် ..၊

သူ လှမ်းကြည့်သည့်မျက်လုံးကို ကိုလေး က နားလည်ပြီး ခေါင်းခါ၏။

"ငါဘာမှမပြောဘူး .. ခုပဲ ဦးထိုက် ပြောလိုက်တာ .."

"မင်းက မဟုတ်လို့လား .."

ခေါင်းမှာ ပတ်တီးအဖွေးသားနဲ့ကို ဘာဖြစ်လို့ ကိုယ့်ကျမှ ဖုံးကွယ်ချင်ရတာလဲ၊ ဦးထိုက်စံ မျက်နှာကလည်း သူမကိုကြည့်တာ တစ်မျိုးဖြစ်နေသည်။ ကိုလေး ဆိုတဲ့လူက မပြောချင်မဆိုချင်သလိုပုံနှင့် လှည့်ဝင်သွား၏။

အခြေအနေကို တစ်ချက်လောက်ငေးကြည့်ပြီး အကဲခတ်လိုက်တာနှင့် လွယ် ရိပ်မိသွားခဲ့သည်။

"လွယ် နဲ့ ပတ်သက်နေလို့လား .."

"မဟုတ်ပါဘူး .."

"ဟုတ်တယ် .."

ဦးထိုက်စံ မျက်နှာက နေမြဲ ဖုံးကွယ်လိုက်ကာမှ သိသိသာသာတည်တုံ့သွားခဲ့လျက် ..၊

"ဟုတ်တယ် လွယ်လွယ်ခက် .. အဏ္ဏဝါ မိုးဇက် နဲ့ သွားတွေ့တဲ့နေ့ကဖြစ်လာတာ .."

လွယ် က ဝင်လာသည့်နေရာမှာပဲ ရပ်နေဆဲရှိကာ ဒီရောက်မှ သိလိုက်ရသည့်အဖြစ်တွေကြောင့် အံ့သြနေခဲ့လျက် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လွယ် ပြန်သွားမှပေါ့ .."

"ဟုတ်တယ် .."

နေမြဲ က ခပ်ငုံ့ငုံ့လျှောက်လာရင်း ဖြေလိုက်ပြီး ဆိုဖာတွေမှာထိုင်လိုက်ကာ ...၊

"ထိုင်လေ .."

သူ မေးဆတ်ပြမှ လွယ် တစ်လုံးလုံးချင်းဝင်လာသည့် ဒေါက်ဖိနပ်သံက ခပ်ညက်ညက်လေး စည်းချက်ညီလျက် ...၊

"လွယ့် ကြောင့် ဖြစ်ရတဲ့အတွက် ဆော်ရီးပါ .."

"ရတယ် .. ဘာမှမဖြစ်ဘူး၊ မင်းနဲ့ပတ်သက်ပေမယ့် ဒါ ငါ့အလုပ်ပဲ .."

"တစ်ခါမှတော့ မဖြစ်ခဲ့ဖူးဘူးမို့လား နေမြဲ .. မင်းတို့ အလုပ်ဆက်လုပ်ကြမယ်ဆိုရင်တော့ ဒီတိုင်းဆို အရမ်းအန္တရာယ်များနေတာနော်.."

ဦးထိုက်စံ က ပေါ်ပေါ်ထင်ထင်သတိပေးလိုက်ကာ သူတို့နှစ်ယောက်နားမှာ လာရပ်လိုက်ပြီး ...၊

"ဒီက တူမကြီးကို အန်ကယ်လ် တစ်ခုလောက်တော့ မေတ္တာရပ်ခံချင်တယ်၊ အဲဒါက ဘာလဲဆိုတော့ အန်ကယ်လ်တို့ တော့ အခု သားလူဖြစ်သွားပြီပဲ ထားပါ၊ ငါ့တူမရဲ့ အိမ်ထောင်ဖ ကိစ္စကို နေမြဲ ကပဲ အကျိုးဆောင်ပေးမှာဆိုတော့ သူသိထားသင့် လောက်တော့ တူမကြီး ပြောပြထားသင့်တယ် .."

"လွယ် ကလည်း ပြောနိုင်သလော ကို ပြောပြထားတာပါ .."

"အန်ကယ်လ်ဖြစ်စေချင်တာက ့ အခြေအနေက အားလုံးထင်ထားတာထက် ရှုပ်ထွေးနေတယ်ထင်တယ်၊ အန်ကယ်လ်တို့က ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့အလုပ်ကို ဥ ဒေသောင်ထဲကနေ လှုပ်ရှားအကျိုးဆော ကြတဲ့လူတွေပါ၊ ပြောရရင် ဈေးရောင်းဈေးဝယ်ပါပဲ၊ အသက်အန္တ ာယ်နဲ့ ရင်းနှီးပေးဆပ်ကြတဲ့အလုပ်မျိုးမဟုတ်ဘူးလေ၊ ပေါ့ပေါ့



ပါးပါးဆောင်ရွက်သွားနိုင်မယ်ဆိုရင် အကောင်းဆုံးပေါ့ .."

"လွယ့် ဘက်ကလည်း အန်ကယ်လ်ပြောသလို ရှုပ်ရှုပ်ထွေးထွေးတွေ မပါပါဘူး၊ ဖြစ်လာတာတွေကိုတော့ လွယ် ကိုယ်တိုင်လည်း ခုထိဘာမှ နားမလည်နိုင်ဘူး .."

"ဒါပေမယ့် တူမကြီးကို သိနေကြတဲ့လူတွေ နောက်ထပ် ဘယ်လောက်တောင်ရှိနေသေးလဲဆိုတာ .. အဲ .. ပြောရရင်တော့ နောက်ထပ် ဒီလိုကြံစည်မှုတွေရှိလာနိုင်တယ်ဆိုတာကို တူမကြီး လက်ခံတယ်မို့လား.."

လွယ် က ခပ်တည်တည်လေးကြည့်နေပြီး ဘာမှမပြောဘဲနေ၏။ သူမ မျက်နှာမှာ ဘယ်လိုလှုပ်ရှားပြောင်းလဲမှုမှမရှိခဲ့ဘဲ ဦးထိုက်စံ ဘာပြောမလဲဆိုတာကို နားထောင်နေပုံက သွေးအေးလွန်းနေလျက် ...၊

"အန်ကယ်လ် တွေးကြည့်လို့ရသလောက်ဆိုရင် .."

"ဦးထိုက် ခဏ .."

နေမြဲ က စကားဖြတ်ပြီးတားဆီးလိုက်ကာ ...၊

"ဦးထိုက် ပြောတာလည်းမှန်တယ်၊ သူပြောသလို သူကိုယ်တိုင်ခုမှ ရင်ဆိုင်နေရတာတွေကို နားမလည်တာလည်း ဖြစ်နိုင်တယ်၊ အဲဒီတော့ ဒီကြားထဲက အခြေအနေကို နိုင်ကွက်နင်းပြီး မိန်းကလေးတစ်ယောက်ရဲ့ဘဝကို အထင်သေးစိတ်နဲ့ တမင်ရိုက်ချိုးချင်တာမျိုးကိုတော့ ရှောင်ထွက်ပေးဖို့ မလိုပါဘူး .."

နေမြဲ ၏ အမြဲတမ်း အဆီအငေါ်မတည့်စွာ ပြောနေတတ်သည့် ခပ်ပြတ်ပြတ်စကားလုံးတိုင်းမှာ ဒီစကားတွေကိုတော့ လွယ် အံ့သြမိလေသည်။

ခေါင်းမှာရော လက်မှာပါ ဒဏ်ရာတွေနဲ့တောင်မှ စိုးရိမ်စိတ်ဖြစ်သည့်ပုံစံ နည်းနည်းလေးမှ မပေါ် ...၊

"ကိုယ့်ဘက်က မရိုးသားတာ ဘာမှမရှိဘူး .."

"ရိုးသားတဲ့လူတွေပဲ ခံကြရတာ နေမြဲ၊ ကိုယ်က အကောင်းရောင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာပေမယ့် အမှောင်ထဲကလူက အမြဲတမ်းသာတယ်၊ ပြီးတော့ ..."

ဦးထိုက်စံ လွှယ် ကို ငုံ့ကြည့်ကာ ...၊

"ဒီလူတွေက လမ်းဘေးအရက်ဆိုင်သေးသေးလေးထဲက ထလိုက်လာပြီး ချောင်းရိုက်တဲ့လူစားမျိုးတွေမဟုတ်ဘူး၊ သူတို့က ဂုဏ်သိက္ခာကို ငွေနဲ့ကာပြီး တပည့်တပန်းတွေနဲ့ သေသေသပ်သပ်လှုပ်ရှားတာ-

"ကျွန်တော် ဂရုမစိုက်ဘူး၊ ခုလို ခံလိုက်ရလို့ ပိုပြီး ရင်ဆိုင်ချင်တာ၊ မနိုင်လို့ လူပိပြားပြီး အော်နေရပါစေ ကြောက်လို့တော့ ရှော မပြေးဘူး ..."

"နေပါဦး .. ငါတို့ချည်းပဲပြောနေကြတာ၊ လွှယ်လွှယ်ခက် ဘာမှမပြောသေးပါဘူး၊ တူမကြီး အခု ရောက်လာတာက အလုပ်ကိစ္စ အတိုးအဆုတ်ရှိလို့များလား ..."

ဦးထိုက်စံ ၏ စကားက လွှယ် ကို အလုပ်ကိစ္စပြန်ရုတ်သိမ်း ချင်တာမှန်း သိသာနေ၏။ လွှယ် ကလည်းသိသည်။ သို့သော် တည်ငြိမ် သည့်မျက်နှာလေးနှင့် ခေါင်းခါ၍ ...၊

"ကိုနေမြဲ နေမကောင်းဘူးဆိုလို့ တမင်လာခဲ့တာပါ၊ မနက်ဖြ လွှယ့် မွေးနေ့လေ .. ဟိုတယ်လ်မှာ ဒင်နာလုပ်မယ်၊ လွှယ့် အတွက် အရေးကြီးတဲ့အဓိကလူတွေပါပဲ၊ အလွန်ဆုံး ရှစ်ယောက်လောက်ပဲ -

ကြည့်ဦး .. ဒီလောက်ပြောပြပေးနေတာတောင် ဒီမိန်းကလေး လည်း ဖွတ်ပါလား ...၊

ဦးထိုက်စံ သက်ပြင်းချမိ၏။ နေမြဲ ကို ကြည့်သည်။

"အလုပ်ကိစ္စနဲ့သက်ဆိုင်ဖို့ရှိသလား လွှယ် .. မဟုတ်ရင်တော့ ကိုယ်လာနိုင်မယ်မထင်ဘူး၊ မေမေ့ကို ခရီးသွားနေတယ်လို့ပြောထား တာ ..."

"ဟုတ်တယ် .. ဒဏ်ရာကပြင်းတော့ နေမကောင်းသေးဘူး

"အလုပ်ကိစ္စနဲ့ဆိုင်တယ် .."



လွှယ် ကလည်း အခြေအနေကို နည်းနည်းလေးတောင် အကဲမခတ် သည့်မျက်နှာလေးနှင့် မော့၍ ...၊

"ရှင့်ကို အကဲခတ်စေချင်တဲ့ လူတွေပါနေတယ် .."

နေမြဲ ရဲ့ မျက်လုံးတွေကို တည့်တည့်ကြည့်ပြီးမှ မျက်ဝန်းလေးတွေ က ညှို့သက်သွားခဲ့၏။ ပြီးတော့ မျက်လွှာချကာ ...၊

"သူတို့ကို ရှင် သိနေနိုင်တယ်၊ သိချင်မှလည်း သိလိမ့်မယ် .. ဒါ ပေမယ့် လွှယ် ကိုယ့်ကိုယ်ကိုယ် ပုံချဖို့မယုံကြည်ဘူး၊ အဲဒါကြောင့် ရှင့်ကို ခေါင်းစားခိုင်းတာ .."

"မင်းလို ကိုယ့်ကိုယ်ကိုယ် ကောဖီးဒဲ့(န်စ်)အပြည့်ရှိတဲ့လူက ခေါင်း ငှားတယ်ဆိုတော့ အံ့သြစရာပဲ .."

"တစ်ခေါင်းက ထွက်တဲ့ဆုံးဖြတ်ချက်နဲ့ နှစ်ခေါင်းတွေးလို့ထွက် လာတဲ့အဖြေ ဘယ်ဟာကိုရွေးသင့်သလဲဆိုတာ ချိန်ထိုးကြည့်ချင်တာ ပါ၊ ပြီးတော့ .. ရှင့်ကို လွှယ် ယုံတယ် .."

ဦးထိုက်စံ မျက်နှာ မသာမယာဖြစ်သွားသည်။ တခြားအချိန်မှာဆို ဒီစကားကြောင့် ဘဝမြင့်သွားနိုင်ပေမယ့် ခုချိန်မှာ ကြားရတာကျတော့ လက်ငှားနဲ့ လူသတ်ခိုင်းသလိုမျိုး ...။

ဘယ်လို မိန်းကလေးလဲ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဒါ ဘာသဘောလဲ ကိုရဲသွေး .."

"ရဲသွေးနီ ပါ .."

"ရှင့်နာမည်ကို စိတ်မဝင်စားဘူး၊ ကျွန်မရဲ့ ဘက်သ်ဒေး အတွက် ဒီအခန်းကို ကျွန်မ ယူထားတာ .."

"ကိုယ်ကလည်း မင်းရဲ့ ဘက်သ်ဒေး အတွက်ပဲလေ ..'

"ဒီကိစ္စ မန်နေဂျာနဲ့ ရှင်းမယ် .."

"ဟော့ .. နေပါဦးကွ .."

ရဲသွေး က တားဆီးပြီး ရှေ့မှာပိတ်ရပ်ထားလိုက်၏။ မျက်နှာက ခပ်ဝိုင်းဝိုင်းခပ်ပြားပြား ဒါပေမယ့် နှာတံပေါ်တော့ ကြည့်ရမဆိုးပေ။ ဒါပေမယ့် အသားတွေနီနေအောင် ဖြူသည့်အသားက စိတ်ပျက်ဖို့ ကောင်း၏။

ပြီးတော့ တည်နေရင် မဆိုးလှပေမယ့် ရယ်လိုက်တော့ ရှေ့သွားတွေက ကျဲချင်နေတာ လူကို ရုပ်ဆိုးစေ၏။ သူ့ကိုယ်သူတော့ တော်တင်းကြံ့ခိုင်သည့်ယောကျ်ားလို့ ထင်နေသလားမသိ ..။

မစို့မပို့ စွတ္ထက်နေသည့်ခပ်ရွှဲရွှဲမိုက်ကို ဖုံးဖိမထားနိုင်တာက ခက်



နေလေသည်။ သူ့ကို လွှယ် က ခြေဆုံးခေါင်းဆုံးကြည့်ပြီး နှာခေါင်းလေး တွန့်တော့ တဟားဟားရယ်ကာ ..၊

"မင်းက သဘောကျလောက်မယ့် ယောကျ်ားမျိုး ဟုတ်မဟုတ် တော့မသိဘူး၊ ကိုယ်ကစပြီး မင်းကို သဘောကျနေတဲ့ ယောကျ်ားတွေ က အများကြီးပဲလေ၊ ဒါကြောင့် ကိုယ် ကြိုးစားလိုက်တဲ့ ပထမဆုံး ခြေလှမ်းဆိုပါတော့ .."

"ကျေးဇူးတောင်တင်ရဦးမယ် .."

"ရပါတယ် .. ဒီပွဲလေးကို မင်း ကြည်ကြည်သာသာလေးတက် ပေးရင် ရပါပြီ .."

"စိတ်မဝင်စားဘူး .."

လွှယ် က သူ့ကိုရှောင်ပြီး တံခါးဆီ ပြန်လှည့်လိုက်၏။ ထိုစဉ် အပြင်ကနေ ဝင်လာသူက နေမြဲ ဖြစ်နေရာ လွှယ် ယောကျ်ားနှစ်ယောက် အလယ်မှာဖြစ်သွား၏။

"ဘယ်သူမှ .."

'မလာကြသေးဘူးလား' လို့ မေးမယ့်စကားက အဆုံးထိမရောက် လိုက်ပေ ..။ အခန်းထဲမှာ မွေးနေ့ပွဲအတွက် ပြင်ဆင်ထားတာဆိုလို့ ဘာတစ်ခုမှ ရှိမနေဘဲ ဘယ်သူ့ကိုမှလည်းမတွေ့ ..။

အဲဒါကိုကြည့်လိုက်ပြီး နေမြဲ ကြောင်တောင်တောင်ဖြစ်သွားသည်။ လွှယ် က မဖြေရသေးဘဲ ရဲသွေး က ခြေလှမ်းရွှေ့လိုက်ပြီး နေမြဲ ဘက် ကို မျက်နှာချင်းဆိုင်လိုက်ကာ ..၊

"မွေးနေ့ပေမယ့် ဒီမှာ သီးသန့်ပွဲပဲလုပ်မှာ၊ ဘာဧည့်သည်မှ မလာ ဘူး .. မင်းလည်း .."

"ကျွန်တော့်ကို သူ ဖိတ်ထားတာ .."

"ဒီပွဲက ကိုယ် စီစဉ်တာ .."

www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲသွေး .."

လွှယ့် အသံလေးက ဒေါသကြောင့် တုန်ယင်နေကာ ရဲသွေး မျက်နှာရှေ့ကို တိုးသွားလိုက်ပြီး ...၊

"ဘာဆိုင်လို့လဲ .. ရှင်နဲ့ လွှယ် နဲ့ ဘာဆိုင်လို့ ဒီထိ လိုက်နှောင့်ယှက်နေတာပဲ .."

"သူကရော .."

နေမြဲ ကို မေးဆတ်မေးပုံက သူကပဲ မေးခွင့်ရှိတဲ့အတိုင်း ...၊

"သူက ဘာဖြစ်ဖြစ် လွှယ် ကိုယ်တိုင်ဖိတ်ထားတာ လွှယ့် ဧည့်သည် .."

"ကိုယ်က ဧည့်သည်မဟုတ်ဘူး၊ မင်းကို လက်ထပ်ယူမယ့်သူ .."

"ဘာပြောတယ် .."

"ယောင်တောင်ပေါ်င်တောင်လုပ်စားနေတဲ့ အေဂျင်စီနဲ့ အကျိုးဆောင်ခိုင်းမှာမဟုတ်ဘူး .. ကိုယ့်စွမ်းကိုယ်စနဲ့ .."

"တောက် .."

ပြောနေလေ ဒေါသထွက်စရာတွေ ကြားရလေမို့ လွှယ် တက်ခေါက်ကာ အဝင်ဝဆီ လျှောက်သွားပြီး နေမြဲ လက်ကိုဆွဲလိုက်၏။

"သွားမယ် .."

"ဘယ်ကိုသွားမှာလဲ .."

ရဲသွေး က ဖျတ်ခနဲ အနားကပ်လိုက်ကာ လွှယ့် လက်တစ်ဖက်ကို ဆွဲထားလိုက်၏။

"လွှတ် .. ကဲဟာ .."

လက်ကို ဆောင့်ခါချပစ်ကာ လွှတ်သွားသည့် ထိုလက်က ရိုပ်ခနဲ မြှောက်တက်သွားသည်။ ထိုစဉ် မီးရောင်တွေ ဖျတ်ခနဲ မှိတ်ကျသွား၏။

လွှယ့် ရဲ့ လက်က လေထဲမှာပဲရပ်တန့်သွားရကာ ရောင်စုံအလှမီး



တွေ ပြိုးပြိုးပြက်ပြက် လင်းလာကြလေသည်။ ပြီးတော့ ဂီတသံနှင့်အတူ ဆလိုက်မီးတွေ ဟိုဒီဝေ့ဝဲလာကြ၏။

"ဟက်ပီးဘက်သ်ဒေး လွှယ်လွှယ် .."

"ဟေး ..."

"ဖြောင်း .. ဖြောင်း .. ဖြောင်း .."

မွေးနေ့သီချင်းနှင့် လက်ခုပ်သံတွေ ဆူညံသွားသည်။ လွှယ် ကိုယ်တိုင် မှင်တက်မိနေကာ ဦးကောင်းမိုး နှင့် မိတ်ဆွေရင်းချာတွေကို အုပ်စုလိုက် စုံစုံလင်လင်မြင်လိုက်ရသဖြင့် အခြေအနေကို ရိပ်မိသွား၏။

သူမ ဒီမှာ စီစဉ်ခဲ့တာက မွေးနေ့ပွဲချည်းပဲမဟုတ်ဘဲ အခင်ဆုံး သူငယ်ချင်းတွေနဲ့ စုပေါင်းပြီး ရယ်ရွှင်စရာဟာသအစီအစဉ်လေးတွေနဲ့ပေါ့ ...။

ခုကျတော့ .. အားလုံးတလွဲ ...၊

လွှယ့် မျက်ဝန်းလေးတွေ မီးတောက်တွေဖြာနေသကဲ့သို့ ရဲသွေး မျက်နှာဆီ တန်းရောက်သွားသည်။ ရဲသွေး က အနားလျှောက်လာပြီး လွှယ် ဆုပ်ကိုင်ထားဆဲရှိသည့် နေမြဲ ရဲ့ လက်ကို ဖြုတ်ချပစ်လိုက်၏။

ပြီးတော့ ခပ်ရိုရိုလှောင်ပြုံးနှင့် ...၊

"ကိုယ် ပြောခဲ့သားပဲ .. ကိုယ် လိုချင်တာရဖို့အတွက် တုံးပဲခုရခုရ .. အကိုင်းပဲ လှုပ်ချရပါစေ .. ရဖို့က လိုရင်းဆိုတာ .."

"ဟက်ပီဘက်သ်ဒေး သမီး .."

ဦးကောင်းမိုး က မိတ်ဆွေတွေ ခြံရံလျက် အနားရောက်လာ၏။ လွှယ့် မျက်လုံးက နားမလည်ခြင်းတွေ၊ ဒေါသမီးတောက်တွေကို သူက ဒေါသမာနကင်းသောအပြုံးတို့နှင့် ကာဆီးတိုက်ဖျက်၍ ...၊

"ဒီနှစ်မှာ သမီးရဲ့ မွေးနေ့ကို ထူးခြားစေချင်လို့ အန်ကယ်လ်က တမင်စီစဉ်လိုက်တာပါ .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် လွှယ် ဒီမှာ စီစဉ်ထားတာတွေကို တိုက်ဖျက်ချပြီးမှ လွှယ့် မွေးနေ့ကို လွှယ် မသိတဲ့လူတွေနဲ့ .."

"သမီး ဖိတ်ထားတဲ့သူငယ်ချင်းတွေ လာကြပါလိမ့်မယ်၊ အန်ကယ်လ် ခင်းကျင်းပေးတဲ့ အစီအစဉ်ပြီးရင် သမီးသူငယ်ချင်းငါးယောက်အတွက် သီးသန့်ညှိခံပါ .."

ငါးယောက်မဟုတ်ဘူး .. ခြောက်ယောက် ...၊

"ဒီက မောင်ရဲသွေး က အန်ကယ်လ်တို့ စီးပွားရေးနဲ့ တစ်သွေးတည်းတစ်ကြောတည်း ပေါင်းစည်းဖို့ရှိတဲ့ လူငယ်စီးပွားရေးပညာရှင်ဆိုပါတော့၊ ခုလည်း အန်ကယ်လ်တို့ကို အများကြီးကူညီပေးနေတာပါ၊ နိုင်ငံခြားစီးပွားရေးနယ်ပယ်ထိ လက်တွဲကြဖို့ အစီအစဉ်တွေလည်း ဆွဲထားပြီးပြီ .."

မိတ်ဆက်ပေးနေသည့်အချိန်မှာ ရဲသွေး မျက်နှာပေါ်က ပိုင်နိုင်သည့်အပြုံးတွေက အကောင်လိုက်နုပ်နုပ်စင်းပစ်ချင်အောင် မထိတ်ထိ ရှိနေခဲ့လျက် ဝန်းရံခနေသော မိတ်ဆွေအသိုင်းအဝိုင်းအားလုံး၏ ထောက်ခံချက်အပြည့်နှင့် အပြုံးတွေကလည်း ချိတ်ဆက်ညီနေကြသည်။

ဦးကောင်းမိုး သည် လွှယ် ကို မတိုင်ပင်အကြောင်းမကြားဘဲ မွေးနေ့ပွဲကို ဖျက်လိုဖျက် ပြင်လိုပြင် စိတ်တိုင်းကျ ဦးဆောင်စီစဉ်ရုံမကဘဲ လူပုံအလယ်မှာ ဒီလူနဲ့ လွှယ့် ကို ဇွတ်စပ်ပြီးသားဖြစ်သွားစေချင်တာမှန်း နေမြဲ နားလည်နေ၏။

ဒါဟာ အုပ်ထိန်းသူ လူကြီးတစ်ယောက်အနေနှင့် စီမံခွင့်ရှိသည်မှန်သော်လည်း ...၊

"သမီးလည်း သိတာပဲ အန်ကယ်လ်တို့ စီးပွားရေးမှာ သမီးလည်း ပါနေရတယ်၊ အန်ကယ်လ်လည်း မနားရဘူးလေ၊ ပြီးတော့ ရှိတာမှ တူဝရီးနှစ်ယောက်တည်းရယ် .. ရဲသွေး လို လူရွှယ်တစ်ယောက်ကို



ကိုယ့်မိသားစုလို ယုံကြည်အားကိုးရမယ်ဆိုရင် လုပ်ငန်းအတွက် ဘယ်လောက် အဆင်ပြေသွားလိုက်မလဲ .."

"အန်ကယ်လ် ပြောချင်တာ အဲ့ဒါ မဟုတ်ဘူးထင်တယ် .."

"သမီးကို နားလည်မှုရှိအောင် အရင်ရှင်းပြတာပါ၊ ဒါပေမယ့် အခု ဒီလောက်ပဲလေ .. မွေးနေ့ပွဲပြီးမှ ဆက်ကြတာပေါ့ .."

လွှယ် က ရှိနေသည့်လူတွေကို ဇေကြည့်ပြီးမှ ခေါင်းခါလိုက်ကာ ..၊

"မွေးနေ့က အရေးမကြီးပါဘူး .. အန်ကယ်လ့်စကားကို ဆုံးအောင်ပြောပါ .."

ဦးကောင်းမိုး မျက်နှာတော့ ပျက်သွားသည်။ လွှယ့် မျက်နှာ ဒီလောက်ထိ ဒေါသတွေနဲ့ ပြောင်ပြောင်တင်းတင်းဖြစ်သွားလိမ့်မည်လို့ မထင်ခဲ့တာ အမှန် ..။

ထို့ပြင် ရှိနေကြသည့် လူကြီး ပရိသတ်ရှေ့မှာ သူမ မဆင်မခြင် ပြောမှာမဟုတ်ဘူးလို့ ထင်ထားခဲ့မိတာဖြစ်သည်။

"မဟုတ်ဘူးလေကွယ် .. ကိုယ်ကိုယ်တိုင် စီစဉ်ပေးထားတဲ့ မွေးနေ့က ပထမ အရေးကြီးပါ၊ ဆက်ရန်ရှိတဲ့ အစီအစဉ်က ဒုတိယ .."

ရဲသွေး ဝင်ပြောလိုက်မှ လွှယ် ပြောချင်သည့် စကားတွေက ကမ်းကျော်ခွင့်မရသော ရေစီးကို ချောင်းစွယ်ဖွင့်ပေးလိုက်သလိုဖြစ်သွားခဲ့ပြီး...၊

"ဒါဆို .. ခုန အန်ကယ်လ် စီစဉ်တယ်ဆိုတာက ဘာလဲ .. ရှင်က အန်ကယ့်လ် ကိုယ်စား စီစဉ်သူလား၊ အန်ကယ်လ်က ရှင့်ကိုယ်စားလား.."

"အန်ကယ်လ် သဘောတူပေးလို့ ကိုယ်က စီစဉ်တာလေ .."

"ဒါဆိုရင်တော့ ကျွန်မနဲ့ ပတ်သက်တဲ့ အစီအစဉ်တွေကို ကျွန်မ ဘာမှ မသိခဲ့တဲ့အတွက် လုံးဝ အသိအမှတ်မပြုဘူး ကိုရဲသွေး .."

လွှယ် က တစ်ခါတည်းပြောပေးလိုက်ရင်း ...၊

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသိတဲ့ မွေးနေ့က ကိုးလလွယ် ဆယ်လမွေးခဲ့တဲ့ ကိုယ်ရဲ့ မွေးသမိခင်ကြီးရဲ့ ကျေးဇူးကို သတိရအောင်မေ့တဲ့ပွဲပါ၊ ဒါကြောင့် မနက်ပိုင်းမှာ ဘုရားသွားပြီး မေမေ့အတွက် ကောင်းမှုကုသိုလ်တွေ ပြု ပေးခဲ့တယ်၊ အမိဋ္ဌာန်ပြု ဆုတောင်းခဲ့တယ်၊ မွေးနေ့ရဲ့ အဓိပ္ပာယ်က အဲ့ဒီမှာ ပြီးသွားပါပြီ .."

ရဲသွေး က မမိုတ်မသုန်ကြည့်နေရင်း မျက်လုံးတွေက အေးစက် စူးရဲလာကြလျက် ..၊

"ဒါ လူတိုင်းသိတဲ့ အကြောင်းတွေပါ .."

"သိရင်လည်း သိမှာပေါ့ .. ဒါပေမယ့် အများစုကတော့ မွေးနေ့ မှာ ပျော်ပွဲရွှင်ပွဲတွေ တခမ်းတနားခင်းကျင်းပြီး အပျော်သက်သက်နဲ့ပဲ ပြီးသွားကြတာ .."

"မင်းလည်း ဒီခန်းမကိုငှားပြီး အပျော်သက်သက်အတွက် ပြင်ဆင် ထားတာပဲလေ .."

"ဟုတ်တယ် .. မွေးနေ့ကို မနက်က အဓိပ္ပာယ်ရှိရှိ ခင်းကျင်းခဲ့ တယ်လေ၊ ဒါက လွယ် ကိုယ်တိုင်စိတ်ကူးယဉ်ထားတဲ့ ဖြူစင်တဲ့ ပျော် ရွှင်ပွဲသက်သက်ပဲ .."

"ဘာတွေကွာသွားလို့လဲ .."

"ဒါတွေ ရှင်ပြင်ဆင်ထားတာ ရှင့်ပွဲပေါ့၊ ကာယကံရှင်ရဲ့ စိတ်ကူး မှ မဟုတ်ဘဲ .. ဒါကြောင့် ဘာအစီအစဉ်တွေမှ ကျွန်မ စိတ်မဝင်စားဘူး၊ ဒီပွဲကိုလည်း မတက်နိုင်ဘူး .. အားလုံးကို အားတော့နာပါတယ် .."

လွယ် က ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်လျှင် ..၊

"ဟုတ်တယ် .. ကိုယ် ပြင်ဆင်ခဲ့တာ ကိုယ့်ပွဲ .. မင်းရဲ့ ဆန္ဒမပါ ပေမယ့် မင်းနဲ့ပတ်သက်တဲ့ ကိုယ့်ပွဲမို့လို့ မင်း မပါလို့မရဘူး .."

လေသံက ပြတ်ရှာမာထန်နေကာ ဦးကောင်းမိုး ဘက်ကိုလှည့်၍..၊



"အန်ကယ်လ် က အစီအစဉ်ကို ခုပဲ ကြေညာပေးပါ .."

တစ်ခန်းလုံး တိတ်ကျသွားသည်။ ရှိနေသည့် လူတစ်စု၏ အင်အား က မများပေမယ့် ပြုံးရယ်နေစဉ်က စိုပြေနေသလောက် အခြေအနေ ကြောင့် အားလုံး၏ မျက်နှာတွေမှာ သို့လောသို့လောတွေဖြစ်နေကြ၏။

လွယ် အံကလေးကြိတ်ကာ နေရာမှခွာဖို့ ခြေလှမ်းလိုက်၏။ သို့ သော် သူမ၏ ပြတ်သားသော ခြေလှမ်းရှေ့မှာ နေမြဲ ၏ ခြေထောက်အစုံ က ပိတ်ရပ်ထားလိုက်၏။

ပြီးတော့ လွယ့် မျက်ဝန်းလေးတွေကို စိုက်ကြည့်ကာ ထွက်မသွား နဲ့ ခေါင်းခါပြလိုက်ပြီး ..၊

"နေလိုက်ပါဦး .."

လေသံမှုန့် ပြောပေမယ့် လွယ် သေချာကြားသည်။ သို့သော် သူမ နားခံလိုပေ .. သို့သော် ..၊

"ဒီမွေးနေ့ပွဲအပြီးမှာ သမီး လွယ်လွယ်ခက် ကို ဒီက မောင်ရဲသွေး နဲ့ စေ့စပ်ပေးဖို့ စီစဉ်ထားတယ်ကွယ် .. ဒါကြောင့် သမီးရဲ့ မွေးနေ့မှာ သူကြီးတွေပဲရှိနေကြတာပေါ့၊ မကြာခင် ရှေ့နေကြီးတွေလည်း ရောက် သာကြလိမ့်မယ် .."

"ဘယ်သူ့သဘောတူမှုနဲ့လဲ အန်ကယ်လ် .. စေ့စပ်ရမယ့် ကာယကံ ရှင်က ဘယ်သူမို့လို့လဲ .."

"သမီးက ကာယကံရှင်မှန်းသိတာပေါ့ကွယ် .. ဒါပေမယ့် အချစ်နဲ့ အိမ်ထောင်ရေးကို တစ်ထပ်တည်းကျချင်တဲ့ လူငယ်တွေအတွက် အချစ် ပါတဲ့ အိမ်ထောင်ရေးက ထည့်သွင်းစဉ်းစားဖို့မလိုတဲ့အလုပ်တစ်ခုဖြစ် နေတာ .. လူကြီးမျက်လုံးထဲမှာ သင့်တော် အဆင်ပြေမယ်ထင်လို့ စီစဉ် ပေးလိုက်ရင် တစ်ခါတလေ တစ်ဖက်သတ်ဆုံးဖြတ်သင့်ရင် ဆုံးဖြတ်ရတယ် .."

"အဲ့ဒါ လွယ့် ကို .."



www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့စိတ်ကို အနက်ကယ်လ် သိတယ် .. သမီးက မိုက်မဲတဲ့ ကလေး မဟုတ်ပါဘူး၊ ဒါပေမယ့် မိဘမဟုတ်တဲ့ ဦးလေးက နေရာတကာ ပါဝင်ချုပ်ကိုင်နေတာတွေကို သမီး ဘဝင်မကျတာတွေရှိတယ်၊ ဒါကြောင့် ကိုယ့်ဦးလေးကိုတောင် အတိုက်အခံပြောဆိုမှုတွေ ရှိလာတာ အန်ကယ်လ် နားလည်ပါတယ် .."

အများသူငါရှေ့မှာ ဦးကောင်းမိုး က ဦးလေးနေရာကနေ လွယ့်ကို ကောင်းကောင်းကြီးချုပ်ကိုင်နေပြီဖြစ်၏။ ကိုယ့်အပေါ်မှာ စေတနာထားခဲ့တာမှန်ပေမယ့် 'သူက ဘာမှမတော်စပ်တဲ့ ပထွေးပါပဲလို့' လွယ့်ဘက်က ဘယ်လိုဖွင့်ချပြရမလဲ ..။

ထိုစဉ် တိုက်ပုံအင်္ကျီအနက် ရှပ်အင်္ကျီအဖြူ လည်ကတုံးနှင့် ခန့်ညားသော လူကြီးသုံးယောက် ခန်းမထဲကို ဝင်လာကြ၏။

ရောင်စုံမီးတွေ လင်းလက်နေသော်လည်း အခန်းတစ်ခန်းလုံးမှာ လုံလောက်သည့် အလင်းရောင်မရှိပေ ..။

မွေးနေ့ကိတ်နှင့် စားပွဲရှည်ကြီးတစ်လုံးမှာပဲ ဖွေးထိန်သော ဆလိုက်မီးတန်းနှစ်ခုရှိကာ ဘေးပတ်ဝန်ကျင်းက မှုန်ပျပျ ..။

ရှေ့နေကြီးတွေကလည်း သူတို့တွေ မိုးတိုးမတ်တတ်ရပ်နေကြသည့်အနီးမှာပဲ ရောက်လာကြကာ ..၊

"ဘယ်လိုလဲ ဦးကောင်းမိုး .. ကျုပ်တို့နောက်ကျတာတော့ မဟုတ်ပါဘူးနော် .."

ပြောနေရင်း မီးမထွန်းရသေးသော လက်ရာမပျက်ရှိနေသေးသည့် ကိတ်မုန့်ကြီးဆီ လှမ်းကြည့်လိုက်သည်။

ဦးကောင်းမိုး က ပြုံးကာ ..၊

"ကျွန်တော်လည်း ခုမှ .. ဟော .."

ပြောနေရင်း လူငယ်တွေအုပ်စု ဝင်လာကြသဖြင့် မျက်နှာသည့်



ဆော်ရွှေသည့်အပြုံးတွေနှင့် ချက်ချင်းဝင်းထိန်သွားကာ ..၊

"ဟိုမှာ သူငယ်ချင်းတွေ ရောက်လာကြပြီ သမီး .. နေရာပေးလိုက်ဦး .."

"လွယ် .. ငါတို့နောက်ကျသွားတာလား .."

"မဟုတ်ပါဘူး .. ကိတ်မုန့်တောင် မီးမထွန်းရသေးဘူး .."

သူငယ်ချင်းတွေက လတ်ဆတ်သန့်ရှင်းသောအပြုံးတို့ဖြင့် အနားရောက်လာကြသော်လည်း သူမ မပြုံးနိုင် ..၊

ဒီည ဒီနေရာက ဒီပွဲမှာ သူမ ပါဝင်ဆင်နွှဲလိုက်တာနှင့် စေ့စပ်ခြင်းဘ အထမြောက်သွားတော့မည်။

ဒါဆို ဘာလုပ်မလဲ လွယ် ..၊

များပြားလာတဲ့ လူတွေရှေ့မှာပဲ ဆော်ရီးလုပ်ပြီး နှုတ်ထွက်သွားလား ..၊

ထွက်သွားလိုက်ရင်တော့ တစ်ယောက်တည်းသောအုပ်ထိန်းသူဦးလေးအရင်းကြီးကိုတောင် ဒီလောက်ရိုင်းစိုင်းရသလားလို့ သူတို့တွေးကြတော့မယ် ..။

နောက်ထပ် မေးခွန်းတွေ ထပ်ထွက်လာရင်ရော နင် ဘယ်လိုဖြေမလဲ ..၊

ဦးလေးအရင်းအဖြစ်နဲ့ တစ်သက်လုံး အတူနေလာခဲ့တဲ့ ယောကျ်ားသားတစ်ယောက်ကို ရုတ်တရက်ကြီး ပထွေးပါလို့ လူသိခံလိုက်ရင်နင် ဘာဖြစ်သွားမလဲ ..၊

တွေဝေတတ်တဲ့အကျင့် နည်းခဲ့ပေမယ့် အရေးကြီးဆုံးအချိန်မှာမှသူ့ ခြေလှမ်းတွေ ကျောက်ချထားသလိုဖြစ်နေခဲ့သည်။ ဂရုမစိုက်တတ်တဲ့ ထိတ်လန့်ခြင်းတွေကို တိတိပပခံစားလာခဲ့ရ၏။

ထိုအချိန်မှာပဲ နေမြဲ က သူမကိုကြည့်၍ ..၊

www.burmeseclassic.com

www.burmeseclassic.com



"သူက မင်းရဲ့ အုပ်ထိန်းသူ ဦးလေးအရင်း .. အားလုံးက မင်းကို ကဲ့ရဲ့ကြလိမ့်မယ် မင်းစိတ်ကို ထိန်းဦး .."

နေမြဲ ရဲ့ စကားကို မကြားရပေမယ့် တစ်စုံတရာလှမ်းပြောလိုက်တိုင်း ရဲသွေး က သတိထားမိနေ၏။ ထို့ပြင် နေမြဲ ရဲ့ အကြည့်တစ်ချက်မှာ လွှယ် ဘက်က ငြိမ်သက်သွားတတ်တာကို အကဲခတ်မိသည်။ တစ်ခုခု ပြောလိုက်တိုင်းမှာ လွှယ် မျက်နှာပေါ်က တွေဝေငေးငိုင်ခြင်းတွေကို အမိဖမ်းကြည့်၏။

နေမြဲ ကို အားလုံးက အိမ်ထောင်ရေးအကျိုးဆောင်အေဂျင်စီက သာမန်ညှိသည်တစ်ယောက်လိုပဲ မြင်ပေမယ့် သူကတော့ လွှယ် မျက်လုံးတွေကို ခံစားမိနေသည်။

ဟွန်း ...

ရဲသွေး ၏ နှုတ်ခမ်းထက်မှာ လျှို့ဝှက်သောမဲ့ပြုံးက ကြာရှည်စွာ မြစ်တည်နေခဲ့ပြီး ...

လွှယ်လွှယ်ခက် မင်းက ငါ့အတွက်ပဲဆိုတာ ဒီ့ထက် နားလည်ထားသင့်တာ မင်း သိလား ...



## အခန်း (၁၅)

"ဪ .."

အလုပ်ရုံးခန်းထိ ရောက်လာသဖြင့် အံ့ဩသွားမိကာ ဦးကောင်းမိုး နောက်ပါကိုယ်ရံတော်နှစ်ယောက်၏ အကြည့်တွေကြောင့် ရင်ထဲမှာ အောင့်သက်သက်တော့ဖြစ်၏။

"ထိုင်ပါ အန်ကယ်လ် .. လာရင်းကိစ္စကို ပွင့်ပွင့်လင်းလင်းဆွေးနွေးသို့ရပါတယ်ခင်ဗျာ .."

"အေး .."

တစ်ခွန်းတည်းအသံထွက်ပေမယ့် သဘောတူညီညွတ်ခြင်းမရှိသော ခပ်မိန့်မိန့် 'အေး' တာမျိုးနှင့် ရှေ့မှာ ထိုင်လိုက်သည်။ ပြီးတော့မှ ...

"အန်ကယ်လ့်ကိုတော့ မင်းသိမှာပေါ့ .."

"ဟုတ်ကဲ့ခင်ဗျ .. သိပါတယ် .."

"သိတယ်ဆိုတော့ အန်ကယ်လ် လာတဲ့ကိစ္စကို မင်း ခန့်မှန်းမိပြီ ထင်တယ် .."

"ခင်ဗျာ .."

"အပိုတွေမပြောချင်လို့ပါ .."

မတည်မပြုံးရှိနေသည့် မျက်နှာပြင်မှာမျဟ်ဝန်းတို့က ခေါးစက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကာ …၊

"ငါ့တူမ ဒီကိုလာတယ်၊ နောက်ပိုင်းမှာလည်း မင်းနဲ့ အခင်မင်ပြေ ပြီး ဝင်ထွက်သွားလာနေတယ်ဆိုတာ အားလုံး ငါသိပြီးပြီ …"

"ဟုတ်ပါတယ် … လွှယ်လွှယ်ခက် က ကျွန်တော့်ဆီမှာ အလုပ် အပ်ထားတဲ့ ကက်စတန်မာပါ …"

"အခုကစပြီး မင်း အဲ့ဒီအလုပ်ကို လုပ်စရာမလိုတော့ဘူး …"

"ဟုတ်ကဲ့ပါ … ဒါပေမယ့် လွှယ်လွှယ်ခက် ကိုယ်တိုင်ဖြစ်စေ သူ့ရဲ့ မက်ဆေ့ချ်တစ်စောင်ဖြစ်ဖြစ် ကျွန်တော် လက်ခံရရှိမှဖြစ်မှာပါ…"

ဦးကောင်းမိုး မျက်မှောင်ကုတ်သွား၏။ ရှုပ်ထွေးသွားလို့မဟုတ် ပေ ရူးရဲသော ခြိမ်းခြောက်သည့်အကြည့်မျိုးဖြစ်ကာ …၊

"မလိုဘူး နေမြဲစေ … မင်းကို ငါ အခုပြောတာတွေက မင်းရဲ့ အလုပ်စည်းကမ်းဘောင်တွေနဲ့ ပြောနေတာမဟုတ်ဘူး …"

"ခုချိန်ထိ ကျွန်တော့်အလုပ်ကိစ္စအတွက်ပဲ ကျွန်တော် လုပ်နေ တာပါ အန်ကယ်လ် … ဘောင်မဝင်တဲ့အလုပ်ကို ကျွန်တော် လက်မခံ ခဲ့ဖူးဘူး၊ အန်ကယ်လ် ဘာကိုပြောချင်တာလဲဆိုတာ ထပ်ပြီး ရှင်းအောင် ပြောဖြပါ …"

"ဒီမှာ နေမြဲစေ …"

ဦးကောင်းမိုး က ခါးကိုမတ်မတ်ပြင်၍ လက်တစ်ဖက်ကို စားပွဲ ပေါ်မှာ တင်လိုက်ပြီး …၊

"သမာဓိရှိတယ် မရှိဘူးဆိုတာ တက်စတာနဲ့ထောက်ကြည့်ရုံနဲ့ သိတာမျိုးမဟုတ်ဘူး …"

"မှန်ပါတယ် …"

"မင်းပြောနေတဲ့ ဒီအလုပ်စည်းကမ်းအရတွေဆိုတာ ဘယ်ချိန်ခွင် ထဲထည့်ပြချင်သလဲ၊ အဲ့ဒါတွေပြောနေရတာ အချိန်ကုန်ပါတယ် ဟုတ် တယ်မို့လား … ငါ မင်းကို ပြောချင်တာက ငါ့တူမနဲ့ တွဲသွားတွဲလာ



နေတဲ့လူငယ်တစ်ယောက်အဖြစ်နဲ့ပဲ …"

"ကျွန်တော်တို့က …"

"အလုပ်သဘောဆိုတာ ငါ မယုံကြည်ဘူး …"

ဦးကောင်းမိုး က ယတိပြတ်ပိတ်ပြောလိုက်ပြီး …၊

"ဘာဖြစ်လို့လဲဆိုတော့ ငါ့တူမကို မင်းလို အနီးကပ်တွဲသွားတွဲ လာနေတဲ့လူမပြောနဲ့ စေ့စေ့ကြည့်မိတဲ့ ယောကျ်ားတွေတောင် စွဲလမ်း ရူးသွပ်ခဲ့ကြတာ …"

"မစွဲလမ်းမရူးသွပ်တဲ့ ယောကျ်ားတစ်ယောက်တစ်လေတောင် မရှိ ဘူးတဲ့လား …"

မျက်လုံးချင်းဆုံအောင်ကြည့်ပြီးမှ နေမြဲ က ပြုံးလိုက်ကာ …၊

"ကျွန်တော့်ကို တစ်မျိုးတစ်မည်ထင်နေရင်တော့ အန်ကယ် မှား ပြီ၊ ဥမ္မာဒန္တီမင်းသမီးတောင် သူ့ကို စောင့်ရှောက်တဲ့ ကိုယ်ရံတော်တွေ အနီးဝန်းကျင်မှာ ခစားကြတဲ့ ယောကျ်ားတွေ ရှိသမျှအကုန် မူးမိုက်လဲ ကျကြလို့လား၊ သူ ဆုတောင်းကောင်းခဲ့ရင် သူ့ဆုတောင်းနဲ့ ပဋ္ဌာန်း ဆက်ရှိနေတဲ့သူတွေမှာပဲ သက်ရောက်တာပါ …"

နေမြဲ ၏ စကားသံတိုင်းမှာ ဦးကောင်းမိုး ၏ မျက်ခုံးတွေ တစ်စစ စုကျုံ့လာခဲ့၏။

"ပပဝတီလည်း သူ့အလှကြောင့် ခုနစ်ဆောင်တိုက်ခန်း မီးမထွန်း ဘဲ လင်းနေပေမယ့် မင်းကုသ ရောက်လာတာနဲ့ မှောင်ကျသွားတယ် တဲ့၊ သူ့အလှအပတွေ မှောင်ကျအောင် ဘုန်းကြီးတာလည်း မင်းကုသ တစ်ပါးပဲရှိတာ၊ အားလုံးကို ဝါးလုံးရှည်နဲ့ သိမ်းမရိုက်ပါနဲ့ …"

နေမြဲ အကြည့်တွေက တည်တံ့တာထက် ပိုမိုသွားခဲ့ပြီး …၊

"အလှအပဆိုတာ ခံစားကြည့်မှ ပေါ်လွင်တာမျိုးပါ၊ အန်ကယ့်လို တူမ ဘယ်လောက်လှသလဲဆိုတာ …"

"မင်း နည်းနည်းလေးမှ စိတ်မဝင်စားခဲ့ဘူးပေါ့ …"

www.burmeseclassic.com

www.burmeseclassic.com



"လှလို့ကြည့်လိုက်မိရင် ဒါ အပြစ်မဟုတ်ပါဘူး၊ ဒီလောက်လှတာ တော်တော်ရှားမှာပဲဆိုတဲ့ နောက်ဆက်တွဲဆန္ဒတွေပါလာရင်သာ မှားကြတာပါ၊ ကျွန်တော် ဘာအမှားမှ မလုပ်ခဲ့ဖူးဘူး .."

"မွေးနေ့မှာ မင်းရောက်လာပြီး စကားတစ်ခွန်းမှမပြောဘဲ ငါ့တူမကို ခေါ်ထုတ်သွားခဲ့တာကရော .."

သူ စဉ်းစားသလို တစ်ချက်တွေဝေသွားသည်။ ပြီးမှ ...

"ကျွန်တော် စကားမပြောဘူးလို့ ပြောလိုက်တာလား .."

ဦးကောင်းမိုး က မဖြေ ...

"အံ့ဩဖို့ကောင်းတယ် .. ကျွန်တော့်ကိုယ်ကျွန်တော်တောင် သတိမထားလိုက်မိဘူး .."

"ကိုယ့်မျက်ချေးကိုယ်မမြင်တာ အဆန်းမဟုတ်ပါဘူး၊ ကျုပ်ပြောတဲ့စကားကို အစက ပြန်ကောက်ပြောရမယ်ဆိုရင် မင်းဘယ်လိုလူဖြစ်ဖြစ် အခု မင်းရင်ထဲမှာ ဘာဖြစ်နေနေ မနက်ဖြန် ဘာဖြစ်မလဲဆိုတာ ငါမယုံဘူး .."

"ကျွန်တော်ကလည်း ကိုယ့်ကိုယ်ကိုယ် အာမခံပြီး အလုပ်လုပ်တဲ့လူမဟုတ်ဘူး အန်ကယ်လ် .. ဒါပေမယ့် ကျွန်တော်လုပ်တဲ့အလုပ်အတွက် ဒီအလုပ်နဲ့ပတ်သက်သမျှကိုတော့ တာဝန်ယူတယ် .."

"ဘယ်လိုဟာကို တာဝန်ယူတာလဲ .."

"အန်ကယ်လ် နားထောင်မယ်ဆိုရင်တော့ အသေးစိတ်ကအစ ပြောပြလို့ရပါတယ် .."

"ထားလိုက်တော့ .."

ဦးကောင်းမိုး က မျက်နှာတင်းတင်းနှင့် ပြောကာ စားပွဲခုံကို လက်ဖျားနဲ့ ဖျတ်ခနဲပုတ်၍ ...

"တစ်ခုပဲနားထောင် .. မင်း ငါ့တူမရဲ့အလုပ်ကိစ္စကို စာရင်းထဲက ဖျက်လိုက်ပါ .."



"ကျွန်တော် ပြောပြီးပြီထင်တယ် .."

"ဟော့ .. ဒီမှာ ကာယကံရှင် ထောက်ခံချက်ပါဖို့မလိုဘူး၊ သူ့အိမ်ထောင်ရေးအတွက် မိဘအုပ်ထိန်းသူကသာ စီမံပေးရမှာ၊ လူငယ်တစ်ယောက်ရဲ့ လွဲမှားစွာကြိုးစားတဲ့ လွတ်လပ်ခြင်းကို ငါ ခွင့်မပြုနိုင်သလို မင်း ဆောင်ရွက်ပေးဖို့လည်းမလိုဘူး .."

"ဟင်း .."

နေမြဲ က ပြောဖို့စကားမရှိတော့သလို သက်ပြင်းချပြီး ခေါင်းတစ်ချက်ရမ်းလိုက်သဖြင့် ဦးကောင်းမိုး စိတ်တိုသွား၏။

"ငါ့တူမက လှတယ်၊ ချမ်းသာတယ် မင်းကို ငွေဘယ်လောက်ထိပံ့ပေးပြီး ဒီအလုပ်ဖြစ်မြောက်ဖို့ တိုက်တွန်းခဲ့သလဲမသိပေမယ့် သူ ချမ်းသာတာကိုတော့ မင်း သတိထားမိမှာပါ၊ ဒီတော့ နောက်ထပ် သူတစ်ပါးရဲ့ ဂုဏ်သိက္ခာကို ငါထပ်ပြီး စော်ကားမပြောမိအောင် မင်း အတ္တကို လျှော့လိုက်ဖို့ပြောချင်တယ် .."

"အန်ကယ်လ် လျှော့ဖို့ပေါ့ဖို့ပြောနေတဲ့လူက သူ့အလုပ်သူ လုပ်နေတဲ့သူပါ၊ လွယ်လွယ်ခက် နဲ့ သူ့အကြောင်းကို ကျွန်တော် ဘယ်တုန်းကမှ ထဲထဲဝင်ဝင် တွေးမကြည့်ခဲ့ဖူးဘူး၊ စိတ်လည်း မဝင်စားဘူး၊ တစ်ခုပဲရှိတယ် သူ့အိမ်ထောင်ရေးအတွက် သူ ဘယ်လိုမျှော်မှန်းထားသလဲ ကိုယ် ဘယ်လောက်ထိ လုပ်ပေးနိုင်မလဲ .. ကျွန်တော် တွေးတာ ဒါပဲ.."

"အေး .. ဒီထက်ပိုမလာအောင် သူ့ခင်ပွန်းလောင်းက ကာကွယ်ချင်တာ .."

လိုရင်းက ဒါပဲဖြစ်ကာ ပြောချလိုက်ရသည့်အတွက် ခေါ်သလား၊ မာနလားမသိဘဲ ဦးကောင်းမိုး မျက်နှာက နီရဲနေခဲ့၏။

"ဘယ်သူက ကာကွယ်ချင်တာဖြစ်ဖြစ် ကာယကံရှင်ကိုပဲ မေးမေး ကြည့်ပါ၊ ကျွန်တော်တို့အလုပ်က သူ သဘောကျနိုင်မယ့်သူ မတွေ့မချင်း ကြိုးစားရှာဖွေပေးရမယ်၊ အားလုံး သူ့သဘောဆန္ဒအတိုင်းပါပဲ.."

www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုလူကို ပိုပြီးစိတ်မချတာဆိုရင်ရော .."

"ကျွန်တော့်လိုလူကို စိတ်ချသင့် မချသင့် သူ စဉ်းစားပါစေ .."

"ဒီမှာ မင်းကို ငါတစ်ခုပြောခဲ့မယ်၊ ကိုယ့်ကိုယ်ကိုယ် ငါ မှန်တယ်ဆိုတဲ့မာနနဲ့ ကျောက်ချမနေနဲ့၊ အမှန်တရားက မင်းတို့ ငါတို့ရဲ့ မျက်လုံးရှေ့မှာ မရှိဘူး .."

ပြောပြီးတာနှင့် ဦးကောင်းမိုး က နေရာမှ ထရပ်သည်။

"အမှန်ကို မင်းသိတဲ့အချိန်က အများနဲ့ မသက်ဆိုင်တဲ့ စည်းတစ်ဖက်ခြားတစ်နေရာမှာ မင်းရောက်နေတဲ့အချိန်ပဲ .. ဒါပေမယ့် မင်းမှာရွေးချယ်ခွင့်မရှိတော့ဘူး .."

ဦးကောင်းမိုး က ပြောစကားနှင့်အတူ အံကြိတ်မဲ့၍ ..၊

"ဘာဖြစ်လို့လဲ သိလား .. အမှန်တရားမှာ ခြေထောက်တစ်ဖက်ပဲရှိတာ၊ လောကီကောင်းကျိုးအနေနဲ့ကြည့်ရင် အဲ့ဒီအတိုင်းပဲ မင်း မှတ်ထား .. ခြေတစ်ပေါင်ကျိုးသမားနဲ့ ခြေနှစ်ဖက်စလုံးရှိနေတဲ့သူ ဘယ်သူနိုင်မလဲ .. မင်း ငါ့စကားတွေကို နားမလည်ဘူးဆိုရင် ဒီတိုင်းရှေ့ဆက်လိုက်လေ .. ဘယ်လိုခွေးလဲ လဲမလဲကြည့်ရတာပေါ့ .."

ဦးကောင်းမိုး ချာခနဲ လှည့်ထွက်သွားသည်။ တံခါးဝနားမှာပဲ ဝင်လာကြသည့် ဦးထိုက်စံ တို့နဲ့ဆုံမိကြ၏။ သို့သော် ကိုယ့်လမ်းကိုယ်ဆက်သွားကြရင်း ဦးထိုက်စံ တို့က အထဲကို ရောက်လာကြကာ ..၊

"ဘယ်သူတွေလဲ .."

"ဘယ်လိုကြီးလဲ နေမြဲ .. ဘာလာလုပ်ကြတာလဲ .."

"လွယ်လွယ်ခက် ရဲ့ ဦးလေး .."

"ဟေ ..."

မြင်လိုက်ရသည့်အခြေအနေနှင့် ကြားရသည့်စကားကြောင့် ဦးထိုက်စံတို့ ဆက်စပ်တွေးမိသွားကြသည်။ ဒါပေမယ့် နေမြဲ က အထဲကိုဝင်သွားပြီမို့ သူတို့ဘာမှဆက်မေးလို့မရလိုက်တော့ပေ ..။



"ဟား .. ကျွတ် .."

အိပ်ခန်းထဲကိုရောက်လာတော့ အဲရ်ကွန်းအေးနေတာကို သတိမထားနိုင်တော့ဘဲ ပြတင်းတံခါးကို နှစ်ဖက်စလုံး ဖွင့်ပစ်လိုက်မိသည်။

ပြီးတော့ နဖူးကဆံပင်တွေထဲ လက်ချောင်းတွေထိုးသွင်းဖွရင်း မျက်လုံးတွေပါ မှိတ်ပစ်မိ၏။

"ကျွတ် .."

နောက်ထပ်စုတ်သပ်မိရင်း အသက်ဝဝရှူသွင်း၍ မျက်လုံးတွေကို ဆက်မှိတ်ထားမိသည်။

အဆင်ပြေချောမွေ့နေခဲ့သည့် လုပ်ငန်းတစ်လျှောက်မှာ ရုတ်တရက်ကြီး ရှင်းရမလွယ်အောင် ရှုပ်ထွေးလာခဲ့သည့်ပြဿနာတွေက ဆက်တိုက်..၊ ဒါပေမယ့် ပြဿနာတိုင်းက လွယ်လွယ်ခက် နဲ့သာ ပတ်သက်နေခဲ့၏။

တကယ်ဆို ဦးကောင်းမိုး အနေဖြင့် အုပ်ထိန်းသူ လူကြီးတစ်ယောက်က လွယ့် အိမ်ထောင်ရေးကိစ္စမှာ ပါဝင်စွတ်ဖက်ခွင့်ရှိနေတာအမှန်ပင်..။

သူ့ဘက်က တားဆီးမယ်ဆိုရင်လည်း သူ့ရဲ့ လုပ်ပိုင်ခွင့်ပဲဖြစ်သည်။ ဒါကို သူ ဘာဖြစ်လို့ တင်းခံနေမိတာလဲ ..၊

အလုပ်သဘောတော့ ပါပေမယ့် တကယ်တမ်းကျတော့ လွယ့်ဆန္ဒ ခံစားချက်ကိုသာ သူ ဦးစားပေးနေခဲ့မိသည်။ အရက်သမားတွေရဲ့ ပတ်ဝန်းကျင်ကနေ ရုန်းထွက်ချင်နေတဲ့ မိန်းကလေး ..၊

ရမ္မက်ဆန်သော လိုချင်တပ်မက်မှုတွေထဲကနေ သူမ ယုံကြည်အားကိုးချင်သူကိုသာ ဘဝလက်တွဲဖော်အဖြစ် လိုချင်နေရှာသူ ..၊

သူမကို စာနာနေမိသည့် မသိစိတ်က အလုပ်စည်းကမ်းသဘောကို အကြောင်းပြကာ ဖြစ်သင့်သည့်ဘောင်ကိုတော့ ကျော်နေမိပြီဖြစ်သည်။

သူမ အပေါ်မှာထားမိတဲ့ စေတနာဆိုတာ သူ့ဘက်ကရိုးသားရဲ့လား ..၊

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်သဘောဆိုတာ ငါမယုံဘူး .."

"မင်း နည်းနည်းမှ စိတ်မဝင်စားခဲ့ဘူးပေါ့ .."

ဦးကောင်းမိုး ရဲ့ စွပ်စွဲချက်တွေကို သူ ဘယ်လိုတုံ့ပြန်ခဲ့သလဲ ဘာတွေဖြေခဲ့မိသလဲ ...၊

ကိုယ့်ရင်ထဲမှာ တကယ် ဒီတိုင်းဟုတ်ရဲ့လား ...၊

ဟုတ်တယ် .. ဒီတိုင်းပါပဲ ...၊

ကိုယ့်မေးခွန်းအတွက် ကိုယ့်ခံစားချက်နဲ့ ခိုင်မာစွာ အဖြေထုတ်ပေးလိုက်သည်။ ရိုးသားတဲ့စိတ်နဲ့ ကူညီပေးချင်တယ်ဆိုတာ သဘာဝမကျတာ ဘာရှိလို့လဲ ...။

မိန်းကလေးတစ်ယောက်က သိလျက်နဲ့ မိုက်တွင်းနက်နေတာမျိုး မဟုတ်ဘဲ မကောင်းတာကို မကောင်းမှန်းသိနေလို့ ရုန်းထွက်ရှောင်ရှားချင်တာကို သူ မကူညီသင့်ဘူးလား ...၊

နောက်ထပ် သက်ပြင်းမောကြီးချမိရင်း ပြတင်းဘောင်မှာ ပခုံးစွန်းနဲ့ မှီထားလိုက်၏။

ဒီနာမည်နဲ့ မင်း လိုက်လဲလိုက်ပါတယ် .. တကယ်ပါ ...၊



အခန်း (၁၆)

"မဟုတ်ပါဘူး မမရယ် .."

"ဟုတ်တယ် သား .. မင်းကို ဒဏ်ရာချုပ်ပေးလိုက်တဲ့ဆရာဝန်က အရင်တုန်းက မမတို့နဲ့ ခင်တယ် .."

သွားပြီ ...၊

ဝန်မခံလို့လည်း မရတော့ပေ ...။ ဒါပေမယ့် ဘာကြောင့် ခိုက်ရန်ဖြစ်ရသည့်အကြောင်းကိုတော့ ထိန်ချန်ထားရမှာဖြစ်ကာ ...၊

"မမ စိတ်ပူမှာစိုးလို့ပါ .. ဘာမှလည်း သိပ်မဖြစ်လို့ .."

"မမ စိတ်ပူမှာစိုးတည်းက ဘာမှမဖြစ်ဘူးဆိုတာ ဟုတ်ကို မဟုတ်ဘူး၊ ခုန ဈေးထဲမှာ ကိုလေး ကလည်း ပြုံးစိစိနဲ့ နောက်သွားသေးတယ်၊ ပြောစမ်း .. ငါ့သား မိန်းကလေးတစ်ယောက်ယောက်နဲ့ ချစ်ကြိုက်ပြီး အဲဒီမိန်းကလေးကြောင့် .."

"ဟာ .. မမ .. အဲလိုလုံးဝမဟုတ်ဘူး .."

မဟုတ်ဘူးဆိုတာ သိနေသားပဲ ...၊

ဒါပေမယ့် ကိုယ့်သားအကြောင်းသိထားတာမို့ တော်ရုံဆို ... ထားတတ်သည့်အကျင့်ကို စိတ်ပူတာဖြစ်သည်။ ကိုယ်တိုင်က ရိုးသားပေမယ့် လုပ်နေတဲ့အလုပ်က အိမ်ထောင်ရေးအကျိုးဆောင်အလုပ် ...၊

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးငယ်ငယ်တွေ အမျိုးသမီးအရွယ်တွေနဲ့ နေ့စဉ်ပြောဆို ထိတွေ့နေရသည်။

"စိတ်မပူပါနဲ့ မေမေရယ် .. ကျွန်တော်တို့က သူတို့လိုအပ်နေတာကို ကြားရမှ ကိုယ့်တာဝန်ကျေအောင် အကျိုးဆောင်ပေးကြတာ၊ မလိုမုန်းတီးမယ့်သူ ဘယ်လိုလုပ်ရှိမှာလဲ၊ သူများအချင်းများနေတဲ့ကြားမှာ ဖျန်ဖြေဖို့ကြိုးစားရင်း ထိခိုက်မိတာပါ .."

"အေးလေ .. မဟုတ်ရင်ပြီးတာပါပဲ၊ အဲ့ဒီလို ဖျန်ဖြေပေးတာတွေလည်း ကိုယ့်အန္တရာယ်ကိုတော့ သတိထားမှပေါ့ သားရယ် .. ဒဏ်ရာက အခု လုံးလုံးသက်သာသွားပြီလား .. ပြစမ်း .."

"သက်သာနေပြီ မေမေ ကြည့်မနေနဲ့တော့ .. ဟိုနေ့တည်းက ကျွန်တော် မေမေ့ရှေ့မှာပဲ ရေချိုးခေါင်းသုတ်နေတာ မြင်ရဲ့သားနဲ့ .."

"ဟုတ်လို့လား .. ခေါင်းသုတ်တာတော့ မမြင်မိပါဘူး .."

မေမေက မှတ်ဉာဏ်ကောင်းသည်။ တော်ရုံဆို ညာလို့မရတာ သတိရကာ နေမြဲ ရယ်လိုက်မိလျက် ...။

"ရေချိုးရင်း ဆံပင်ရေစိုတာကိုပြောတာပါ၊ ခေါင်းလျှော်တာကိုပြောတာမဟုတ်ဘူး .."

"သား .."

"ဗျာ .."

"မင်းကို မေမေ အိမ်ထောင်ပြုစေချင်ပြီ .."

"ဟင် .."

မျက်ခုံးနှစ်ဖက် ဆတ်ခနဲ ပင့်တက်သွားကာ မေမေ့ကို လှည့်ကြည့်လိုက်မိသည်။ မေမေကလည်း သူ့ကို အံ့ဩသွားတာလားဆိုသည့် မျက်ဝန်းတို့နှင့် ကြည့်နေကာ ...။

"ဟုတ်တယ် .. သားက နဂိုတည်းက စကားနည်းတယ်၊ လျှို့ဝှက်တတ်တယ်၊ ခုနေတောင်မှ မေမေ့အပေါ်မှာ သတိပေးသင့်တာ



မပေးသင့်တာ ကိုယ့်ဘာသာခွဲခြားပြီး ထိန်ချန်တတ်နေတာ၊ ချစ်သူတွေ့သွားခဲ့ရင် .."

"မေမေရာ .. အဲဒါကြောင့်နဲ့တော့ မေမေ စိတ်ကူးလိုက်တာကြီးက လွန်လွန်းပါတယ် .."

"မလွန်လွန်းနဲ့လေ .."

ဒေါ်ဇင်မာလွင် က အနားရောက်လာပြီး အိတ်ပြင်နေသည့် သူ့ကို ဟန်းဖုန်းကောက်ပေးလိုက်၊ မှတ်စုစာအုပ်လေး ထည့်ပေးလိုက်ရှိရင်း...။

"သူများ အိမ်ထောင်ရေးတွေကို သားက အကျိုးဆောင်နေပေမယ့် လိုအပ်နေတဲ့သူချင်း ကွန်တက်(တ်)လုပ်ပေးလိုက်တာမျိုးရယ်၊ ဒါကလည်း ကာယကံရှင်ချင်း ကျေနပ်စွာ ရွေးချယ်သွားကြတာမျိုးဆိုတော့ မိဘက သားသမီးအတွက် ရွေးချယ်ပေးချင်းနဲ့ ဘာမှမဆိုင်ဘူး၊ ငါ့သား ဘယ်အသက်အရွယ်ရှိရှိ ဘယ်သူတွေကို လက်ထပ်ပေးနိုင်ခဲ့ပါစေ အဲဒါတွေနဲ့ လုံးဝမရောထွေးပါနဲ့ .."

"မေမေရာ .."

"သားကို မေမေ စိတ်မချဘူး .. စည်းစိမ်ချမ်းသာတဲ့လူတွေပဲ သားသမီးနောင်ရေးကို စိတ်ပူတတ်တာမဟုတ်ဘူး သား၊ မေမေလည်း သားအတွက် ပူရတာပဲ၊ ပညာတတ်ပေမယ့် ခန့်ညားတယ်၊ ပြီးတော့ ရိုးသားကြိုးစားတဲ့ယောကျ်ား၊ ယောကျ်ားကောင်းဖြစ်ရခြင်းမှာ ချမ်းသာဖို့ကအဓိကကျတာမဟုတ်ဘူး၊ ဒါကြောင့် သားကိုလည်း မိန်းမကောင်း မိန်းမမြတ် လေးနဲ့ပဲ ဖြစ်စေချင်တာ .."

"မိန်းမကောင်း မိန်းမမြတ်ကလည်း နဖူးမှာ စာတန်းပေါ်နေတာ မဟုတ်ဘူး မေမေ .."

"ဒါပေမယ့် .."

"မိဘက စေတနာမှန်ပေမယ့် ဖြစ်လာတဲ့တစ်ချို့အကျိုးဆက်တွေမှာ မှားယွင်းမှုတွေရှိခဲ့ဖူးတာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



နေမြဲ က အိတ်ကို ပခုံးမှာကောက်ချိတ်လိုက်ပြီး ရေခဲသေတ္တာဆီ လျှောက်သွား၏။ ဒေါ်ဇင်မာလွင် ကလည်း သူသွားတဲ့အတိုင်း လိုက်ကြည့်နေကာ ..၊

"ဟုတ်ပါတယ် .. လူကြီးတွေဘက်က စေတနာအမှားတွေရှိခဲ့ဖူးတာ မေမေ သိတယ်၊ ဒါပေမယ့် မိဘစကားနားထောင်ခဲ့တဲ့အတွက် အကြွင်းသုညတော့ မဖြစ်တော့ဘူးလေ .."

ရေခဲသေတ္တာထဲက ပန်းသီးတစ်လုံးထုတ်ယူကာ ဓားပါးလေးသွားယူပြီး လမ်းလျှောက်ရင်း အခွံနွှာလိုက်၏။

ဒေါ်ဇင်မာလွင် က အခွံတွေထည့်ဖို့ ပလတ်စတစ်ခြင်းလေး ကောက်ယူလိုက်ပြီး ပန်းသီးအောက်ကနေခံထားပေးရင်း ပြုံးနေသည့် မျက်နှာကိုလည်း မော့ကြည့်သည်။

"ဘာရယ်စရာပါလို့ ပြုံးနေတာလဲ .."

"သချာတကယ်တော်ချင်ရင် ပြတ်အောင်စားနိုင်ရတယ် မေမေရဲ့"

"ဩော် .. ဩော် .. ဒါဆို အကြွင်းသုညဖြစ်ရတာ ဂုဏ်ယူစရာပေါ့ .."

"ဟား .. ဟား .. ဟား .."

"သားနော် .."

"မေမေကလည်း ကလေးကျနေတာပဲ .."

ပန်းသီးကို အစိပ်လေးတစ်စိပ်ဖဲ့ချလိုက်ပြီး မိခင်ဖြစ်သူပါးစပ်ထဲ ထည့်ပေးခြင်းဖြင့် နောက်ထပ်ဆူလာဖို့ရှိသည့်စကားတို့ကို ရပ်တန့်သွားစေကာ ..၊

"နေ့လယ်ခင်းဆို သစ်သီးလေးစားပြီး ပုတီးစိပ်နေပါ မေမေရာ၊ လက်ဖက်သုပ်တွေ မစားနဲ့နော် .."

"မေမေ့ကို စကားမလွှဲနဲ့ .."

တစ်ကိုက်ကိုက်ပြီးမှ ပန်းသီးစိပ်ကိုယူ၍ တမြုံ့မြုံ့ဝါးရင်း ဒေါသမပါသည့် မျက်စောင်းနှင့် ..၊



"မရဘူး .. သုညကြွင်းချင်ပေမယ့် သုညပဲဖြစ်ရမယ်၊ မေမေ့စကားကို နားထောင် .. မေမေ ပေးစားတာကိုပဲ လက်ထပ်ရမှာ .."

"ရှော့ .. မေမေ .. တစ်ခြမ်းလောက်တော့ ကုန်အောင်စားနော်၊ လက်ဖက်တွေလည်း မသောက်နဲ့ .. ညအိပ်မပျော်ဘဲနေဦးမယ် .."

"သား .."

"စကားလွှဲနေတာမဟုတ်ပါဘူး၊ မေမေ့ကို စိတ်မချလို့မှာနေတာပါ .. ကျွန်တော် ဒီနေ့ .."

ပြောနေရင်း ဖုန်းသံကြောင့် ဘေးအိတ်လေးထဲက ဖုန်းကို ဖွင့်ယူလိုက်ကာ ..၊

"ဟလို .."

"…. …. …."

"ဩော် .. အင်း .. ပြောလေ .."

"…. …. …."

"မဟုတ်ပါဘူး .. မအားလို့ပါ .."

"…. …. …."

"နေဦးလေ .. အဲ့ဒီကိုတော့ မင်း တစ်ယောက်တည်းမသွားသင့်ဘူးထင်တယ် .."

"…. …. …."

"ဟား .. ကိုယ်တကယ် မအားလို့ပြောနေတာ .."

သူပြောနေသမျှ ဒေါ်ဇင်မာလွင် က မျက်မှောင်ကုတ်ပြီး နားစွင့်နေတာကို နေမြဲ သတိမထားမိ ..၊

"နေဦး လွှယ် .. မင်းကို ကိုလေး နဲ့ .."

"…. …. …."

"ပြီးရောလေ .. မင်း အဆင်ပြေဖို့ပဲပြောတာပါ .. အိုခေ .."

"လွှယ် ဆိုတာ မိန်းကလေးလား .."

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချလိုက်တာနှင့် မေမေ့ မေးခွန်းကြောင့် နေမြဲ စိတ်ညစ်သွား၏။ သူ ဒီနာမည်ကို ထည့်ပြောလိုက်မိသလား ...၊

"ဟုတ်တယ် မေမေ .. အလုပ်အပ်ထားတဲ့ ကက်စတန်မာပါ .."

"နာမည်ကလည်း 'လွှယ်' ပဲဖြစ်ရတယ်လို့ ပညက်သွားရာ ဓာတ်သက်ပါ .."

သူ ဘာမှမပြောဘဲ ပန်းသီးတစ်ခြမ်းကို ရေခဲသေတ္တာထဲ ပြန်ထည့်ကာ တစ်ခြမ်းစိပ်ထားသည့် ပန်းကန်ကို စားပွဲပေါ်မှာ သေချာသွားတင်ထားလိုက်သည်။

ပြီးတော့ မေမေ့အတွက် ရေချိုင့်ပါရှေ့ဖြည့်ပြီး တင်ထားပေးခဲ့၏။

"သွားမယ်နော် မေမေ .."

"သွားလေကွယ် .. အိတ်က တစ်ဖက်နဲ့ မေမေ့အတွက် တဆောက်တောက်လျှောက်လုပ်နေတာ မျက်စိတောင်ရှုပ်နေပြီ ရပါပြီ .. အိမ်ထဲမှာသွားလာတာလောက်တော့ မေမေ့ဘာသာ လုပ်ပါရစေ .."

"မေမေ ရမှန်းသိပါတယ်၊ လူကြီးဆိုတော့ အထိုင်အထမှာ မူးခနဲမိုက်ခနဲဖြစ်သွားရင် အနားမှာ လူခွဲမရှိတော့ ဘယ်သူထူပေးမှာလဲ .."

ဒေါ်ဇင်မာလွင် ပီတိတွေနှင့် ငေးကြည့်ရင်းပြုံးလိုက်မိသည်။ ဒါကြောင့် သားလေးတစ်ခါတလေ ပြန်မအိပ်သည့်ညတွေဆို ဒီအသံ ဒီလှုပ်ရှားမှုတွေ ပျောက်နေတာဟာ ရင်ဘက်ဟင်းလင်းပွင့်နေသလိုပါ ...။

ဒီသားအလိမ္မာလေး အိမ်ထောင်ဖက်ကောင်းနဲ့ တွေ့ပါစေ ...။



အခန်း (၁၇)

"အိမ်ထောင်ဖက်ကောင်းဆိုတာကို ဘေးလူအမြင်နဲ့ သတ်မှတ်ထားတာ သဘာဝမကျဘူး အန်ကယ်လ် .. လွှယ့် ဘဝအတွက် ကိုယ့်ဘာသာ ရွေးချယ်ပါရစေ .."

"ဘေးလူပဲဖြစ်ဖြစ် ကာယကံရှင်ဖြစ်ဖြစ် အိမ်ထောင်ရေးဆိုတာ …မ်းမဲပဲ လွှယ် .. ညည်း ပြောသလို ဘေးလူက သတ်မှတ်တာ သဘာဝကျဘူးဆိုရင် ညည်းကိုယ်တိုင် ရွေးနေတာကျတော့ရော သဘာဝကျ…သလား .."

"ဒါကတော့ .."

"အဂျင်စီက နံပါတ်စဉ်အလိုက် ခေါ်ထုတ်ပေးနေတဲ့ ယောကျ်ားတွေနဲ့ အန်ကယ်လ်က ညည်းဘဝအတွက် စေတနာမေတ္တာအပြည့်နဲ့ ရွေးချယ်ပေးတဲ့သူ .. ညည်း ဘာကိုကြိုက်ခြေခတ်မလဲ ကိုယ်နဲ့ ကျွမ်းဝင်ရှိတဲ့ ယောကျ်ားချင်းအတူတူ .."

"နေမြဲစေ က လွှယ် စိတ်ကြိုက်ရွေးချယ်ထားတဲ့သူပါ .."

"ဘာ ..."

www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းမိုး မျက်နှာကြီးနီသွားသည်။

"ဘာပြောလိုက်တယ် လွယ် .."

ကိုယ့်မှာတော့ ဟိုတယ်လ်မှာ ပြင်ဆင်ထားသည့် စေ့စပ်ပွဲအတွက် တိုက်ပုံနဲ့ ယောပုဆိုးနဲ့ ပြင်ဆင်ချီတက်လာခဲ့တာ အကျအန ..။

တကယ်က ဟိုတယ်လ်မှာ ပြင်ဆင်ထားခဲ့တာစေ့စပ်ပွဲမဟုတ်ပေ၊ တစ်ခါတည်း လက်ထပ်ပွဲလုပ်ပေးဖို့ အခိုင်အမာစီစဉ်ခဲ့တာဖြစ်သည်၊ ပွဲချိန်နီးနေကာမှ ပြင်ဆင်ထားပြီးလား လာကြည့်တော့ သူမ ဒီတိုင်း လဲလျောင်းနေလိုက်တာ သက်တောင့်သက်သာ ..။

"စေ့စပ်ပေးပြီးပြီပဲ အဲဒါ မပြီးသေးဘူးလား .." တဲ့ ..။

"အခုက တခမ်းတနားစေ့စပ်ပေးမှာ၊ ညည်းကို သေချာပြောထားပြီးသားပဲ လွယ် .. နားလည်သလိုလို နာခံသလိုလိုနဲ့ အချိန်ကပ်နေမှ ဘာလုပ်တာလဲ .."

"လွယ် မှ ပြင်ချင်စိတ်မရှိတာ၊ အန်ကယ်လ်စီစဉ်တဲ့ပွဲအတွက် အန်ကယ်လ်က တက်ကြွနေမှာပေါ့ .."

"အန်ကယ်လ် တက်ကြွနေတာကလည်း ညည်းအတွက်ပဲလေ .. ငါစီစဉ်နေတာ ညည်းရဲ့ အိမ်ထောင်ရေးနော် .. ရဲသွေး က ညည်းအတွက် အိမ်ထောင်ဖက်ကောင်းတစ်ယောက်ပဲ၊ ညည်းက ဘာကိုသဘောမကျ ဖြစ်နေတာလဲ .."

လို့ မေးလိုက်သည့် နောက်မှာ ဤသို့သော မငြိမ်းချမ်းဖွယ်တွေနှင့် တိုက်ခိုက်လာခဲ့လေသည်။

"ငါ နားကြားမှားသွားတာလား .. သေချာအောင် ငါ့မျက်နှာကြည့်ပြီး နောက်တစ်ခေါက် ပြန်ပြောလိုက်စမ်းပါ .."

သူ ခါးကိုင်းမတတ် ငုံ့မေးလိုက်တော့ လွယ် က ဒရင်းဘက်ဒ်ပေါ်ကနေ ထရပ်လိုက်၏။



မျက်နှာကိုကြည့်ပြီး ပြောဆိုလို့ သူမက မတ်တတ်တောင်ထရပ်လေသည်။

အစတည်းက လွယ်လွယ်ခက် ဆိုတာ ဤကဲ့သို့ ရဲရဲတောက် မိန်းကလေး ..။

"အန်ကယ်လ် နားကြားမမှားပါဘူး၊ လွယ် သေချာစဉ်းစားပြီးမှ ရွေးခဲ့တဲ့သူ .. သူ့ကိုပဲ လွယ် လက်ထပ်မှာ .."

"လွယ်လွယ်ခက် .."

ဦးကောင်းမိုး က သွားကြားစေ့သံနှင့် ခေါ်ကာ ..၊

"ဒီကောင်နဲ့ ငါ တွေ့ခဲ့ပြီးပြီ .."

"သူ ငြင်းလိုက်တယ်မို့လား .. အဲ့ဒါ လွယ် ကပဲ ငြင်းခိုင်းထားတာ၊ မရိုးသားတဲ့လူနှစ်ယောက်ကို အကဲခတ်ရလွယ်ပါတယ်၊ မွေးနေ့မှာ သူနဲ့ လွယ့် ကို ကိုရဲသွေး ကစပြီး မသင်္ကာဖြစ်သွားတာ လွယ် သိတယ် .."

"ဒါကို နှင်းပြီး ဒီလို ချိုးလိုက်တာမို့လား .."

"မဟုတ်ဘူး အန်ကယ်လ် .. အဖေကျင်စီက ရွေးချယ်ပေးတဲ့ ယောကျ်ားတွေကို တန်းစီရွေးချယ်ရလောက်အောင် လွယ် မတုံးဘူး၊ 'ချစ်မြားရှင်' ကို စသွားတည်းက သူ့ဆီကိုပဲ ဦးတည်ခဲ့တာ .."

ဦးကောင်းမိုး မျက်နှာက ဒေါသတွေကြောင့် နီတစ်လှည့် ညိုတစ်လှည့် ဖြစ်နေလေသည်။ လွယ် ကလည်း အမူအရာတစ်ချက်မှ မပျက်ဘဲ ရည်ရွယ်သည့်အတိုင်း ပြီးဆုံးအောင်ပြောဖို့ သတ္တိတွေအပြည့်နှင့် ..၊

"ကိုယ်က မိန်းမသားဖြစ်နေတဲ့အတွက် အလုပ်သဘောကနေစပြီး ပတ်သက်ဖို့ကြိုးစားခဲ့တာပါ .."

"ဘာတွေ ဒီလောက်တောင် မက်လောက်စရာရှိနေလို့လဲ ပြောပါဦး၊ ဘယ်လောက်ချောနေလို့လဲ .. ဘာတွေကြွယ်ဝနေလို့လဲ .. ညည်းကို

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားတဲ့အတွက်လား .. ဘာတွေပေးဆပ်ထားလို့လဲ ..”

“အဲဒါတွေ လွှယ် အတွက် မလိုဘူး အန်ကယ်လ် .. အန်ကယ်လ် ပြောတာတွေကို လွှယ် အထင်မကြီးနိုင်တဲ့ယောကျ်ားတွေဆီက အများကြီးရတယ်၊ လွှယ် လိုချင်တာက လွှယ့် ကို ဘာမှမပေးချင်တဲ့ယောကျ်ားမျိုး ..”

ဒီကောင်မလေး သူ့ကိုတမင်ရွဲ့နေတာလား .. အမှန်တကယ်ဖြစ်နေပြီလား ..။

နေမြဲစေ ဆိုတဲ့ကောင်ကို သူ တွေ့ခဲ့တုန်းကတော့ စကားအရာမှာရော အမူအရာမှာပါ အချစ်နဲ့ သက်ဆိုင်တာ ဘာတစ်ခုမှ မမြင်မိပါ။

“ရှင်းရှင်းပြောစမ်း လွှယ် .. သူ့ကို ညည်းက ချစ်နေတာလား ချစ်သူတွေဖြစ်နေတာလား ..”

“သူသိနေပါပြီ ..”

“ညည်းမှာ မိန်းကလေးသိက္ခာဆိုတာ မထားတော့ဘူးလား ..”

“ဘားမှာ အရက်သမားတွေအတွက် အရက်တွေထိုင်ငှဲ့ပေးနေရတာပဲ အန်ကယ်လ် .. အဲ့ဒီမှာတည်းက လွှယ် ထည့်ပေးနေရတာ အရက်တွေလား .. သိက္ခာတွေလား ဘာမှန်းတောင်မသိတော့ပါဘူး ..”

“စကားတတ်တိုင်း လှည့်ခွေမနေနဲ့ကွယ် .. ညည်းက ငှဲ့ခံနေရတဲ့ မိန်းကလေးမဟုတ်ဘူး၊ ဆိုင်ပိုင်ရှင်သူဌေး၊ ခြွေရံသင်းပင်းနဲ့နေတဲ့ မင်းသမီးတစ်ပါး .. ညည်းကို ဘယ်ကောင် မလေးမစားပုတ်ခတ်ရဲသလဲ ပြော ..”

“အဟွန်း .. ဟွန်း ..”

လွှယ် က ခြောက်ကပ်ကပ်လေးရယ်လိုက်ကာ ..၊

“လွှယ့် ကို ပုတ်ခတ်မိတိုင်း အန်ကယ်လ် သိဖို့ဆိုတာက မော်တော်ကားတွေလို အလန်း(မ်)ပေးထားရင်တော့ တစ်မျိုးလေ ..”



“လွှယ့် ..”

“ပြောပြတာပါ .. အန်ကယ်လ် ထင်တဲ့ ဂုဏ်သိက္ခာဆိုတာက ပိုက်ဆံများများသုံးနိုင်ပြီး လူမှုရေးဆိုတဲ့ ခေါင်းစဉ်နဲ့ သောက်စားပွင့်လင်းနေတဲ့သူတွေပဲ၊ လွှယ် ကတော့ အန်ကယ့်လ်လို သတ်မှတ်ချက်မဟုတ်ဘူး၊ ဂုဏ်သိက္ခာဆိုတာ ‘စည်း’ တစ်ခုပဲ ..”

လွှယ့် စကားသံက ပြတ်သားရဲရင့်နေခဲ့လျက် ..၊

“ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ချမ်းသာသည်ဖြစ်စေ ဆင်းရဲသည်ဖြစ်ဖြစ် ‘စည်း’ဆိုတာကို မမေ့မလျော့စောင့်ထိန်းနိုင်တာ ဂုဏ်သိက္ခာ အလုပ်သဘောဖြစ်ဖြစ် အပျော်ဖြစ်ဖြစ် တစ်ခါတလေ လုပ်သင့်တာကို လုပ်ရပေမယ့် ဆင်ခြင်တုံတရားရှိရမယ် .. အဲ့ဒါ ‘စည်း’ ပဲ..”

“ဘီယာရောင်းနေပြီးတော့ ‘စည်း’ ဆိုတာကို ပါးစပ်ကမချပါလား လွှယ် .. ဘာလဲ ကမ္ဘာ့ဝါဖြတ်တော့မှာလား၊ ညည်း တစ်သက်လုံး မျိုချလာခဲ့တဲ့ အစာအာဟာရတွေကို ဘယ်ကရသလဲဆိုတာ မမေ့ဖို့တော့ ညည်းကို သင်ပြမယ့်သူမရှိခဲ့ဘူးကိုး ..”

“အဲ့ဒါလည်း ဟုတ်ပါတယ် .. လွှယ် က ငယ်စဉ်တည်းက မိဘမဲ့ပါ ..”

“အေး .. မိဘမဲ့ပေမယ့် ညည်းရဲ့မိဘဘိုးဘွားတွေကစပြီး ဒီအလုပ်နဲ့ ထမင်းစားခဲ့ကြတာနော် .. ပြောရမယ်ဆို ငါကမှ ဗိုင်းရပ်စ်အကိုက်ခံခဲ့ရတာ၊ ညည်းအမေနဲ့သာ အကြောင်းမပါခဲ့ရင် ဒီအလုပ်တွေနဲ့ ငါ ဘယ်လိုမှ သက်ဆိုင်လာမှာမဟုတ်ဘူး ..”

“ဒါပေမယ့် လွှယ် မြင်ခဲ့သလောက်ပြောရရင် အန်ကယ့်လ် လောဘက ပိုပါတယ်၊ ဟွန်း .. တပည့်က ပိုပြီးလက်စောင်းထက်တာမျိုးပေါ့၊ လွှယ် ကတော့ အရက်နံ့တွေကိုမုန်းတယ်၊ ယမကာတွေနေတဲ့ ဧကြည့်တွေ၊ ငွေကို ရေလိုသုံးပြီး လိုချင်တာ ပုံအောပေးနိုင်ပါတယ်ဆိုတဲ့ လူ

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ အဲဒါတွေကို ရွံ့တယ် ..”

“ဒီလောက်ထိ ညည်း ဖြစ်နေတာ စေ့စပ်ပေးခဲ့တုန်းကတော့ ဘာလို့တစ်ခွန်းမှ မပြောခဲ့တာလဲ ..”

“လွှယ် ပြောခဲ့ပါတယ် .. အန်ကယ်လ်က မကြားတာ ..”

“ဘာ ..”

“ဒါပေမယ့် ‘စည်း’ မကျော်ချင်တဲ့အတွက် မပြောသင့်တော့ဘူးထင်တဲ့အပိုင်းကို ထားခဲ့လိုက်တော့တာ ..”

သူမက စည်းမကျော်ချင်လို့ဆိုတော့ ကိုယ်ကတော့ ကျော်ခဲ့တယ်ပေါ့ ..။

ကိုယ့်ဘက်လှည့်ချိန်လိုက်သည့် မြားဦးကြောင့် ဦးကောင်းမိုး မျက်စိမျက်နှာပျက်လျက် ..၊

“ဦးလေးတစ်ယောက် အုပ်ထိန်းနေတဲ့ကြားက ညည်း ကိုယ့်သဘောနဲ့ကိုယ် ဖောက်ထွက်ကြံစည်နေတာတွေက စည်းလား ..”

“ဖောက်မထွက်ပါဘူး၊ လွှယ် က အစတည်းက စည်းအပြင်ကို ရောက်နေတာပါ ..”

လွှယ့် စကားတွေက နာကျင်မှုအရိပ်ငွေ့တို့နှင့် အေးစက်နေခဲ့၏။

“မွေးနေ့ကို ခေါင်းစဉ်တပ်ပြီး အန်ကယ့် ကိုယ်ကျိုးအတွက်နဲ့ လွှယ့် ကို ချောင်ပိတ်စေ့စပ်ပွဲလုပ်ပစ်ခဲ့တယ် ..”

“ငါ့ကိုယ်ကျိုးလို့ ညည်း ခုထိပြောနေတုန်းလား ..”

“အန်ကယ်လ် ဒီလူနဲ့ အပေးအယူတွေရှိနေတာ လွှယ် သိတယ်..”

“လုပ်ငန်းတူ စီးပွားရေးသမားချင်းရဲ့ ပတ်သက်မှုမျိုးကို ညည်း ခေါင်းစဉ်တပ်တာ မှားနေပြီ လွှယ် ..”

“ဘာပဲဖြစ်ဖြစ် .. လွှယ် အဲ့ဒါကို မငြင်းခဲ့ပါဘူး ..”

“ခုလည်း ဒါပဲလေ .. ညည်းကို တန်ဖိုးထားလို့ ဒီစေ့စပ်ပွဲကို ပိုပြီး



ခမ်းနားအောင်လုပ်မှာ၊ ပွဲချိန်နားကပ်ကာမှ ဘာဖြစ်လို့ ကဗျာကယာစလုပ်ချင်တာလဲ ..”

“တစ်ခါအလိမ်ခံရရင် မတော်တဆမှားယွင်းတာ၊ နှစ်ခါဆိုရင်တော့ ကိုယ် ညံ့တာပဲ အန်ကယ်လ်၊ လွှယ် အဲဒီလောက် မညံ့သေးဘူး..”

မျက်မှောင်ကုတ်သွားသည့် ဦးကောင်းမိုး မျက်နှာကို လွှယ် က စိုက်ကြည့်ကာ ..၊

“အဲ့ဒီပွဲက စေ့စပ်ပွဲအမှန်ဆိုရင် လွှယ် အခုလိုက်ခဲ့မယ်၊ ချောင်ပိတ်လက်ထပ်ပွဲဆိုရင်တော့ အန်ကယ်လ်ကြိုက်တဲ့ အပြစ်သာပေးပါ .. လွှယ် မလိုက်နိုင်ဘူး ..”

ဦးကောင်းမိုး မျက်နှာမှာ အံ့သြရိပ်ဖျတ်ခနဲထင်၏။ ပြီးတော့ အေးစက်တည်တင်းသွားကာ ..၊

“စေ့စပ်ထားပေမယ့် ကိုယ်ယူချင်မှ ဖြစ်တာလို့ ညည်းတွေးနေတာလား ..”

“လွှယ် တို့အခုကိစ္စကို ရှင်းကြရအောင်ပါ၊ ပွဲကြီးစီစဉ်ထားတဲ့အတွက် လွှယ် က မလိုက်ဘူးဆိုရင် အန်ကယ်လ် လောလောဆယ် ဘယ်လိုအဖြစ်ဆိုးသွားမလဲ ..”

“ဘာပဲဖြစ်ဖြစ် ဟိုရောက်ရင်တော့ ညည်းကို လက်ထပ်ပေးမှာပဲ ဆိုရင်ရော ..”

“ရဲသွေး ဆိုတဲ့လူက ဒီလက်ထပ်ပွဲဖြစ်မြောက်သွားရုံပဲလိုချင်တာ မဟုတ်ဘူးမို့လား ..”

ဒေါသမျက်နှာက ထပ်ဆင့်ရဲတွတ်သွား၏။ လွှယ် ဒီလောက်ထိ ကွက်ကျော်မြင်ထားလိမ့်မည်လို့ သူ မထင်ခဲ့ပေ ..။ ဒါမှမဟုတ် တစ်ယောက်ယောက်က သတင်းပို့ထားတာလား ..။

သူတစ်သက်လုံး မွေးမြူစောင့်ရှောက်လာခဲ့သည့် မိန်းမငယ်လေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ခုလောက်ထိ ရဲရင့်ထက်မြက်နေတာကို လွှမ်းမိုးခွင့်မရသည့်မာနက မခံစားနိုင် ..။

"ညည်း ဘယ်လိုမာန်မာနတွေနဲ့ ငါ့ကို အလဲထိုးတိုက်ခိုက်နေတာလဲ လွှယ် .. ငါက နွေးထွေးကြင်နာဖို့ကြိုးစားနေသလောက် သွေးစိမ်းတွေပါဆိုတာကို ညည်းက ဖောက်ထုတ်ပြဖို့ ပြင်ဆင်နေတာလား .."

"အဲ့ဒါကိုပြောဖို့သတိရလာတာ အန်ကယ်လ်ပါ .."

"သတိရလာအောင် ညည်းရဲ့ ပြောကွက်လုပ်ကွက်တွေက ခြေထိုးခံနေတာကရော .."

"လွှယ်နဲ့ အန်ကယ့်လ်ကြားမှာ စတင်လွဲမှားလာခဲ့ကြတာ မင်္ဂလာကိစ္စကြောင့်ပဲ အန်ကယ်လ် .."

လွှယ့် စကားကို ဦးကောင်းမိုး အာရုံစိုက်နားထောင်ရင်း ငြိမ်ကျသွား၏။ အိမ်နေရင်းဘောင်းဘီရှည်ပွပွ တီရှပ်ပွပွလေးနှင့် ဆံပင်တွေကလည်း ကပိုကရိုခပ်ပွပွပဲဖြစ်သည်။

သူမ တမင် ဒီပုံစံအတိုင်းနေပြီး ကိုယ့်လိုအရွဲ့တိုက် တွန်းလှန်နိုင်မယ့် စကားတွေ သေချာစုဆောင်းစောင့်နေခဲ့သည်။ ဒီစကားတွေကြောင့် နောက်ဖြစ်လာမည့်အကျိုးတရား မည်သို့ရှိစေ ရင်ဆိုင်ဖို့အတွက်လည်း ပြင်ဆင်ထားနိုင်၏။

ဒါဆို သူ့ဘက်က အုပ်ချုပ်သူမိဘပါဝါနဲ့ ဒီတိုင်းအလျှော့မပေးဘဲ ဆက်လက်ချုပ်ကိုင်ဖို့ကြိုးစားရမှာလား၊ အလိုက်အထိုက်ပြောပြီး အခြေအနေကို သုံးသပ်ရမှာလား ..။

ငြိမ်သက်နေပေမယ့် ဦးကောင်းမိုး ရဲ့ မျက်လုံးတွေက လွှယ့် ဆီမှာ ဖြစ်ကာ စိတ်အတွေးတွေကလည်း သူမကို ဘယ်လိုမှအလျှော့မပေးနိုင်ခြင်းတွေပဲဖြစ်နေခဲ့သည်။ သို့သော် ..၊

"မင်္ဂလာကိစ္စကို အန်ကယ်လ်က မဖြစ်စေချင်ပါဘူးလို့ ညည်း



ပြောခဲ့တယ်၊ အခု စိစဉ်ပေးပြန်တော့လည်း .."

"လွှယ့် စိတ်ကြိုက်ဆုံးဖြတ်ခွင့်ပေးပါ အန်ကယ်လ် .."

"မပေးနိုင်ဘူး .. ညည်း ဆုံးဖြတ်မှာက ငါ့အရိပ် ငါ့ရင်ကို ခွဲထွက်သွားဖို့တွေ .."

"အတောင်စုံရင် ပျံထွက်သွားကြတာပဲ အန်ကယ်လ် .. ဘာဖြစ်လို့လဲ .. အန်ကယ့်လ်စီးပွားရေးတွေက လွှယ် မရှိတော့တာနဲ့ ကြိုးပြတ်တဲ့ လေတံခွန်လိုဖြစ်သွားမှာလား .. အတောင်ကျိုးတဲ့ငှက်လို ဖုတ်ခနဲပြုတ်ကျသွားနိုင်လို့လား .."

ရင်ထဲမှာ ကျိတ်ခဲထားသမျှ တည့်တည့်ပဲမေးပစ်လိုက်သည်။ ဦးကောင်းမိုး ကလည်း ခေါင်းညိတ်၍ ...

"တို့နှစ်ယောက်ပဲ ရပ်တည်လာခဲ့ကြတာ၊ ငါက လူကြီးမိဘပီပီ ဦးဆောင်လမ်းညွှန်ပေမယ့် ညည်းရဲ့ အင်အားနဲ့ ရပ်တည်နိုင်အောင် ပံ့ပိုးခဲ့တာပဲ .. တစ်ယောက်ပဲ့သွားရင် တစ်အားလျော့တယ် လွှယ်၊ ပြီးတော့ ရဲသွေး ဟာ အရမ်းချမ်းသာတယ်၊ မိန်းမဘာညာရှုပ်တာပွေတာ ရှိခဲ့သည်ဖြစ်စေ မရှိခဲ့သည်ဖြစ်စေ အခု ညည်းကို တခမ်းတနားလက်ထပ်ဖို့အတွက် အသေအလဲကြိုးစားနေတယ် .."

"အန်ကယ်လ် မက်လောက်စရာတွေ ပေးကမ်းဖြားယောင်းပြီးတော့လား .."

"ဒါက စီးပွားရေးကိစ္စတွေပါ၊ ရှင်းရှင်းပြောရရင် သူ့လိုလူကို အန်ကယ်လ် လက်လွှတ်မခံနိုင်ဘူး သမီး .."

ချော့တစ်ခါ ခြောက်တစ်လှည့်နှင့် ဦးကောင်းမိုး မျက်နှာပေါ်က တင်းမာမှုတွေ လျော့ရဲသွားပြန်၏။

"အန်ကယ်လ်နဲ့ သူ အလုပ်လုပ်ကြဖို့တွေ ပလန်(န်)ချထားပြီးပြီ၊ သူ့ အကူအညီတွေယူနေရတဲ့အပြင် သူနဲ့ လက်တွဲပြီး ရလာမယ့်အကျိုး

www.burmeseclassic.com



ဆက်တွေက အန်ကယ်လ် အိပ်မက်ပဲ၊ ဒါပေမယ့် ညည်းအတွက်လည်း ပါတယ် လွယ် .. သူ ညည်းကို ဟိုအရင်တည်းက စွဲလမ်းပြီး ပိုင်ဆိုင်နိုင်ဖို့အတွက် တိတ်တဆိတ်ကြိုးစားနေခဲ့တာ .."

"လေးစားလောက်ဖွယ်ပဲ .."

"သူ့အရည်အချင်းမျိုးနဲ့ ဒီလိုကြိုးစားအားထုတ်လာတယ်ဆိုတာ တကယ့်မေတ္တာရှိလို့ မဟုတ်ရင်ဘာလဲ .."

"ခက်ခဲတာကို အရယူထားပြီးရင် လွယ်တာတွေက အေးဆေးပဲလေ၊ သူ့လိုယောကျ်ားမျိုးတွေ ဒုနဲ့ဒေး .."

"သူ့လိုချမ်းသာပြီး ဒီအသက်အရွယ်နဲ့ အောင်မြင်မှုတွေဝေဆာနေတဲ့ လူငယ်ကတော့ သူတစ်ယောက်ပဲရှိတယ် သမီး၊ ရှေ့ကိုအသာလေး လှမ်းတက်ခွင့်ရနေတဲ့ ခြေလှမ်းကို ဘာဖြစ်လို့ နောက်ပြန်ဆုတ်ချင်ရတာလဲ .."

"နောက်ဆုတ်ဖို့ အန်ကယ်လ်က ခွင့်မပြုနိုင်ဘူးမို့လား၊ ဒါပေမယ့် ရှေ့ကိုလည်း တက်မသွားချင်ဘူး၊ လွယ် ဒီတိုင်းရပ်နေမယ် .."

"ဘာ ..."

"စေ့စပ်ထားတဲ့အတိုင်းပဲ ရှိနေပေးပါလို့ တောင်းဆိုတာပါ .."

"လက်ထပ်ဖို့ကရော .."

"လွယ် က ခွင့်ပြုချင်အောင် သူ ကြိုးစားပါလိမ့်မယ် .."

"သူ့လိုလူက မိန်းမပိုးပမ်းနေဖို့အတွက် အချိန်ပေးနေနိုင်မှာ မဟုတ်ဘူးလေ .."

လွယ့် မျက်နှာလေး တင်းခနဲဖြစ်သွားသည်။

"ဒီစကားကို အခု လွယ် ပြန်ပြီးချေပရမလား၊ တကယ်လို့ ရှင်းသွားရင် အန်ကယ်လ် နားလည်ပေးနိုင်လား .."

ဒါသကြောင့် မာထန်နေသည့် လွယ့် မေးခွန်းကြောင့် ဦးကောင်းမိုး



မျက်နှာပျက်သွားသည်။ သူ့စကားမှားသွားသည်မှန်းလည်း သိကာ ..၊

"အန်ကယ်လ်က သမီးတို့ချင်း ရင်ဆိုင်ပြောမိကာမှ အဆင်မပြေတာတွေ ပြောဖြစ်ကြမှာစိုးလို့ပါ .."

"အဲဒါလည်း သူ စိုးရိမ်ပါစေ အန်ကယ်လ် .. အခု လွယ့် ကို သူ မရွေးချယ်မှာစိုးနေတာလား .. လွယ် က ငြင်းမှာကိုစိုးရိမ်နေတာလား၊ အန်ကယ်လ်ကို လွယ် နားမလည်နိုင်တော့ဘူး .."

ပြောနေရင်း စကားတွေသာ မှားလာဖို့ရှိတာမို့ ဦးကောင်းမိုး ပင့်သက်ရှိုက်လိုက်ရင်း ခေါင်းရမ်းနေမိကာ ..၊

"အခု စေ့စပ်ပွဲတက်ဖို့ပဲပြင်ပါ .."

ပြောရင်း နာရီကြည့်လိုက်ပြီး ..၊

"အချိန် ဆယ်မိနစ်ပဲရတော့မယ် .."

"အန်ကယ်လ် .."

သူ ခြေလှမ်းမရွေ့ခင် လွယ် က ခေါ်လိုက်ပြီး ..၊

"စေ့စပ်ပွဲရဲ့ နောက်တစ်ဆင့်ကို မကန့်သတ် မသတ်မှတ်ဖို့ အန်ကယ်လ် သဘောတူလား .."

ဦးကောင်းမိုး လှည့်မကြည့်ဘဲ ဘေးတစောင်းအနေအထားမှာ အကြာကြီး ငြိမ်နေခဲ့လျက် ..၊

"ပြီးရင် ထွက်လာခဲ့တော့ .."

သူ အပြင်ရောက်သည်နှင့် ရဲသွေး ကို ဖုန်းခေါ်လိုက်သည်။

"မောင်ရဲသွေး .. အန်ကယ်လ်နဲ့ လွယ် စေ့စပ်ပွဲကို အချိန်မီလာခဲ့ပါမယ် .."

"..... ..... ....."

တစ်ဖက်ကမေးခွန်းတွေကြောင့် ဦးကောင်းမိုး မျက်နှာညိုမှောင်နေခဲ့လျက် အုံ့ဖွဲ့သော ပင့်သက်တစ်ရှိုက်ဖြင့် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဆော်ရီးပါ မောင်ရဲသွေး ရယ် .. သမီး ကြီးသွားလို့ အန်ကယ်လ် လည်း မတတ်နိုင်ခဲ့ဘူး၊ အဲဒီကိစ္စအတွက် သမီးနဲ့ အန်ကယ်လ် အချိန် အကြာကြီး ဆွေးနွေးခဲ့တာပါ .."

"..... ..... ....."

"အန်ကယ်လ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်လွန်းသွားတာဖြစ်မယ်.. ဆော်ရီးပါ .."

"..... ..... ....."

"မင်းနားလည်ပေးတာကို ကျေးဇူးတင်ပါတယ် .."

ဖုန်းပြောပြီးတော့ သူ့နောက်မှာ လွှယ် ရပ်စောင့်နေသည့်အရိပ်ကို တွေ့လိုက်သည်။ သူမ ကြားသွားမှာကိုလည်းသိပေမယ့် သိပြီးသားတွေ ဝဲမို့ ဂရုစိုက်စရာမလိုပေ ..။

"ညည်း ပြီးပြီလား .."

"ဟုတ်ကဲ့ .."

"သွားမယ် .."

သူ ဦးဆောင်ပြီး ရှေ့ကို နှစ်လှမ်းလောက်ရောက်သွား၏။ ပြီးတော့မှ တုံ့ခနဲရပ်သွားသည်။ လွှယ် ကလည်း သူ့နောက်မှာ မတိုးဘဲ ရပ်မစ် လိုက်လျှင် ရှေ့နဲ့နောက် တိတ်ဆိတ်စွာရပ်နေမိကြတာ ခဏကြာသွား၏။ ပြီးမှ ဦးကောင်းမိုး က လှည့်မကြည့်ဘဲ ..၊

"အန်ကယ့်လ်ဘဝမှာ ကြီးမားတဲ့ ရည်ရွယ်ချက်တစ်ခုရှိခဲ့တယ်၊ ရည်ရွယ်ထားတဲ့အတိုင်း မဖြစ်မြောက် မအောင်မြင်သရွေ့ လျှောက်နေ တဲ့လမ်းဟာ ဘယ်လိုကောက်ကွေ့ပါစေ .. ဘယ်လောက်ပဲကြမ်းကြမ်း ခြေလှမ်းကိုတော့ ရပ်တန့်ပစ်မှာမဟုတ်ဘူး .."

ဒါတွေကို ဘာအတွက် ရည်ရွယ်ပြောနေသလဲဆိုတာ လွှယ် မသိ ပေ ..။ သို့သော် .. ဘဝနဲ့ချီပြီး လေးနက်ခဲ့သည့်အကြောင်းအရာတွေပဲ



ဆိုတာတော့ နားလည်နေ၏။

ဦးကောင်းမိုး သည် လက်နှစ်ဖက်နောက်ပစ်ဆုပ်ထားလိုက်ပြီး ကောင်းကင်ကိုမဟုတ်၊ မြေပြင်ကို မဟုတ်သော အဓိပ္ပာယ်မဲ့ငေးမောခြင်း ဖြင့် ရှေ့က တိုက်ခေါင်မိုးစွန်းတွေဆီ အကြည့်တွေ ဝေ့ဝဲနေခဲ့ပြီး ..၊

"အန်ကယ်လ်လည်း ညည်းလိုလူပဲ လွှယ် .. သူများလွှမ်းမိုးတာ ကို မကြိုက်ဘူး၊ နေပူလို့ ထီးလာမိုးရင်တောင် မကြိုက်ခဲ့တဲ့လူစားမျိုး ပေါ့၊ ဟွန်း .. အမေက လမ်းလျှောက်သင်ပေးခဲ့ပေမယ့် လမ်းလျှောက် တတ်ခဲ့တာက ကိုယ့်အစွမ်းအစပဲလို့ မြင်တဲ့သူ .."

သူ့စကားနဲ့သူ မဲ့လိုက်ရယ်လိုက်နှင့် မျက်နှာငုံ့သွားပြန်ကာ ..၊

"တကယ်တော့ အမှားတွေကသာ လူ့မိတ်ဆွေကွ .. အဲ့ဒီလောက် မိုက်ရိုင်းခဲ့တဲ့လူတစ်ယောက်က အမှန်တရားကို မြင်မိတဲ့အချိန်မှာ အမှားတွေ ဘယ်လောက်တောင်များခဲ့သလဲ ဘယ်သူမှ မသိဘူး၊ အဲ့ .. နောက်ထပ်ကောင်းတာက အမှားများလာရင် အမှန်က တန်ဖိုးကြီးတယ်.."

ဦးကောင်းမိုး က လက်နောက်ပစ်ထားလျက်နှင့် လွှယ့် ဘက်ကို ချာခနဲလှည့်လိုက်ကာ ..၊

"မှန်တာတွေ အများကြီးရွတ်ပြနိုင်ပြီး တစ်ခုမှ မမှန်ခဲ့တဲ့လူနဲ့၊ အမှားများစွာကျူးလွန်နေရင်း အမှန်တရားတစ်စုံတရာကို မြင်လာရတဲ့ သူက ဘယ်သူက အကျိုးနာမလဲ ညည်းသိလား .."

သူ့စကားသူ သဘောကျသွားသလို ခေါင်းညိတ်လိုက်ရင်း ..၊

"အမှားများတဲ့သူက ဘဝမလှပေမယ့် အကျိုးတော့ လှပါတယ် .."

သူ့စကားကို အဆုံးသတ်၍ ..၊

"အန်ကယ်လ် အကျိုးမနာခဲ့ဘူး .. ဒါပေမယ့် ဒီနေ့ထိ အန်ကယ်လ် လုပ်ခဲ့သမျှ အမှန်တရားတွေဖြစ်လာပြီလားဆိုတော့လည်း မပြောသေး ပါဘူး၊ နောက်ထပ် တိုက်ပွဲဝင်ရဦးမှာ၊ လောဘ မောဟတွေနဲ့ ရလို့မှတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖုံးလွှမ်းနေတဲ့ တိုက်ပွဲပေါ့၊ ဒီတိုက်ပွဲမှာ အန်ကယ်လ် ကျရှုံးလို့မဖြစ်ဘူး၊ ဒါကိုအောင်နိုင်မှ ရည်ရွယ်ထားသမျှ ပြီးမြောက်မှာ .."

ဦးကောင်းမိုး က လွယ် နဲ့ မျက်လုံးချင်းဆုံအောင်ကြည့်ကာ ..၊

"အဲ့ဒီတိုက်ပွဲမှာပဲ အန်ကယ့်လ် လောဘ မောဟတွေကို နိုင်ငံချုပ်စေမယ်၊ တိုက်ပွဲရဲ့ ဟိုတစ်ဖက်သာ ပန်းဝင်ကြိုးပဲ .."

"တိုက်ပွဲဆိုတာ စစ်မျက်နှာနှစ်ဖက်ပဲရှိတာပါ၊ အန်ကယ်လ်ရင်ဆိုင်ရမယ့်တိုက်ပွဲက ဘယ်သူနဲ့လဲ ရဲသွေး နဲ့လား .."

ဦးကောင်းမိုး က စိုက်ကြည့်နေရင်း ပြုံးသည်။ ပြီးတော့ ခေါင်းခါ၏။ လွယ် က မချိတရိပြုံးလိုက်ကာ ..၊

"လွယ် နဲ့ပေါ့ .."

"ဟုတ်တယ် .."

အဖြေက ရှင်းရှင်းလေးပဲ လွယ်လွယ်ကူကူ ထွက်လာခဲ့လျက် ..၊

"ညည်း ငါ့ကို နားလည်မှုမဟုတ်သလို ငါ တိုက်ယူရမှာကလည်း ညည်းရဲ့ နားလည်မှုတွေမဟုတ်ဘူး၊ ဒါပေမယ့် စိတ်မပူပါနဲ့ ငါ ကတိတည်မှာပါ .."

ပြောပြီး စိုက်ကြည့်ရင်းဖြင့် ..၊

"အခု ညည်းနဲ့ သဘောတူလိုက်တဲ့ ပွဲအတွက်ပေါ့ .."



အခန်း (၁၈)

Lotteria Bakeryကိုလာဖို့ ကားပေါ်ကင်ထိုးရင်း ချွေးတွေပါ ပြန်၏။ ဆိုင်ထဲရောက်တော့ သူမက ငုတ်တုတ်လေးထိုင်ရင်း စက်ရုပ်လို ငြိမ်သက်နေလိုက်တာ မျက်တောင်တွေတောင်ခတ်ရဲ့လား မသိ ..။

ဗီကေဝါးနေသည့် ခပ်လှုပ်လှုပ်မေးဖျားလေးမှလွဲလျှင် သူမ ထိုင်နေပုံက အသက်မဲ့နေသလိုပင် ..၊

ဒါပေမယ့် နေမြ က သူမကို တစ်ချက်ပဲ အကဲခတ်ကြည့်ကာ ရှေ့မှာဝင်ထိုင်လိုက်ပြီး ..၊

"မင်း ဘယ်လိုလာသလဲတော့ မသိဘူး၊ ကားပေါ်ကင်မရှိလို့ ကိုယ့်ကားကို ခေါင်းပေါ်ပဲရွက်လာရတော့မလား မှတ်ရတယ် .."

"လွယ် တက္ကစီနဲ့လာတာ .."

ဒါကိုတော့ ချက်ချင်းပြန်ဖြေသားပဲ ..။

"မင်းက ဒီပုံစံနဲ့ တက္ကစီစီးလာတာလား .."

အဖြူပေါ်မှာ အဝါရောင်ပိုးချိတ်လေးတွေနှင့် ပွဲထိုင်ဝတ်စုံက အပါးသားခံထားသည့် ရင်ဘက်နဲ့ လက်ဖျားတွေတစ်ဆုံးမှာ ရွှေဝါရောင်အစင်းအမှုန်လေးတွေ ပြီးခနဲပြက်ခနဲ လက်သွားတတ်၏။

ပုလဲဖြူတစ်ကုံးပဲ လည်ကပ်ဆွဲထားကာ ဆံပင်တွေကို ဒီတိုင်းဖြန့်

www.burmeseclassic.com

www.burmeseclassic.com



ချထား၏။ မျက်နှာလေးက အရောင်ဖျော့နေပေမယ့် မှုန်ညက်ညက်လေးနှင့် ဝင်းထိန်နေသည်။

ပန်းနုရောင်ဖျော့ဖျော့ နှုတ်ခမ်းသားလေးတွေကလည်း နဂိုအတိုင်း ထက်ပိုရဲလေးပဲဖြစ်သည်။ စားပွဲပေါ်မှာ ဝတ်စုံအတိုင်း အရောင်တူ ပဝါပါးလေးတစ်ထည်ကို ပုလဲလက်ကိုင်အိတ်လေးထက်မှာ အခေါက်လိုက် တင်ထား၏။

သူမ ပွဲထိုင်တစ်ခုခုက ပြန်လာတာဖြစ်နိုင်မှန်း သူ တွက်မိလိုက်သည်။ အဘယ့်ကြောင့်ဆိုလျှင် နွမ်းလျနေသည့် သူမ၏ မျက်နှာလေးက ပွဲသွားဖို့ရှိနေသည့်ပုံစံအနည်းငယ်မျှ မရှိ ..။

"ဟော့ .. မင်းပဲ ဖုန်းဆက်ပြီးတော့ ဘာဖြစ်လို့ ဘာမှမပြောတာလဲ.."

"လွယ် ဘာပြောရမှန်းမသိတော့ဘူး .."

"ဘာတွေဖြစ်နေလို့လဲ .."

"ဒီနေ့ ရဲသွေး နဲ့ စေ့စပ်ခဲ့တယ် .."

"ဘယ်လို!..."

သူ မျက်မှောင်ကုတ်သွားကာ လွယ့် ပုံစံ နောက်တစ်ခါ ခြေဆုံးခေါင်းဆုံးကြည့်မိပြန်၏။

"မွေးနေ့မှာ စေ့စပ်ခဲ့ပြီမို့လား .."

လွယ် က အေးစက်စက်မျက်နှာလေးနှင့် ခေါင်းညိတ်ကာ ..၊

"တကယ်က လက်ထပ်ပွဲလုပ်ဖို့ စီစဉ်ခဲ့တာ .."

ဦးကောင်းမိုး နဲ့ ရင်ဆိုင်ခဲ့ရတာကို ပြောပြလိုက်ရင်း ..၊

"အန်ကယ်လ်က သူ့ကိုယ်ကျိုးအတွက်ဆိုရင် ဘာဖြစ်ဖြစ်လုပ်မယ့်သူ၊ ခုလည်း သူ အပိုင်စီစဉ်ထားတာကို ပွဲပျက်မှာစိုးလွန်းလို့ တစ်ထစ်လျှော့ပေးလိုက်တာ .."

"ရဲသွေး ကရော သူ့စိတ်ကူးတွေ ဘယ်လိုပြန်လျှော့လိုက်တာလဲ၊ ဒီအနေအထားကနေ မင်း ရုန်းထွက်လာနိုင်တာ မဆိုးဘူးပဲ .."



လွယ် က သူ့ကိုကြည့်ပြီး ခေါင်းတွင်တွင်ခါသည်။ ပြီးတော့ စိတ်ညစ်နေသလို စားပွဲပေါ်မှာ လက်လေးနှစ်ဖက်တင်လိုက်ကာ ..၊

"အဲဒီလို ရုန်းထွက်ဖို့အတွက် လွယ် ဘာတွေပြောလိုက်မိမှန်းမသိဘူး၊ အန်ကယ်လ်က စကားတတ်တယ်၊ တစ်ခုခုသိချင်ရင် လှည့်ပတ်ပြီးအောက်မေးတာ ကျွမ်းကျင်တယ်၊ သူနဲ့ လွယ် မေးတာတွေဖြေတာတွေ ရှုပ်ထွေးပြီး ပြောကြတဲ့ရည်ရွယ်ချက်တွေလည်း ဟိုရောက်ဒီရောက် ..."

"ပြောပါဦး .. ဘာစကားတွေ ကျွံခဲ့လို့လဲ .."

"အိမ်ထောင်ရေးအကျိုးဆောင်နဲ့ ရှာခိုင်းနေတာကို ကဲ့ရယ်တယ်၊ သူ စီစဉ်ပေးတဲ့လူကို ငြင်းပြီး ဘယ်တစ်ယောက်မှန်းမသိတဲ့လူကိုတော့ လက်ထပ်မယ်ဆိုတာ .."

"ဟုတ်တယ် .. သဘာဝမှမကျဘဲ၊ အကယ်၍ မင်းမှာ ချစ်သူရှိတယ်ဆိုတာ ပြနိုင်ရင်တော့ သူ တစ်မျိုးဖြစ်ချင်ဖြစ်သွားမှာပါ .."

လွယ် က သူ့မျက်နှာကိုစိုက်ကြည့်ပြီး ခဏတစ်ဖြုတ်ငိုင်နေ၏။ ပြီးမှ မျက်ဝန်းလေးတွေ တခြားကိုရွေ့သွားကာ ..၊

"အဲ့ဒါကြောင့် သူ့မေးခွန်းတွေမှာ ငုတ်တုတ်မေ့မနေချင်လို့ လွယ့်မှာ ချစ်သူရှိတယ်လို့ ပြောလိုက်တယ် .."

"ဟင်!..."

မဟုတ်ဘဲ တမင်ပြောလိုက်မှန်းသိနေသဖြင့် နေမြဲ အံ့ဩသွားသည်။ ဒီလိုအဖြေမျိုးကို အကြောင်းပြချက်မရှိဘဲနဲ့တော့ အမှတ်ပြည့်နဲ့ အမှန်ဖြစ်မှာဟုတ်ပေ ..။

ဦးကောင်းမိုး က ဒါကိုယုံကြည်လက်ခံပေးသွားသည်ဆိုတာ မဖြစ်နိုင် ..။

"နေပါဦး .. ချစ်သူရှိတဲ့လူက အကျိုးဆောင်ကို အားကိုးနေရမယ်ဆိုတာလည်း .. မင်း .. အဲ့ဒါ မဟုတ်သေးဘူးလေ၊ တစ်ဖက်ကလူ

www.burmeseclassic.com

www.burmeseclassic.com



က မင်းပြောတိုင်း ယုံမယ့်သူ ဟုတ်မဟုတ် မင်း ဒါလေးတောင် မတွေးတတ်ဘူးလား ..”

“တွေးတတ်တယ် .. တွေးတတ်လို့ပဲ ရှင့်ကို လက်ညှိုးထိုးပြလိုက်တာ ..”

“ဘာ!...”

“ရှင့်ကို လွယ့် ချစ်သူလို့ ..”

“ဟာ .. မင်း ..”

သူ့မျက်နှာထက်က စိုးရိမ်ထိတ်လန့်သွားခြင်းကြောင့် ရှက်သည့်စိတ်က တစ်ကိုယ်လုံးကို ဖျင်းခနဲ ပူရှိန်းသွားသည်။

သူမ ဘယ်နေရာမှာ ဘယ်လောက်ပဲသတ္တိတွေကောင်းနေပါစေ၊ ယောက်ျားတစ်ယောက်၏ရှေ့မှာ သိက္ခာမဲ့သောစကားကို ပြောထွက်တဲ့အထိတော့ မဟုတ်ခဲ့ဘူးထင်သည်။

ရှက်ရွံ့သိမ်ငယ်စိတ်နှင့်အတူ လက်သီးဆုပ်လိုက်မိတာ ကိုယ့်တာသာသတိမထားမိခဲ့ ...၊

သူ့မျက်နှာကို စေ့စေ့မကြည့်ဘဲ မျက်လွှာချပစ်မိကာ ...၊

“ဆော်ရီးပါ .. အန်ကယ့်လ်လိုလူကို လက်တစ်လုံးခြားပြောလို့မရလို့ သဘာဝကျအောင် ပြောလိုက်ရတယ် ..”

“တောင်းပန်စရာမလိုပါဘူး .. ဒါပေမယ့် အဲ့ဒီထိလည်း သဘာဝမကျသေးဘူး လွယ် .. မင်း ဦးလေး ကိုယ့်ဆီကို လာသွားတယ်၊ သူထင်တာတွေပြောပြီး ကိုယ့်အလုပ်ကိစ္စတွေထိ ဝေဖန်ပြောဆိုခဲ့တယ် = အဲ့ဒါကြောင့် ..”

သူ အားတော့နာသွားသည်။ ဒါပေမယ့် ...၊

“ကိုယ့်ဘက်ကလည်း ကိုယ့်သိက္ခာကို ကာကွယ်ဖို့အတွက် မှန်တဲ့အတိုင်းပြောလိုက်ရတယ်၊ မင်းနဲ့ကိုယ် ချစ်သူတွေဆိုတာ သူ ယုံမှာမဟုတ်ဘူး ..”



“သိပါတယ် .. လွယ် ကလည်း ..”

ရုတ်တရက် အမှန်တရားကို ပြောမထွက်ဝံ့အောင် ရိုးရှင်းစွာဆွံ့အနေခဲ့၏။ ပြီးမှ ...

“လွယ့် ဘက်က စိတ်ကူးထားတဲ့အကြောင်းပဲ ပြောပြခဲ့တာ၊ ရှင့် .. ရှင့်သိက္ခာကို မထိခိုက်ပါဘူး ..”

“ကိုယ့်သိက္ခာတစ်ခုတည်းမကဘူး .. ဒီလိုကိစ္စကို လိမ်ညာတာကိုဘ မင်းမှာလည်း မကောင်းဘူး လွယ် ..”

ပြောရင်း မသိမသာ သက်ပြင်းရှိုက်မိကာ ...၊

“ကဲ .. မင်း အခု ဘာမှာထားလဲ ..”

“ချစ်ကဲန်းရိုက်(စ်)နဲ့ အောရင့်(ချ်)ဂျူး(စ်) ရှင့်အတွက်ပါ မှာထားတာ .. လွယ် ဗိုက်ဆာနေတာနဲ့ ရှင်လည်း ဆာမလားလို့ ..”

အံ့သြသလိုဖြစ်သွားပြီးမှ နေမြဲ က ပြုံး၍ ...၊

“မင်းက ဗိုက်ဆာနေတာလား ..”

“ဘာဖြစ်လို့လဲ ..”

“မသိဘူးလေ .. မင်းကို မြင်လိုက်ရတော့ ဘာကိုမှ မသိမြင် မခံစားဘဲ ထိုင်နေတဲ့ပုံပေါက်နေတာ ..”

“ဟုတ်တယ် .. စိတ်အရမ်းညစ်နေတာ၊ ဒါပေမယ့် စိတ်ညစ်တာဘ ဗိုက်နဲ့မှ မဆိုင်ဘဲ ရှင်ရော လွယ် မှာထားတာကို မစားချင်ဘူးလား..”

“စားမယ်လေ .. ကိုယ်လည်း ဗိုက်ဆာလာတာပါ၊ မင်းကို ကျေးဇူးဆောင် တင်ရဦးမယ် .. မနက်တည်းက ခုချိန်ထိ ကိုယ်မနားရသေးဘူး ..”

“ရှင်တို့ အေဂျင်စီမှာ ရှင်တစ်ယောက်ပဲ လှုပ်ရှားနေရတာလား..”

“တာဝန်ရှိသူတွေပေါ့ .. ဒါပေမယ့် ကိုယ်က ဦးဆောင်နေတဲ့သူဆိုတော့ ပိုပင်ပန်းတယ် ..”

လွယ် က သူ ပြောနေတာကို စိတ်ဝင်စားတာမဟုတ်ဘဲ နားထောင်

www.burmeseclassic.com

www.burmeseclassic.com



ရင်း စိတ်ပျံ့လွင့်သွားသည့်မျက်နှာလေးဖြစ်နေခဲ့ပြီး ..။

"ရှင့်ကို ဒီနေရာလာခဲ့ဖို့ခေါ်တာ ထမင်းစားဖို့ အစီအစဉ်တော့ မပါဘူး၊ အရေးကြီးတာသွားဖို့ရှိတယ်လေ .."

"ဟင် .. သွားဖို့ရှိတယ် .."

"ဟုတ်တယ် .."

"ဟာ .. ဖြစ်မှာမဟုတ်ဘူး၊ ကိုယ်လည်း စားဖို့လာတာမဟုတ်ဘဲ နဲ့ စားရမှာ .. အရေးကြီးတာ သွားဖို့ရှိသေးတယ် .."

လွယ် မျက်မှောင်လေးကုတ်သွားကာ ..။

"အလုပ်ကိစ္စဆိုရင် လွယ် ကလည်း ရှင့်အလုပ်ပဲလေ၊ ဦးစားပေး စာရင်းထဲ ထည့်လိုက်လို့ရတာပဲ .."

"ဒါပေမယ့် မင်းက ခုမှပြောတော့ ဟိုမှာက ချိန်းပြီးပြီ .."

"ဖျက်လိုက်တော့ .."

"ဘယ်လို .."

လွယ် က စိတ်တိုနေသည့် မျက်နှာလေးဖြစ်နေကာ စားပွဲပေါ်မှ ကဒ်ပြားလေး ဖျတ်ခနဲ လင်းလာပြီး အသံမြည်လာသည်နှင့် ကဒ်ကို ကောက်ယူလိုက်ပြီး ထရပ်လိုက်လျှင် ..။

"ထိုင်နေပါ .. ကိုယ် သွားယူပါ့မယ် .."

ဆတ်ခနဲ ပြန်ထိုင်လိုက်တာ မျက်နှာလေးက မကြည် ..။

သူပဲ နှစ်ခေါက်ပြန်ပြေးပြီး သယ်ယူချခင်းနေတာကို မလှုပ်မယှက် လေး ထိုင်ကြည့်နေခဲ့၏။

"ရှင့်ကို အခု .."

"နေဦး .. စားသောက်ပြီးမှ ပြောရအောင် .."

"စားသောက်ရင်းပြောလည်းရတာပဲ .."

သူ ဘာမှမပြောဘဲ ထမင်းစားနေလိုက်လျှင် လွယ် က သူ့မှာ ကို ပို့ထားသည့် ဂျူး(စ်)နှစ်ခွက်ထဲက တစ်ခွက်ကို နေမြဲ ဘက်မှာ



ချထားပေးလိုက်ကာ ..။

"တစ်ယောက်တစ်ခွက်မှာထားတာကို ဒီဘက် ဘာလို့ပို့ထားတာ လဲ .."

"မသောက်နိုင်ရင် ထားလိုက်လေ .. ထမင်းစားရင် ဟင်းချိုတောင် မသောက်တတ်ဘူး၊ အဲ့ဒီအချိုတွေ အချဉ်တွေဆို ပိုဆိုးတယ် .."

ထမင်းစားတာလည်း မြန်သည်။ ပေကျံဖိတ်စင်တာမရှိသလို နှုတ်ခမ်းဖွင့်ပုံ ထမင်းစားပုံကအစ သေသေသပ်သပ်နှင့် ကြည့်ကောင်း၏။

သူမက စားရုံပဲရှိသေးသည်။ သူက လက်စသပ်လိုက်ပြီမို့ ကြည့်လိုက်တော့ တစ်ဝက်တောင်မကျိုးသေး ..။

"ပြီးပြီ .."

"ဟုတ်တယ် .. ဒီလောက်ပဲစားတာ .."

"ဘာလဲ .. သုတ်သုတ်သွား သုတ်သုတ်စားတဲ့နည်းတွေနဲ့ ရှန်းကန် ရှာဖွေနေရတာလား .."

"မဟုတ်ပါဘူး .."

"ဟုတ်ခဲ့ရင်လည်း လွယ့် ရှေ့မှာ ရှင့်ဘာသာ သေလောက်အောင် အရေးကြီးနေနေ ခဏတော့ ထားလိုက်ရမှာပဲ .."

"ဟ .. မင်းက ကျပ်လှချေလား၊ ခုထိ မင်း ပြောနေတာတွေကို ငါ့ဘက်က ကွန်ပလိန်းမတက်သေးဘူးနော် .. တကဲကဲ မောင်းတင်နေမယ့်အစား အဲဒါတွေကို မြန်မြန်မျိုချပြီး မင်းကိစ္စကို ပြောလိုက်ရင် ရပြီ .."

"မြန်မြန်မျိုမချနိုင်တဲ့အကြောင်းပဲ ပြောနေတာလေ .. ရှင်က အမူအရာတွေနဲ့ ဖိအားပေးနေတာပဲ .."

"ကဲ ..."

သူ့မျက်နှာပေါ်က စိတ်မရှည်ခြင်းကို လွယ် ကလည်း စေ့စေ့စပ်စပ် ပြန်ကြည့်၏။ သူက မျက်နှာလွှဲပြီး ရေသန့်ထည့်၏။ ပြီးတော့ မသောက်

www.burmeseclassic.com

www.burmeseclassic.com



သေးဘဲ မျက်လွှာပင့်ကြည့်ကာ ..၊

"ပြီးပြီလား .."

"အအေးသောက်ဖို့ ကျန်သေးတယ် .."

"ကုန်နေပြီလေ .."

"ဒီမှာ ရှင်မသောက်တဲ့တစ်ခွက် .."

လုံးဝကုန်နေသည့် ဖန်ခွက်ကိုဘေးရွှေ့ပြီး နောက်တစ်ခွက်ထပ်ကိုင်လိုက်တာကို သူ တအံ့တသြကြည့်ကာ ..၊

"လွယ် .. မင်း ငါ့ကို ရွဲ့နေတာတော့ မဟုတ်ပါဘူးနော် .."

"ရွဲ့စရာလား .."

ကြည့်လိုက်တော့ ထမင်းနဲ့ ကြက်သားကလည်း ပန်းကန်ထဲမှာ ပြောင်နေပြီ ..၊

"မင်း ဗိုက်ဆံ့သေးရဲ့လား .. ပြီးတော့ ဂျူး(စ်)က အချဉ်တွေကွာ .."

"ထမင်းစားရင်း အအေးနဲ့သောက်နေကျပါ၊ လွယ် က အစားကြီးတယ် .."

ပြောတဲ့အတိုင်း တကယ်သောက်နေတာ မက်မက်စက်စက် ..၊

နေမြ စိုက်ကြည့်နေရင်း သူမရှေ့မှာ ဝင်ထိုင်လိုက်ပြီး ပြုံးကာ ..၊

"အံ့ဟွန်း .."

အသံထွက်အောင်ရယ်ပြီး တစ်ဖက်လှည့်လိုက်တော့ သူမက မျက်မှောင်ကုတ်သွားလျက် ..၊

"ဘာရယ်တာလဲ .."

"ဒီလိုပဲ ငါက .. ရယ်စရာမတွေ့ဘဲလည်း ကြုံဖန်ရယ်တတ်တယ်"

လူကို ရယ်စရာလို့ ပြောလိုက်တာ ..၊

သေပေါ့ ..၊

လွယ် က စိမ်ပြေနပြေ စားသောက်နေပြီး နေမြ က ဒီတိုင်းငုတ်တုတ်ထိုင်နေ၏။ တစ်ခါ ဖုန်းထပြောပြီး ပြန်လာမှ ..၊



"ချိ(စ်)ဘာဂါတစ်ခု သွားယူပေးပါလား .."

"ဘာ!..."

"လမ်းမှာစားလို့ရအောင် ပါဆယ်ယူပေး .."

ထိုင်ရာမထ နိုင်းနေပြီးမှ ..၊

"ဘယ်လောက်ပေးခဲ့ရလဲ .."

"မျိုကျအောင်စားပါ .. ဘာဂါတစ်ခုလောက်တော့ ငါ ကျွေးနိုင်ပါတယ် .."

လွယ် က မဲ့လိုက်ပြီး ကိုယ်ကို မတ်မတ်ထိုင်ကာ ..၊

"တရားရုံးကိုသွားမယ် .."

"ဟင်!..."

နေမြ ဖျတ်ခနဲလှည့်ကြည့်သည်။

"ဘာသွားလုပ်မလို့လဲ .."

"လက်ထပ်ဖို့ .."

"ဘာ!..."

ကြားရတာတွေက အထိတ်တလန့်တွေချည်း ..၊

"လက်ထပ်ဖို့ဟုတ်လား .. မင်းကလား .."

"ဟုတ်တယ် .."

"ဘယ်သူနဲ့လဲ .."

"ရှင့်ကို မဟားတရားလက်ထပ်နိုင်းမယ်လို့များ ထင်နေတာလား"

"ငါ့ကိုမဟုတ်ရင်လည်း မင်း တစ်ယောက်ယောက်ကို မဟားတရားပြောယူရမှာပဲ .. ဘာတွေလျှောက်လုပ်နေတာလဲ လွယ် .. ဘာမှလည်းကြိုမပြောဘူး .."

"လွယ့် ဘာသာ ဘာတွေလျှောက်လုပ်လုပ် ရှင့်အပူမပါပါဘူး၊ ရှင် လုပ်ပေးရမှာက လွယ့် ဘက်က သက်သေလုပ်ပေးဖို့ပဲ ပြီးတော့ ဒီကိစ္စမှာ တခြားအဖော်တွေကိုလည်း အသိမပေးချင်လို့ အဖော်မပါဘဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းလည်း မသွားချင်လို့ ..”

“ပြောစမ်းပါ .. ဘယ်သူနဲ့လဲ မင်းနဲ့ ဘယ်လိုပတ်သက်တဲ့လူလဲ၊ အဲ့ဒီလိုရှိနေသားနဲ့ အေဂျင်စီကို ဘာဖြစ်လို့ရောက်လာတာလဲ ..”

“ဟာ ...”

“ဒီမေးခွန်းတွေ တခြားလူတွေလည်း မေးကြမှာပဲ၊ မင်းမှာ ချစ်သူမရှိလို့တောင်မှ ကိုယ့်ကိုဆွဲထည့်ပြောခဲ့ရတာမို့လား .. အဲဒါတွေကို တွေးကြည့်လိုက်ရင် မင်း ဘာလုပ်တော့မှာလဲဆိုတာ ပေါ်နေပြီ ..”

ဒေါသနှင့် စိတ်လှုပ်ရှားခြင်းတို့ ဒွန်တွဲနေသောစကားလုံးတွေက ဆက်တိုက် ..၊

လွှယ် က သူ့ကိုငေးကြည့်နေပြီးမှ ..၊

“ရှင် မကြိုးပမ်းရဘဲ လွှယ် အိမ်ထောင်ဘက်ရသွားတော့ ရှင် ပို မကောင်းဘူးလား ..”

“ငါ အလုပ်လုပ်နေတာ ကိုယ့်ကိုယ်ကျိုးတစ်ခုတည်းအတွက် မတော်လောဘနဲ့လုပ်တာမဟုတ်ဘူး၊ မင်းရဲ့ အလုပ်ကျမှ ခိုက်ရန်များရတာတွေ၊ ငါ့နေရာထိ လာစော်ကားသွားတာတွေ၊ အဲဒါတွေလည်း မင်းနဲ့ကျမှ ကြုံခဲ့ရတာ၊ ဒါပေမယ့် ငါ မင်းကို နားလည်ခဲ့လို့ ငါ့နည်း ငါ့ဟန်နဲ့ ဖြေရှင်းပြီး မင်း အဆင်ပြေတဲ့အထိ ကူညီဖို့ဆုံးဖြတ်ခဲ့တာ..”

“ခုထိ ရှင် ဘာမှမလုပ်နိုင်သေးဘူးလေ .. လွှယ် က ဒုက္ခရောက်နေပြီ ..”

နှစ်ယောက်သည် စားပွဲခုံအလယ်မှာခြားလျက် ခပ်ကြိတ်ကြိတ် စစ်ခင်းနေကြတာ ဘေးလူတွေ ဘယ်သူမှ မရိပ်မိ ..။

“ဒီမင်္ဂလာပွဲကို မဖြစ်မနေ စီစဉ်မယ်လို့ အန်ကယ်လ်က ပြောပြီးပြီ၊ အခု လက်ထပ်ပွဲဖြစ်မသွားဖို့အတွက် လွှယ့် ဘက်ကလည်း လိုက်လျှောပြောခဲ့ရတာတွေရှိသေးတယ်၊ ဒါတွေကို ဘယ်လောက်ထိ ဆွဲထားလို့ရမှာလဲ၊ မဖြစ်ဘူး နေမြဲစေ လွှယ် ဒီနေ့ပဲ လက်ထပ်မှဖြစ်မယ် ..”



“ဒီနေ့မဟုတ်လို့ရသေးတယ် လွှယ်၊ မင်း ခုပဲ စေ့စပ်ပွဲပြီးခဲ့တာ တစ်လ သို့မဟုတ် ရက်ပိုင်းလောက်တော့ မင်း ကြိုးစားချိန်ရှိသေးတယ်”

လွှယ် က ခေါင်းခါရင်း သူ့မျက်နှာကို စိုက်ကြည့်၏။ နေမြဲ က လက်ကာ၍ ..၊

“မင်း အခု ဒီလိုဝတ်စားလာတာ လက်ထပ်ဖို့လား ..”

“စေ့စပ်ပွဲက ပြန်လာတာပါလို့ ရှင့်ကိုပြောခဲ့တာပဲ ..”

“ဟုတ်တယ်လေ .. မင်း ခုလေးတင် စေ့စပ်ခဲ့တာ မနက်ဖြန် တံခါးပိတ်ပြီး ဖွတ်မပေးစားလောက်ပါဘူး ..”

“မပေးစားလောက်ပါဘူး .. ဟုတ်လား ..”

အက်ရှနေသည့် ငိုသံလေးကြောင့် နေမြဲ အံ့သြသွားသည်။ ကြည့်လိုက်တော့ လွှယ့် မျက်ဝန်းလေးတွေက ငိုချင်နေတာမဟုတ်ဘဲ ခံပြင်းဒေါသတွေသာရှိနေခဲ့ပြီး

“ဒီမှာကြည့် ..”

သူမက မာဆတ်ဆတ်ပြောပြီး ပဝါခေါက်လေးကို ကောက်ယူလိုက်၏။ ပုလဲလက်ကိုင်အိတ်လေး ကျန်ခဲ့ကာမှ အိတ်ကို သူ့ရှေ့တွန်းပို့လိုက်ကာ ..၊

“ကြည့် ..”

ရုတ်တရက် ဘာမှန်းမသိပေမယ့် သေချာကြည့်တော့ အပွင့်[illegible] ထားသည့် ပုလဲအလုံးကြီးထဲက နှစ်လုံးပြုတ်နေကာ အပွင့်ပုံပျက်နေ[illegible] လည်း သိသာ၏။

“ဒါ ..”

“ရဲသွေး ဆိုတဲ့လူ ရမ်းကားလိုက်တာ ..”

“ဘာ!...”

လွှယ် မျက်နှာလေးလွှဲထားရင်း အံကြိတ်၍ ..၊

“စေ့စပ်ပွဲပြီးတာနဲ့ စကားပြောချင်လို့ဆိုပြီး တစ်ခုနေရာကို ဆွဲခေါ်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်၊ ဘာပြောပြော အဆင်မပြေတာကို သူ့ဟာသူ ပေါက်ကွဲပြီး လူကို .. တောက် ..”

စိုးရိမ်စိတ်နှင့် နားထောင်နေပြီးမှ နေမြဲ သက်ပြင်းရှိုက်လိုက်မိ၏။ ပြီးတော့ သူမကိုယ်ကို မျက်လုံးဒေါ့ကြည့်ကာ ..၊

“မင်းလည်း တုံ့ပြန်ခဲ့တာပဲမို့လား ..”

“တစ်ခါတည်းကို ဓားနဲ့ ထိုးသတ်ခဲ့ချင်တာ၊ အဲ့ဒီလောက် သွေးဆူ ရမ်းကားတဲ့လူကို ကျွန်မ ဘယ်လိုယုံရမလဲ၊ သူ့ကိုယ်ကျိုးကိုပဲ ဦးစား ပေးတတ်တဲ့ ဦးလေးဆိုတဲ့ လူကိုရော ဘယ်လောက်ထိ အားကိုးလို့ရမှာ လဲ၊ အဲ့ဒါကြောင့် လွယ် ဆုံးဖြတ်လိုက်တာ ..”

“မင်း ဆုံးဖြတ်တဲ့အတိုင်း လက်ထပ်မယ့်သူက အဆင့်သင့်ရှိနေ တယ်ပေါ့ ..”

“ရှိတယ် ..”

“လက်ထပ်မယ်ဆိုတာ လက်ထပ်ပြီးတာနဲ့ ပြီးဆုံးသွားမှာမဟုတ် ဘူး၊ မင်း အဲဒါကိုမေ့နေတာလား လွယ် ..”

“ဘာဖြစ်ဖြစ် အခု လွတ်မြောက်ဖို့က အဓိကပဲ သူများတကာ ကျူးသွင်းကြံစည်တာကို မခံနိုင်ဘူး ..”

“မင်း စိတ်မဆိုးဘူးဆိုရင် ငါ တစ်ခုတော့ ပြောချင်တယ် လွယ်”

ပြောမယ်ဆိုပြီး နေမြဲ က သူမနဲ့ အကြည့်ချင်းဆုံတဲ့အထိ ခဏ စောင့်နေပြီးမှ ..၊

“မိန်းကလေးတစ်ယောက်အနေနဲ့ မင်းဘက်က ဖိတ်ခေါ်လက်ထပ် ရမယ့်လူနဲ့စာရင် မင်းဦးလေး စီစဉ်တာကို နာခံနိုင်ဖို့ပဲ မင်း ကြိုးစား ကြည့်ပါလား ..”

လွယ့် မျက်ဝန်လေးတွေ လက်ခနဲစူးရဲသွားသည်။ နေမြဲ က ပြော လက်စစကားကို မရပ်ခဲ့ပေ ..။

“ကလပ်တက်ဖူးတိုင်း၊ ဘီယာဆိုင်ရောက်လာတတ်တိုင်း ယောကျ်ား



အားလုံးကို မင်းကြောက်ဖို့မလိုပါဘူး၊ တကယ်တော့ ခပ်ရိုင်းရိုင်းပြော ရရင် ယောကျ်ားတွေက ကျူးသွင်းခံချင်ကြတဲ့ အမျိုးပါ၊ ယဉ်ယဉ်လေး ပြောရရင်တော့ အချစ်က အရာရာကိုပြောင်းလဲဖန်ဆင်းနိုင်တယ်၊ ဆိုး တာကောင်းတာ ဘာဖြစ်ဖြစ်ပေါ့ ..”

နေမြဲ က လွယ် မကျေနပ်ဖြစ်နေသည့်မျက်နှာလေးကို မသိကျိုးကျွံ ပြုကာ ..၊

“မင်းရဲ့ တစ်ယူသန်အစွဲကို နည်းနည်းလေးလျှော့ပြီး ..”

“ရဲသွေး ကို လက်ထပ်ဖို့ ရှင်ပြောနေတာလား ..”

“စိတ်မဆိုးဖို့ ကိုယ်ကြိုပြောထားတယ်နော် ..”

“ကန်တော့ပါ ပြောလိုက်ရင် ဘယ်သူ့ကိုဖြစ်ဖြစ် ပါးလိုက်ရိုက်လို့ ရသလား ..”

“လွယ် ..”

“အပိုတွေပြောမနေနဲ့ နေမြဲ .. ရှင့်အလုပ်က အခု လွယ် ခိုင်းတာ ကို လုပ်ပေးဖို့ပဲ ..”

သူမက ဆက်ခနဲထရပ်သည်။ ပြီးတော့ မုန့်ဘူးကိုပဲကောက်ယူပြီး ထွက်သွား၏။

“လွယ် ..”

သူ ကမန်းကတန်းထလိုက်ပြီးမှ သူမရဲ့ လက်ကိုင်အိတ်နဲ့ ပဝါ ကို သေချာထပ်ယူလိုက်သည်။ ပြီးတော့ သူမနောက်ကလိုက်ခဲ့ရင်း..၊

“ဟေ့ .. ကားက ဒီဘက်မှာ .. လာ ..”

သူ ခေါ်လိုက်သဖြင့် လွယ် က ခြေလှမ်းရပ်လိုက်သည်။ ထိုစဉ် ပါကင်ထဲကနေ ဘက်ခ်ဆုတ်လိုက်သည့်ကားနောက်မြီးက အရှိန်မသတ် ဘဲ လျှောခနဲ ..၊

“လွယ် ..”

မျက်လုံးထဲမှာ ပြာသွားသလားတောင်ထင်သည်။ ကိုင်ထားသမျှ

www.burmeseclassic.com

www.burmeseclassic.com



ထွေက လွတ်ကျကုန်တာလား လွှတ်ချပစ်မိတာလား ဘာမှမသိလိုက်ခင် လွယ့် ကိုယ်လေးက သူ့ရင်ခွင်ထဲ အထွေးလိုက်ပြိုကျလာခဲ့၏။

"ဟေး ..."

"နောက်မှာလူကွ .."

"ဘက်ခ်ဆုတ်တာ ရမ်းလှချေလား .."

ဘေးလူတွေ အော်သံကြားမှ ကားထဲက လူကြီးတစ်ဦး ကမန်းကတန်းဆင်းလာပြီးတောင်းပန်၏။

"ဦးကြီး အနူးအညွတ်တောင်းပန်ပါတယ်ကွယ် .. ကလေးက မောင်းတတ်ကာစမို့လို့ပါ၊ ဘရိတ်နင်းမထားဘဲ ဘက်ခ်ဂီယာချိန်းလိုက်လို့ပါ .."

"မောင်းတတ်ကာစကို ဒီလောက်ကျပ်တဲ့နေရာမှာ ပါကင်ထိုးခိုင်းရသလား ဦးလေးရာ .. ဒီမှာ ကံကောင်းလို့ .."

"အေးပါ .. အေးပါ .. ဦးကြီး မှားပါတယ်၊ တောင်းပန်ပါတယ်.."

ရင်ထဲမှာ အောင့်သက်သက်ပေမယ့် တောင်းပန်နေတော့လည်း ကျေနပ်လိုက်ရသည်။ သို့သော် လွယ် နဲ့ သူ့ရင်ဘတ်တစ်သားတည်း ကပ်ထပ်နေတာကို ရုတ်တရက် ခွာထုတ်ဖို့ မဖြစ်နိုင်ခြင်းသည်။

"ဒုက္ခပဲ .."

"နေဦး .. ခဏလေး .."

လွယ့် အင်္ကျီရင်ဘတ်က အလှကပ်ထားသည့် ပန်းပွင့်လေးနှင့် သူ့အင်္ကျီကြယ်သီး ငြိမိနေတာ အံဝင်ခွင်ကျကြီး ..။

လွယ် မော့လိုက်တော့ သူ့မေးဖျားနဲ့ လွယ့် နဖူးလေး ပွတ်ကပ်သွားကာ နှစ်ယောက်စလုံး မျက်နှာတွေနီရဲသွားကြသည်။

ထို့ကြောင့် ရှက်ရှက်နှင့် လွယ် နောက်ဆုတ်လိုက်တော့ အင်္ကျီစ နှစ်ဖက်တင်းကြပ်ပါကုန်လျှင် ..။

"မဆုတ်လိုက်နဲ့ .."



ပြောရင်း လက်ကပါကာ သူမခါးလေးကို ပြန်ဆွဲလိုက်မိ၏။ ထိုအခါ ဆွဲဖက်လိုက်သလိုဖြစ်ရပြန်ကာ မျက်လုံးချင်းဆုံသွားမိကြ၏။

တစ်စက္ကန့်လား .. နှစ်စက္ကန့်လား ..။

ငေးခနဲဖြစ်သွားကြသည်။ သို့သော် ပတ်ဝန်းကျင်ကို သတိရကာ နေမြဲ သူ့လက်ကို ကပျာကယာလွှတ်၏။

"ဆွဲဖြုတ်ပစ်မယ် .."

ရှက်စိတ်မွန်ကာ လွယ် က ပန်းပွင့်ကို ဆုပ်ကိုင်လိုက်၏။

"မလုပ်ပါနဲ့ .."

ထိုလက်လေးကို နေမြဲ က ထပ်ဆုပ်ကိုင်ကာ ..။

"မလုပ်ပါနဲ့ .. ကိုယ် ဖြုတ်ပေးပါ့မယ် .."

"ရှာလည်းမဟုတ်ဘဲနဲ့ လူတွေကြည့်ကုန်ပြီ .."

"ကြည့်ကြည့်ကွာ .."

သူမ မျက်နှာလေးငုံ့နေကာ သူလည်း ဘယ်ကိုမှမကြည့်ဘဲ အားပေးနေရလျက် ..။

ပြောပြီး လွယ့် ကိုယ်လေးကိုဖက်ကာ လွတ်သည့်နေရာဘေးမှာ ရွှေ့ပြောင်းရပ်လိုက်၏။ သူ စိတ်ရှည်လက်ရှည်ဖြုတ်နေပေမယ့် လွယ် ရင်တွေခုန်ကာ လက်ဖျားလေးတွေပါ အေးလာခဲ့၏။

ပတ်ဝန်းကျင်ကို မမြင်မိအောင် ငုံ့နေရင်း သူ့ရင်ခွင်ထဲတိုးဝင်သလိုဖြစ်နေတာကိုလည်း ဂရုမစိုက်နိုင် ..။ တစ်ယောက်၏ ကိုယ်သင်းနံ့ကို တစ်ယောက်ကရနေကာ နီမြန်းနေကြသည့် မျက်နှာတွေမှာလည်း အရောင်ဖျော့မသွားခဲ့ဘဲ အမှတ်တမဲ့ ရင်ခုန်သံတို့သည် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"သူက သုတကျော် လေ .. လွယ် ပြောတဲ့ သူငယ်ချင်းဆိုတာ .."

"သြော် .."

"သုတ .. သူက ချစ်မြားရှင် အိမ်ထောင့်ရေးအကျိုးဆောင်အေဂျင်စီ က ကိုနေမြဲစေ တဲ့ .."

သုတ ရဲ့ မျက်လုံးတွေက နေမြဲ ရဲ့ အဖြူရောင်ရှပ်အကျီမှာ စူးစိုက် ရပ်တန့်သွားသည်။

ထူးခြားပြောင်းလဲသွားသည့် အကြည့်ကြောင့် လွယ် လှည့်ကြည့် လိုက်လျှင် အကျီ၏ဝဲဘက်ရင်အုံပေါ်မှာ ပန်းနုရောင်နှုတ်ခမ်းတစ်စုံ.. ဟင် ..၊

မျက်နှာတစ်ပြင်လုံး ပူနွေးသွားကာ ခန္ဓာကိုယ်သွေးထဲမှာပါ တဖျင်းဖျင်း ပူရှိန်းလာသလိုပင် ..။

ဒီရင်ဘတ်မှာ နှုတ်ခမ်းနီ ဘာကြောင့်ပေရပါတယ်ဆိုတာ ဘယ်လို ရှင်းပြရမလဲ ..။

"လွယ် .. နင် .. ဟို .."

သုတ ရဲ့ ဘေးမှာ အဖော်ပါလာကြသည့် မိမိ နဲ့ တီတာ တို့လည်း



သတိထားမိသွားကြကာ လွယ့် နှုတ်ခမ်းနီအရောင်နဲ့ ပေနေတဲ့ ရှပ်အကျီ ပေါ်က အရောင်ကို မျက်လုံးတွေက ခေါက်တုံ့ပြေးလျက် ..၊

"သူက .."

"နေပါစေ တီတာ .."

သုတ က နှစ်ယောက်စလုံးရဲ့ တစ်ပိုင်းတစ်စစကားတွေကို ဖြတ် တောက်ပစ်လိုက်ပြီး ပြည့်ဝသည့်အပြုံးနှင့် လွယ် နဲ့ သူ့ကို ဝေ့ခနဲကြည့် သည်။

ထို့ပြင် လွယ့် နှုတ်ခမ်းကို စိုက်ကြည့်၍ ..၊

"ငါတို့အားလုံး ခုလိုလုပ်ကြရတာ အခြေအနေရပဲ .. နားလည်မှု တွေရှိကြဖို့ပဲလိုတာ .."

"အေးပါ .. ငါတို့ကလည်း အံ့သြလို့ပါ၊ ကိုယ့်ချစ်သူရှိတယ်ဆိုလည်း တို့ကို ပွင့် ..."

"တီတာ ရယ .. မပြောပါနဲ့တော့ဆိုမှ .."

မိုးမိုး က တီတာ ထပ်ပြောတာကို ဟန့်တားလိုက်ကာ လွယ့် ဘက် လှည့်၍ ..၊

"ဘယ်လိုလဲ လွယ် .. နင်ပြောထားတဲ့ အစီအစဉ်အတိုင်းလုပ်မှာလား .."

"အေးလေ .. ဒါကြောင့် ငါ ရောက်လာတာပေါ့၊ နင်တို့က ဘယ် လိုဖြစ်နေကြတာလဲ .."

"ငါတို့က .."

စကားပြောနေကြသည့် မိန်းကလေးတွေ သူ့ကို ကွက်ကြည့်ကွက် ကြည့်ဖြစ်နေကြတာကိုပဲ သတိထားမိကာ နေမြဲ က လွယ့် ကိုကြည့်၍..၊

"သူငယ်ချင်းတွေပါသားပဲ .. ကိုယ် အပြင်ကစောင့်မယ်နော်.."

"အို .. မဖြစ်ဘူးလေ .."

လွယ် က ပျာပျာသလဲတားဆီး၍ ..၊

"လွယ့် ဘက်က သက်သေပါဆိုမှ .. ပြီးတော့ ရှင်က ချစ်မြားရှင်



www.burmeseclassic.com

www.burmeseclassic.com



က အကျိုးဆောင်လေ၊ ရှင် မရှိလို့မဖြစ်ဘူး ..”

“လွယ် ..”

တီတာ ကတော့ မအောင့်နိုင်တော့ဘဲ လွယ့် လ က်ကိုဆွဲ၍ ခြေသုံးလှမ်းလောက် ရွေ့ရပ်လိုက်ပြီး ..၊

“နှင်ကလည်း သုတကျော် သနားပါတယ်ဟာ .. ကျောင်းမှာတည်းက သုတ က နှင့်အတွက်ဆို အဖြည့်ခံပါ ..”

“ငါက ဘာလုပ်နေလို့လဲ တီတာ ..”

“နှင်နဲ့ ဟိုတစ်ယောက်က ..”

“ဟာ .. ဒုက္ခပါပဲ .. ရှင်းပြစရာမလိုတာကို ရှုပ်အောင်လုပ်နေပြန်ပြီ၊ ဘာမှမဆိုင်ပါဘူးဆိုမှ နှင်တို့ကလည်း ..”

“ဆိုင်သလောက်လေးပဲ ပြောပြစမ်းပါ၊ ဟိုတစ်ယောက်ရဲ့ ရင်ဘတ်မှာ နှင့် နှုတ်ခမ်းနီတွေပေနေတာ သုတ လည်း သတိထားမိတယ် သိလား ..”

“ဟဲ့ .. အဲဒါက ..”

“စကားတွေများမနေကြနဲ့ .. ဟိုမှာ တရားသူကြီးရောက်နေပြီ-- လာ .. လာကြ ..”

မိုမို က တွန်းတွန်းထိုးထိုးလုပ်ပြီး တမင်စကားဖြတ်ပစ်သည်။ လက်မှတ်ထိုးကြတော့လည်း လိုအပ်သမျှ တင်ပြဖြည့်ဆည်းနေရင်း လူကိုလှည့်ပြီးပြောသည့် ခနိုးခနဲ့စကားတွေက သူ့ဘက်က ကြေကွဲသံတွေပေမယ့် ကြာတော့ နားထဲမှာ ခါးလာ၏။

“သုတ ..”

တရားရုံးအပြင်ရောက်လာသည်နှင့် လွယ် က ခြေလှမ်းရပ်ပစ်ကာ --

“နှင် ငါ့ကို ဘယ်လိုထင်နေလို့လဲဟင် ..”

“မထင်ပါဘူး ..”

မရယ်ချင် မပြုံးချင်နှင့် မကြည်လင်ဖြစ်နေသော အကြည့်က နေမြ



ထံ ရောက်သွား၏။ နေမြ ကတော့ ဘာကိုမှသတိမထားမိသည်မို့ သူ့ဆီ ဆုံလာသည့်အကြည့်တွေနဲ့ ဆုံလိုက်တိုင်း ကိုယ်က မဆိုင်သူအဖြစ် ခံစားမိကာ ခပ်လှမ်းလှမ်းမှ ရှောင်ထွက်နေဖို့သာ ခြေလှမ်းပြင်၏။

ခုလည်း သုတ ရဲ့ ခပ်ငှဲ့ငှဲ့အကြည့်ကြောင့် နောက်ချန်နေရစ်ခဲ့လိုက်သည်။ တီတာ တို့ကတော့ သူမတို့နှစ်ယောက် ရပ်ကျန်ခဲ့တာကို သတိမထားမိသေးဘဲ ရှေ့ကျော်တက်သွားကြ၏။

သုတ မျက်နှာက ဟိုအရင်ကအတိုင်း ဖြူဖတ်ဖတ်နှ ာတံပေါ်ပေါ်လေးနှင့် ရုတ်တရက်ကြည့်လျှင် မိန်းမချော ချောတာမျိုးဖြစ်သည်။ သို့သော် အရပ်မြင့်ကာ လမ်းလျှောက်ပုံအနေအထားအရ ယောကျ်ားပီသခြင်းကို ဖော်ကျူးလျက် ..၊

“အဲ့ဒီလို မြဲ့စိစိအကြည့်ကို ငါ မကြိုက်ဘူး သုတ .. ယောကျ်ားပီသသ နှင့် ” ်ထဲရှိတာကို မေးလို့ရပါတယ် ..”

“ငါက ဘ မေးစရာရှိလို့လဲ လွယ် .. မေးခွင့်ရောရှိလို့လား၊ အစတည်းက နှင်လိုအပ်တဲ့အချိန်တိုင်း ငါ အသင့်ရှိနေပါတယ်လို့ ပြောခဲ့ပြီးသား၊ ခုလည်း ငါ့ကို လက်ထပ်ပါဆိုလို့ ငါ ရောက်အောင်လာပေးခဲ့တာ ..”

“သုတ .. သုတ ရေ .. ဖုန်းလာတယ်ဟ ..”

တီတာ နဲ့ မိုမို တို့ ပြန်ပြေးလာကြတာကို နေမြ လည်းမြင်သည်။ သိပ်တော့ အလှမ်းမကွာပေမယ့် အရေးပေါ်ကိစ္စတစ်ခုခုဖြစ်ပြီကိုပဲ သိလိုက်သည်။ ပြောနေတာကိုတော့ သေချာမကြားရ ..၊

ပြီးတော့ လွယ် လှည့်လိုက်တာကိုမြင်ကာ သူ သွားသင့်သလား၊ မသွားသင့်ဘူးလားဆိုတာ ခေါင်းထဲရောက်လာ၏။

ဒီနေရာမှာ ကိုယ့်ကိုယ်ကိုယ်လည်း ဘာကောင်မှန်းကို မသိတော့ပါ။ လွယ် ဘာတွေလုပ်နေပြီး သူ ဘယ်လိုနေရာက ပါဝင်နေရတာ မှန်းမသိ ..။

www.burmeseclassic.com

www.burmeseclassic.com



ဟို သူငယ်ချင်းသုံးယောက်အုပ်စုကရော ဘယ်လိုတွေဆက်သွယ်ကူညီနေကြတာလဲ ..။

လက်ထပ်ကြတဲ့ ကာယကံရှင်နှစ်ယောက်ကိုက စည်းချက်မညီစွာ ကနေကြသလိုမျိုး ကြည့်နေရတာ တစ်ခုမှ အဆင်ပြေတာမမြင်ပေ။

ထို့ကြောင့် ကိုယ် ဘယ်နေရာက ဘယ်လိုဝင်ပါသင့်သလဲဆိုတာလည်းမသိ ..။

သူ မထုံတက်သေးလုပ်နေတာကို လွှယ် နောက်ထပ်တစ်ခါလှည့်ကြည့်ပြီး သည်းမခံနိုင်စွာ တက်ခေါက်လိုက်မိသည်။

"ဟဲ့ .. လုပ်ကြလေ၊ နင့် မာမီနဲ့ အဒေါ် လိုက်လာနေပါပြီဆိုမှ ခုလောက်ဆို ဒီနားတောင်ရောက်နေပြီလားပဲ .."

"အေးလေ .. နင့်အဒေါ်က ပါးစပ်ကကြမ်းပါဘိသနဲ့ သုတ ရယ်"

မို့မို့ တို့ စိုးရိမ်နေကြလေ သုတ က သွေးအေးလေ ..၊

"ငါ့ကို ဘာလုပ်ပေးစေချင်တာလဲ လွှယ် .."

"ဘာမှမလုပ်နဲ့တော့လေ .. နင် ခုနေ မဆုံမိအောင် ပြန်လိုက်တော့.."

"ပြန်ဆို ပြန်လိုက်ပါလား သုတ ရယ် .. အောင်မလေး သူက ခုမှ သတ္တိတွေကောင်းနေလိုက်တာ .."

"ဟုတ်ပဟယ် .. တကယ် လက်ထပ်တာလည်း မဟုတ်ဘဲနဲ့ စာချုပ်ရှိထားရုံပဲဆိုပြီးပြီဥစ္စာ .. လူကြီးတွေ တကယ်ထင်ပြီး ပွဲကြမ်းရင် ဒီနားမှာ အရှက်တွေကွဲတော့မှာပဲ .. လူတွေကအများကြီး .."

"ကဲ .. ကဲ .. သုတ .. နင် အခု .."

သွားတော့လို့ပြောမည့် မို့မို့ ပါးစပ်က ပွင့်လျက်သားနှင့် စကားမဆုံးဘဲ ရပ်တန့်သွား၏။ အနက်ရောင် လက်ဖွဲ့အိတ်ကြီးချိတ်လျက် အစိမ်းရောင်ပါတိတ်ပြောင်ပြောင်နှင့် ရှေ့ဆုံးက ထမီမ လာနေသော အမျိုးသမီးကြီး တစ်ယောက်ရယ် ..၊

နောက်မှာ ကိုယ်လုံးသေးသေး အညိုရောင်ဝတ်ထားသော အမျိုးသမီးကြီးက မျက်မှန်နှင့် ..၊



"သွားပြီး .. လာကုန်ကြပြီ .."

"ငါတို့ လွှတ်နေတည်းက လစ်လိုက်ရင် အလွတ်ကြီးကို .. သွားပြီ .."

ထိုစဉ် နေမြဲ က လွှယ့် ဘေးကို ရောက်လာကာ သူမတို့ ပြောတာကိုရော၊ လာနေသည့်လူတွေကိုပါ သေချာနားလည်သွားကာ ..၊

"အဲ့ဒါ ကိုယ် ရှင်းပေးမယ် .."

အမျိုးသမီးကြီးနှစ်ယောက်ရှေ့ကနေ ကားနှစ်စီးအဖြတ်မှာ နေမြဲက သုတ လက်ထဲက စာချုပ်ကို လှမ်းယူလိုက်၏။

"ဟဲ့ကောင် .. လာစမ်း .. လာစမ်း ဒီကို .."

လူက အနားမရောက်သေးဘဲ အော်သံအရင်လွှတ်၏။ ထိုအသံကြောင့်ပဲ အနီးအနားက လူတွေ ချက်ချင်းသတိထားမိကုန်လေသည်။

"သုတကျော် .. မင်းက အဆင့်အတန်းမရှိတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်မလို့ ဟုတ်လား .. မိဘကို မပြောဘဲနဲ့ ဘယ်သူ့ခွင့်ပြုချက်မှလည်းမယူဘဲနဲ့ .. အခု ဘယ်မှာလဲ အဲ့ဒီမိန်းကလေး .."

အဒေါ်ဆိုသည့် ဒေါ်စုလတ် က နှုတ်ခမ်းသားတွေကိုက ရှေ့ကိုထော်ထွက်နေတာဖြစ်ကာ အသံကလည်း အောင်သည်။ မိန်းကလေးနှစ်ယောက်ကိုသိထားပြီးဖြစ်ကာ လွှယ့် ကိုလည်း ကိုယ့်သားက တန်းတန်းစွဲဖြစ်နေသည့်သတင်းကြောင့် သေချာလိုက်ကြည့်ထားလို့ မြင်ဖူးထား၏။

ဒါပေမယ့် တစ်ခါမှမသိသလို မေးချလိုက်တာက ပတ်ဝန်းကျင်ရဲ့အကြည့်တွေ ပိုပြီး အာရုံစိုက်စေလာဖို့ဖြစ်သည်။ လမ်းမှာတည်းက ကိုယ့်သားနဲ့ သင်းကို ဘာကြောင့် သဘောမတူရသလဲဆိုတာတွေ အပ်ချမတ်ချပြောပြဖို့ စဉ်းစားစီရီလာခဲ့တာ သူမရဲ့ ဆိုးရွားသည့် နောက်ကြောင်းတွေကို ..။

"မင်းလားကွဲ့ ငါ့တူနဲ့ လက်ထပ်မယ်ဆိုတာ .."

နှစ်ယောက်ကိုကြည့်ပြီးမှ လွှယ့် မျက်နှာမှာအကြည့်ကို စူးစိုက်၍

www.burmeseclassic.com

www.burmeseclassic.com



မေးချလိုက်သည်။ သို့သော် ...။

"သူက ကျွန်တော့် ချစ်သူပါ ..."

နေမြဲ က လွှယ် လက်တစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ကာ ...။

"ကျွန်တော်တို့ လက်ထပ်တာကို သူတို့က လွှယ့် ဘက်က သက်သေ လိုက်ပေးဖို့လာကြတာပါ ..."

"ဘယ်လို ..."

စာချုပ်ကိုင်ထားတာကို ခုမှ သတိထားမိကာ ...။

"လက်ထပ်ပြီးပြီ ..."

"ဟုတ်တယ် အန်တီတို့ ဘာတွေကြားပြီး လာပြောနေတာလဲ - ဘယ်သူ့ကိုလဲ ..."

"ငါတို့က ..."

ဒေါ်စုလတ် က ဘာပြောရမှန်းမသိဖြစ်သွားသည်။

ကိုယ့်တူက အပြာရောင်အပေါ်ထပ်အင်္ကျီနှင့် ဒီခေတ်လူငယ်တွေ ဝတ်သလို ဘောင်းဘီရှည်ပွပွ ...။

ဒီကောင်လေးကတော့ ရှပ်အင်္ကျီအဖြူနဲ့ ပုဆိုးခြေဖျားခတ်လေးနှင့် ယဉ်ယဉ်ကျေးကျေး ...။ လက်ထပ်ဖို့လာတာ ဒီပုံစံပဲဖြစ်မှာပေါ့ ...။

တစ်ချက်ကြည့်လိုက်တာနှင့် အကြွင်းမဲ့ယုံကြည်ခြင်းနှင့်အတူ -

"မ .. မဟုတ်ပါဘူး .. အဲ့ .. ဟုတ်တယ်နော် စုမြတ် .. ငါတို့ကို မဟုတ်တာတွေ ဘယ်သူသတင်းပေးလိုက်တာလဲ မသိဘူး .."

"ဟုတ်ပါတယ်ကွယ် .. ဒီကောင်လေးကလည်း မပြောမဆို ထွက်သွားတာ တစ်မနက်လုံးဆိုတော့ အထင်မှားသွားလို့ပါ .."

မိခင်ဖြစ်သူကလည်း တောင်းပန်ပြီး လွှယ် နဲ့ စာချုပ်ကိုငေးကြည့် သေးသည်။ ဒေါ်စုလတ် ကတော့ တောင်းပန်လိုက်ရတာနှင့်တန်အောင် ချေပဖို့ စိတ်ကူးရကာ ...။

"ကလပ်ကဆိုလား .. အရက်ဆိုင်ကဆိုလားကွယ် .. အဲ့ဒီလိုမိန်း ကလေးမျိုးနဲ့ လက်ထပ်မယ်ကြားတော့ ဘယ်မိဘက စိတ်မပူဘဲနေမလဲ နော် .. မဟုတ်ဘူးဆိုတော့ ဘုရားပေးတဲ့ဆုပေါ့၊ လာ .. လာ .. သား ပြန်ရအောင် .."



ပြောချင်တာပြောပြီး မြန်မြန်လစ်ပြေးဖို့လည်း ပြင်၏။ လွှယ် မျက်နှာ လေး ရဲရှိတ်သွားတာကိုကြည့်ကာ တီတာ တို့လည်း စိတ်မကောင်းပါ။

ဒါပေမယ့် ဘာမှမတတ်နိုင်ကြဘဲ မျက်လုံးများနဲ့သာ တောင်းပန် နိုင်ကာ ...။

"ငါတို့လည်း ပြန်မယ်နော် လွှယ် .. နောက်မှ တစ်နေရာမှာ ဆုံကြ မယ်လေ .."

"ကျွန်တော် မပြန်သေးဘူး ကြီးကြီး .. ခုမှ ပွဲပြီးတာ ဒီကောင်တွေ ကို နှိပ်စက်ဖို့ကျန်သေးတယ်၊ နင်တို့လည်း မပြန်ကြနဲ့ဦး .."

"ဟင်!..."

"သားက နေခဲ့ဦးမယ် .."

"ကဲ .. လူငယ်တွေပျော်ပါစေ မမရယ် .. လာပါ .."

အစ်မဖြစ်သူ စကားတွေ ရှင့်ရှင့်သီးသီးပြောထားတာကို အားနာ ကာ ဒေါ်စုမြတ် က ဒေါ်စုလတ် ကို ခေါ်သွားရင်း သားကိုလည်း ကျေကျေ နပ်နပ်ထားခဲ့လေသည်။

တီတာ တို့ကတော့ ပြန်ချင်ပြီပေမယ့် သုတ က တားဆီးနေသဖြင့် ခြေလှမ်းပြင်ရင်း မပြတ်သားနိုင် ...။

"ပြန်လေ မိုးမို့ .. နင်တို့ ဒီအချိန်ထိ ငါ့အတွက်ရောက်လာပေးကြ တာကို ကျေးဇူးတင်ပါတယ် .."

"မဟုတ်ပါဘူးဟာ .. ငါတို့က ကြီးကြီးစုလတ် နဲ့ ရင်းနှီးခဲ့တာ လေ .. အဲဒါကြောင့် .."

"ဟုတ်ပါတယ် .. ငါ့အတွက် အမှန်းမခံပါနဲ့ ပြန်ပါ .."

အစတည်းက ဒီလောက်ကြီးလည်း ရင်းနှီးခဲ့ကြတာမဟုတ်၏။

www.burmeseclassic.com

www.burmeseclassic.com



သုတ ရဲ့ သူငယ်ချင်းတွေမို့ ကိုယ့်ရှေ့ရောက်လာပြီး ခင်ခင်မင်မင်ဖြစ်ခဲ့ကြသည်။

ကိုယ့်ဘဝအကြောင်းကိုသိကြတော့ မနှစ်မြို့သံတွေ ထွက်ခဲ့ပေမယ့် သုတကို ဆွဲထုတ်မရတော့ မခွဲဘဲတွဲနေဖြစ်ကြ၏။

ခုလည်း သုတ ကို ဖုန်းဆက်ခေါ်ခဲ့ပေမယ့် သူမတို့ မပါပေ ..။

လိုက်ကြတာတည်းက ကိုယ့်ကိုခင်လို့ အလွမ်းပြေပြေးလာကြည့်တာမဟုတ်မှန်း လွှယ် သိသည်။

"နင်တို့ကို တစ်ရက်သပ်သပ်အချိန်ယူပြီး အကောင်းဆုံးဆိုင်မှာ ငါ လိုက်ကျွေးပါ့မယ်၊ ဒီနေ့တော့ ငါ့မှာလည်း ပြဿနာလေး နည်းနည်းရှိနေလို့ နားလည်ပါနော် .."

"မလိုပါဘူးဟာ .. ငါတို့ကရပါတယ် .."

"ရပါတယ် လွှယ် ရယ် .. နင့်မှာ အခက်အခဲတွေ ပြဿနာတွေနဲ့ လုံးထွေးနေရတာ ငါတို့နားလည်ပါတယ် .."

မို့မို့ က အကောင်းပြောတာလား၊ ခေါ်စလတ် ရဲ့ နည်းမျိုးသုံးလိုက်တာလား မသိ ..။

"ခုလည်း လက်ထပ်ပေးဖို့ အကူအညီတောင်းတယ်ဆိုတာ နင့်ကိုစိတ်ချလို့သာ ငါတို့က သုတ ကို အားပေးပြီးလိုက်လာကြတာ၊ တခြားလူဆိုရင် ဒါမျိုးလုပ်ခိုင်းမှာမဟုတ်ဘူး၊ နင်ပဲစဉ်းစားကြည့်လေ .. စာချုပ်စာတမ်းနဲ့ လက်မှတ်တစ်ချက်က အရမ်းအရေးကြီးတာ .."

"ဟုတ်တယ် .. ကြီးကြီးစုလတ် တို့က ဒီကိစ္စအမှန်ကို သိသွားရင် ငါတို့ကိုလည်း ချမ်းသာပေးမှာမဟုတ်ဘူး .."

"ကိုနေမြဲ ဆိုတဲ့လူက လတ်တလောဝင်ဖြေရှင်းလိုက်ပေမယ့် လက်ထပ်စာချုပ်မှာ တကယ်လက်မှတ်ထိုးတာက သုတ ရယ်လေ .."

သူမတို့က သုတ ရဲ့ အုပ်ထိန်းသူတွေလိုလို စိုးရိမ်ပူပန်မှုတွေပြကာ ..။



"နင် ဒီစာချုပ်ကို နင့်ဦးလေးကိုပြပြီးတာနဲ့ ဖြုတ်ပစ်လိုက်မှာမို့လားဟင်.."

"ဟုတ်တယ် .. ဖြဲဆုတ်ပစ်လိုက်မှ နောက်ကြောင်းအေးမှာနော် လွှယ် .. သုတ ဘက်က လုံးဝမလွှယ်ဘူး .."

နေမြဲ က စာချုပ်ကို ပြန်ပေးခဲ့ပြီး ခပ်လှမ်းလှမ်းထိထွက်သွားပေမယ့် ဒီကစကားတွေကိုကြားနေလား မကြားဘူးလားလည်း မသိသော်ငြား မာနနဲ့ ရှက်စိတ်ကြောင့် လွှယ် မျက်နှာလေးနီတက်လာ၏။

"နင်တို့ပါလာကြတာ ဘာကြောင့်လဲဆိုတာ ငါ သဘောပေါက်သွားပြီ၊ သုတ ကို တားမရလို့ ဒီစကားတွေပြောဖို့ လိုက်လာကြတာ –"

"ဟယ် .. အဲ့ .. အဲ့လိုတော့ .."

"သူတို့ဘာပြောပြော ငါ့ဆန္ဒနဲ့ ငါ လက်မှတ်ထိုးခဲ့တာ လွှယ် –"

မို့မို့ တို့ နှစ်ယောက်ရှေ့မှာ ကာကွယ်ရပ်ကာ သုတ က လွှယ့်မျက်နှာလေးကို စိုက်ကြည့်၏။ ဤသို့ ရဲရင့်သည့်ဟန်ပန်မျိုးမမြင်ခဲ့ဘူးသလို သုတ မျက်လုံးတွေ ဒီလောက်ထိလည်း မရှိုင်းခဲ့ဘူးပေ ..။

လူကို စူးစူးရဲရဲစိုးမိုးကြည့်နေသဖြင့် လွှယ် ကလည်း မျက်မှောင်လေးကုတ်ပြီး ပြန်ကြည့်နေခဲ့သည်။

"ငါတို့စကားပြောဖို့လိုတယ် လွှယ် .. တို့နှစ်ယောက်တည်း တစ်နေရာသွားမလား .."

"ဘာ..."

လွှယ့် မျက်နှာပေါ်က မာနကို သုတ က အကဲမခတ်ပေ ..။ မို့မို့ တို့ကို လှည့်ကြည့်၍ ..။

"နင်တို့ပြန်ကြပေါ့ဟာ .. ငါတို့ ပြောစရာရှိလို့ .."

ခပ်ကျယ်ကျယ်ပြောလိုက်သဖြင့် နေမြဲ ကလည်း လှမ်းကြည့်၏။ လွှယ် ခေါ်သထွက်သွားကာ ..။

"ဘာပြောမှာလဲ သုတ .. ငါလိုချင်တာ နင့်လက်မှတ်လေးတစ်ချက်ပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ချက်ပါ .."

"ဟုတ်တယ် .. အဲဒီ လက်မှတ်နှစ်ခုကို ငါ ဒီတစ်ရက်ပဲသုံးမှာ.."

"တစ်နာရီပဲသုံးသုံး လက်ထပ်စာချုပ်မှာ လက်မှတ်လေးတစ်ချက်လောက် လာထိုးပေးပါလို့ ယောကျ်ားတိုင်းကို နိုင်းလို့ရမလား .."

"သုတ .. နင် .."

"ငါ တက္ကသိုလ်ကျောင်းသားလေးမဟုတ်တော့ဘူး လွှယ် ..၊ နင့်ကို ချစ်ခဲ့တဲ့ အချစ်က ခုထိ မပြောင်းလဲပေမယ့် အရာရာက အရင်လိုမဟုတ်တော့ဘူး .."

"အဲဒီတော့ နင် ဘာပြောချင်တာလဲ .."

သူက လွှယ် ကိုင်ထားသည့်စာချုပ်နှစ်စောင်ထဲက တစ်စောင်ကို ဆွဲယူလိုက်သည်။ ဘာလုပ်လိုက်မှန်းမသိလိုက်မီ စာချုပ်က သူ့လက်ထဲ ရောက်သွားပြီဖြစ်ကာ ..၊

"လက်မှတ်ထိုးဖို့လာတည်းက နင့်ကိုချစ်တဲ့စိတ်တွေနဲ့ ကိုယ်ရော စိတ်ပါ စိုက်ထုတ်ပြီး ပြေးလာခဲ့တာပါ၊ နင် ငါ့ကို အမြဲတမ်းအနိုင်ယူ ခဲ့တာတွေကိုရော .. အခု တစ်ခါသုံးပါပဲလို့ ကြေညာပြီးခေါ်တာကိုရော ဒီရောက်လာတဲ့အထိ ငါ ကျေနပ်ပေးနိုင်ခဲ့သေးတယ် .."

သူ ဘာပြောတော့မယ်ဆိုတာ လွှယ် ကလည်းသိသည်။ ဟိုတုန်းက သုတ ပဲလို့ တွက်ပြီး ပတ်သက်ခဲ့မိသည့် ကိုယ့်အဖြစ်ကိုပဲ ဒေါသ ဖြစ်နေမိ၏။

သုတ လည်း ယောကျ်ားထဲက ယောကျ်ားတစ်ယောက်ဆိုတာ သူမ ဘာလို့ဂရုမစိုက်ခဲ့မိတာလဲ ..၊ အမြဲတမ်းအနိုင်နဲ့ပိုင်းခဲ့တာမို့ တစ်ဖက်ယောကျ်ားကို လျှော့တွက်ခဲ့မိတာ အားလုံးတလွဲတွေဖြစ်ခဲ့ရပြီ။

"လွှယ် .."

သူက လွှယ့် မျက်ဝန်းလေးတွေ သူ့ဆီရောက်လာအောင် စောင့်နေပြီးမှ ..၊



"ဒီမှာလက်မှတ်ထိုးလိုက်တည်းက ငါတို့တစ်ယောက်ကိုတစ်ယောက်ပိုင်ဆိုင်မှုရှိခဲ့ကြပြီလို့ ငါ့စိတ်မှာ တွက်ထားပြီးပြီ .."

"အဓိပ္ပာယ်မရှိတာ သုတ ရယ် .. နင်ရူးနေလား၊ နင်နဲ့ငါ ဘယ်တုန်းက မရိုးမသားရှိခဲ့ကြလို့လဲ .."

"ငါ့ဘက်က ချစ်နေတာကြာပြီပဲ .."

"ငါ နားလည်းမထောင်ခဲ့ဘူး၊ အသိအမှတ်လည်း မပြုခဲ့ဖူးဘူး၊ ခုလည်း ငါ့သူငယ်ချင်းဆိုပြီး ငါက ယုံယုံကြည်ကြည်နဲ့ အကူအညီတောင်းခဲ့တာ .."

သုတ က နာကျင်သည့်မဲ့ပြုံးနှင့် အသံထွက်အောင်ရယ်သည်။ လှမ်းကြည့်လိုက်တော့ စောစောက နေရာမှာ နေမြဲ က မရှိတော့ပေမယ့် သူ့မျက်လုံးထဲမှာတော့ ရုပ်အင်္ကျီရင်ဘတ်ပေါ်က နှုတ်ခမ်းနီတွေကို မြင်ယောင်နေကာ ..၊

"ငါလည်း နင့်ကို ယုံကြည်ခဲ့တာပဲ၊ လူတွေဘာပြောပြော နင့်ကို ဘယ်လိုဝေဖန်ပါစေ နင်ဆိုးသမျှ ခံနိုင်တယ်၊ နင့်ဘဝကိုလည်း နားလည်တယ်၊ ဒါပေမယ့် နင် သိပ်ရက်စက်တယ် လွှယ် .."

"ဘာ ..."

"နင့်အတွက် ငါက အမြဲတမ်းအသုံးချခံ အဆင့်လောက်ပဲလား၊ ဒါမှမဟုတ်ရင် လိုရင်ယူသုံးပြီး မလိုရင် ချောင်ထိုးထားလို့ရတဲ့ သက်မဲ့ပစ္စည်းတစ်ခုလား၊ အဲ့ဒါ နည်းနည်းရှင်းပြစမ်းပါ .."

"မရှင်းတာ ဘာမှမရှိခဲ့ဘဲနဲ့ ခုမှ ဘာဖြစ်လို့ ဒါတွေလာမေးနေတာလဲ၊ အဲဒီစာချုပ် နင့်အတွက် မလိုပါဘူး၊ ငါ့ကိုပြန်ပေးပါ .."

လက်လှမ်းလိုက်တော့ သုတ က လက်ကို နောက်လွှဲပစ်၏။

"သုတ .. ဒါကို နင့်အိမ်ကတွေ့သွားရင် နင်လည်းမဖြေရှင်းတတ်ပါဘူး .. ပြန်ပေးပါ .."

"မပေးနိုင်ဘူး လွှယ် .. ငါ့ဘက်က ပိုင်ဆိုင်မှုအပြီး ဒါကို ဆုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ထားမှာ၊ ငါ့အိမ်က ဘာဖြစ်နေနေ ငါချစ်တဲ့မိန်းမကို ငါ လက်ထပ်ခွင့်ရှိတယ်၊ နင်လည်း ငါ့ကိုအားကိုးခွင့်ရှိပါတယ်၊ နင့်ဦးလေး ပေးစားမှာကို မယူနိုင်ပေမယ့် ငါ့အပေါ်မှာ နင် အစတည်းက သံယောဇဉ်တော့ရှိခဲ့ပါတယ်၊ ဟုတ်တယ်မို့လား .."

"သုတ .."

"ပြောပါ .."

"ငါ နင့်ကို ခင်မင်လေးစားသမှုနဲ့ နှုတ်ဆက်ချင်တယ်၊ မဟုတ်တာတွေ လျှောက်မပြောပါနဲ့ .."

"ဟွန်း .."

"တကယ်တမ်း ရင်ဆိုင်ကြမယ်ဆိုရင်တောင် နင့်မိဘကို နင် ရင်ဆိုင်ရဲတဲ့သတ္တိရှိလို့လား ."

"ဒါတွေက နောက်ကိစ္စပါ၊ မိဘမသိဘဲ လက်ထပ်ပေါင်းသင်းနေကြတဲ့ စုံတွဲတွေအများကြီးပဲ၊ နင်လည်း အခု ငါ့ကို အကာအကွယ်ယူလိုက်တာမို့လား .."

"ဘာ .. ဘာပြောတယ် သုတ .."

လွှယ် ဆတ်ခနဲဖြစ်သွားပြီး တအံ့တသြမေးမိ၏။

"နင်ဘာအဓိပ္ပာယ်နဲ့ ပြောလိုက်တာလဲ .."

"လူတိုင်း ကိုယ်ထင်ရာကိုယ်လုပ်ရင် စိတ်ချမ်းသာတာပဲ၊ ငါလည်း စိတ်ချမ်းသာခွင့်မရနိုင်ဘူးလား .."

သုတ က ရှေ့ကိုထပ်တိုးလိုက်ပြီး မျက်နှာချင်း ထိကပ်မတတ်ငုံ့လိုက်ကာ ..၊

"နင် အမြဲတမ်းဝါးနေတတ်တဲ့ ပီကေလေးကို ငါ့ပါးစပ်ထဲရောက်လာရင်ကောင်းမှာပဲလို့ ညတိုင်း စိတ်ကူးယဉ်ပြီး ငါ ရူးခဲ့ဖူးတယ် .."

လွှယ့် မျက်နှာ ဖျန်းခနဲရဲတက်သွားသည်။

"ဒီကိုလာတော့ ဟိုကောင့်ရင်ဘတ်မှာ နှုတ်ခမ်းနီတွေပေနေတာတွေ့တယ်၊ အဲဒီလိုကောင်ကိုတော့ နင် ဒီအခွင့်အရေးတွေပေးနေခဲ့ပြီး စာချုပ်စာတမ်းနဲ့လက်ထပ်ယူလိုက်ရတဲ့ ငါကတော့ ဒီအခွင့်အရေးမျိုးမရသင့်ဘူးလား .."

"ကြည့်စမ်း .. နင် .. နင် .."

လက်သီးနှစ်ဖက်ဆုပ်လိုက်မိကာ လွှယ် အသားတွေပါတုန်လာသည်။ သုတ ကလည်း နာကျင်မှုတွေနှင့် ..၊

"ငါ ဆက်ပြီး မတုံးချင်တော့ဘူး လွှယ် .. ဘာအတားအဆီးတွေ မဖြစ်နိုင်တာတွေမှ မပါဘဲ ငါ့ ရုပ်အင်္ကျီမှာ နှုတ်ခမ်းနီတစ်ချက်လောက်စွန်းထင်းခွင့်ရချင်တယ်၊ ဖြစ်တယ်မို့လား .."

"မိုက်ရိုင်းတဲ့ကောင် .. ကဲဟာ .."

ချက်မရွေးသည့်ဒေါသက သုတ ပါးကို ဖြောင်းခနဲရိုက်ချလိုက်လေသည်။ သုတ မျက်နှာတစောင်းလည်သွားကာ ပါးကိုအုပ်ပြီး ချက်ချင်းလှည့်လာ၏။

"နင် ရက်စက်တတ်နေတုန်းပဲကိုး .."

စကားသံတွေက တုန်အက်နေလျက် ..၊

"မိန်းမတို့ တန်ဖိုးက တစ်နေ့ရွှေ တစ်နေ့ငွေပါ နင့်လို အခြေအနေနဲ့ မိန်းကလေးအတွက်ဆို တန်ဖိုးဘယ်လောက်ထိ ပြောင်းလဲနေမလဲ သိရဲ့လား .."

"သိလို့ နင့်ကို ဆုံးမလိုက်တာလေ၊ ဒီမှာ သုတ နင့်အချစ်တွေ ပြောင်းလဲဘူးလို့ နင်ပြောခဲ့တာနော် .. အေး .. အဲ့ဒီလိုပဲ နင့်ကို ဘယ်တော့မှ ချစ်လာမှာမဟုတ်တဲ့ ငါ့စိတ်ကလည်း ဒီနေ့ထိမပြောင်းလဲသေးဘူး .."

လွှယ် သူ့မျက်နှာကို လက်ညှိုးထိုး၍ ..၊

"နင့်ကိုမပြောနဲ့ နင့်ထက်သာတဲ့သတ္တဝါတွေကိုတောင် ငါ မချစ်နိုင်တဲ့ယောက်ျားကို လက်မထပ်ချင်လို့ ဒီလိုအခြေအနေမှာ နင် ဇော်ကား



www.burmeseclassic.com

www.burmeseclassic.com



တာကိုခံလိုက်ရတာ မှတ်ထားလိုက် .. လွှယ်လွှယ်ခက် ဆိုတဲ့မိန်းမကို ဘယ်တော့မှ လွှယ်လွှယ်နဲ့ မရဘူး၊ ဘယ်အခြေအနေ ဘယ်ဘဝမျိုးဖြစ်နေနေ လွှယ်လွှယ်ခက် က အမြဲတမ်းဒီတိုင်းပဲ .."

"ဟား .. ဟား .. ဟား .."

သူက မရယ်ချင်ဘဲ ခေါင်းမော့ရယ်ကာ ..။

"နင့်ကို ငါ လက်ထပ်ထားပြီးပြီ လွှယ် .. အများကြီးလျှောက်ပြောမနေနဲ့ ငါပြောဖို့ထားဦး .."

သူ အားပါးတရ ထပ်ရယ်ရင်း ကျေနပ်အားရနေစဉ် ..။

"ဒါက လွှယ်ပါတယ် .."

စကားသံနှင့်အတူ သူ့လက်ထဲကစာချုပ်ကို နေမြဲ က ဒုတိယအကြိမ် ဆွဲယူသွားခဲ့လျက် ..။

"ဗြီး .."

"ဟာ .."

"စာချုပ်ပျက်စီးသွားရင် ပြီးပြီ .."

"ဟေ့လူ .. ခင်ဗျား ဘာလုပ်လိုက်ဟာလဲ .."

သူ လှမ်းဆွဲပေမယ့် စာချုပ်က အပိုင်းပိုင်းပြဲသွားပြီဖြစ်ကာ နေမြဲ က စက္ကူပြဲတွေကို လုံးချေပြီး ကိုင်ထားသည့်အိတ်ထဲ သေချာထည့်လိုက်၏။

"ခင်ဗျား အခု ရုံးတော်ရှေ့မှာ အပြစ်လုပ်လိုက်ပြီဆိုတာ သိရဲ့လား .."

"ရုံးတော်က အပြစ်ပေးလို့ရပေမယ့် ဒေါ်စုလတ် တို့ကတော့ ကျေးဇူးတင်ကြမှာပါ၊ ငါ မင်းအမေကို ဖုန်းဆက်ပြီးပြီ .."

**ထိုးတော့ကြိတ်တော့**မလို ပြူးတူးပြဲတဲဖြစ်နေသည့်ပုံစံက ချက်ချင်းငြိမ်ကျသွားသည်။ နေမြဲ ပုံစံက အေးဆေးတည်ငြိမ်နေကာ သုတ မျက်နှာကို သေချာစိုက်ကြည့်ရင်း ..။

"ကိုယ် မင်းတို့မိသားစုတွေနဲ့ မဆုံဘူးပါဘူး၊ ဒါပေမယ့် ချစ်မြားရှင်ကို ဆက်သွယ်ဖူးတဲ့ မင်းရဲ့အဒေါ်ကိုမြင်တော့ သတိရသွားတယ်၊ 'စု'



ညီအစ်မတွေလို့ နာမည်ကြီးပြီး ယောကျ်ားတွေလန့်လောက်အောင် လျှာစောင်းထက်လွန်းတဲ့ ဒေါ်စုလတ်နှယ် ဆိုတော့ .."

နေမြဲ ၏ သိနေခြင်းကို သုတ ယုံကြည်သွားသည်။ ဒီအဒေါ်ကို အိမ်ထောင်ပြုစေချင်လို့ မာမီ ကြိုးစားနေတာကြာပြီဖြစ်၏။

"ဒီ့ထက်သိချင်ရင် မင်း ပြန်မေးကြည့်ကွာ .. လောလောဆယ် သူတို့ပြန်ရောက်မလာခင် မင်းလစ်ရင်ကောင်းမယ် .."

သုတ ရဲ့ အကြည့်တွေ လွှယ့် မျက်နှာလေးဆီရောက်သွားသည်။ ပြီးတော့ ..။

"လွှယ် .. ငါတို့ .."

"နင် .. ခုထွက်သွားတော့ သုတ .."

သူ့ကိုနှင်လွှတ်ပြီး လွှယ် ကပဲ ချာခနဲလှည့်ထွက်သွား၏။ သုတ က နေမြဲ ကို ကြည့်ပြီး တစ်ခုခုစကားစဖို့ ပါးစပ်ပြင်၏။ နေမြဲ ကလည်း ပြုံးပြကာ ..။

"ကိုယ့်အကြောင်းသိချင်တာဆိုရင် သူများတွေပြောကြတာပဲ နားထောင်လိုက်ပါ၊ မင်းနဲ့ စကားပြောဖို့ ကိုယ့်မှာ အချိန်မရှိဘူး .."

သုတ ဒီတိုင်းရပ်ကျန်ခဲ့လေသည်။

ဒီလူစကားပြောတိုင်း 'ကိုယ်' လို့ သုံးတတ်တာလား ..။

မျက်နှာချင်းဆိုင်မိကြချိန်မှာ လွှယ့် ကို 'ကိုယ်' လို့ထည့်ပြောသွားသည့်စကားနဲ့ နှုတ်ခမ်းနီကြောင့် သူ့စိတ်တွေ ဆောင်ဘင်ခတ်သွားခဲ့သည်။

အချစ်ကြီးခဲ့ရသည့် ရင်ဘတ်က အမျက်ကြီးကြီးနှင့် ထင်ရာတွေ စွတ်ပြောခဲ့မိ၏။

ခုတော့ အားလုံးက ဘာမှမထူးခဲ့ဘဲ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဖြ .."

"ဘာလို့ ဖြပစ်တာလဲ .. အဲ့ဒီတစ်ခုနဲ့ ပြလို့ရသေးတာပဲ .."

"ရှင် လူကို အရူးမှတ်နေလား .."

"ရူးနေတာပဲဟာ .."

"ဘာပြောတယ် .."

"ကျွိ .."

သူမ အော်လိုက်တာနှင့် ကားက ကျွိခနဲထိုးရပ်သွားကာ လွယ့် ဒေါ်သတွေ လူနဲ့ရောကာ ဒက်ရှ်ဘုတ်ပေါ် ဒိုက်ခနဲပစ်ကျသွား၏။

"ဆော်ရီး .. မင်း အော်လို့မဟုတ်ဘူး .. ဘာဖြစ်သွားတာလဲမသိဘူး .."

နေမြဲ ရဲ့ မျက်နှာက ဘာမှမကြုံခဲ့ မဖြစ်ပျက်ခဲ့သလို မျက်နှာလည်း မပျက် အသံလည်းမပြောင်း ...။

"ကျလိ .. ကျလိ .. ဒုတ် .. ဒုတ် .."

ကားစက်နှိုးကြည့်နေတာ မရတော့ပေ ...။ ထို့ကြောင့် ကျွတ်ခနဲ စုတ်သပ်ကာ ...၊

"ဒီနေ့ မိုးလင်းတည်းက အကုသိုလ်က အတုံးလိုက် အကောင်လိုက်



တားပေါ်ရောက်လာတာ .."

"နေမြဲစေ .."

"ပြော .."

"ရှင် ယောက်ျားကြီးမတန်မဲ့နဲ့ ဆောင်းချိတ်ပြောနေတယ် ဟုတ်လား .."

"ငါ့ကား ပျက်သွားတာ မင်း မမြင်ဘူးလား ...၊ ကားပျက်လို့ ကားမှာ အကုသိုလ်ရှိတယ်ပြောတာ .."

"တောက် ..."

လွယ် က ပေါင်ပေါ်မှာ တင်နေဆဲ စာချုပ်အစုတ်အပြဲတွေကို ဆောင့်အောင့်တွန်းချပစ်၏။

"ယော့ .. ကားပေါ်မှာ ဘာလုပ်တာလဲကွ .. အဲလိုလိုမှ ကားက စုတ်ရဲ့အထဲ .."

"စုတ်ရုံ ကဘူး .. အကုသိုလ်ပါဝင်နေတာ၊ စက္ကူစုတ်ချတော့ ဘာဖြစ်လဲ .."

"လွယ် .."

"ဘာလဲ .."

"မင်းကို ငါ တောက်လျှောက်ကူညီနေရတာနော် ...၊ မင်းကြောင့် ဒီနေ့ ငါ့အလုပ်တွေ ဘယ်လောက်ထိ တစ်လွဲတစ်ချော်တွေဖြစ်ကုန်လဲ သိလား .."

"အဲ့ဒါ ဘယ်လောက်လျှော်ပေးစေချင်လဲ ပြော .."

"မသိဘူး .. ဖုန်းဆက်တဲ့ထဲမှာ အလုပ်အပ်မယ့်သူ ဘယ်နှစ်ဦးပါသလဲ .. စိတ်ပျက်နှုတ်ဆက်သွားတာရှိသလား မရှိဘူးလား .. အဲဒါတွေ စစ်ကြည့်ရဦးမယ် .."

စစ်ပြီးရင်တော့ အလျှော်တောင်းဦးမယ့်ပုံပါလား ...၊

စိတ်တိုသွားခြင်းအတူ ခပ်တည်တည်ပုံစံကိုကြည့်ပြီး ဒေါ်သက နှုတ်ချင်းပြေကျ၏။ ကားစက်နှိုးရင်း တစ်ခွန်းမှနောက်ကျမခံဘဲ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည့်ပုံက ရုပ်ကြမ်းကြီးနဲ့ ရန်တွေ့ကောင်းနေသလိုဖြစ်ကာ လွယ် မျက်နှာလေးပြုံးယောင်သမ်းသွားသည်။

"ဆင်းကြည့်ရတော့မယ် .. တော်သေးတာပေါ့ .. လမ်းဘေးမှာမို့လို့ .."

"ရှင်က ကားပြင်တတ်လို့လား .."

"မပြင်တတ်ဘူး .. ကားပျက်တာကို ငုတ်တုတ်ထိုင်နေတာထက် စာရင် တတ်တတ် မတတ်တတ် ဖွင့်ကြည့်လိုက်တော့ လူရှိန်တာပေါ့.."

သူ ရွဲ့ပြောတာမှန်းသိတော့ လွယ် က အနားသွားပြီး လက်ပိုက်ကြည့်နေရင်း ..၊

"ရှင်က ပညာတော်တော်စုံတာပဲ .."

ပခုံးလေးတွန့်၍ စကားစလိုက်ကာ ..၊

"ကားလည်းပြင်တတ်တယ်၊ ရန်လည်းဖြစ်တတ်တယ်၊ ပြီးတော့ ရွဲ့တာစောင်းတာလည်း .."

"လွယ်လွယ်ခက် .."

"ဟွန်း .. အဲဒီလိုမျက်နှာနဲ့မှ မော့လာပါ့မလားလို့ .."

နေမြဲ က ဆီပေနေသည့်လက်ကိုကြည့်၍ ပွတ်မလို ခါမလိုပြင်ရင်း ဘာမှမလုပ်ဖြစ်ဘဲ ဒီတိုင်းစုံချထားလိုက်ပြီး သူမကိုကြည့်၍ ...

"မင်းရဲ့စကားတွေက လူသတ်ချင်စိတ်ပေါက်လောက်အောင် ဒေါသထွက်စရာကောင်းပေမယ့် ငါက သူများဖြစ်စေချင်တိုင်း ဖြစ်မပေးတတ်ဘူး၊ အဲဒီတော့ မတည့်အောင်လာပြောမနေနဲ့၊ ကားပေါ်မှာ အေးအေးသွားထိုင်နေလိုက် .."

ပြောပြီး ကားထဲပြန်ငုံ့ပြီး နှိုက်ချုတ်နေပြန်သည်။ လွယ် က ပိုက်ဆံတစ်ခုထုတ်၍ အိတ်ခွံလေးဖွင့်နေရင်း ..၊

"ရှင် ပျင်းမှာစိုးလို့ပါ .."

"ခုနကတော့ ဒေါသတွေတနင့်တပိုးနဲ့ ချက်ချင်းပါလား .."

"ဟုတ်တယ် .. လွယ် က တခြားယောကျ်ားတွေလို ကောက်ချိတ်



ချိတ် ရွဲ့တဲ့တဲ့လုပ်မနေတတ်ဘူး .."

ဖစ်တာဘူး ပြန်ပိတ်နေသော နေမြဲ လက်တို့ခနဲဖြစ်သွားတာကို မျက်တောင်ဖျားလေးစင်းကြည့်ပြီး လွယ် မဲ့လိုက်သည်။ ပြီးတော့ ပီကေကို ပါးစပ်ထဲထည့်လိုက်ပြီး ..၊

"ဒါနဲ့ ရှင် တကယ်ပဲ သုတ တို့အိမ်က ဖုန်းနံပါတ်ကို ဆက်လိုက်တာလား .."

"မဆက်ပါဘူး .. သိမှမသိတာ .."

"ဟင် !..."

လွယ် ဖျတ်ခနဲလှည့်ကြည့်သည်။ ပြီးမှ ပြုံးသွားကာ ..၊

"ဒါပေမယ့် ရှင် ပြောတာတော့ ဟုတ်တယ်မို့လား .. အဲဒီအဖျိုကြီးအတွက် အိမ်ထောင်ဖက်ရှာပေးခဲ့ဖူးတယ်ဆိုတာလေ .."

"ငါ မဟုတ်ပါဘူး ကိုလေး နဲ့ လုပ်တာ၊ အဲ့ဒီတုန်းက ကိုယ်က ခလေးရှာ‌း ... ်နေတာ .."

"ဘာသွ ..လုပ်တာလဲ .."

"အိမ်တွင်းရေးကိစ္စတစ်ခုနဲ့ပါ .."

သူမ မေးနေသမျှ မော့မကြည့်ဘဲ ဖြေနေကာ လွယ် ကတော့ လမ်းပေါ်က သွားလာနေကြသည့် လူတွေ ကားတွေဆီ လှည့်ကြည့်လိုက်၊ သူ့ကို ပြန်ငုံ့ကြည့်လိုက်နှင့် ..၊

"နေမြဲစေ အခု ဖြစ်ရတဲ့ပြဿနာမှာ လွယ် က မှားနေတယ်လို့ ရှင် ထင်လား .."

"မှန်မှ မမှန်တာ .."

"ဘယ်သူမဆို ဒုက္ခရောက်လာရင် ကိုယ့်အတွက် အကူအညီရနိုင်မယ့် အခြေအနေတစ်ခုခုကိုရှာပြီး ထွက်ပေါက်ရှာကြတာပဲ .."

"ရှာတိုင်းတွေ့ကြလို့လား .."

ခါးမတ်မတ်ဆန့်လိုက်ပြီး သူ လွယ့် မျက်နှာလေးကိုကြည့်ကာ..၊

"မင်းလုပ်တာက ထွက်ပေါက်ကိုတော့ ရောက်မှာမဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ငရဲတံခါးပဲ ..”

“မဟုတ်ဘူး နေမြဲ .. သူ့ဘက်က ရိုးသားမှုတစ်ချက်ပဲလို့တာ လွယ် စဉ်းစားလိုက်တာ ရိုးရိုးလေး ..”

“သူ မင်းကို မဟားတရားချစ်ခဲ့ဖူးတယ်ဆိုတာ ဘာဖြစ်လို့ မင်း ထည့်မတွက်တာလဲ ..”

“အဲ့ဒီလိုလူမှုလည်း ဒီကိစ္စမျိုးကို ကူညီမှာလို့ထင်ခဲ့တာ၊ ရှင် အဲဒါ တွေ အကုန်လုံးကြားတယ်ပေါ့ .. ဟုတ်လား ..”

“အကုန်ကြားဖို့မလိုပါဘူး၊ မင်းတို့ ဘာပြဿနာဖြစ်နေတယ်ဆို တာ အသိသာကြီး၊ ပြီးတော့ ငါတို့ကယောက်ျားချင်း သူ့မျက်လုံးတွေကို ကြည့်လိုက်တာနဲ့ နားလည်တယ် ..”

“ဟုတ်မှာပေါ့ .. ဒါပေမယ့် ..”

လွယ် က ပိုက်ထားသည့်လက်လေးကို ဆန့်ချလိုက်ပြီး ကားဘော် မှာ တစ်ဖက်ထောက်ထားရင်း ..၊

“သူ ရှင့်ကို မြင်လိုက်မှ ဇွဲဖောက်သွားတာ .. အဲဒါရော ရှင်သိ လား ..”

“တွေးမိတယ် .. ဒါပေမယ့် ဖြစ်နိုင်စရာမှမရှိတာ ..”

“ရှင့်ရင်ဘတ်မှာ လွယ့် နှုတ်ခမ်းနီတွေပေနေလို့ဆိုရင်ရော .. မဖြစ် နိုင်သေးဘူးလား ..”

ဟင်!...

ကွက်ခနဲမျက်နှာပျက်သွားတာကိုကြည့်၍ လွယ် ခေါင်းခါမိသည်။ ‘ဒါကျတော့ တုံးလှချေရဲ့’ လို့သာ ပြောလိုက်ရလျှင် ပြုံးတူးပြတ်ဖြစ် သွားနိုင်၏။

နေမြဲ အင်္ကျီကို သေချာငုံ့ကြည့်ပြီး မျက်နှာက ချက်ချင်းမော့ လာ ခဲ့ပေ ..။

ပြီးတော့ ခပ်လွှဲလွှဲထားပြီး ကျွတ်ခနဲဖြစ်၏။ ပြီးမှ မော့လာတာ

“မင်း အဲ့ဒါကို သေချာရှင်းမပြခဲ့ဘူးလား ..”



“သူက ဘာဖြစ်လို့ ပေလာတာလဲလို့မေးရင် ရှင်းပြလို့ရတယ်လေ.. ဒါ မြင်လိုက်တာနဲ့ သူများသိက္ခာကို မိုင်းနပ်(စ်)ဇီးရိုးထိ ဆွဲချတွေးလိုက် တာ ..”

“ကျွတ် ..”

“ရှင် ဘာတွေဒီလောက် စိတ်ပျက်နေတာလဲ၊ လွယ် နဲ့ အထင်ခံ လိုက်ရလို့လား ..”

“လျှောက်ပြောမနေနဲ့ ..”

သူ အော်လိုက်တာ ဘေးက ဖြတ်မောင်းသွားသည့် ဆိုင်ကယ်လ ပေါ်က လူနှစ်ယောက်တောင် လှည့်ကြည့်သွားကြသည်။

“မင်းအတွက် ငါလုပ်ပေးခဲ့တာတွေကို ဒီမေးခွန်းတစ်ခုနဲ့ မင်း အတိအကျ ဈေးကားလိုက်တာ ..”

သူက မျက်လုံးချင်းဆုံပြီး စိုက်ကြည့်ကာ ..၊

“ဒီမှာ လွယ် .. မင်းကို လူတွေဘာပြောပြော မင်းက ငါ့မျက်လုံး ထဲမှာ အားကိုးမဲ့နေတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ မင်း အကူအညီ လိုနေတယ်ဆိုတာ ငါ နားလည်တယ်၊ ငါ အလုပ်သဘောထက်ပိုပြီး မင်းအတွက် အာရုံစိုက်ပေးခဲ့တာတွေက မင်းကို လက်ခံယုံကြည်ပေးခဲ့ တာတွေပဲ .. ကျန်တဲ့ မင်းရဲ့သမိုင်း မင်းအနာဂတ်က ငါနဲ့မဆိုင်ဘူး..”

သူက တည်ကြည်လေးနက်သည့် မျက်ဝန်းတို့နှင့် အကြည့်ကို တစ်ချက်မှ မလွှဲ ..၊

“လူတစ်ယောက်အကြောင်း ကောင်းမကောင်း ဝေဖန်ကဲ့ရဲ့တာ ငါမလုပ်ဘူး၊ ကိုယ် ဘယ်လိုလူလဲဆိုတာတောင် ကိုယ့်စိတ်နဲ့ကိုယ် နားမလည်နိုင်တာတွေရှိတတ်သေးတာ ဘာလုပ်ဖို့လဲ .. မိန်းမတစ်ယောက် အကြောင်းတွေးပြီး ခွဲခြမ်းစိတ်ဖြာနေရအောင် ..”

လွယ် ကလည်း ဘာကိုမှမဆို လွယ်လွယ်နဲ့ လက်လျှော့တတ်သူ မဟုတ်ပေ ..။

“အစတုန်းကဟုတ်မှာပေါ့ .. ရှင် လွယ့် လို ကက်စတန်မာမျိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ခုမှ ဆုံဖူးတာလေ၊ အဲ့ဒီ မိန်းမတွေထဲက လွယ်လွယ်ခက် ဆိုတဲ့ ကျွန်မ အကြောင်းကိုတော့ ရှင် တွေးဖြစ်တဲ့အခါရှိမှာပါ ..”

“တွေးဖြစ်တာပေါ့ .. မင်းက ဘယ်မိန်းမနဲ့မှ မတူအောင် လှတာကိုး ..”

မထင်မှတ်သည့် စကားကြောင့် လွယ့် ပါးပြင်လေးတွေရဲတက် သွားသည်။ ကြားဖူးသမျှ ကဗျာနဲ့ စာနဲ့ ချီးမွမ်းသံတွေထဲမှာ ကဗျာမပီ စာမညီသော ဒီလူပြောတဲ့စကားတွေကိုမှ ...၊

“ငါလည်း ယောကျ်ားတွေထဲက တစ်ယောက်ပဲ၊ မင်းက ဘာသိချင် တာလဲ .. ကိုယ်က မင်းကို သူတို့လိုမျိုး ..”

“မဟုတ်ဘူး .. ရပြီ ..”

လွယ် ချက်ချင်းခေါင်းခါပစ်သည်။ သူက ရယ်မြူးရိပ်ထင်နေသည့် မျက်ဝန်းတို့ဖြင့် နှုတ်ခမ်းအစုံကို စေ့ပိတ်ထားရင်း ခပ်တည်တည်ကြီး စတိုင်လ်ဖမ်း၏။

“အခု နောက်တစ်ယောက်နဲ့ လက်ထပ်စာချုပ်လုပ်ဖို့ မရှိတော့ ဘူးထင်တယ် ..”

“ရှင်နော် ..”

“ဘယ်ကိုပြန်မှာလဲလို့ မေးတာ ..”

“မသိဘူး .. ရှင့်ကား ကောင်းသွားပြီလား ..”

“ထင်ရတာပဲ စက်နှိုးကြည့်မှသိမှာ ..”

“ရှင် ဒီနေ့ တစ်ရက်လောက် လွယ် နဲ့ အလုပ်ကိစ္စလို့ သဘော ထားပြီး လိုက်ခဲ့ပေးပါလား ..”

“ဘယ်ကိုလဲ ..”

“လွယ် နဲ့ အသိပါ၊ ဆရာမဆိုလည်းဟုတ်တယ်၊ သူနဲ့ အဆင်ပြေ ရင် လွယ် သူနဲ့ နေခွင့်ရဖို့ကြိုးစားကြည့်ချင်တယ် ..”

“ပိုဆိုးသွားမှာပေါ့ လွယ် .. မင်း ဦးလေးက ခုတောင် သူ့တစ် အာဏာသုံးချင်နေတာ၊ အင်အားကြီးတဲ့ရန်သူကို စစ်မျက်နှာမဖွင့်မိစေ နဲ့၊ မိတ်ဆွေကနေ ရန်သူဖြစ်သွားရင် ကြောက်ဖို့ကောင်းပေမယ့် ရန်သူ



က မိတ်ဆွေဖြစ်လာရင် သွေးသားရင်းထက်ပိုကောင်းတတ်တယ် ..”

“သူကတော့ မိတ်ဆွေဖြစ်လာဖို့ မရှိတဲ့လူပါ ..”

“မင်းရဲ့ ရန်သူမှမဟုတ်ဘဲ .. အချိန်မရွေး ရန်သူဖြစ်လာနိုင်တဲ့ အင်အားကြီးသူကို မင်း မထိမဲ့မြင်မလုပ်မိဖို့ ပြောပြနေတာ ..”

“မလုပ်ရင် သူက မင်္ဂလာကိစ္စစီစဉ်တော့မှာ ..”

“ကိုယ့်ဦးလေးပဲ လွယ် .. မင်းအပေါ်မှာ ..”

“လွယ် နဲ့ ဘာမှမတော်ဘူး ..”

“ဘာ!...”

သူ တအံ့တဩဖြစ်သွားသည့် မျက်နှာကြောင့် ဖွင့်ပြောလိုက်မိတာ များသွားပြီလားလို့ တွေးလိုက်မိသည်။ မည်သူတစ်ဦးတစ်ယောက်မှ သိခွင့်မရှိခဲ့သည့် လျှို့ဝှက်ချက်ကြီးကို သူ့ကိုမှ ဘာဖြစ်လို့ ပြောပြလိုက် တာလဲ ...။

ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်ချင်တော့ပေ ..။

“လွယ် .. မင်းနဲ့ ဘာမှ သွေးသားမတော်ဘူးလို့ ပြောလိုက်တာလား ..”

“ဟုတ်တယ် ..”

“ဒါဖြင့် အတူတူနေကြတာက ..”

“သူက လွယ့် ပထွေး ...”

သူ့ထံမှ ဘာအသံမှ ထွက်မလာတော့ပေ ..။

ထပ်မှားသွားပြီလားဆိုသည့်အတွေးနှင့် ကြည့်လိုက်တော့ သူ့မျက် လုံးတွေက ကိုယ့်ထံမှာ စူးစိုက်လျက် ...၊

“ဖြစ်နိုင်ပါတယ် ..”

“ဘာကိုလဲဟင် ..”

“ဦးလေးအရင်းဆို ဒီ့ထက်တော့ ပိုကောင်းနိုင်တာပေါ့၊ တစိမ်း ဆွေမှန်းသိတော့ သူ့လုပ်ရပ်တွေက သူစိမ်းဆန်မှန်းပိုသိသာသွားတယ်၊ ဒါပေမယ့် သူ မင်းကို ဒီအချိန်ထိ ဖြူဖြူစင်စင် စောင့်ရှောက်ထားခဲ့ တယ်မို့လား ..”

www.burmeseclassic.com

www.burmeseclassic.com



"နှုး လွယ့် ဘဝကို တစ်မျိုးထပ်တွေး၍ အထင်မသေးဘူးလား.."

"ဘာလို့သေးရမှာလည်း လောကမှာ သဘာဝအတိုင်းဖြစ်ပျက်ပြောင်းလဲနေတာတွေရှိသလို ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ ကြုံတွေ့နေရတာတွေလည်းရှိတာပဲ၊ ပတွေးနဲ့ အတူနေရတဲ့ မိန်းကလေးတိုင်းလည်း ပျက်စီးမနေကြပါဘူး၊ သူ့ကိုယ်သူ ဦးလေးအရင်းအဖြစ် ခံယူထားတည်းက သိသာပါတယ် .."

လွယ့် စိတ်ထဲမှာ တန်ဖိုးကြီးလက်ဆောင်တစ်ခုခု ရလိုက်သလို အတိုင်းအဆမရှိ ပေါ့ပါးကျေနပ်သွားခဲ့၏။

ဘာဖြစ်လို့ သူ့ဆီက အကောင်းမြင်ခြင်းတရားတွေကိုပဲ မျှော်လင့်နေမိတာလဲ ..၊

"ဘာပဲဖြစ်ဖြစ် မင်း သူ့ကို အတိအလင်းတိုက်ခိုက်ဖို့ ပြင်ဆင်တာတော့ မကောင်းဘူးထင်တယ်၊ မဖြစ်မနေ အကြောင်းတစ်ခုခုပြပြီး အချိန်ဆွဲထားလိုက်ပါ၊ မင်းအတွက် အကောင်းဆုံးဖြစ်မယ့် အိမ်ထောင်ဖက်မျိုး .."

"ဆက်ပြောလေ .. လွယ့် လို မိန်းကလေးမျိုးက အိမ်ထောင်ဖက်ကောင်းမရနိုင်တော့ဘူးလား .."

"မဟုတ်ဘူး .."

သူက ခေါင်းခါလိုက်ပြီး လွယ့် အတွက် တံခါးသွားဖွင့်ပေး၏။ လွယ် က သူ့ဘေးမှာရပ်လိုက်ပြီး ဖွင့်ထားသည့်တံခါးပေါ်မှာပဲ လက်တင်ထားကာ ..၊

"ပြောလေ .."

"ဘယ်လိုမိန်းကလေးမျိုးပဲဖြစ်ဖြစ် အခု မင်း လိုအပ်နေပုံက သိက္ခာမရှိဘူးလေ၊ အိမ်ထောင်ရေးဆိုတာ လိုအပ်ချက်ခြင်း ဖလှယ်ကြတဲ့ ဈေးကွက်တစ်ခုမဟုတ်ဘူး၊ ရှင်းရှင်းပြောရရင် သက်မဲ့ပစ္စည်းတွေတောင်မှ ရောင်းချင်လွန်းရင် ဈေးကျတယ် .."

"ဒီလို ..၊ အိမ်ထောင်ဖက်ရှာနေကြတာလည်းရှိတာပဲ .. လွယ့်



ချမှလား .."

"ရှိကြတာက အုပ်ထိန်းသူက စီမံပေးတာရှိတယ်၊ စိတ်ကြိုက်ရွေးချယ်ယူတာရှိတယ်၊ မင်းမှာ အချိန်မပေးနိုင်တာက ဘယ်သူနဲ့မှ မတူရတဲ့အကြောင်းပဲ .. အဓိကက ကျောထောက်နောက်ခံ .."

လွယ် မျက်နှာလေးတင်းနေကာ ပီကေကိုဖိတ်ကြိတ်ထားသည့် မေးရိုးတစ်ဖက်က အံကြိတ်လိုက်သလို တင်းခနဲတင်းခနဲ လှုပ်ခတ်သွားတတ်၏။ ပြီးမှ ..၊

"သွားရအောင် .."

"ဘယ်ကိုလဲ .."

"လွယ် ထင်သလိုပဲဆုံးဖြတ်မယ် .. အခု ဆရာမဆီသွားပြီး .. ဟိုမှာ .."

သူမ စကားမဆုံးသေးခင် ဆိုင်ကယ်လ်သံတွေ ဆူညံသွားသည်။ ပြီးတော့ ကားတစ်စီး ..၊

အခြေအနေက ရုတ်တရက်ကြီး ပြောင်းလဲသွားခဲ့ပြီး လမ်းဘေးမှာ ဆိုင်ကယ်လ်တွေ ကားတွေနှင့် ဖွဲ့စည်းသွားလေသည်။ ဆိုင်ကယ်လ်တစ်စီးမှာ လူနှစ်ယောက်ပါကာ ကားပေါ်ကဆင်းလာကြတာက လေးယောက်မို့ သူတို့နှစ်ယောက်နဲ့ကားကို လူရှစ်ယောက်က ဝိုင်းထားသလို ဖြစ်သွား၏။

"လွယ် .."

အလယ်လူအဖြစ် ကျားကျားလျားလျား လျှောက်လာသည့် ရဲသွေးက နှစ်ယောက်စလုံးကိုကြည့်လျက် အနှားကျတော့ နေမြဲ ဘက်ကို ဦးတည်သွားကာ ..၊

"မင်းလား .. ချစ်မြားရှင်က အစုတ်ပလုတ်ကောင် .."

"ခွပ် ..."

"ကိုရဲသွေး ရှင် ဘာလုပ်တာလဲ .."

"ထိုးတာလေ .."

"ရှင် ခု ရှေ့မတိုးနဲ့နော် .."

www.burmeseclassic.com



ကားပေါ် ပက်ခနဲလန်သွားသဖြင့် နေမြဲ ရုတ်တရက်မထနိုင်ခင် လွယ် က ကြားထဲမှာ ဝင်ရပ်လိုက်ကာ ...၊

"ရှင် မရှက်ဘူးလား .. ရှင့်လုပ်ရပ်တွေ ဗီလိန်ဆန်နေတာကို မရှက်ဘူးလားဟင် .. ရှင့်လောက် ချမ်းသာကြွယ်ဝနေတဲ့လူက အရက်ဆိုင်က မိန်းမကို ဒီလိုယုတ်မာပြီး ယူဖို့ကြိုးစားတာ .."

"အကြောင်းပြကောင်းတဲ့ စကားတွေ လာပြောမနေနဲ့ .. မင်းကိုပဲ လိုချင်နေလို့ မင်းနောက်လိုက်လာတာ .."

"လွှတ် .."

ရဲသွေး က လွယ့် ပခုံးလေးနှစ်ဖက်ကိုဆုပ်ကိုင်ပြီး ဖိညှစ်ပစ်လိုက်၏။ ထိုစဉ် နေမြဲ လက်တစ်ဖက်က ရဲသွေး ရဲ့ လက်ပေါ် ထပ်ကိုင်လာကာ အသာလေးဆွဲလှန်ပစ်လိုက်ပြီး ...၊

"ဒီဘက်လှည့်လိုက် .."

"ခွပ် ..."

"ဟိတ်ကောင် .."

ရဲသွေး မျက်နှာ လည်ထွက်သွားလျှင် ဘေးကလူရွယ်တွေ အော်သံနှင့်အတူ နှစ်ယောက်သုံးယောက်က ပြေးကန်၏။ ကားနဲ့ ညပ်ခံနေသဖြင့် နေမြဲ ဘယ်လိုမှ မလှုပ်ရှားနိုင်ပေ ...။

ထို့ပြင် သူ့ဘေးမှာ လွယ် က ရှိနေ၏။

"ခွပ် .."

"အင့် ..."

"ရှင်တို့လူတွေအများကြီးနဲ့ အနိုင်မကျင့်နဲ့ .. ရဲသွေး ရှင် .. ရှင် လူယုတ်မာ၊ ရှင့်လူတွေကို ခုတားပေး .."

"ဖြန်း ..."

အင်္ကျီစကို ဆုပ်ဆွဲအော်ရင်း ရဲသွေး ရဲ့ ပါးတစ်ဖက်ကို ဖြောင်းခနဲ ရိုက်ချပစ်လိုက်သည်။ ထိုစဉ် လမ်းပေါ်မှာ သွားလာနေသည့်လူတွေ ပြေးလာကြကာ ...၊



"ဟော့လူတွေ ရပ်ကြတော့ .."

"တော်ကြပါတော့ဟ .. ဆွဲထား အဲဒီကောင်တွေကို .."

လူကြီးလူရွယ်တွေ များပြားလာကာ နှစ်ဖက်ကြားမှာ ဝင်ရှုပ်ကုန်သဖြင့် သူတို့လူစုကွဲသွား၏။

"နေမြဲ .. နေမြဲ .. သွေးတွေ ဘာဖြစ်သွားတာလဲ .."

"ခင်ဗျားတို့ ဘာဝင်ရှုပ်တာလဲ .. ကျုပ်တို့ချင်း ပြဿနာရှိလို့ ရှင်းနေတာ .."

"ရှင်းတာက ပြောဆိုရှင်းကြပေါ့ကွာ .. မင်းတို့ လက်ပါကြတာ လွန်ကျုံကုန်ရင် သေနိုင်တယ်ကွ .."

လူတွေများလာတော့ ဟိုလူတွေ ဆိုင်ကယ်လ်ပေါ်ပြန်တက်ပြီး ထွက်ပြေးကုန်ကြသည်။

ရဲသွေး ၏ မျက်နှာတစ်ပြင်လုံး အဝတ်စနီ[illegible] နီရဲညိုတက်နေကာ နှုတ်ခမ်းထောင့်ကသွေးကို သုတ်ရင်း လက်တစ်ဖက်က နေမြဲ ကို လက်ညှိုးထိုး၍ ...

"ဒီကောင်က မယားနိုး .."

ခေါင်းမှာ ဒဏ်ရာဘယ်လိုရသွားသလဲဆိုတာ ရှာဖွေစိတ်ပူနေတုန်း လွယ် ဒေါသထွက်သွားသည်။

"ရှင် ..."

"မင်းက ရုံးမှာ လက်မှတ်သွားထိုးလိုက်တယ် ဟုတ်လား ...၊ ဒါကြောင့် ငါ ပတ်ရှာနေတာ မတွေ့တာကိုး .."

ခွပ်ဖွဲ့သံကြောင့် ကားထဲက စာချုပ်အစုတ်အပြဲတွေကို သတိရသွားမိသည်။ ထို့ကြောင့် နေမြဲ ကို ကားထဲသွင်းပေးမိလို့ ဖွင့်ထားပြီးမှ တံခါးကို ပြန်ပိတ်ပစ်လိုက်သည်။

"ဟုတ်တယ် .. ရှင့်လိုလူကို မယူနိုင်လို့လေ .. အဖြေသိနေတာမှ ဘာလိုက်လုပ်တာလဲ .."

"ဘာမှလုပ်လို့မရတော့မှန်း ငါ သိတယ်၊ ဒါပေမယ့် မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



တူဝရီး ဘဝပျက်ပြီဆိုတာ နားလည်ထားလိုက် လွယ် .. နောက်ဆုံးအခွင့်အရေးတစ်ခု မင်းကိုပေးမယ်၊ အခု ငါနဲ့ ပြန်လိုက်ခဲ့ရင် မင်းကို ငါပိုင်ဆိုင်သမျှ တစ်ခါတည်းလွှဲပေးပြီး တခမ်းတနားလက်ထပ်မယ်၊ မဟုတ်ရင်တော့ ငါပြောခဲ့တဲ့စကား အပိုမပါဘူးဆိုတာ နာရီပိုင်းအတွင်း မင်း သိရလိမ့်မယ် .."

"မလိုက်ဘူး .. ရှင်တို့လိုလူတွေလုပ်တတ်တာ ဒါမျိုးတွေပဲမို့လား .. ကြိုက်သလိုလုပ်လိုက်၊ ရှင် ပိုင်ဆိုင်တဲ့ ငရဲကြီးရှစ်ထပ်ကိုလည်း မက်တဲ့သူကိုပေးလိုက်စမ်းပါ .. လွယ် ကတော့ ဆော်ရီးပဲ .."

"တောက် .."

ဘေးလူတစ်ချို့က ဝင်မပါကြတော့ပေမယ့် ရပ်ကြည့်နေကြတာလည်းရှိသည်။ သူက တက်ခေါက်လိုက်ပြီး စိန်းစိန်းကြီး ကြည့်နေကာ..၊

"တစ်နာရီထပ် အချိန်ပေးမယ် လွယ် .. မင်း စဉ်းစားဦး .."

ပြောပြီး သူ့ကားပေါ်ပြန်တက်သွားသည်။ အသင့်စောင့်နေကြသည့် သူ့လူတွေက ချက်ချင်းမောင်းထွက်သွား၏။

"ကောင်လေး ခေါင်းရိုက်ခံလိုက်ရတယ်ထင်တယ် .. သွေးထွက်လွန်လိမ့်မယ် တူမ .."

"ဟုတ်ကဲ့ .. ကျေးဇူးတင်ပါတယ်ရှင် .."

တံခါးဖွင့်လိုက်လျှင် တချုပ်ဖြဲထားတာကို ရဲသွေး မြင်မှာစိုးလို့ ကိုယ့်ဒုက္ခနဲ့ကိုယ် သူ ပြန်တဲ့အထိစောင့်နေရတာဖြစ်သည်။ နေမြဲ ကို ကားထဲထည့်လိုက်ကာ ဟိုဘက်က သွားထိုင်ပြီး ကားစက်နှိုးလိုက်၏။

ကံကောင်းထောက်မပြီး ကားက ပြန်ကောင်းနေသဖြင့် ဝမ်းသာသွားတာ ပြောမပြတတ်အောင်ပင် ..။ ပထမဆုံး ဆေးခန်းဝင်ဖို့ ဦးတည်လိုက်ရင်း ..၊



## အခန်း (၂၁)

"ဟင် .. ရန်ဖြစ်တာဟုတ်လား .."

ခေါင်းတွေမူးနေသဖြင့် မေမေ့ကို သူဘာစကားမှမပြောနိုင်တော့ပေ ..။ အလုပ်ရုံးကို လိုက်ပို့နိုင်းချင်ပေမယ့် ဟိုမှာလူတွေသိကုန်ရင် ပိုရှုပ်သွားမှာမို့ မေမေ့တစ်ယောက်ကိုပဲ သေချာနားလည်အောင် ရှင်းပြတော့မည်လို့ စိတ်ကူးခဲ့တာဖြစ်သည်။

ဒီရောက်တော့ ကားသုံးစရာရှိလို့ ခဏယူပါရစေ သူပြန်အလာကို စောင့်နေသည့် ငမျိုး လည်း ရောက်နေကာ သူ့ကို အိပ်ခန်းထဲထိ တွဲပို့ပေး၏။

"ဘာတွေဖြစ်လာတာလဲ နေမြဲ .. ခေါင်းမှာလည်း ပတ်တီးနဲ့ နှာခေါင်းမှာရော၊ ပါးရိုးမှာရော ပလာစတာတွေ .."

"ကျွတ် .. ကျွတ် .."

ညည်းနေရင်း လက်ပဲကာပြမိကာ အိပ်ရာထဲ အရင်လှဲလိုက်ရသည်။ မျက်လုံးက မဖွင့်ရဘဲနှင့် အာရုံတွေက ဖြူပြာနီအရစ်လိုက်ပေါ်ကာ ချာချာလည်နေသည်။ ပြီးတော့ .. ခေါင်းက လေထဲမှာလား၊ ခေါင်းအုံးနဲ့ ထိရဲ့လား .. ဘာဆိုတာခံစားမရပေ ..။

"နေမြဲ .. မင်းရရဲ့လား .."

www.burmeseclassic.com

www.burmeseclassic.com



"အင်း .."

"မဟုတ်သေးပါဘူးကွာ .. မင်းပုံစံ မဟာန်ပါဘူး၊ ဘယ်နှစ်ချက်လောက် ချုပ်လိုက်ရတာလဲ၊ ဘယ်သူတွေမို့လို့ ဒီလောက်ထိ ဖြစ်ကြတာလဲ .."

စိုးရိမ်ပေမယ့် ဘာမှမသိရသေးသည့်ကိစ္စမို့ မေးတော့ မေးနေမိလေသည်။

"ရော့ .. ရော့ .. ဒီမှာ နို့ပူပူလေးတိုက်ရအောင်၊ ဆေးခန်းကပြန်လာရင် သောက်ဆေးပါဦးမှာပေါ့ .."

"မသောက်လောက်တော့ဘူး အန်တီ .. သူ့ .."

စကားမဆက်နိုင်အောင် နေမြဲ က လက်ကိုဆုပ်ကိုင်ဖျစ်လိုက်သဖြင့် ငမျိုးပြောမည့်စကားကို လမ်းကြောင်းပြောင်း၍ ..၊

"သူ့ အိပ်ချင်နေလို့တဲ့၊ ဒဏ်ရာသက်သာအောင် အိပ်ဆေးထိုးပေးလိုက်တာထင်တယ် .."

"ဟုတ်လား .. ငါ့သားလေး ခုတစ်လော ရန်တွေဖြစ်ဖြစ်နေတယ်၊ ဒဏ်ရာတွေရ အလုပ်ကအဆင်မပြေနဲ့ ကံဇာတာနိမ့်နေတာဖြစ်မယ်.."

ဒေါ်ဇင်မာလွင် စိတ်မကောင်းသည့်မျက်နှာနှင့် နို့ဖန်ခွက်ကို စားပွဲပေါ်မှာ ချထားလိုက်သည်။

"ဘာဖြစ်လာတာလဲ အပြင်က မိန်းကလေးကိုပဲ မေးတော့မယ်၊ ဒါနဲ့ ငမျိုး မင်း ကားယူချင်ယူသွားလေ၊ ဒီနေ့ သားမှ အပြင်မထွက်တော့တာ ကားမသုံးတော့ဘူးထင်ပါတယ် .."

"ဟုတ်ကဲ့ အန်တီ .. လူမမာနဲ့ အန်တီ ဖြစ်ပါ့မလား .."

"လူမမာမှ မဟုတ်တာကွယ် .. ရပါတယ် .."

ဒေါ်ဇင်မာလွင် မျက်ရည်လေးစမ်းစမ်းနှင့် သားမျက်နှာကို ဟိုကိုင်ဒီစမ်းလုပ်ရင်း ..၊

"သားလေး ဒဏ်ရာများလို့လားဟင် .. သက်တောင့်သက်သာရှိရဲ့



လား .."

"ဟုတ် .. ရတယ် မေမေ .."

သူ စကားမပြောလျှင် မေမေ စိုးရိမ်သွားမှာစိုးလို့ပါ၊ သို့သော် ထိုစကားသံ မပီမသပြောရင်း သူ လုံးဝ သတိလစ်သွားတာကိုတော့ ဘယ်သူမှ သတိမထားမိခဲ့ ..။

"ဒါလေး အုပ်ထားခဲ့လိုက်မယ် .. သား ဆေးသောက်ခါနီးမှပဲ ပြန်နွှေးပေးမယ်နော် သား၊ အေးအေးအိပ်လိုက် မေမေ စိုးရိမ်မှာကြောက်ပြီး စိတ်မဖြောင့်ဖြစ်မနေနဲ့ မေမေ နားလည်ပါတယ်၊ အပြင်မှာ သားမိတ်ဆွေကောင်မလေးကို ကော်ဖီလေးသွားတိုက်လိုက်ဦးမယ် .."

ထရပ်လိုက်ပြီးမှ နို့ဖန်ခွက်လေးကို အုပ်ဖို့ စာအုပ်ပါးလေးတစ်အုပ်အလွယ်တကူကောက်ကိုင်လိုက်မိလျှင် ..၊

"ဟင် !..."

မဂ္ဂဇင်းမျက်နှာဖုံးပေါ်က ဓာတ်ပုံ ..၊

အမှတ်တမဲ့ လှမ်းသွားပြီးမှ ထိုမဂ္ဂဇင်းဆီ မျက်လုံးထပ်ရောက်သွားခဲ့၏။

ဟုတ်သည် ဒီပုံထဲက မိန်းကလေး ..၊

ပြီးတော့ သူမ ..၊

ဟုတ်တာပေါ့ .. တစ်ခါတုန်းက ငမျိုး ကို ကက်ကက်လန်ရန်တွေ့သွားခဲ့ဖူးတာလည်း သူမပဲ ..။ ကြည့်စမ်း ဘယ်တုန်းကမှ အလွယ်တကူ မမေ့တတ်ခဲ့ဘဲ မနေ့တစ်နေ့ကမှ ကြည့်ထားဖူးတဲ့ပုံကို အပြင်မှာ ဒီလူကိုပဲတွေ့တာတောင် ဘာဖြစ်လို့ မမှတ်မိခဲ့တာလဲ ..။

တရားခံကို အဖြေရှာလိုက်တော့လည်း ချက်ချင်းပေါ်လာသည်။ သူမကို အပြင်မှာတွေ့ရတော့ လုံလုံခြုံခြုံဝတ်ထားတတ်ကာ မျက်နှာကလည်း ပုံထဲမှာလို မည်းရဲနေအောင် ခြယ်သထားတာမဟုတ် ..။

www.burmeseclassic.com

www.burmeseclassic.com



ခုကျတော့ အဖြူရောင်အဝါချိတ်ပွင့် မြန်မာဝတ်စုံလေးနဲ့ ...၊

"ဒီမှာဟေ့ .."

နံရံက ဓာတ်ပုံတစ်ပုံရှေ့မှာ ရပ်နေသည့် လွှယ့် မျက်နှာလေး ဆတ်ခနဲလှည့်လာသည်။ ဟုတ်သည်ပဲ သူမမှ သူမ ဘယ်လိုမှ မမှားနိုင်တာ သေချာသွားသည်။

ဓာတ်ပုံထဲမှာ မျက်ရစ်မှာပဲ ကာလာတွေအရစ်လိုက်တင်ထားတာ နည်းတာမဟုတ်ပေ ..၊ ထိုပြင် နအိစိုရွှဲနေသော နှုတ်ခမ်းသားတွေက ဘယ်လိုဆွဲဆောင်နေမှန်းမသိအောင် ညို့အားပြင်းနေခဲ့ကာ ခုကျတော့ နဂိုနှုတ်ခမ်းသားရောင်လေးထက်မှာ ဘာမှမဖို့ ..။

"အန်တီ သူ သက်သာလားဟင် .."

"အေး .. သက်သာတယ်၊ သားနဲ့ မင်းက ဘယ်လိုပတ်သက်ကြတာလဲ .."

"ရှင်!..."

"အခု ရန်ဖြစ်လာတာက ဘာအတွက်လဲ .."

"လွှယ့် ကြောင့်ပါ .."

"ဘာ!..."

'လွှယ်' ..၊

'လွှယ်' ဆိုပါလား ..၊

ဒီနာမည်ကို သူသိသည်မို့ ခေါင်းထဲမှာ ဒိုင်းခနဲ မီးပွင့်သွားသည်။ ဟိုတစ်ခါ ရန်ဖြစ်ကြသည်ဆိုတုန်းကပါ။

ဘာကြောင့် ရန်ဖြစ်မှန်းမသိပေမယ့် ဒဏ်ရာရပြီးမှ သား ပြန်ရောက်လာတဲ့နေ့က ဖုန်းပြောနေတဲ့နာမည် ..။

"လွှယ် .. ဟုတ်လား .."

"လွှယ်လွှယ်ခက် ပါ .."



"မင်းက အရက်ဆိုင်မှာ အလုပ်လုပ်တဲ့ မိန်းကလေးလား .."

လွှယ့် နှုတ်ခမ်းသားလေးတွေ မဟတဟ ပွင့်သွားခဲ့၏။ ရင်ထဲမှာ တဒိန်းဒိန်းလိုက်ခါလာသလို ကိုယ့်အတွက်ရာသီဥတုမသာယာနိုင်တော့ ခွန်းလည်း သိလိုက်၏။

ထိုစဉ် ကံကြမ္မာကို နိမိတ်ပြနေသော 'မိုး' ခြိမ်းသံက အပြင်မှာလည်း ဒိန်းဒလိန်းမြည်သွားခဲ့၏။

တောက်လျှောက် နေပူနေခဲ့ပြီးမှ ချက်ချင်း အုံ့ပျက်ညိုမှောင်သွားသည်။ မိုးခြိမ်းသံတစ်ချက်နှစ်ချက်ကြားလိုက်ရကာ မိုးဖွဲလေးတွေ စတင်ကျဆင်းလာခဲ့၏။

ခေါင်းမိုးပေါ်ကို ကျလာသည့်မိုးစက်သံတို့က ကိုယ့်ခေါင်းပေါ်ကို့ကျလာသည့် တောင်ညိုအစိုင်အခဲတွေလို နားထဲမှာကျယ်လောင်စွာ မြည်ဟီးနေခဲ့သည်။

တစ်သက်လုံးမှာ တုန်လှုပ်ခြင်းကို ပထမဆုံးခံစားလိုက်ရသည့် အချိန်သည် အနားမှာ အားကိုးရာမဲ့နေခဲ့လျက် ..၊

"မေးနေတာကြားရဲ့လား လွှယ်လွှယ်ခက် .."

"ဟုတ် .."

"ဘာလဲ .. အရက်ဆိုင်ကဆိုတာကို ဟုတ်တာလား .."

"ဟုတ်ပါတယ် .. လွှယ် က .."

"တော်ပြီ .. တော်ပြီ .. နောက်ထပ် ဘာမှမလိုတော့ဘူး၊ အခု ငါ့သားလည်းပြန်ရောက်နေပြီ၊ မင်းကိုလည်း ကျေးဇူးတင်တယ်၊ ဒါပေမယ့် တစ်ခုတော့မှာလိုက်ပါရစေ မင်းက ငါ့သားနဲ့ ဘယ်လိုပတ်သက်ရင်းနှီးခဲ့တာပဲဖြစ်ဖြစ် အဲ့ဒါတွေအကုန်လုံးကို ဒီနေရာမှာ ထားခဲ့ပြီး နောက်ထပ် သားနဲ့ လုံးဝမပတ်သက်ပါနဲ့ .."

လွှယ် မျက်လုံးအဝိုင်းသားနှင့် ကြည့်နေမိသည်။ ဒီနေ့တစ်နေ့လုံး



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ မကောင်းခြင်းများစွာတွေ ကုန်ဆုံးပါ့မလား၊ မဟုတ်မခံစိတ်နှင့် အရွတ်ဆန်ချင်သည့်စရိုက်တွေလည်း သူမမှာ ဖြစ်နေခဲ့သည်။

ထို့ကြောင့် လွှယ့် ဘဝမှာ ဘယ်သူစော်ကားပြောတာကိုမှ မျက်နှာချင်းဆိုင် ခေါင်းငုံ့ခံခဲ့ရတယ်ဆိုတာ မရှိခဲ့ဖူး ...။

သို့သော် ...၊

"ငါတို့က မချမ်းသာပါဘူး .. ဒါပေမယ့် .."

"လွှယ် တို့လည်း မဆင်းရဲပါဘူး အန်တီ .. ဘီယာဆိုင်မှာ လုပ်ရ တယ်ဆိုတာကလည်း .."

"တော်တော့ လွှယ်လွှယ်ခက် .. မိန်းကလေးတိုင်း မပျက်စီးပါဘူး ဘာညာတွေ မင်း ပြောဦးမလို့လား၊ ရွှံ့တွင်းနဲ့ မစင်တွင်း ဘယ်တွင်း ထဲ ခုန်ချသင့်သလဲဆိုတာ ဦးနှောက်ရှိတဲ့လူတိုင်း တွေးတတ်တယ် မင်း ခုန်ချရင် မင်းကို ပြောခံရမှာပဲ .."

"မဟုတ်ဘူး အန်တီ .. အဲ့ဒါကို လွှယ် ရှင်းပြနိုင်ပါတယ် .."

"မလိုဘူး .. မင်းရဲ့ပုံကို အရက်ကြော်ငြာမှာ ငါ အစောကြီးတည်းက မြင်ဖူးပြီးသား၊ မစင်တွင်းထဲ မင်းရောက်နေရင် မင်း မစင်ကြိုက်လို့ ပဲ .. ခုန်ချခဲ့တာဖြစ်ဖြစ် တွန်းချခံရတာဖြစ်ဖြစ် ရှင်းတယ်နော် .."

ဘာစကားမှ အပြောမခံသည့်အဖြစ်နှင့် လွှယ် ဒီတိုင်းခြေစုံရပ်၍ နားထောင်နေခဲ့ရ၏။ ဒေါ်ဇင်မာလွင် က နှာခေါင်းတွန့်တွန့် နှုတ်ခမ်း လျက် အကြည့်တို့သည် လွှယ့် ကိုယ်ပေါ်မှာ အထင်မြင်သေးစွာ စုန်ချီ ဆန်ချီ ...။

"ငါ့သားမှာ ဘွဲ့တွေဒီဂရီတွေရှိတယ် .. ဒါပေမယ့် လောဘပိုးထ မှာစိုးလို့ ငါ ဒီအလုပ်ကိုပဲ လုပ်ခိုင်းခဲ့တာ၊ အထူးသဖြင့် အရက်နဲ့ ပတ်သ နေတဲ့လူတွေကို ငါ သိပ်မုန်းတယ်၊ ဒီလိုပုံစံဖြစ်နေတဲ့ မိန်းကလေးဆိုရင် တော့ မင်းစဉ်းစားကြည့်ပေါ့၊ အဲ့ဒီတော့ မင်း ထွက်သွားပါ၊ နောက်ထ



ငါ့သားနဲ့ပတ်သက်နေရင် ငါ့ဘက်က ဒီ့ထက်မက ရင့်သီးတဲ့စကားတွေ နဲ့ ပြောရလိမ့်မယ် .."

"လွှယ် ဒီကထွက်သွားလည်း ကိုနေ့ ဇနီးအဖြစ်က ပျောက်ပျက် သွားမှာမဟုတ်ဘူး အန်တီ .."

"ဘာ!..."

ဒေါ်ဇင်မာလွင် ဆတ်ခနဲတောင့်မတ်သွားသည်။ ခပ်စောင်းစောင်း ပြောနေသည့် မျက်နှာက မျက်လုံးပြူးနှင့် လှည့်လာကာ ...၊

"မင်း .. မင်း ဘာပြောလိုက်တယ် .."

လွှယ် က ဒေါ်ဇင်မာလွင့် မျက်နှာကို တည်ငြိမ်စွာကြည့်နိုင်အောင် ကြိုးစားလျက် ...၊

"လွှယ် နဲ့ ကိုနေ လက်ထပ်ခဲ့ပြီးပြီ .."

"ဘုရား .. ဘုရား .."

မျက်နှာကို ပြူးပြဲကြည့်ကာ ရင်ဘတ်ဖိ၍ ဘုရားတလေသည်။ ထိုအသံသည် ရင်ထဲမှာ ဆူးတစ်ချောင်းအဖြစ် နစ်ဝင်သွားခဲ့လျက် လွှယ့် ချက်ဝန်းမှာ မျက်ရည်တွေ တရစ်ရစ်ပြည့်တက်လာ၏။

ဒေါ်ဇင်မာလွင် က သူမ မျက်နှာရှေ့ကို ရောက်လာခဲ့ပြီး ...၊

"မဟုတ်ဘူး .. မင်း မဟုတ်တမ်းတရားတွေပြောနေတာ သွား.. သွား .. ချက်ချင်း ငါ့အိမ်ထဲက ထွက်သွား .."

လက်ညှိုးထိုးညွှန်ကာ ချက်ချင်းဆင်းခိုင်းနေသည့်ပြင် သူမကိုယ်ကို အဲခါးဝထိသွားပြီး နှင်လွှတ်နေတော့ ဆွဲထုတ်တော့မယ့်အတိုင်း ...၊

"ဟဲ့ .. လာလေ .. မင်းကို ထွက်သွားဖို့ပြောနေတာ မင်း အရှက် မရှိဘူးလား .."

"လွှယ် .. ကိုနေမြဲ နဲ့ စကားပြောပါရစေ .."

"သူ မပြောနိုင်ဘူး၊ ပြောနိုင်ရင်လည်း ပြောခွင့်မပြုဘူး၊ မင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



မိဘအုပ်ထိန်းသူတွေမရှိကြဘူးလား .. ဟင် .. ဘယ်မိဘအုပ်ထိန်းသူရဲ့ သဘောတူခွင့်ပြုချက်မှမပါဘဲ ဘာဖြစ်လို့ ဒီလောက်တောင် ရဲတင်းရဲ တာလဲ .. မြန်မာဖြစ်နေပြီး မင်း ဗုဒ္ဓဘာသာဝင်မဟုတ်ဘူးလား .."

"ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် အခက်အခဲအကျပ်အတည်းကြုံလာ ရင် ဖြေရှင်းကြရတာပဲ အန်တီ .. မိန်းမသားချင်း အန်တီ ပြောတာတွေ က အရမ်းရင့်သီးလွန်းတယ် .."

"တဖြည်းဖြည်းရင့်သီးလာတော့မှာလေ .. စောစောက မင်းထွက် သွားရင် ခံရသက်သာမှာပေမယ့် မင်း ခုထိမသွားသေးဘူး၊ ထပ်ရှိနေဦး မယ်ဆိုရင် ငါကလည်း ဒီ့ထက်ရင့်သီးတာတွေ ထပ်ပြောရဦးမှာပဲ၊ ငါ့ သူမရှက် မြင်သူရှက်ဆိုတာလို မင်းက ကိုယ့်ကိုယ်ကိုယ် ရှက်ရမှန်းမသိ ပေမယ့် အမြင်မတော်တဲ့လုပ်ရပ်ကို ငါ့သားဘက်က တားဆီးရမယ် မင်းနဲ့ လုံးဝသဘောမတူနိုင်ဘူး .."

"အန်တီ သဘောမတူနိုင်မှန်းသိပါတယ်၊ ဒါပေမယ့် လွယ် ချက်ချင်းထွက်သွားလို့မရဘူး .. သွားစရာလည်း .."

"အံ့ပါရဲ့အေ .. သွားစရာမရှိလို့ ယောကျ်ားယူတာလား .."

နားထဲမှာ ပူဆင်းသွားသည့် စကားလုံးတွေက သံပူရည်တွေ လော ချခံလိုက်ရတဲ့အတိုင်း ...၊

"ငါ့သား နိုးလာမှဆိုရင် မင်းနဲ့ မလိုအပ်တဲ့စကားတွေထပ်ပြော ပြီး အချင်းများရဦးမယ်၊ ဒီနေရာမှာ တစ်မိနစ်မှ ဆက်နေခွင့်မပြုနိုင် ဘူး လွယ်လွယ်ခက် .. မင်း မသွားရင် ငါ ဆွဲထုတ်မှာနော် .."

လွယ့် ခြေလှမ်းတွေ အိမ်တံခါးဝသို့ စတင်ရွေ့လျားစဉ် မိုးစေ တွေ သောင်းသောင်းဖျဖျကျလာကြ၏။ သူမလက်ထဲမှာ ပြုတ်ကျလို ပြန်ကောက်လိုက်နှင့် ညစ်ထပ်စွန်းကွက်နေပြီဖြစ်သည့် လက်ကိုင်အိ အဖြူလေးတစ်လုံးမှလွဲ၍ ဘာမမရှိ ...။



ဒေါ်ဇင်မာလွင် က တံခါးဝမှာရပ်နေဆဲမို့ သူမရှေ့တည့်တည့်ကို ရောက်လာသည့် လွယ့် မျက်နှာလေးကို အနီးကပ်စိုက်ကြည့်သည်။

လှလိုက်တဲ့ မိန်းကလေး ...၊

ဓာတ်ပုံထဲမှာ ပြင်ဆင်ခြယ်သတာတွေကြောင့် လှနေတာမဆန်း ပေမယ့် ကိုယ့်ရှေ့မှာ နီးနီးကပ်ကပ်လေးမြင်နေရသည့် နုညက်ဝင်းစက် နေသော ပါးပြင်လေးက အံ့ဩလောက်အောင်လှသည်။ အတုလား၊ အစစ် လားမသိသော်လည်း မျက်တောင်ကော့တို့က ခပ်ကျဲကျဲရှည်လျားနက် မှောင်နေ၏။

ပြီးတော့ သန္တရောင်နှုတ်ခမ်း ...၊

သူမလေးက သူ့ရှေ့မှာ ခြေစုံရပ်လိုက်ပြီး ပင့်သက်ရှိုက်သည်။ ပြီးမှ ငုံ့ကြည့်ကာ ...၊

"လွယ် က ပျက်စီးနေတဲ့ မိန်းမမဟုတ်ပါဘူး .."

လှလွန်းလို့ ငေးနေမိသည့်မျက်ဝန်းတွေက သူမစကားကြောင့် ဖျတ်ခနဲလွဲ၏။ စကားကြောထပ်မိနေမှာစိုးသောကြောင့် မြန်မြန်ထွက် သွားအောင်ပါ။

ဒါပေမယ့် သူမက မျက်နှာမလွှဲဘဲကြည့်နေလျက်နှင့် ...၊

"သားသမီးဖောက်ပြီး ဒေါသကြီးနေတဲ့ မိခင်တစ်ယောက်ရဲ့ မျက်လုံးတွေကို လွယ် ခုမှ မြင်ဖူးတာ၊ မိဘရင်ထဲကို မစာနာတတ်ပေ မယ့် အဲဒီ မျက်လုံးတွေကိုကြိုက်တယ်၊ အန်တီ့ကို ကျေးဇူးတင်ပါတယ်.."

ဘာလဲ သူမက မိဘမဲ့တစ်ယောက်လား၊ မိဘလက်ပေါ်မှာ ကြီးပြင်း ခဲ့တာမဟုတ်ဘူးလား ...။

လှုပ်ရှားသွားသည့်မျက်လုံးတွေကို လွယ် နောက် ထပ်အကဲခတ်ခွင့် မရခဲ့ပါ။ အိမ်ပေါ်ကနေ လှေကားသုံးထစ်ဆုံးအောင် နင်းဖြတ်ဆင်း လိုက်တဲ့တာနှင့် မိုးစက်မှုန်မွှားတို့က ခြေထောက်ကိုပြေးစင်လာကြသည်။

www.burmeseclassic.com



ဘယ်ဘက်ကို တိမ်းစောင်းပြီး ဆက်လျှောက်လိုက်တာနှင့် ကားတစ်စီးထည့်စာ ဂိုဒေါင်လေးကို ဖြတ်ကျော်ခဲ့ရင်း တစ်ကိုယ်လုံးမှာ မိုးစက်တွေ စိုရွှဲသွားခဲ့သည်။

နင် ဘာဖြစ်လို့မဟုတ်တာတွေပြောလိုက်တာလဲ လွယ် ...၊ နေမြဲသိသွားရင် နင့်ကို ဘယ်လိုထင်မလဲ၊ ဘယ်တုန်းကမှ စဉ်းစားစိတ်ကူးခဲ့ဖူးတာလည်းမဟုတ်ဘဲနဲ့ ရုတ်တရက်ကြီး ဘာကြောင့် ပြောချလိုက်တာလဲ ...။

မေးခွန်းတွေနှင့် ခြေလှမ်းက ပို၍နှေးကွေးလာခဲ့၏။

ရုတ်တရက်ကြီး အိမ်ပေါ်က မောင်းထုတ်ခံလိုက်ရပေမယ့် သူမအရင်တုန်းကအကျင့်အတိုင်း ဒေါသမာနတွေနဲ့ ပက်ခနဲပြန်မပြောဖြစ်ခဲ့ပေ ...။

ဒေါသအစား ထူးဆန်းစွာ ဖြစ်ခဲ့တာက ကြေကွဲခြင်း ...။

"မင်းပုံကို အရက်ဆိုင်ကြော်ငြာမှာ ငါ တွေ့ဖူးတယ် .." တဲ့ ...။

ဟုတ်ပါသည်။ ဗီနိုင်းကြော်ငြာတွေ ပေါလ်ရှီ(ထ်)တွေ ခန်းလုံးပြည့် နံရံမြုပ်အလင်းအမှောင်တွေနှင့် အန်ကယ်လ်စိတ်ကြိုက် ဖန်တီးခဲ့၏။ ထိုစဉ်ကတည်းက မျိုသိပ်ဖွဲ့စည်းခဲ့သော နာကျင်မှုတွေကြောင့် ဒီနေ့ နေမြဲ တို့ရဲ့ အကျိုးဆောင်အေဂျင်စီကို ရောက်သွားခဲ့တာဖြစ်သည်။

ဒါပေမယ့် လွယ် ပျော်ခဲ့တဲ့ဘ၀မဟုတ်ပေ ...။

နေမြဲ ရဲ့ မိခင်ကို နာမည်တောင်မှ သူမ မသိခဲ့ပါ။ ဒါပေမယ့် ဒီအမျိုးသမီးရဲ့ စကားလုံးတွေကြောင့် ခံစားရခြင်းသည် ဦးကောင်းမိုး၏ မဲ့ပြုံးတစ်ချက်ကြောင့် နာကျင်ခဲ့ရသည့် ခံစားမှုမျိုးနဲ့ အနည်းငယ်မျှ မတူ ...။

ထောင်းခနဲဖြစ်သွားသည့် ဒေါသသည် ကြေကွဲခြင်းဖြင့် အဆုံးသတ်၍ ပြေကျသွားခဲ့သည်။ ထိုအရိပ်အောက်မှ ထွက်လိုက်ရပါလျှင်



သူမ ဘ၀ကြီးတစ်ခုလုံးအောက်ထိုးမိုးမျှော်ဖြစ်သွားရမလောက် အားကိုးသမှုဖြစ်သွားခဲ့သော နီးစပ်ခြင်း ...။

ဒီနေရာ ဒီအရိပ်ကနေ မသွားချင်ဖြစ်နေသော ခြေလှမ်းတို့က မိုးစက်တွေရဲ့ ဖိနှိပ်မှုအောက်ကနေ ရုန်းမထွက်နိုင်ဖြစ်နေရသလိုလို ...။

တကယ်တော့ သူမကိုယ်သူမ နားမလည်နိုင်သည့်ခံစားချက်တို့သည် မိခင်မေတ္တာကို ငတ်မွတ်ခဲ့ခြင်းသာဖြစ်လျက် မသွားနဲ့ လွယ် ...။

ယတိပြတ်ဆုံးဖြတ်ချက်နှင့် ခြေလှမ်းတို့က တုံ့ခနဲရပ်သွားခဲ့၏။ မိုးကသည်းကြီးမဟုတ်ဘဲ သည်းတော့သည်းနေပြီဖြစ်၏။ သူမတစ်ကိုယ်လုံး ရွှဲရွှဲစိုလျက် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

သား အိပ်ပျော်နေသည့် ခုတင်ဘေးမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဘယ်လိုမှ ဖင်ချထိုင်နေလို့မရတာ ကိုယ့်ကိုယ်ကိုယ်လည်း သတိမထားမိပေ ..။

မြင်မြင်သမျှ အရာရာ အမှောင်ဖုံးကာ သူမ မျက်နှာလေးတစ်ခုကိုသာ မြင်နေရသလို ငုတ်တုတ်ထိုင်ငေးနေချင်အောင်လှသည်။ လှသည်ဆိုတာထက် နုမွတ်သန့်စင်သော ထင်လင်းဝင်းပ၍ ခမ်းနားသော အလှမျိုးလို့ ပြောလျှင် မှန်လိမ့်မည်။

သူမ ဒီလောက်လှနေတာ ပြီးတော့ အရက်ဆိုင်မှာ ယောကျ်ားတွေနဲ့ချည်း ပတ်သက်ဆက်ဆံနေရတဲ့သူ ..၊ သူမကို မပျက်စီးဘူးလို့ပြောတိုင်ဘယ်သူက ယုံမှာလဲ ..။

လှတော့လှနေပေမယ့် မလိုက်ဖက်သောဘဝက သူမရဲ့အလှတရားတွေကို တန်ဖိုးဖျက်လိမ့်မည်။ အတွေးထဲမှာ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို မစာမနာထည့်သွင်းစဉ်းစားနေမိရင်း အာရုံထဲမှာ လွယ်လွယ်ခက်၏ ပုံရိပ်က စွဲထင်နေသည်။



"သားသမီးဓာကစ်ပြီး ဒေါသကြီးနေတဲ့ မိခင်တစ်ယောက်ရဲ့ မျက်လုံးတွေကို လွယ် ခုမှမြင်ဖူးတာ .."

လို့ ပြောသွားသည့်စကားသံတွေကိုလည်း မေ့ပျောက်မရနိုင် ..။

မဟုတ်သေးပါဘူး ..၊

ငါကြောက်နေတာ သားနဲ့ ဒီမိန်းကလေးပြန်နီးစပ်မှာကို ငါ ကြောက်နေတာပါ။

မိုးခြိမ်းသံ ကျယ်ကျယ်လောင်လောင် ထွက်လာလျှင် ပွင့်သွားသည့် ခေါင်းရင်းတံခါးတစ်ဖက်ကို ကမန်းကတန်း သွားပိတ်လိုက်ရသည်။ သားကို ငုံ့ကြည့်လိုက်တော့ အိပ်မောကျနေဆဲ ..၊

သားလေး ဆေးရှိန်နဲ့ အိပ်နေရှာတာ ..၊

ပါးတစ်ဖက်မှာ လက်ခုံနဲ့ ကပ်ထိစမ်းရင်း လွယ့် မျက်နှာကို မြင်လာပြန်သည်။ သား နိုးလာရင် ဘာကိုဦးဆုံးမေးမလဲ ..။

'လွယ်လွယ်ခက် ဘယ်မှာလဲ' လို့မေးရင် ဘယ်လိုစဖြေရမလဲ ..။

မိတ်ဆွေတစ်ယောက်ပြောသည့်စကားတွေကို သတိရမိပြန်ကာ ရင်တွေပူလာခဲ့၏။

"ငါ့သား တော်လှတော်လှနဲ့ သိပ်လည်း ကျေနပ်မနေနဲ့ဦး၊ လူပျိုကြီးတွေ ချစ်တတ်ပြီဆိုမှ ဖွဲမိဖွဲရာ ဒါမှဒါနော် .." တဲ့ ..။

ပြီးတော့ ရှိသေးသည်။

"သားလေးမွေးရတာ ရင်တော့နာတယ် ညီမရယ်၊ သမက်က သားဖြစ်လာနိုင်တယ်၊ ချွေးမက သမီးဖြစ်လာဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ အစဉ်အလာတွေရှိခဲ့တဲ့အရပေါ့နော် .. ရှိတော့ရှိတယ် ရှားတယ်ပေါ့ .."

"ဒါပေမယ့်ဟယ် .. ကိုယ်တောင် သူများသားကို အပိုင်သိမ်းထားခဲ့သေးတာ၊ ကိုယ့်သားကျမှ မပေးနိုင်လို့ရမလား၊ သားနဲ့ မဝေးချင်ရင်

www.burmeseclassic.com

www.burmeseclassic.com



သားချစ်တဲ့ ချွေးမကိုချစ်နိုင်အောင် ကြိုးစားရမှာပေါ့ ..”

ကလေးတွေ ခပ်ငယ်ငယ်ကဆို မိတ်ဆွေသူငယ်ချင်းတွေနဲ့ မကြာခဏဆုံဖြစ်ကြသည်။ ပြောဖြစ်ကြပြီဆို အိမ်ထောင်ရေးနဲ့ သားရေးသမီးရေးသာ ..။

ထိုစဉ်တုန်းက သင့်တော်မယ့်ထဲက တစ်ယောက်ယောက်နဲ့ သားကို ဆွေစပ်ပေးခဲ့ရကောင်းသား ..။ မိုးတွေသည်းနေတုန်း နောက်ဖေးဝင်ပြီး နွားနို့အိုးလေးကြည့်လိုက် ပြန်ထွက်လာလိုက် ..။

မဖြစ်နိုင်ပါ ..၊ ဒီမိန်းကလေးမျိုးနဲ့တော့ ဘယ်လိုမှ သဘောမတူနိုင် ..။

သားကို ဒီကိစ္စဘာမှမမေးဘဲ တစ်ယောက်ယောက်နဲ့ အမြန်ဆုံး လက်ထပ်ပေးနိုင်မှဖြစ်မည်။

“ဒိန်း .. ဒလိန်း ..”

“ဟဲ့ ..”

ဘယ်နှစ်ခေါက်မှန်းမသိအောင် လျှောက်နေမိရင်း မိုးခြိမ်းသံကြောင့် တုံ့ခနဲဖြစ်သွား၏။ ထိုစဉ် တိုးညက်သောအသံလေးတစ်သံ နားထဲဝင်လာသည်။

သေချာနားစိုက်ထောင်လိုက်တော့ ဖုန်းသံ ..၊

ကြိုးဖုန်းနားမှာ ချထားသည့် လက်ကိုင်ဖုန်းကို ကမန်းကတန်း သွားကိုင်လိုက်မိသည်။ သို့သော် နားနဲ့ကပ်ခါနီးမှ သတိထားမိ၏၊ ဒီဖုန်းမြည်တာမဟုတ် ..။

သားအိပ်ခန်းထဲ ပြန်ဝင်ကာ ဖုန်းကိုရှာမိသည်။ လက်ကိုင်အိပ်ထဲမှာ ထည့်ထားတာတော့မှန်းသိပေမယ့် ဒေါ်ဇင်မာလွင် နေရာမှာတင် ခြေလှမ်းတုံ့သွားသည်။

အခန်းထဲရောက်ကာမှ ဖုန်းသံကို သိပ်မကြားရတော့ပေ ..။ ဒါဆို



ဘယ်ကမြည်နေတာလဲ ..၊

အသံနောက်ကိုလိုက်ရင်း ခြေလှမ်းတွေက အိမ်တံခါးနားထိရောက်လာခဲ့သည်။ အသံကလည်း ပို၍ကျယ်လာခဲ့လျက် ..၊

“ဟင် ..”

လွယ်လွယ်ခက် ..။

ဒေါ်ဇင်မာလွင် မျက်လုံးပြူးသွားသည်။ အိမ်ဘေးအုတ်ခုံလေးမှာ ကပ်သပ်ထိုင်ရင်း လက်လေးပိုက်လျက် မျက်နှာလေးစောင်းကျနေ၏။ မိုးတွေးက သည်းနေဆဲဖြစ်ကာ ခြေဖမိုးပေါ်ပုံကျနေသည့် ထမိဖြူဖြူလေးနဲ့ ဖိနပ်ဖြူဖြူလေးမှာ မိုးပက်၍ပါလာသော ခဲမှုန်လေးတွေက မြင်မကောင်း ..။

သူမ မပြန်ဘဲ ဒီမှာပဲ တစ်ချိန်လုံးထိုင်နေခဲ့တာလား ..၊

ပေါင်ပေါ်မှာတင်ထားသည့် လက်ကိုင်အိတ်လေးထဲက ဖုန်းမြည်နေတာဖြစ်သည်။ သူမ ဘာလို့မကိုင်တာလဲ ..။

အိမ်ထဲမှာ ထီးပြန်ယူကာ ဖွင့်ဆောင်းလိုက်သည်။ အိမ်ရှေ့မှာက အပေါ်ထပ်ဝရန်တာ၏အရိပ်လောက်ပဲရှိသည်။ ပေါ်တီကို သပ်သပ်လုပ်ထားတာမဟုတ် ..။

ထို့ကြောင့် ဘေးနှစ်ဖက်မှာဆို မိုးကြမ်းလည်း မလုံပေ ..။

ဒီမိန်းကလေး တကယ်ကို သွားစရာနေစရာမရှိတာလား ..။

မျက်စိအောက်မှာ အခြေအနေဆိုးနေတာကိုမြင်နေသဖြင့် အထင်မြင်သေးတာတွေ၊ ဒေါသတွေက နောက်မှာကျန်ခဲ့ပြီး လူက သူမရှေ့ကို ရောက်သွား၏။

“ဟင် .. နဖူးမှာ ဒဏ်ရာနဲ့ ..”

ဆံစတွေစိမ်းမြမြနဲ့ ရောထွေးနေသော နဖူးထောင့်စပ်မှာ သွေးတွေစိမ့်ထွက်နေသည့် ရှည်မျောမျောဒဏ်ရာကို မြင်လိုက်ရသား ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားလေသည်။

"ဟဲ့ .. ဒီမှာ လွယ်လွယ်ခက် .."

ခေါ်နေရင်း လက်ပါသွားကာ ပခုံးလေးကို ပုတ်ခေါ်မိ၏။ လွယ် မျက်တောင်ဖျားလေးတွေ အရင်ပွင့်လာသည်။ မျက်လုံးတွေ ဖွင့်ကြည့်နိုင်မှ ခေါင်းလေး ဆတ်ခနဲမတ်သွား၏။

"အန်တီ .."

"မင်း ဘာဖြစ်နေတာလဲ .. ခေါင်းက .. ဟဲ့ .. ဟဲ့ .."

လွယ့် ကိုယ်လေး ဘေးတိုက်လေးပြိုကျသွားသဖြင့် ဒေါ်ဇင်မာလွင် ထိးတွေဘာတွေလွှတ်ကျကာ သူမကို အမိအရလိုက်ဆွဲထားမိ၏။

"မလုပ်နဲ့လေ .. သတိထားမှပေါ့ .. ဟဲ့ .."

သူမ ဘာတွေဖြစ်နေမှန်းမသိသော်လည်း ကိုယ် တစ်ယောက်တည်းလည်း မနိုင်သည်မို့ သူမကို ပုတ်လှုပ်နှိုး၍ သူမထံမှ ထူးသံသဲ့သဲ့ လူးလူးလွန့်လွန့်နဲ့ပဲ အိမ်ထဲရောက်အောင် တွဲခေါ်လာခဲ့ရသည်။

ခုနေ ဘာလုပ်မှာလဲလို့ တစ်ယောက်ယောက်က လာမေးလျှင် ဘာလုပ်ရမှာလဲလို့ ပြန်မေးမိမှာပင် ..။

တကယ်ကို ဘာလုပ်ရမှန်းမသိ ..။



အခန်း (၂၃)

"ကျွတ် .. ကျွတ် .."

"မထနဲ့ဦးလေ .. သက်သာရဲ့လား .."

ဟင်!..၊

ကိုယ့်ကိုယ်ကိုယ် ရုတ်တရက် ဘယ်ရောက်နေမှန်းတောင်မသိ၊ အသံနှင့်အတူ ဒေါ်ဇင်မာလွင် ဝင်လာမှ ..၊

"အန်တီ .."

လွယ် ဒိတ်ခနဲရင်တုန်သွားသည်။ သူမ နေမြဲ တို့အိမ်ထဲပြန်ရောက်နေခဲ့သည်။

"ရော့ .. ဒီမှာ အခိုးထုတ်ဆေးလေးသောက်ထားလိုက်၊ ခေါင်းက ဒဏ်ရာကိုတော့ တက်ထရာလေးထည့်ပြီး ပလတ်စတာ ကပ်ပေးထားတယ် .."

မြန်မာဆေးကို အလွန်အမင်းကြောက်သော်လည်း လွယ့် အတွက် ခုချိန်မှာ အရေးကြီးဆုံးက ဒေါ်ဇင်မာလွင့် မျက်နှာပေါ်က အဓိပ္ပာယ်တစ်ခုခုပဲဖြစ်သည်။

တစ်ယောက်ယောက် အိမ်ထဲကို တွဲခေါ်လာတာ သတိရပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှန်းလည်း မသိတော့ပေ ...။

သေချာတာက ထိုသူက နေမြဲ မဟုတ်ဘူးဆိုတာပင် ...။

"မင်း ငါ့အိမ်ရှေ့မှာ ရေစိုကြီးနဲ့ ငုတ်တုတ်မေ့နေလို့ အိမ်ထဲပြန်ခေါ်ထားတာ .. မမှတ်မိဘူးလား .."

"ဟင် .. ဟုတ် .."

"ဆေးသောက်ပြီး ပေါ့ပေါ့ပါးပါးဖြစ်သွားရင်း တစ်ခုခုထပ်စားလိုက်၊ မင်းရဲ့ ကျန်းမာရေးကြောင့် အမြင်မတော်လို့ အိမ်ထဲခေါ်သွင်းခဲ့တာ .."

ဒေါ်ဇင်မာလွင် မျက်နှာက တင်းတော့တင်းနေပေမယ့် မောင်းထုတ်ခဲ့တုန်းကလို ရှုံ့သွပ်သည့်ဟန်တွေ မရှိတော့ပေ ...။ ပြီးတော့ တည်တင်းနေသည့်မျက်နှာမှာ ကြေကွဲခြင်းတို့ကို မြင်နေရလျက် ...။

"သား သတိရနေပြီ .."

ဟင်!...။

လွှယ် ရင်ထဲမှာ ဒိန်းခနဲဆောင့်ခါသွားပြန်သည်။ ဒီတစ်ခါ ပြန်လည်မငြိမ်သက်တော့ဘဲ ဒေါ်ဇင်မာလွင့် ထံမှ ထပ်ပြောလာမည့်စကားတစ်ခွန်းကြားမှာ လက်ဖဝါးတွေမှာပါ ချွေးပြန်၏။

ဘာဖြစ်လို့လဲ လွှယ် .. လူမှုရေးစိတ်ဓာတ်နဲ့ အိမ်ထဲပြန်ခေါ်ထားပြီးနင့်ကို ကျေးမွေးပြုစုပေးထားတာပဲ ...။ သူ့ရဲ့ ကြည်ဖြူခြင်းကို ဘာဖြစ်လို့ ဒီလောက်တောင် ရင်ခုန်မျှော်လင့်နေတာလဲ ...၊ ရတာလောက်နဲ့ မကျေနပ်နိုင်ရအောင် ဘာကိုထပ်ပြီး မျှော်လင့်နေတာလဲ ...။

"လွှယ်လွှယ်ခက် .."

"ရှင် ..."

လန့်သွားသဖြင့် ကမန်းကတန်းပြန်ထူးလိုက်သလိုဖြစ်သွားသည်။ ဒေါ်ဇင်မာလွင် က စားပွဲစွန်းမှာ တင်ပါးစောင်းနဲ့ မှီ၍ မျက်ဝန်းတို့ကို



နေရာမှာ စူးစိုက်နေလျက် ...။

"မင်း သတိမရခင် သားနိုးလာတာ .. မင်းအကြောင်းလည်း သူပြောပြတယ် .."

ဘုရား ...။

ဒါဆို လွှယ် ညာခဲ့တာကို ဒေါ်ဇင်မာလွင် သိသွားပြီပေါ့။ ညာတတ်တဲ့တစ်မှုတိုးသွားပြန်ပြီလား ...။

"ဘေးလူပြောရင် ယုံမိမှာမဟုတ်ပေမယ့် ငါ့သားပြောတာဆိုတော့ မင်းဘဝအကြောင်း ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာတွေ ငါ လက်ခံလိုက်တယ်၊ ငါ့ရဲ့ ဒဿနက ဘယ်နေရာမှာမဆို မိန်းကလေးတွေရဲ့ 'ထိန်းသိမ်းနေထိုင်တတ်ခြင်း' ကသာ အဓိကပဲ၊ မင်းဘဝအကြောင်း မကောင်းခဲ့ပေမယ့် ကိုယ့်စာရိတ္တကို မဖောက်မပြန်ထိန်းသိမ်းနိုင်ခဲ့တာ မဆိုးပါဘူး .."

လွှယ့် ရင်ထဲမှာ အပူလုံးကြီး တစ်ထစ်တော့ ပြုတ်ကျသွား၏။

"မိန်းကလေးတစ်ယောက်ရဲ့ဘဝဟာ မိမိကိုယ်ကို ကာကွယ်နိုင်ပါတယ်ဆိုတာမရှိဘူး၊ တစ်စုံတရာရဲ့ ကြံစည်ယုတ်မာမှုတွေ ဝေဖန်သတင်းတွေ အကြောင်းမျိုးမျိုးကြောင့် ပျက်စီးသွားနိုင်တယ်၊ မင်း တစ်ယောက်တည်း အားကိုးမဲ့စွာ ရင်ဆိုင်နေရတဲ့ ကြံစည်မှုတွေကလည်း မင်း ဘယ်လောက်ပဲ အရှောင်ကောင်းကောင်း တစ်ကွေ့ကွေ့မှာတော့ ထိချက်ပြင်းစွာနဲ့ လဲကျသွားရမှာပဲ .."

ဒေါ်ဇင်မာလွင် က သက်ပြင်းချလိုက်ပြီး စားပွဲဘေးမှာပဲ ခုံဆွဲထိုင်လိုက်သည်။

"အဲ့ဒါကြောင့် မင်း ဆုံးဖြတ်လိုက်ရတဲ့အခြေအနေတစ်ခုပေါ်က အဆိုးဆုံးအဖြစ်ကို ငါ နားလည်ပေးနိုင်တယ်၊ ဖြစ်နိုင်ရင်တော့ မင်းရဲ့ဘဝ ဆိုးတာကောင်းတာ ငါနဲ့ ဘာမှမဆိုင်ပါဘူး၊ ဆင်စီးပြီး မြင်းရံစေချင်တဲ့ သားရဲ့ အိမ်ထောင်ရေးအတွက် မင်းလို မိန်းကလေးမျိုးကို ဘယ်

www.burmeseclassic.com

www.burmeseclassic.com



တော့မှ ရွေးချယ်မှာလည်း မဟုတ်ဘူး .. ဒါပေမယ့် ..”

ဘာမှ မသက်ဆိုင်ကြဘဲ ကြားလိုက်ရသဖြင့် မျက်နှာပူကာ ခေါင်းခါမိတော့မတတ်ဖြစ်သွား၏။ ထို့ပြင် ဘဝကို ဖယ်ကျဉ်ပြောခဲ့လိုက်ရခြင်းနှင့်ပတ်သက်၍ မာနစိတ်က ခေါင်းငုံ့မနေချင် ..။ သို့သော် ...

“လုပ်သလိုမဖြစ်တော့လည်း ဖြစ်သလိုလုပ်ရမှာပဲလို့ ဆုံးဖြတ်ထားလိုက်တယ်၊ မင်းတို့က လက်ထပ်ထားပြီးပြီကိုး ..၊ တစ်ခုတော့ မင်းသိထားရမယ် လွှယ် .. မိန်းမလေးရှင်ရဲ့ ရင်ထဲမှာ သမီးကညာချိန်ခါသင့်ရင် ပိုင်ဆိုင်ထိုက်သူက ခြွေခူးလာမှာပဲဆိုတဲ့အသိက ရှိပြီးသား ..”

ပြောနေရင်း မျက်နှာကိုငဲ့ကြည့်ကာ ..၊

“ဟုတ်တယ်နော် ..”

လွှယ် က ခေါင်းညိတ်လိုက်မှ ..၊

“ယောက်ျားလေးရှင်ကျတော့ ‘ကိုယ်သာလျှင် ရွေးချယ်ခွင့်ရှိတဲ့သူ’ ဆိုတာ သဘာဝကပေးထားတဲ့ အခွင့်အရေး၊ ဒါပေမယ့် မင်းရဲ့လုပ်ရပ်က အဲဒီသားရှင်ကို စော်ကားလိုက်တာနဲ့တူတယ်၊ သူ့သားကိုသူမပေးဘဲ မင်းလုယူလိုက်တော့ ..”

ဖြစ်ရလေ ..၊

ဒီအမျိုးသမီးကြီးက သားကို ရူးသွပ်အောင် ချစ်ခင်ယုယနေတဲ့ စိတ္တဇအစွဲရှိနေတာလား ..။ အတွေးတစ်ချက် ဖျတ်ခနဲဝင်လာသည်။ သို့သော် ...

“မင်း မျက်လုံးတွေထဲမှာ ငါ့ကို ဘယ်လိုထင်သွားတယ်ဆိုတာ ငါ မြင်ရတယ်၊ မိဘတိုင်းရဲ့ ရင်ထဲကအတ္တကို ကိုယ်တိုင်မိဘဖြစ်မှ မင်း စာနာတတ်လိမ့်မယ် ..”

ပြောပြီး မဲ့သည်။ သူမရဲ့အကြည့်တွေ အပြောတွေအရ လွှယ် ကို အနည်းငယ်မျှ နှစ်လိုဖွယ်မရှိခြင်းက သေချာနေကာ ..၊



“ဒါပေမယ့် အဲဒီအတ္တလွှမ်းကဲလောက်အောင်တော့ ငါ အမြင်မကျဉ်းပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်း ထင်လိုက်သလို သားအပေါ်မှာ စိတ္တဇဖြစ်လောက်အောင် ခင်တွယ်နေတဲ့ မိခင်တစ်ယောက်သာ ငါဖြစ်ခဲ့ရင် မင်းလို မိန်းကလေးမျိုးနဲ့ လက်ထပ်ပေးဖို့ထိ ဘယ်လိုအခြေအနေတွေဖြစ်နေနေ ငါ ဆုံးဖြတ်မှာမဟုတ်ဘူး ..”

‘မင်းလိုမိန်းကလေးမျိုး’ ဆိုသည့် အပြောတွေ ခဏခဏကြားလာရသဖြင့် လွှယ့် မျက်ဝန်းမှာ မျက်ရည်ကြည်တွေ ဝေ့တက်လာကြသည်။ ဝမ်းနည်းအားငယ်လို့မဟုတ်ပါ၊ နာကျင်ခံပြင်းလျက် မျိုသိပ်နေရသည့် မျက်ရည်တွေပဲဖြစ်လေသည်။

ဒေါ်ဇင်မာလွင် က သူမ မျက်ဝန်းတွေထဲကို စူးစိုက်ကြည့်နေရင်း သို့ခနဲဖြတ်ပြေးသွားသည့် နူးညံ့မှုတစ်ရပ်ကို မျက်တောင်ဖျားတို့ဖြင့် လှုပ်ခတ်သိမ်းဖယ်၏။ ပြီးတော့ မျက်နှာလွှဲပစ်ကာ ..၊

“စဉ်းစားကြည့်ရင် မင်း သိမှာပေါ့၊ ငါက ပြောဆိုမနိုင်တဲ့ သားကို မွေးထားတာမှ မဟုတ်တာ၊ နောက်တစ်ချက်က အဆိုးဆုံးဖြစ်လာတဲ့ အခြေအနေတွေက မင်းနဲ့ပဲ ပတ်သက်တာလေ .. ဟုတ်တယ်မို့လား ..”

လွှယ့် ကို ပြန်ငဲ့ကြည့်ပြီးမှ ချက်ချင်းပြန်လှည့်သွားကာ ..၊

“ဒါပေမယ့် သားတစ်ယောက်ကို သူချစ်တဲ့မိန်းကလေးနဲ့ ပြိုင်ဆိုင်ပြီး ချုပ်ကိုင်နိုင်ဖို့ ကြိုးစားရလောက်အောင် ငါ မမိုက်မဲဘူး၊ ပိုပြီး အဓိကကျတာက မလွန်ဆန်နိုင်တဲ့ နာခံခြင်းမျိုးနဲ့ ခေါင်းငုံ့နာခံနေပြီး စိတ်ဆင်းရဲနေမယ့် သားရဲ့မျက်နှာကို မမြင်ချင်ဆုံးပဲ ..”

ဒေါ်ဇင်မာလွင် က နေရာမှ ထရပ်လိုက်ကာ ..၊

“ငါ ဒါတွေ ပြောနေရတာ မင်းအပေါ် ခုတစ်မျိုး တော်ကြာတစ်မျိုး ဆက်ဆံနေရတဲ့အကြောင်းရင်းပဲ လွှယ် .. သားနဲ့ လက်ထပ်ထားပြီးပြီဆိုတော့ မင်းကို ငါ လက်ခံထားမယ်၊ ဒါပေမယ့် အနေအထိုင်စည်းကမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှိပါ၊ မင်းက မိန်းမကောင်းတစ်ယောက်ဖြစ်တယ်ဆိုတာ ငါ လက်ခံထားလိုက်ပေမယ့် မင်းနဲ့ပတ်သက်တဲ့ ရိုက်ခတ်မှုတွေ ငါ့သားအပေါ်မှာ ရှိလာနိုင်သေးတယ်၊ နောက်ထပ် အမှန်တရားတွေထပ်ရှိလာဦးမယ်ဆိုရင်တော့ ..."

စကားက ဒီမှာပဲရပ်သွားသည်။ ဆက်မပြောဘဲ ငြိမ်နေပြီးမှ ဒေါ်ဇင်မာလွင်က ဒီတိုင်းထွက်ခွာသွားလျက် ...၊

"အန်တီ ..."

လွယ်က ခုတင်ပေါ်ကနေ ခြေထောက်ချထားလိုက်ပြီးမှ မထဖြစ်ဘဲ ...၊

"အန်တီပြောတဲ့စကား မဆုံးသေးဘူးမို့လား .. အဲ့ဒါ လွယ် ရှင်းရှင်းလင်းလင်းသိပါရစေ၊ နောက်ထပ် အမှန်တရားဆိုတာ ဘာလဲဟင်

"မင်းနဲ့ ပတ်သက်တာတွေပေါ့ လွယ် .."

ဒေါ်ဇင်မာလွင် က ဖျတ်ခနဲလှည့်လိုက်ပြီးမှ မျက်နှာချင်းဆိုင်၍

"လူတိုင်းမှာ လူသိမခံချင်တဲ့ လျှို့ဝှက်ချက်တစ်ခုခုဆိုတာ ရှိ တာပဲ၊ မင်းရဲ့ လျှို့ဝှက်ချက်က ဘာလဲဆိုတာ ငါမသိချင်ပါဘူး ...၊ ဒါ ပေမယ့် မင်းပြောပြခဲ့တဲ့ အကြောင်းအရာတွေထဲက တစ်ခုခုဆိုရင်တော့ ပြောခဲ့ပြီးသမျှ မင်းစကားတွေကို အမှန်ချည်းပဲလို့ သတ်မှတ်လို့မရဘူး

ဒေါ်ဇင်မာလွင့် အကြည့်တွေက စူးရဲပြင်းထန်နေကာ ကြည့်နေရင်း တဖြည်းဖြည်း ရီဝေဖျော့ကျသွားခဲ့လျက် ...၊

"မင်းရဲ့ အမှားအမှန်တွေကို စိတ်မဝင်စားပေမယ့် သားနဲ့ပတ်သက် နေပြီဆိုတော့ မဝင်စားလို့မရတော့ဘူး ...၊ ဒီတော့ မိဘက အသိအမှတ် မပြုခဲ့တဲ့ မင်းတို့ရဲ့ လက်ထပ်ခြင်းကို ဖယ်ထားလိုက်ပါ၊ သားနဲ့ မင်း ပတ်သက်ခွင့်ပေးထားမယ်၊ ဒါပေမယ့် သဘောတူထိမ်းမြားပေးဖို့ သေးဘူး ..."



ဒီတစ်ခါလည်း စကားအပြီးမသတ်ဘဲ လှည့်ထွက်သွားခဲ့၏။ လွယ် တိတ်ဆိတ်စွာကျန်ခဲ့ရင်း ကျေနပ်စိတ်ချသွားရမယ့်အစား ရင်ထဲမှာ လောင်မြိုက်ကျန်ရစ်လေသည်။

ဒီအမျိုးသမီးနဲ့ကျမှ ပြောသမျှ ခေါင်းငုံ့ခံနေခဲ့မိသည်။ ချေပစရာ စကားတွေနဲ့ ပြန်လည်ပစ်ပေါက်ပြီး ဝုန်းခနဲထထွက်ခဲ့ဖို့ သင့်ပေမယ့် သူမ ခုထိ ထိုင်နေမိတုန်း ...။

လွယ် ကိုယ့်ကိုယ်ကိုယ် နားလည်သွားခဲ့သည်။

မိခင်ဆန်သော အမျိုးသမီးတစ်ယောက်ရဲ့ ပြောဆိုဆုံးမခြင်းကို သူမ အလိုရှိနေခဲ့တာဖြစ်သည်။ ဒေါ်ဇင်မာလွင် ပြောသွားသမျှစကားတွေ ဟာ သူ့သားအတွက် ပူပန်မှုတွေသာဖြစ်လင့်ကစား သူ့သားနဲ့ပတ်သက် နေပြီဖြစ်သည့် ကိုယ့်အပေါ်ကျရောက်လာသော အကောင်းဆုံးဖြစ်စေ ချင်သည့် မျှော်လင့်ချက်တွေပဲဆိုတာ ခံစားမိနေသည်။

အကယ်၍ နေမြဲ နဲ့ သူမ ဘာမှမသက်ဆိုင်ခဲ့ဘူးဆိုပါလျှင် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"အန်တီရောဟင် .."

"ကိစ္စရှိသေးတယ်ဆိုပြီး အပြင်ထွက်သွားတယ် .."

နေမြဲ က ခုတင်ပေါ်မှာ ခပ်လျော့လျော့မှီထိုင်ရင်းကနေ မတ်မတ် ပြင်လိုက်သည်။ ပြီးတော့ မျက်နှာတစ်ချက်မဲ့သွား၏။

"သက်သာသလိုနေပါ .. ရှင့်မှာ ဒဏ်ရာတွေ ဒီလောက်များသွား တာ လွယ် တကယ်မသိခဲ့ဘူး .."

သူကမဲ့နေရင်း ပြုံးလိုက်ကာ ..၊

"ဟန်ကြီးပန်ကြီးလုပ်ပြီး တစ်ချက်လောက်ပဲ လက်စွမ်းပြလို့ နိုင်တာလေ၊ ဝိုင်းသ၂ကြိတာ ကံကောင်းလို့ လူစင်စစ်ကနေ ဆန်ကွဲ မဖြစ်တာ .."

"အဲ့ဒါက ယောကျ်ားမာနပဲလေ .. နိုင်တာရှုံးတာပဓာနမကျ ဘူး၊ အရှုံးမပေးနိုင်တဲ့စိတ်ကပဲ လေးစားဖို့ကောင်းနေပြီ၊ တစ်ချို့လူ ဆို သူ့ဘက်က အင်အားကိုကြည့်ပြီး ယှဉ်ပြိုင်ဖို့စိတ်ကူးမှာတောင် မဟုတ် ဘူး .."

"ကိုယ်လည်း ယှဉ်ပြိုင်တာမဟုတ်ပါဘူး၊ မိန်းကလေးတစ်ယော ကို အဂါမတာဘဲ မဟားတရားအနိုင်ကျင့်နေတာ ဘယ်လိုမ ကြည့်



နိုင်လို့ စိတ်နောက်ကိုယ်ပါဖြစ်သွားတာ .."

"နောင်တရနေတာတော့ မဟုတ်ပါဘူးနော် .."

အကြည့်ချင်းဆုံသွားတော့ နေမြဲ က မတည်မပြုံးမျက်နှာနှင့် စိုက် ကြည့်၍ ..၊

"မင်းမေးတာတွေကို မဖြေခင် ငါမေးတာကို အရင်ဖြေပေးပါလား.."

"ဟင် .."

"မေမေ့ကို ဘာဖြစ်လို့ အဲဒီလိုပြောလိုက်တာလဲ .."

လွယ် ခပ်အမ်းအမ်းလေးဖြစ်သွားကာ ပါးပြင်လေးတွေ ရဲတက် လာ၏။ မျက်နှာလေးငုံ့သွားပြီးမှ ပြန်မော့သည်။ သို့သော် မျက်လုံးချင်း ခဆုံဖြစ်အောင် လွှဲဖယ်ထားရင်း ဆံပင်လေးသပ်လိုက်၊ ပြန်ဖွလိုက် ..။

"မင်းကို မေမေက မောင်းထုတ်လိုက်သေးတယ်ဆို .."

"အင်း .."

"ကိုယ် တောင်းပန်ပါတယ် .."

"ဟင့်အင်း .. သူ .. သူ အဲ့လောက်တော့ဖြစ်သင့်ပါတယ် .. လွယ် ဘလည်း .."

"ကိုယ် ရှင်းပြလိုက်တယ်၊ မေမေ့ လက်ခံချင်ပုံမပေါ်ပေမယ့် သက်ထပ်ထားတယ်ဆိုတဲ့အဖြစ်ကိုတော့ နားလည်ပေးပါတယ် .."

"အန်တီ မမှားပါဘူး၊ ရှင် ရှင်းပြလိုက်လို့ လွယ့် ကို ပြန်ခေါ်ပြီး.."

"မဟုတ်ဘူး လွယ် .. မင်းကို အိမ်ထဲပြန်သွင်းပြီး အဝတ်စားလဲ ဒဏ်ရာကိုဆေးထည့်ပေးထားပြီးမှ ကိုယ် သတိရလာတာ .."

ဟင်!...၊

အံ့အားသင့်သွားခြင်းနှင့်အတူ အရိပ်အယောင်မမြင်ဘဲ ခံစားလိုက် ခြင်းက ကြည်နူးခြင်းတစ်ရပ် ..။

"မေမေက စိတ်သဘောထားနူးညံ့တဲ့သူပါ၊ အိမ်ထောင်ရေးမှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုယ့်ကို ယုံကြည်စိတ်ချစွာဆုံးဖြတ်ခွင့်ပေးထားခဲ့ပြီးသား ..၊ ဒါပေမယ့် သူ့ဘဝနဲ့ရင်းပြီး နာကျင်ခဲ့ရတဲ့ သေရည်သေရက်နဲ့ပတ်သက်ရင်တော့ ခုချိန်ထိ အစွဲအလမ်းကြီးတုန်းပဲ .. မင်းကိုမှ နှိမ့်ချဆက်ဆံတာမဟုတ်ဘူး .."

ဒီအရက်ကြောင့် မိသားစုဘဝပျက်ပြီး သေကြေပျက်စီးကုန်ခဲ့တာတွေကို သံဝေဂရစရာအဖြစ်တစ်ခုလို အကျဉ်းချုံးပြောပြလိုက်ရင်း ..၊

"မင်းက ဒီလိုဘဝထဲကနေ ရုန်းထွက်ဖို့ကြိုးစားရင်း မှားယွင်းမှုတွေနဲ့ ရင်ဆိုင်နေရတာကို ခု နားလည်သွားပါပြီ .."

"ဒါပေမယ့် ခု ထွက်သွားတာ လွယ့် အကြောင်းစုံစမ်းဖို့နေမှာပါ။ သူ ပြောသွားတယ် .. လွယ် ဖုံးကွယ်ထားတဲ့ အမှန်တရားတစ်ခုခုရှိနေမှာပဲတဲ့ .."

"အဲ့ဒါကို သိချင်စိတ်ဖြစ်ရင်ဖြစ်လိမ့်မယ် .. စုံစမ်းမှာတော့ မဟုတ်ဘူး လွယ် .. မေမေက စည်းကမ်းရှိတဲ့သူပါ၊ အခု မင်းနဲ့ငါ ပြောရမှာ မေမေ့အကြောင်းမဟုတ်ဘူး .."

လွယ့် မျက်တောင်ဖျားလေးတွေ စိုက်ကျသွားပြန်သည်။ ပြီးနောက် ပြန်ကြည့်လာကာ ..၊

"လွယ် တို့ကိစ္စက ဘာပြောစရာရှိလို့လဲ .. ဘာမှမှ မဟုတ်တာ"

"နေဦးလေ .."

လွယ် ထရပ်လိုက်တာနှင့် နေမြ က လက်ကို ဖျတ်ခနဲဖမ်းဆုပ်ထားကာ ..၊

"ထိုင်ဦး .."

"အန်တီ မှာထားတယ် ကိုနေ .. သူမရှိတုန်းမှာ .."

"ရတယ် .. ကိုယ်တို့ ဘယ်သူအရင်နိုးနိုး တစ်ယောက်ရှိရာတစ်ယောက် ထသွားမှာပဲဆိုတာ မေမေ သိတယ်၊ အဲဒါကြောင့် ကိုယ်အေ



ခင်တည်းက ပြောထားတာ .. မင်း နိုးလာရင် နောက်ဖေးမီးဖိုချောင်မှာ စားစရာလုပ်ပေးထားတယ်တဲ့ .."

"ဒီက နိုးလာမှာကို သိနေတာများ .."

"အင်း .. ဟုတ်မှာပေါ့၊ မင်းက အအေးမိပြီး ဖျားရုံပဲတဲ့၊ ဒါပေမယ့် မင်းကို ကိုယ့်အိမ်ရှင်မလို့ သတ်မှတ်လိုက်တာလည်းဖြစ်နိုင်တာပဲ .."

"ရှင်နော် .."

လွယ် က လက်ကိုရုန်းထွက်လိုက်ပြီး တစ်ဖက်လှည့်ပစ်၏။ နေမြ က ပြုံးကာ ..၊

"အခွင့်အရေးယူပြီးပြောနေတာမဟုတ်ဘူးနော် .. အခြေအနေတွေဖြစ်လာတဲ့အတိုင်းပြောတာ .."

"ရှင်ကရော ဘာဖြစ်လို့ငြိမ်နေလိုက်တာလဲ .."

"မင်းညာပြောလိုက်တာကိုပဲ အရင်ဖြေပါ .. အဲဒီလိုကြီး ပြောထားလိမ့်မယ်လို့ ကိုယ် လုံးဝထင်မထားဘူး .."

"ရှင် လွယ့် ကို အထင်သေးသွားလားဟင် .."

"အဲဒီရုပ်ပေါက်နေသလား .."

မျက်တောင်ရှည်တွေ တဖျတ်ဖျတ်ခတ်ရင်း ငေးငေးလေးဖြစ်သွားဟော့ နေမြ ကလည်း စိုက်ကြည့်နေခဲ့၏။

အစိမ်းရင့်ရောင် အပေါ်သားရင်ဖုံးအင်္ကျီနှင့် အနက်နဲ့အစိမ်းပွင့်တွေပါသည့် ထမီလေးဝတ်ထားကာ ဆံပင်တွေက ဖြန့်လျှားသားအတိုင်း..၊

မျက်နှာလေးက နံ့သာမခြယ်ရဘဲ ပြောင်အိအိလေးဖြစ်နေလျက် မျက်တောင်ကော့လေးတွေက နက်ထင်းနေသည်။

မေမေ့ အင်္ကျီထမီတွေ ဝတ်ဆင်ထားတာတောင် တစ်မျိုးလေးထူးခြားသည့်အလှက ပိုလို့တောင် ထင်းကြွနေသေးသည်။

သူမလေးကို ဘယ်လိုမှ နီးစပ်ခွင့်မရှိနိုင်သည့် အကွာအဝေးကနေ

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြီး ပိုင်ဆိုင်ဖို့ဖြစ်လာသည့် အခြေအနေက ဘာကိုဖြစ်စေချင်တာလဲ ..၊

ဖူးစာသည် ကံပါပဲဆိုလျှင် ကံဇာတ်ဆရာက ဘာကိုရည်ရွယ်ခဲ့တာလဲ ..၊ တကယ်ပဲ နီးရဖို့လား၊ သူမဘဝရဲ့ အခက်အခဲဆုံးအခြေအနေတစ်ခုအတွက် ဖြည့်ဆည်းပေးခွင့်ကြုံရရုံလား ..။

စိတ်လွတ်ကိုယ်လွတ်ငေးနေပြီးမှ သက်ပြင်းတစ်ရှိုက်နှင့် မျက်နှာလွှဲမိရင်း ..၊

"မင်းကို အထင်သေးရလောက်အောင် ကိုယ်ကိုယ်တိုင်က အထင်ကြီးစရာလူမှမဟုတ်ဘဲ လွယ် .. ကိုယ်သိချင်တာက မင်းနဲ့ ကိုယ့်ရဲ့အစီအစဉ်တွေထဲမှာ လုံးဝမပါခဲ့တဲ့စကားတွေမို့လို့ပါ၊ ပြီးတော့ ဒီစကားတွေကြောင့် မေမေ့ဆီက ရင့်သီးတဲ့တုံ့ပြန်မှုတွေပဲ မင်းရခဲ့တာ .."

"ဟုတ်တယ် .."

"ဒါကို မင်း ခုချိန်ထိလည်း မျိုသိပ်ထားနေတုန်း .."

"ရှင်ကရော .. ရှင်က ဖော်ခဲ့ရင်တော့ လွယ် တစ်ယောက်တည်းလက်ထပ်နေလို့မရပါဘူး .."

"ကိုယ်က မင်းရဲ့ ဂုဏ်သိက္ခာကို ထည့်တွက်လိုက်တာ၊ ပြီးတော့ မင်း ဘာကြောင့်ပြောခဲ့တာလဲဆိုတာ ပိုပြီးစိတ်ဝင်စားတယ် .."

"လွယ် မသိဘူး .. ဒါပေမယ့် ပြောပြီးတည်းက ခုထိ လွယ် နောင်တမရခဲ့တာ အမှန်ပဲ၊ ခံရခက်တဲ့ စကားလုံးတွေနဲ့ ပစ်ပေါက်နှင်လွှတ်ခံခဲ့ရပေမယ့် အဲ့ဒါကို နာကျင်ရတာက သပ်သပ်၊ ခံပြင်းမုန်းတီးစိတ် လုံးဝဖြစ်မလာတာက တခြား၊ အဲ့ဒါ လွယ့် ကိုယ် လွယ် နားမလည်ဘူးနေမြဲ .."

သူမ မျက်နှာလေးက မုသားပြောနေတာမဟုတ်မှန်း သိသာစေကာ မျက်တောင်ခတ်သည့်အကြိမ်ရေ ပိုမိုများလာရင်း မျက်ရည်ဆော့



ရစ်သိုင်းလာခဲ့၏။

"စဉ်းစားလို့ရတာ တစ်ခုပဲရှိတယ်၊ လွယ် .. လွယ် မိခင်တစ်ယောက်ရဲ့ ဆိုဆုံးမသံမျိုးမှာ သာယာခဲ့မိတာ၊ လွယ့် ဘဝတစ်လျှောက်လုံး ဘာမှမတော်စပ်ဘဲ ဝတ္တရာဆန်ဆန်ကာကွယ်စောင့်ရှောက်ခဲ့တဲ့ ယောက်ျားတစ်ယောက်ရဲ့ ကိုယ်ကျိုးဖက်တဲ့ ပို့ချသံတွေနဲ့ပဲ လုံးထွေးရှင်သန်ခဲ့ရတာလေ .."

လွယ့် ရင်ထဲကို သူ လုံးဝနားလည်သွားခဲ့သည်။ ထို့ကြောင့် သက်ပြင်းချမိ၏ ။

"ဒါပေမယ့် လွယ် ခုထိ မမှားသေးဘူးထင်တယ် .."

"ဘာကိုလဲ .."

"လွယ့် ကို မဟုတ်ပေမယ့် ရှင့်အပေါ်မှာတော့ အန်တီက တကယ့်မိခင်ကောင်းတစ်ယောက်ပဲလေ၊ ရှင်နဲ့ပတ်သက်မှုရှိခဲ့တဲ့အတွက် ရှင့်အပေါ်ကျရောက်တဲ့ မေတ္တာအငွေ့အသက်က လွယ့် ဆီ ထိရိုက်ခတ်လာတာ .."

"အဲဒီတော့ မင်းက ဘယ်လိုရှေ့ဆက်ချင်တာလဲ .."

"ဟင်!..."

လွယ် က မျက်ရည်စတို့ကို လက်ခုံလေးနဲ့ ထိကပ်သုတ်ရင်း ..၊

"ဘာကိုပြောတာလဲ .."

"မင်း လုပ်ထားတာက အငိုလွယ် အရိုက်ခတ်တဲ့ကိစ္စကြီး .."

"ရှင့်မှာ ချစ်သူမရှိဘူးမို့လား .."

"အဲဒီတော့ .."

"ခဏလောက် ဒီတိုင်း .."

"မဖြစ်နိုင်ဘူး .."

ပြောလိုက်ပုံက ခါးခါးသီး ..၊

www.burmeseclassic.com

www.burmeseclassic.com



"လွယ်လွယ်လေးပြောလိုက်လို့ရတယ်၊ လက်တွေ့အကောင်အထည် ဖော်ဖို့က .."

"ခု .. အန်တီကလည်း ယုံသွားပြီဥစ္စာ .."

"မေမေ ယုံအောင် ငါတို့က ဆက်ညာနေရဦးမှာလေ၊ သဏ္ဍာန် လုပ် သရုပ်တဲ့ .. မင်း အဲဒါတွေ နားမလည်ဘူးလား .."

"နားလည်ပါတယ် .. ခု လွယ့် မှာ သွားစရာနေရာမရှိဘူး .."

"မင်းဆရာမ ရှိတယ်ဆို .."

"မသွားချင်လို့ပေါ့ .. ဆရာမဆီ လွယ် ရောက်သွားမှာပဲလို့ အန်ကယ်လ် တန်းတွက်မိမှာ .. ဒီမှာဆို .."

"မင်း ဘယ်လောက်ထိ နေနိုင်မှာလဲ .."

"ရှင် အသားအနာခံပြီးတော့တောင် ကူညီခဲ့ပြီးမှ ဒါလေးကို ဘာဖြစ် ရတာလဲ .. လွယ် အရမ်းဒုက္ခရောက်နေတာ ရှင် အသိဆုံး .."

"မင်း ဒုက္ခတော့ မင်းသိတယ် ဟုတ်လား .."

သူ ဘာပြောလိုက်မှန်း ရုတ်တရက် နားမလည်၊ နေမြဲ ကလည်း ဒီစကားဆက်မပြောဖြစ်ဖို့ အလုပ်မရှိ အလုပ်ရှာရင်း ထရပ်လိုက်၏။

"အဲ့ဒါ ဘာပြောတာလဲ .. ပြီးအောင်ပြောသွား .."

လွယ် ကလည်းထရပ်ကာ သူ့အင်္ကျီကို ဆွဲထားလိုက်၏။ အမှတ် တမဲ့မို့ သတိမဲ့နေသည့်ကိုယ်က ယိုင်သွားလျှင် လဲမသွားအောင်ထိန်းရင်း ဖက်ထားလိုက်မိသည့် ကိုယ်က လွယ့် ကိုယ်လေးဖြစ်နေခဲ့ပြီး ..၊

"ဟို .. ဆော .. ဆောရီး ဒဏ်ရာတွေကို မေ့သွားလို့ .."

လွယ် သူ့မျက်နှာနီးကပ်နေတာကို ရှက်သွားကာ တောင်းပန်စကား ကိုတောင် အဆင်ပြေပြေ မပြောနိုင် ..၊

သူကလည်း ထိုမျက်နှာလေးပေါ်က အလှတရားတို့ကို ငေးစိုက် ကြည့်နေခဲ့လျက် ..၊



"နေရာတကာ ဆောရီးပြောရုံနဲ့ အဆင်ပြေမသွားဘူး လွယ် – ကိုယ် ပြောတဲ့ ဒုက္ခဆိုတာ အဲ့ဒါပဲ .."

ဖက်ထားသည့်လက်တို့က တဖြည်းဖြည်းပြေကျသွားခဲ့ပြီး သူ့မျက်နှာ ကလည်း စိတ်ပျက်ခြင်းများနှင့် ..။

"ပြဿနာတစ်ရပ်ကို ဖြေရှင်းဖို့အတွက် ဒီနည်းသုံးမယ်ဆိုရင် မင်း ဖြစ်ဖြစ် ငါဖြစ်ဖြစ် ဒါမှမဟုတ်ရင် နှစ်ယောက်စလုံး ဒုက္ခတွေ့မှာပဲ –"

မင်း ဘာလို့ မသိတာလဲ လွယ် ..၊ မရှိတာကို အရှိလုပ်ရတာထက် ရှိနေတာကို မရှိသလိုလုပ်ရတာ ပိုခက်တယ် ..။

ငါ့ရင်ထဲမှာ ဘာတွေရှိနေသလဲ မင်းက မသိဘူး ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"သူ့မှာ ကြွေးမြီတွေဘာတွေ မရှိပါဘူး အစ်မရယ်၊ ဟိုတစ်ခေါက် အစ်မကြီးလာသွားတာ ကျွန်မနဲ့ မတွေ့ဖြစ်လိုက်လို့ မဟုတ်ရင် အဲ့ဒီ ကိစ္စတွေတစ်ခါတည်း ပြောပြလိုက်မှာ .."

သိဂီဦး အဖြစ်က မကြည့်ရက်ဖွယ်ပါ။ လင်မယားနှစ်ယောက်စလုံး ရိုးသားကြကာ ဟိုတစ်ချိန်တုန်းကတော့ ဒေါ်ဇင်မာလွင် တို့နှင့် အိမ်နီး ချင်းဖြစ်ခဲ့ဖူး၏။

သူတို့လင်မယားက ရိုးသားပေမယ့် ချောင်လည်ပြည့်စုံရုံထက် မပိုခဲ့သော သာမန်မိသားစုလေးဖြစ်သည်။ ဒေါ်ဇင်မာလွင် တို့ကျတော့ ခင်ပွန်းဖြစ်သူက လည်လွန်းလို့ခက်၏။

ကလေးမရှိကြသူချင်းအတူတူ ခြံချင်းလည်းကပ်နေတော့ တွေ့တာ နဲ့ ရင်းနှီးသွားခဲ့သည်။ သိပ်မကြာလိုက်ပေမယ့် စိတ်ချင်းရင်းနှီးကြသည် မို့ ညီအစ်မတွေလိုပဲ တွယ်တာမိခဲ့သည်။

"အကူအညီလိုရင် ပြောနော် .."

ဆိုသည့်စကားက ဟိုတုန်းတည်းက ဒေါ်ဇင်မာလွင် ကသာ ပြော ခဲ့တာဖြစ်၏။ သိဂီဦး က ရိုးသည့်ပြင် ပျော့ပျော့နွဲ့နွဲ့လေးဖြစ်ကာ အိမ် ထောင်ရေးအကြောင်းနားလည်ဖို့ထက် ယောကျ်ားကို နားလည်ဖို့သာ ကြိုးစားခဲ့သူဖြစ်သည်။



ပြောင်းကြတော့လည်း သူတို့က အရင်ပြောင်းသွားကြကာ ဒေါ်ဇင်မာလွင် က သားလေးမွေးပြီးမှ ရောင်းချပြောင်းရွှေ့ခဲ့တာဖြစ်သည်။

နောက်ထပ် ဘာတွေကြုံတွေ့နေရပြီး ဘာတွေအဖြစ်ဆိုးနေသည် ဆိုတာကိုတော့ ..၊

"သူက စိတ်တာသိပ်မမှန်တာ၊ မဇင် .. မဇင် နဲ့ အချိန်တိုင်းပြော နေတာ၊ မဇင် ကို ခေါ်ပေးကြပါ .. မဇင် ငါ့ကို လိုက်ရှာနေပြီနဲ့ စုံနေတာ ပါပဲ၊ အဲ့ဒါနဲ့ ကိုဇေ တစ်ခေါက်ပြန်လာတော့ မေးကြည့်ရတယ်၊ ဒါကြောင့် အစ်မကြီးတို့လိပ်စာကိုသိတာလေ .."

"နောက်ပြောင်းသွားတဲ့နေရာကိုရော ကိုဇေ ပြောပြတာလား .."

"သူ မပြောနိုင်ပါဘူး .. ကျွန်မတို့က ရှာမတွေ့ဘူးဆိုမှ ထပ်စုံစမ်း ပေးတာ၊ သူ့ကို သိပ်မကျေနပ်ပေမယ့် လောလောဆယ် သူကပဲ ထောက်ပံ့ ပေးနေတာဆိုတော့ အစ်မကြီးရယ် .."

"ဒါပေါ့ .."

"ကျွန်မတို့ကလည်း သွေးမတော်သားမစပ်နဲ့ အမြင်မတော်လို့ ကူညီနေကြတာလေ .."

"မှန်ပါတယ် .. မမှန်တာက သူ့ယောကျ်ားပဲ .."

နောက်အိမ်ထောင်ထပ်ပြုထားပြီး ဇနီးဖြစ်သူကိုတော့ မသေရုံ ထောက်ပံ့နေခဲ့၏။ ထို့ပြင် မဆီမဆိုင် ကိုယ့်ကိုတောင် လိပ်စာစုံစမ်းပြီး လက်ထောက်ချခဲ့သေးသည်။

အကူအညီပေးရအောင်လာခဲ့တာပါ။ ဒါပေမယ့် ပုံစံမကျ-သည့်အဖြစ် ကိုတော့ ဒေါသထွက်မိသည်။

"သူတို့နဲ့ ဆက်သွယ်မိနေတုန်းကတော့ သူတို့ကြီးပွားသွားကြပြီ လို့ကြားတာ .."

"ဟုတ်တယ်လေ   ဒီကက်က တိုက်ကြီးက သိဂီ တို့ တိုက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ပဲဟာ .. အဲဒါလည်း လူလိမ်ခံရတာပါ .."

"ဘယ်လို .."

"ကိုဇေ က တကယ်တော့ ပျော့ပျော့လေးနဲ့နံတဲ့ ကြောင်ချေး၊ သူက ကံမျက်နှာသာပေးတုန်း ကြီးပွားလာတာကို မာန်တွေတက်ပြီး အချိုကြီးကြဲတာလေ၊ သူ့ကို သူများညှပ်ချသွားတာ .."

ကြားရတာတွေက မကောင်းတော့ပေ ..။ ကြည့်လိုက်တော့ တိုက်ကြီးက ခေတ်မီဒီဇိုင်းဆန်းနှင့် ဖြူစွတ်စွတ်လက်တောက်နေလျက်၊ အသစ်သစ်စက်ရေကူးကန်ကြီးကလည်း ရေမသွင်းရသေးပေမယ့် ကန်ပေါင်ပေါ်မှာ အလှဆင်ထားသည့် ဖန်တီးမှုတွေကိုက လက်ရာမြောက်နေတာဖြစ်၏။

ခြံစည်းရိုး ကန့်မထားရသေးဘဲ အိမ်ဆောက်ပစ္စည်းအဟောင်းပုံကြီး တွေပဲရှိနေသဖြင့် မျက်နှာစာရှေ့ကို ဒီတိုင်းလှမ်းမြင်နေရသည်။

"ကိုယ် အသုံးမကျတာကို သူများလိမ်ပါတယ်ပြောတာ ပိုဆိုးတယ် မစန်းသီတာ ရဲ့ .. သူတို့ ဘယ်လိုကြီးပွားလာပြီး ဘာတွေဖြစ်ကြမှန်းမှ မသိတာ .."

"မဟုတ်ဘူး အစ်မ .. ကိုဇေ က အဲဒီထိရိုးသားမှုရှိနေသေးတယ်၊ သူ့မိတ်ဆွေဆိုပြီး ပါလာတဲ့လူတွေက သီဂို ကို တစ်မျိုးဖျက်ဆီးတယ်၊ ကိုဇေ့ ကိုတစ်မျိုး .."

"ဘယ်လို ..."

"မိန်းမကိုတော့ မိန်းမချင်းပေါင်းပြီး စည်းကမ်းလွတ်အောင်လုပ်တာလေ၊ ယောက်ျားဆိုတာမျိုးက ပိုလွယ်တာပေါ့၊ အသောက်အစားလောင်းကစားတွေနဲ့ လင်မယားချင်း တစ်နေ့တစ်ခါတောင် မျက်နှာချင်းဆိုင်ကြရဲ့လား မသိဘူး .. သူတို့လင်မယား ကြီးပွားတဲ့ပုံစံက ပျက်စီးတော့မယ်ဆိုတာ ဘေးလူတွေက ခန့်မှန်းမိနေအောင်ကို ဆိုးရွားတာ.."



"သြော် .."

"အဲ့ဒီမှာ ပါတီတွေပေး၊ ဒင်နာဆိုတာတွေလုပ် .. ဒါတောင်မှ ဟိုတုန်းကတိုက်က ခုလောက်မလှသေးဘူး၊ အဖြူရောင်လည်းမဟုတ်ဘူး၊ ရေကူးကန်လည်းမရှိသေးဘူး၊ ဒီဇိုင်းအရမ်းလှပေမယ့် ထုံးခြောက်ရောင်မျိုး ရိုးရိုးပဲ နောက်လူပိုင်သွားကာမှ တဖြည်းဖြည်းပြင်ဆင်မွမ်းမံပစ်တာ .."

"လူမနေဘူးလား .."

"အစ်မကြီးက အဲဒီလူတွေကို ကြည့်ချင်လို့လား၊ မနေဘူး အစ်မရဲ့ နှစ်ပတ်တစ်ခါလောက်ပဲလာတာ ဒါတောင်ဝယ်ပြီးစတုန်းက သုံးလေးနှစ် ဒီတိုင်းပစ်ထားတာလေ .. ခုတော့ အယ်လ်ဖေးရှင်းခွေးကြီးနှစ်ကောင်လွှတ်ထားတယ် .."

"ဟင် .. ကိုက်မှာပေါ့ .. ခြံလည်းမရှိသေးဘဲနဲ့ .."

"လုံးဝမကိုက်ဘူး၊ ခြံစည်းရိုးသတ်မှတ်တဲ့နေရာကို ခြေတစ်ဖဝါးမှ မကျော်သရွေ့ ခဲနဲ့လှမ်းပစ်တာတောင် မကိုက်ဘူး၊ အရမ်းသိတဲ့ခွေးတွေ၊ ခြံထဲကိုတော့ ခွေးလေးကြောင်လေးတောင် မကျူးလိုက်နဲ့ အစပါပျောက်ရော .."

"ဒါကြောင့် ပစ်ထားတာကိုး .."

"ဟုတ်တယ် .."

ဒေါ်စန်းသီတာ သည် ပြောပြနေရင်း ကျောခိုင်းထိုင်နေသည့် ဒေါ်သီဂိုဦး ကို စိတ်မကောင်းစွာလှမ်းကြည့်၏။

"သီဂို ကတော့ သူ ဘယ်လိုနေနေ ပတ်ဝန်းကျင်ကို ဂရုစိုက်ခဲ့ပါတယ်၊ ဟိုတုန်းက သူ ကျွန်မတို့ကို ကူညီခဲ့တာတွေအများကြီး၊ ဒါကြောင့်လည်း ခုချိန်မှာ ကျွန်မတို့ပစ်မထားရက်ကြတာပေါ့၊ ဒေါ်သာဖြစ်တာက အဲဒီသူဌေးဆိုတဲ့ လူကြီးလည်းပါတယ် .."

"ဟုတ်တယ် အစ် .."

www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေသည့် နှစ်ယောက်စလုံးက ဒေါ်သတွေဖြစ်နေကြကာ ဒေါ်ဇင်မာလွင် က ဟိုဘက်ကပြော ဟိုဘက်လှည့်ကြည့်၊ ဒီဘက်ကပြော ဒီဘက်လှည့်ကြည့်နှင့် အကြောင်းအရာတွေကို ဆက်စပ်မိအောင် မနည်းနားထောင်နေရသည်။

"ချစ်ကြခင်ကြတုန်းက သူတို့ချင်း လင်မယားကျနေတာပဲ တစ်ယောက်ပါးစပ်ထဲက တစ်ယောက်လုစားနေကြတာ၊ ခုကျတော့ ဒီဘက်မှာ သီဂီ ရှိနေတာကို တစ်ချက်လေးလှမ်းကြည့်ဖော်မရဘူး .."

"လူတွေကတော့ ဒီလိုပါပဲ .."

"လူတိုင်းမဟုတ်လို့ အခု အစ်မကြီး သီဂီ ဆီ ရောက်အောင်လာတာပေါ့၊ သူတို့ရဲ့ အိမ်တွေ အတွင်းပစ္စည်းတွေကို မတရားသဖြင့် ရအောင်သိမ်းယူခဲ့တာ၊ သနားသဖြင့် ကြည့်ရှုထောက်ပံ့တာမျိုးမရှိသင့်ဘူးလား.."

"ဒါတော့ ဒါပေါ့လေ .."

"ပြောရမယ်ဆို အစ်မကြီးရယ် .. ကားတိုက်မှုဖြစ်ထားတဲ့ဒဏ်ရာကနေ ဘာဖြစ်သွားတယ်ဆိုလားပဲ .. အခု သူ့ခေါင်းက ကျူမာဖြစ်နေပြီတဲ့လေ .."

"ဟင် ..."

ဒေါ်ဇင်မာလွင် ထိတ်လန့်သွားမိသည်။

"အဲ့ဒါ .. အဲ့ဒါကို သူ့ယောကျ်ား မသိဘူးလားဟင် .."

"သိသွားတည်းက မလာတော့တာပဲ .."

"ဖြစ်ရလေ သီဂီ ရယ် .."

ဒေါ်ဇင်မာလွင် ဒေါ်သီဂီ ဘေးမှာ သွားထိုင်ပြီး စကားပြောကြည့်သည်။ ဒေါ်သီဂီ က ပြုံးပြသည်။ မေးသမျှကိုလည်း ပြန်ဖြေရှာ၏။ သို့သော် ဘာမှမမှတ်မိတော့ပေ ..။

စိတ်ရောဂါသည်မှာမှ ဒီရောဂါဆိုးကြီး ထပ်ဖြစ်ရာတဲ့လား .. ကိုယ့်အိမ်မှာ ဖြေရှင်းရမယ့်ကိစ္စလည်းရှိနေသေးသည်။ ဒါပေမယ့်



မဖြစ်မနေ လာကြည့်ပါဆိုလို့ ဒုတိယတစ်ခေါက်လာကြည့်ခဲ့တာဖြစ်၏။

မိတ်ဆွေသူငယ်ချင်းဝတ္တရားအတိုင်း ကိုယ်တတ်နိုင်သမျှကူညီနိုင်ဖို့လည်း ဆုံးဖြတ်ထားပေမယ့် ဒီကိစ္စကြီးကိုတော့ စဉ်းစားရကြပ်ပါပြီ။

"သူ အလွန်ဆုံးနေရရင် နောက်ထပ် သုံးလပဲတဲ့၊ တတ်နိုင်ရင်တော့ ဆေးရုံတင်ထားသင့်တာပေါ့နော် .. စိတ်ကျန်းမာရေးကို အရင်ပြပြီး ဆရာဝန်တွေ လမ်းညွှန်သလိုလုပ်ဖို့လေ .."

"ဟုတ်တယ် အစ်မ .. သူ့ခေါင်းကိုက်လို့ တစ်ခါတစ်ခါအော်ပြီဆို သူဖြစ်သူခံပဲ .. ကျွန်မတို့လည်း ဆေးလေးသောက်ပါပြောရုံပဲ တတ်နိုင်တာလေ၊ ဆေးရုံမှာဆိုရင်တော့ ဆရာဝန်တွေ အနီးကပ်ရှိတော့ သူ ခံရသက်သာမှာ .."

ထိုကိစ္စနှင့်ပတ်သက်၍ ဒေါ်သီဂီဦး ကို ဆေးရုံတင်ပေးဖို့ ဆုံးဖြတ်လိုက်ရသည်။ ပထမဆုံး ဆရာဝန်တွေနဲ့တိုင်ပင်ကြည့်ပြီးကာမှ လမ်းညွှန်တဲ့အတိုင်း လုပ်ပေးရုံပဲရှိတော့သည်။

'အကူအညီလိုရင်ပြောနော်' ဆိုတဲ့စကားကို ကိုယ့်ရင်ထဲက နွေးထွေးသည့် ကရုဏာစိတ်နှင့် စိတ်ပါလက်ပါပြောခဲ့တာမို့ တကယ်လိုအပ်နေသည့်အချိန်မှာ မျက်နှာလွှဲမသွားနိုင် ...။

ဒေါ်ဇင်မာလွင် စိတ်ကျဉ်းကျပ်မှုများနှင့် ပြန်ထွက်လာခဲ့ရင်း သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်မိသည်။ ကိုယ်လည်း အိမ်ခေါင်မိုးခလုံလို့ အောက်ခြေယိုင်ခဲ့ရသည့် ဘဝပျက်မဆိုးမတစ်ယောက်ပါပဲ ..။

ဒါပေမယ့် ခံယူချက်ခြင်းတော့ မတူခဲ့ဘူးထင်သည်။

"ဟဲ့ .. ဟဲ့ .."

လမ်းထိပ်ရောက်မှ တက္ကစီငှားဖို့ လက်ပွေ့အိတ်လေးပိုက်ရင်း ဆားကပ်လျှောက်လာခဲ့စဉ် ..၊

"ဒုန်း .."

"အမလေး ကံကောင်းလို့ .."



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ဖိရင်း အော်လိုက်မိသည်။

အိမ်ထောင်ပရိဘောဂပစ္စည်းတွေနှင့် ကားကြီးက ခြံထဲကို ချိုးကွေ့ဝင်စဉ် အတွင်းက ပြုတ်ကျလာသော စားပွဲအံဆွဲလို သေတ္တာလေးက ကား၏ ဘေးတန်းကနေတစ်ဆင့် ခုန်လျှောကျလာတာ ဒေါ်ဇင်မာလွင့် ပခုံးနဲ့ နည်းနည်းလေးပဲ လွဲ၏။

"ကြည့်စမ်းကွယ် .. ဘေးတန်းနဲ့ ဒုံပြန်ပြီး ကျလာတာ နည်းတဲ့အရှိန်မဟုတ်ဘူး .."

အပြစ်တင်ဖို့ထက် ကံသီလို့လွဲသွားခဲ့ရသည့် ကိုယ့်အဖြစ်ဆိုးမယ့်ပုံကိုတွေးကာ ဒေါ်ဇင်မာလွင် ရင်တွေတုန်နေတာ မပြီးနိုင် ..။

ကားကြီးက ခြံထဲကို ဝင်မသွားဘဲ ဈေးထားသည့် တံခါးချပ်ကြီးတွေနား ဦးတိုက်ရပ်သွား၏။ ပြီးတော့ လူရွယ်တစ်ယောက် ကားရှေ့ခန်းကနေ ဆင်းပြေးလာပြီး ကျနေသည့် အံဆွဲကိုကောက်ရင်း ..၊

"ဘာမှမဟုတ်ဘူး ဆရာရေ .. အံဆွဲပိုလေး ထွက်ကျတာ .."

ဘေးမှာ လူတစ်ယောက်လုံး အထိတ်တလန့်ကြီးရှိနေသေးတာကို တစ်ချက်မှမကြည့်ဘဲ အံဆွဲကိုကောက်ပြီး ချာခနဲပြန်လှည့်၏။

"ဟဲ့ .. ဒီမှာသူငယ် .."

"ဗျာ .."

ခေါ်လို့လှည့်ကြည့်တာပေမယ့် သူကပဲ တစ်ခုခုကို သတိရသွားသလို မျက်နှာမှာ ဝင်းလက်သွားကာ ..၊

"အန်တီက ဒေါ်ဇင်မာလွင် လား မသိဘူး .."

"ဟုတ်တယ် .. ဘာဖြစ်လို့လဲ .."

"ဟာ .. အတော်ပဲ .. ဆရာရေ ဒီမှာ အိမ်ရှင်က အပြင်ရောက်နေတာ .. ဟင်!.. ဘာလဲ ..၊

ဒေါ်ဇင်မာလွင် မျက်မှောင်ကုတ်သွားသည်။ ပြစ်တင်မောင်းမဲ ခေါ်လိုက်ပြီးမှ ဘာတွေဖြစ်နေမှန်းမသိခြင်းကြောင့် ထိတ်လန့်နေတာ



တွေတောင် ပျောက်ကုန်၏။

"တံခါးဖွင့်ပေးဖို့ ပြောလိုက်လေကွာ .. ပစ္စည်းတွေ လာပို့တာလို့ .."

ကားထဲက လှမ်းအော်သံကြားရပြီး လူရွယ်က ဒီဘက်ပြန်လှည့်ကာ ..

"အန်တီ .. ကျွန်တော်တို့က ဒီအိမ်အတွက် ပရိဘောဂတွေလာချတာပါ၊ တံခါးလေးတစ်ချက်လောက် .."

"ဘာတွေပြောနေတာလဲ .. ငါက ဒီအိမ်ကမှ မဟုတ်တာ .."

"ဗျာ .."

လူရွယ်က ခေါင်းတစ်ချက်ကုတ်၏။ ပြီးတော့ တံခါးမဖွင့်သည့် တိုက်ကြီးကို တစ်လှည့် လူကိုတစ်လှည့်ကြည့်၍ ..၊

"အန်တီက ဒေါ်ဇင်မာလွင် ဆို .."

"ဟုတ်တယ် .."

"ကျွန်တော်တို့ကလည်း ဒေါ်ဇင်မာလွင့် ဆီလာပို့တာ .. ဒီအိမ်က .."

"ဖွင့်နေပြီ .. ဟောကောင်ရေ .. လာတက်ဟ .. မြန်မြန် .. ကားပိတ်လို့ကြာ၊ တံခါးမဖွင့်လို့ကြာနဲ့ .. မင်းကတစ်မျိုး .."

"ဗျာ .."

စပယ်ယာ ဖြစ်ပုံရသည့် လူရွယ်က အံဆွဲတစ်ဖက်နှင့် ခေါင်းထပ်ကုတ်၏။ ပြီးတော့ ဟိုကြည့်ဒီကြည့်နှင့် ပြေးထွက်သွားသည်။ ဒေါ်ဇင်မာလွင် ထမီစတစ်ဖက်မကာ ကားနဲ့လွတ်ရာကို မြန်မြန်လျှောက်ထွက်ခဲ့ရ၏။

ဒီလောက်ထိ တူနိုင်လွန်းတဲ့နာမည် ..။

ဒီနာမည်ကိုက တူပဲတူနိုင်လွန်းတာပါ .. တူနေရခြင်းကိုပဲ စိတ်တိုမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"ကျွန်တော် ဘာနဲ့တူနေသလဲဆိုတာ အန်ကယ်လ် စိတ်မဝင်စား ပါနဲ့၊ ခုချိန်မှာ အန်ကယ့်လ် ဆုံးဖြတ်ချက်မှားသွားခဲ့ရင် အခြေအနေ တွေ ဘယ်လိုပြောင်းလဲသွားနိုင်သလဲဆိုတာပဲ အန်ကယ်လ် တွေးရမှာ-"

"ဘာပြောင်းစရာရှိသလဲ ရဲသွေး .. မင်းနဲ့လက်တွဲမှ ကြီးပွားတင့် တယ်နိုင်မယ်ဆိုတာတွေ ငါ ဆုံးရှုံးရမယ့် စာချုပ်အရ အပြီးသတ် ရှယ်ယာ ကို သတ်မှတ်တဲ့ရက်မှာ မထည့်သွင်းနိုင်ရင် သွင်းထားတဲ့ ကြိုတင်အ စပ်ငွေတွေဆုံးမယ် .."

"မဟုတ်သေးပါဘူး .. ဒါတင်မကပါဘူး အန်ကယ်လ်၊ ကုမ္ပဏီ က လျှာထားခံရပြီဆိုရင် ဦးရေအတွက် ရှယ်ယာဆုံးရှုံးမှုဆိုတာပါ တည် တွက်တယ်၊ ပျက်ကွက်သူက ရှယ်ယာနှစ်ခုစာ လျှော်ပေးရမယ်ဆိုတာ စာချုပ်ထဲမှာပါပြီးသား .."

"ဒါကြောင့် မင်းကို ငါပြောတာ ရဲသွေး၊ မင်းက လူငယ်တစ် ယောက်ပေမယ့် ဟိုတုန်းက ပရိသတ် ခဲနဲ့ပေါက်တာခံရတဲ့ ပုဏ္ဏားယု တွေ၊ ချစ်တီးတွေ လမ်းကြောင်းမျိုး ပြန်ခင်းနေတာ၊ ကိုယ့်ကိုယ်ကို ဘာနဲ့တူနေပြီလဲဆိုတာ ပြန်ကြည့်ပါဦး .."



"ပရိသတ် ခဲနဲ့ပေါက်ခံရမှ ညကြေးပိုရတယ်ဆိုတာလည်း ထည့် ပြောပါဦး အန်ကယ်လ်၊ လူကြမ်းလုပ်ပြီဆိုမှတော့ မကြမ်းရင် ပူကြမ်း ဖြစ်ပါ့မလား .. ကျွန်တော် အန်ကယ့်လ်ကို လက်တွဲဖို့ဆုံးဖြတ်ကတည်း က လွယ် ကြောင့် .."

"ငါလည်း အစွမ်းကုန်ကြိုးစားခဲ့တာပဲ .."

"အန်ကယ်လ် မကြိုးစားခဲ့ပါဘူး .."

မျက်နှာချင်းဆိုင် ရပ်နေကြသည့်နေရာက အပေါ်ထပ်ထောင့်ခန်း မှာဖြစ်ကာ ဟိုတယ်လ်၏ ရှုမြင်ကွင်းတစ်ခုလုံးကို စီးမိုးမြင်နေရ၏။ ဒီဟိုတယ်လ်ကြီးကိုလည်း ရဲသွေး ပဲ ပိုင်တော့မှာဖြစ်သည်။ အဆင့်မြင့် ဖျော်ဖြေရေးတွေ၊ စားသောက်ခန်းမကြီးတွေနှင့် အတွေးသစ်အမြင်သစ် တွေနဲ့ ဖွဲ့စည်းတည်ဆောက်ခဲ့တာဖြစ်သည်။

အထပ်သိပ်မများဘဲ သက်တောင့်သက်သာစိတ်ကြည်အပန်းဖြေ ရေးကို ဦးစားပေးထားတာမို့ ဒီဟိုတယ်လ် သူ့လက်ထဲရောက်ပြီဆိုတည်း က လူသိများခဲ့တာဖြစ်သည်။

တကယ်က ဒီဟိုတယ်လ်ကို ပုံဖော်ဖို့က ခုလိုပုံစံမျိုးမဟုတ်ပေ။ သူ့ဆီချည်းကပ်လာတည်းက ရဲသွေး က ဒါကိုလက်ညှိုးထိုးပြခဲ့ပြီး ..၊

"သူ ဒီအလုပ်ကို မနှစ်သက်ဘူးဆိုလို့ ယောဒီဟိုတယ်လ်နဲ့ သူ့ကို သီးသန့်ထားပြီး စီမံခန့်ခွဲစေမှာပါ၊ ယောက်ျားလုပ်တဲ့အလုပ်ကို နားလည် လာအောင် တဖြည်းဖြည်း စည်းရုံးနိုင်မလားဆိုတာကတော့ ကျွန်တော့် အရည်အချင်းပေါ့လေ၊ သူ့အချစ်ကိုရဖို့မကြိုးစားဘဲ ပိုင်ဆိုင်ဖို့အတွက် ဗီလိန်ဆန်ဆန်ကြိုးစားရမှာကလွဲရင် ကျွန်တော့်ဘက်က ရိုးသားတဲ့ အကြောင်းအန်ကယ်လ်က ပြောပေးရမှာနော် .."

ဤသို့ စတင်ကမ်းလှမ်းခဲ့တာဖြစ်သည်။

"ချစ်တာ မေတ္တာတွေ ကျွန်တော်ကတော့ သိပ်ဂရုမစိုက်ပါဘူး၊ မျက်တောင်တစ်ခတ်တိုင်းက စိတ်ဝင်စားဖို့ကောင်းအောင်လှနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မြင်မြင်ချင်းပဲ ဒီမိန်းကလေးကို ငါရမှဖြစ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်က တန်းဖြစ်သွားတာ ..."

ထိုစဉ်က ဦးကောင်းမိုး ပြောခဲ့ဖူးပါသည်။

"မင်းတို့ချင်း မေတ္တာမျှအောင်အရင်ကြိုးစားသင့်တယ် မောင်ရဲသွေး ငါပြောတဲ့စကားဆို သူက နားမဝင်ချင်ဘူး၊ မင်းက ကျူပ်နဲ့ လုပ်ငန်း ပါတနာဖြစ်တော့မယ်သူ ..."

"မလိုပါဘူး .. အမိကက အန်ကယ်လ် ကျွန်တော့်ဘက်ကို သာသာ ထိုးထိုးလေးပြောပေးဖို့ပဲ၊ ကျွန်တော် စိတ်ပင်ပန်းနွမ်းနယ်လာတဲ့အခါ အဲ့ဒီမျက်နှာလေးကိုကြည့်ပြီး အမောဖြေခွင့်ရရင်ပြီးတာပဲ၊ ချစ်တာတွေ ဘာတွေက ဟွန်း .. ပြီးတော့လည်း ပြီးတာပါပဲ .." တဲ့ ...။

ခုကျမှ မပြီးမှန်းသိတော့ သင်း ဘာလုပ်နိုင်လို့လဲ ...။

"အန်ကယ်လ် ကျွန်တော် ပြောနေတာတွေကို ကြားပါတယ်နော်.."

ရဲသွေး အသံကြားတော့ စိတ်က ပြောလက်စစကားဆီ ပြန်ရောက်လာ၏။

"အန်ကယ်လ် လုပ်ရမယ့်အပိုင်းမှာ တာဝန်မကျေခဲ့လို့ ကျွန်တော် အဆင်မပြေဖြစ်ကုန်တာ၊ မွေးနေ့မှာ စေ့စပ်ပေးတည်းက အန်ကယ်လ် ဘယ်လောက်ထိ လုပ်နိုင်သလဲဆိုတာ ကျွန်တော် ခန့်မှန်းမိတယ်၊ အဲဒါ ကြောင့် စိတ်ပူပြီး ချက်ချင်းလက်ထပ်ဖို့ကြိုးစားတယ်၊ ကြိုးစားလိုက် တော့ တလွဲတွေထပ်ဖြစ်တယ်၊ ဒါပေမယ့် အန်ကယ့်လ်မျက်လုံးထဲမှာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေတာ မတွေ့ရဘူး .. ကျွန်တော့်ကိုပဲ .."

"မင်းကို အရမ်းဖိအားမပေးဖို့ ငါ သတိပေးခဲ့တယ် ရဲသွေး .."

"ဒါတောင် အခု ဘာတွေဖြစ်ကုန်ပြီလဲ အန်ကယ်လ် ကြည့်လေ.."

"အဲ့ဒါ ဖိအားကြောင့်ဖြစ်ကုန်တာပဲ၊ သူ မင်းကိုမှ လက်မထပ် ချင်တာမဟုတ်ဘူး ရဲသွေး .. ငါနဲ့ ငါ့ပတ်ဝန်းကျင်ကိုပဲ သူ သဘော မကျခဲ့တာ .."



"အဲဒါတွေအတွက် ဒီဟိုတယ်လ်ကြီးကို သူ့အတွက်ပါဆိုတာ အန်ကယ်လ်မှ မပြောဘဲ .."

"နှန်းတော်ကြီးပဲဖြစ်ဖြစ် လွယ် က မက်မှာမဟုတ်ဘူး၊ ငါ့တူမ အကြောင်း ငါသိတယ် .."

"ကျွန်တော်လည်း သိတယ်၊ အဲဒီလိုမိန်းမမို့လို့ တန်ရာတန်ကြေး ဆိုတာ ဒီလောက်မြင့်တက်လာတာပေါ့၊ ကျွန်တော့်အတွက် မိန်းမမရှား ဘူး အန်ကယ်လ် .. ရှီးတာအေးတာ လည်တာသွက်တာ ကျိုကျိုတက် ချမ်းသာတာ ဘယ်လိုမိန်းမဖြစ်ဖြစ် ဖုန်းတစ်ကောလ် မက်ဆေ့ချ်တစ် ကြောင်းနဲ့ရတယ် .."

ဦးကောင်းမိုး ရဲ့ မကျေနပ်သည့်အကြည့် ဝင့်တက်လာသည်။

"အခု သူ့ကို အန်ကယ်လ် တွေ့အောင်ရှာပေးမလား၊ ကျွန်တော် ရှာရမလား .. ကျွန်တော်ဆိုရင်တော့ ပွဲကကြမ်းမှာနော် .."

"နေပါဦး မောင်ရဲသွေး .. မင်းနဲ့ငါက ဘယ်လောက်ထိ ပတ်သက် နေလို့ ဒီလိုကြိမ်းမောင်းခြိမ်းခြောက်တဲ့စကားတွေ လာပြောနေတာလဲ.."

"ဒီမှာ အန်ကယ်လ် မသိသေးဘူးဆိုရင် မှတ်ထား .. ပတ်သက်မှု ဆိုတာ လုပ်ယူလို့ရတယ် .. ခင်ဗျား ယုံလား .."

ခင်ဗျားတွေဘာတွေ ပါလာကာ ရဲသွေး မျက်နှာက တင်းမာလာ သည်။

ဦးကောင်းမိုး ကလည်း နောက်မကျသော တင်းမာမှုတွေနဲ့ တုံ့ပြန် ကြည့်ကာ ...၊

"သိတယ် ရဲသွေး .. ငါကလည်း ငါ့ရဲ့ဆန္ဒတစ်ခုပြည့်ဝဖို့အတွက် ဒီနေ့ထိ နာမည်ပျက်ခံခဲ့တယ်၊ ငွေကို လောဘတကြီးရနေခဲ့တာ .. အဲ့ဒီ မိန်းကလေးအပေါ်မှာလည်း တစ်ခါတစ်ခါ မိဘလိုမေတ္တာထားမိလိုက် တစ်ခါတစ်ခါ မိဘမဲ့လေးမို့လို့ အနိုင်ကျင့်မိသလိုဖြစ်လိုက် .."

ဦးကောင်းမိုး ငိုင်တွေသွားကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတစ်ခါကျတော့ ဒီမိန်းကလေးက ငါ့ရဲ့အတ္တလောဘ အောက်မှာ ကြိုးဆွဲရုပ်သေးလေးလို ကခဲ့ရတယ်၊ တစ်ခါတစ်ခါကျတော့ လည်း တောစိတ်ဝင်လာတဲ့ ကျားပေါက်လေးနဲ့တူတယ်၊ ဒါပေမယ့် သူ့ရဲ့ မိဘမဲ့ဘဝလေးကိုသိပြီး ဆင်ခြင်ပြီး ထိန်းချုပ်နိုင်ခဲ့တဲ့ မိန်းကလေး ပါ .."

"ဒရာမာတွေ လာချိုးမနေနဲ့တော့ အန်ကယ်လ် .. နင့်တဲ့ ဇာတ်တွေကို ဘယ်တုန်းကမှ ကျွန်တော် မကြိုက်ခဲ့ဘူး .."

"ဟုတ်တာပေါ့ .. မိဖုရားဖြစ်သွားတဲ့ မဗျိုင်းလည်း ဆီးသီးကို ဘာသီးမှန်းမသိပါဘူးလို့ ပြောခဲ့တာပဲ .."

"အန်ကယ်လ် ဘာကိုပြောချင်တာလဲ .."

"မင်းက နင့်ခဲ့တဲ့လူပဲ၊ မင်းကခဲ့ရတာ နင့်တာထက်ပိုနင့်တဲ့ လောကဓံ ဇာတ်ကြမ်းကြီးလေ၊ ငါက သူများယယ်ကျူးယယ်နာကို ဖော်ပြချင်လို့ မဟုတ်ပါဘူး .. မင်းရဲ့စကားတွေ တရားလက်လွတ်ဖြစ်သွားမှာစိုးလို့ ပါ .. ငါကတော့ ငါ့ဘဝမှာ နင့်လောက်စရာမရှိခဲ့ပေမယ့် ငါ့ကြောင့် မိသားစုတစ်စုဘဝ ပျက်ခဲ့ရတာကို ဘယ်တော့မှ မမေ့ဘူး၊ အဲ့ဒီအတွက် ကိုယ့်ကြောင့် ပေါက်ပြစ္စွန်းထင်းခဲ့တဲ့ အတိတ်ကို ဖာထေးပြင်ဆင်ရမယ် ဒါ .. ငါ မဖြစ်မနေလုပ်ရမယ့်အလုပ်ပဲ .."

စကားသံတို့သည် ပြည့်ဝနိုင်မာနေကာ ..၊

"အဲဒါတွေကို ငါ နှလုံးစွဲပြီး ရှုပ်ရှုပ်ရှုံ့ရှုံ့ကြိုးစားခဲ့တာ အခု ပြည့် သွားပြီ ရဲသွေး .. ငါ့ရည်မှန်းချက်အတွက် ငါ ကြိုးစားခဲ့တာ အရာထင် သွားပြီ .."

"ခုပြောနေတဲ့ကိစ္စနဲ့ အန်ကယ်လ်ဘဝကို ဖက်စပ်တင်ပြနေရ အကြောင်းကဘာလဲ .."

"မင်း ခြိမ်းခြောက်နေတာတွေ အရာထင်မှာမဟုတ်ဘူးဆိုတာ သိစေချင်တာ .."



"ဟား .. ဟား .. ဟား .."

ရဲသွေး ရုတ်တရက်ကြီး ရယ်ပစ်လိုက်သဖြင့် ဦးကောင်းမိုး က မျက်မှောင်ကုတ်ပြီး စိုက်ကြည့်နေ၏။ လူကို ကျောခိုင်းသွားပြီး စိမ် ပြေနပြေ ခြေလှမ်းတို့ဖြင့် လျှောက်ထွက်သွားသည်။

ပြီးတော့ နေရာမှာရပ်၍ ချာခနဲပြန်လှည့်ကြည့်ကာ ..၊

"ကျွန်တော့်ကိုတော့ ဆီးသီးသည်မဗျိုင်းနဲ့ နှိုင်းပြီး ခင်ဗျားကျတော့ ကိုယ့်ကိုယ်ကိုယ် သိပ်ကိုသိတတ်နားလည်နေတယ်ပေါ့ .. ဟုတ်လား.."

ဦးကောင်းမိုး က ဒီတိုင်း စူးစိုက်ကြည့်ရင်း ငြိမ်နေခဲ့၏။

"ခင်ဗျား အခု ဘယ်ခြေလှမ်းတွေလှမ်းနေသလဲဆိုတာ ဘယ်သူမှ မသိဘူးထင်ရင်တော့ ခင်ဗျားဟာ ပတ်ဝန်းကျင်ကို လုံးဝအထင်သေး နေတဲ့လူပဲ .."

"ပြောစမ်းပါဦး .. ကျုပ်က ဘယ်ခြေလှမ်းတွေ လှမ်းနေခဲ့သလဲ.."

"ခင်ဗျားကို လွယ် က ဦးလေးလို မဆက်ဆံတာ ဘာဖြစ်လို့လဲ၊ တူမဆိုပြီး သူ့ကို ခင်ဗျား နိုင်နိုင်နင်းနင်းဦးဆောင်ချုပ်ကိုင်လို့မရတာ ဘာ့ကြောင့်လဲ .. အဲ့ဒါတွေက ခင်ဗျားရဲ့ မှုမမှန်ခြေလှမ်းတွေပဲလေ၊ ခင်ဗျား ငွေတွေ ဘာလို့ ဒီလောက်တောင်လိုအပ်နေတာလဲဆိုတာ ဘယ် သူမှ မရိပ်မိဘူးထင်လို့လား .."

"ဗွန်း .."

"ခင်ဗျားကိုယ်ခင်ဗျား ငါ့ရည်ရွယ်ချက်ပြည့်ပြီလို့ထင်ပြီး ကျေနပ် မသွားနဲ့ ဦးကောင်းမိုး၊ လူမတတ်ပေမယ့် လက်ဖက်ထုပ်တတ်တယ် ဆိုတာ ကြားဖူးတယ်မို့လား .. လွယ် ကလည်း ငတုံးမလေးမှမဟုတ်ဘဲ၊ သူ့ပစ္စည်းတွေကို ခွအုပ်ပြီး ခင်ဗျားတစ်ဖက်မှာ ပုံပိုးနေရတာတွေကို.."

"ဟား .. ဟား .. ဟား .."

ဦးကောင်းမိုး က ရဲသွေး ရယ်ခဲ့တုန်းကထက်ပို၍ ကျယ်ကျယ် လောင်လောင်ရယ်ချလိုက်ကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ရဲသွေး ရာ .. မင်း စကားစလိုက်တော့ ငါ့မှာ ခေါင်းနားပန်း တောင်ကြီးသွားတယ်ကွာ .. တကယ်ပြောလိုက်တော့လည်း .. ဟား .. ဟား .. ဟား .."

ရယ်သံကြောင့် အသည်းတွေယားလာကာ ရဲသွေး မျက်နှာ ချက်ချင်း နီလာ၏။ ဦးကောင်းမိုး က ဟန်လုပ်ရယ်နေတာ မဟုတ်ဘဲ အားပါး တရကြီး ဖြစ်နေသဖြင့် ပို၍ခံရခက်နေ၏။

တော်တော်ကြာအောင်ရယ်နေပြီးမှ ခေါင်းညိတ်နေရင်း ရယ်လက်စ နှင့် ..၊

"မသိသေးဘဲနဲ့ မှန်းသမ်းမပြောရဘူးကွ .. ငါတို့ပြောနေတဲ့စကား တွေက ဘောလုံးပွဲအနိုင်အရှုံးငြင်းနေကြတာမဟုတ်ဘူး၊ လူတစ်ယောက် ရဲ့ဘဝအရေး .. မင်း သိသလို မှန်းဆပြောတာက ငါနဲ့ ငါ့တူမအကြောင်း အေး .. တစ်ခုတော့ ငါ့ဘက်က ပြင်ဆင်ဖြည့်စွက်ပေးနိုင်တယ်၊ အဲ့ဒါက မင်းပြောနေတာတွေ တစ်ခုမှ မမှန်ဘူးဆိုတာပဲ .."

ရယ်လက်စ မျက်နှာက တည်တည်တံ့တံ့ဖြစ်သွားခဲ့ပြီး ..၊

"လွယ်လွယ်ခက် ရဲ့ စီးပွားဥစ္စာတွေကို ငါ သုံးဖြုန်းနေတယ်ဆို တာ မှန်သင့်သလောက်မှန်တယ် .."

"ဟွန့် .."

မှန်သင့်သလောက်ပဲ မှန်တယ်ဆိုတော့ ရဲသွေး က နှုတ်ခမ်းမဲ့သည်။

"တစ်ဖက်မှာ ပံ့ပိုးနေတယ်ဆိုတာကိုတော့ မင်း ဆက်ပြောပါဦး ဘာကို ပံ့ပိုးတယ်ထင်လဲ .."

"အဖြေတစ်ဝက်ပေးထားတဲ့ မေးခွန်းတွေမှာ ခင်ဗျား ကျွမ်းကျင် ပုံရတယ် .."

"မင်းလို ရမ်းသမ်းခန့်မှန်းလိုက်ရင် ဖြောင်လိမ်ပြီး ဟားတိုက်ခံ ရမှာစိုးလို့ပါ၊ မင်းမပြောလည်း ငါ ဖြေပေးနိုင်တယ် ရဲသွေး၊ မင်း မသိ တာတွေ ငါ ပြောပြလိုက်မယ်၊ လွယ်လွယ်ခက် က ငါ့ရဲ့တူမမဟုတ်ဘူး.."



ရဲသွေး အံ့သြသွားခြင်းကို ဟန်မဆောင်နိုင်၊ ဦးကောင်းမိုး မျက်နှာ မှာ သရော်လှောင်ပြောင်ဟန်တွေ ထပ်ဖြစ်မလာခဲ့တော့ပေ ..။

"အရင်းလည်းမတော်ဘူး .. အဖျားလည်း မတော်ဘူး .. ငါက သူ့ရဲ့ ပထွေးပဲ .."

အံ့သြသည့်မျက်နှာက မည်းခနဲ မှောင်ကျသွားသည်။ ပြီးတော့ တစ်လှမ်းချင်းပြန်လျှောက်လာ၏။

"အဲ့ဒီတော့ ငါသာ ယုတ်မာချင်တဲ့စိတ်ရှိခဲ့ရင် သူ့စည်းစိမ်ဥစ္စာကို သုံးဖြုန်းပြီး တစ်ဖက်မှာ ပံ့ပိုးနေစရာလိုသလား၊ သူ့ကို မြင်လိုက်တဲ့ ဝုရိသယောကျ်ားတွေတောင် မင်းလိုပဲ အရူးအမူးဖြစ်ကြရတာ၊ ဒီမိန်းကလေး ငါ့မျက်စိရှေ့မှာပဲ ကြီးပြင်းလာခဲ့တာလေ၊ ငါတစ်ယောက်ရဲ့အရိပ်ကို ခိုပြီး အားကိုးရှင်သန်လာခဲ့တာ မင်း တွေးကြည့်လိုက် .."

ရဲသွေး တကျိုကျိုအံကြိတ်နေတာ ဒီတိုင်းကြားနေရ၏။

"ဒီမိန်းကလေးကို ငါ့သမီးလေးလို မချစ်နိုင်ပေမယ့် သမီးရင်းလို ပဲ သဘောထားခဲ့တယ်၊ သူ့ရှေ့ရေးအတွက် သန့်ရှင်းတဲ့စေတနာ မပါ ခဲ့ပေမယ့် မင်းနဲ့ လက်ထပ်ပေးမယ့်အစီအစဉ်မဖြစ်မြောက်တော့ဘူးဆို ရင်လည်း ငါထပ်ပြီး ဖိအားပေးမှာမဟုတ်ဘူး .."

"ဒါပေါ့ .. ခင်ဗျားက မျောက်ပြဆန်တောင်းနေတာကိုး .."

"ဒီ့ထက် အဆင့်အတန်းရှိတာလေး ပြောစမ်းပါကွာ .. လွယ့် ကြောင့် ငါ့အကျိုးစီးပွားတိုးတက်ခဲ့တာ 'ဆန်' တွေရနေလို့မဟုတ်ဘူး၊ ရွှေတစ်နေ့ ငွေတစ်နေ့ မစဲဘဲ ရွာချပေးနိုင်တဲ့ မိုးနတ်သမီး၊ လွယ်လွယ်ခက် က နတ်သမီးတစ်ပါးပဲ .."

"အဲဒီနတ်သမီးကို ကျုပ်က ရအောင်ယူပြမယ် ဦးကောင်းမိုး .."

"လုပ်ပါ .. မင်း ရသွားတယ်ဆိုရင်လည်း ငါက ဝမ်းတောင်သာ ဦးမှာ .. မင်းက လူတော်လူကောင်းတစ်ယောက်တော့မဟုတ်ပေမယ့် မဆိုးလှပါဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"လွယ့် ကို ရသွားရင်တော့ ကျုပ်ကို ခင်ဗျား ဆိုးလှချေရဲ့လို့ ထင်တော့မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ .."

"သိပြီးသားပဲ ရဲသွေး .. မင်း ခဏခဏ ကြိမ်းဝါးနေစရာမလိုဘူး၊ ခုန ငါပြောခဲ့တဲ့ စကားတွေ လိုရင်းမရောက်လိုက်ဘူးထင်တယ်၊ ခုချိန်မှာ ငါက ပြည့်ပြီးသားအိုးပဲ .. ထပ်ပြည့်ရင် လျှံမယ် .. မလျှံရင်လည်း ရတာပဲ .."

"ကျုပ်က ရိုက်ခွဲဖို့ကြိုးစားမှာ .. ခင်ဗျားရဲ့ လျှို့ဝှက်ချက်ဘာထပ်ရှိသေးလဲဆိုတာ မကြာခင်ပေါ်လာမှာပါ၊ တစ်ခုပဲ သတိပေးထားလိုက်မယ်၊ လွယ်လွယ်ခက် ကို ခင်ဗျားကိုယ်တိုင်ရှာဖွေလာပြီး ကျုပ်လက်ကို အပ်မယ်ဆိုရင် ခင်ဗျားနဲ့ ကျုပ် အရင်အတိုင်းပဲ .."

သူက စကားရပ်လိုက်ကာ ..၊

"ကျုပ်ပြောချင်တာဒါပဲ .."

"မင်းက ချိန်းတာဆိုတော့ မင်း ပြောချင်တာပြီးပြီဆိုရင် ငါက ပြန်ရမှာပေါ့၊ မင်းကို ငါတစ်ခုတော့ တောင်းဆိုချင်တယ် .."

"လိုက်လျောမှာပဲလို့ ထင်နေတုန်းပဲလား ဦးကောင်းမိုး .."

"ဖြစ်ပါတယ် .. ဒါပေမယ့် မင်းသိသွားရင်ပဲရပြီ၊ မင်းက မက်လောက်စရာတွေအပြည့်နဲ့လူရွယ်တစ်ယောက်ပါ၊ အဲဒါကြောင့် ငါ မင်းနဲ့ လွယ့် ကို သဘောတူတယ်၊ ဒါပေမယ့် သူ သဘောမတူဘဲ မင်းကဖြစ် ဖြစ် ငါကဖြစ်ဖြစ် သူ့ကို အတင်းဆွဲချုပ်လက်ထပ်ခိုင်းမယ်ဆိုရင်တော့ မင်းထင်သလို အမောပြေနိုင်မယ့် ဇနီးချောဇနီးလှလေးဖြစ်လာမှာ မဟုတ်ဘူး၊ မုန်းနေတာထက် မချစ်တာက ပိုဆိုးတယ်၊ ချစ်လည်း မချစ် မုန်းလည်း မုန်းနေတဲ့အပြင် ရွံရှာတဲ့အထိဖြစ်ရင် .."

"ကန်ထုတ်ပစ်လိုက်မှာပေါ့ဗျ .. ဟွန်း .. အဲဒီအချိန်မှာ သူ့ဘဝကလည်း ကြိတ်စက်ကနေ ပစ်ကျလာတဲ့ ကြံဖတ်ဖြစ်နေပါပြီ .."

ဦးကောင်းမိုး ကျိခနဲအံကြိတ်သည်။ သံယောဇဉ်နှောင်ဖွဲ့ခြင်းဆို



တာ သွေးသားတော်စပ်ခြင်းနဲ့ဆိုင်သလား မဆိုင်ဘူးလားမသိ ..။

လွယ့် အတွက် စိုးရိမ်စိတ်နှင့် မုန်းတီးခြင်းက တစ်ပြိုင်တည်း ဖြစ်ပေါ်လာခဲ့လျက် ..၊

"မင်းကို ငါပြောလိုက်မိတဲ့ အထင်ကြီးလေးစားခြင်းတွေကို ခုပဲ ပြန်ရုတ်သိမ်းတယ် ရဲသွေး .. မင်းလိုကောင်နဲ့ ငါ့တူမကို ငါ လုံးဝ သဘောမတူဘူး .."

"ဟား .. ဟား .. ဟား .."

"မင်း သူ့ကို ရှာဖွေပြီး ဒုက္ခပေးမယ်မို့လား .. ဒါပေမယ့် မင်း အကြံအောင်မှာမဟုတ်ဘူး .."

ဦးကောင်းမိုး က ရဲသွေး မျက်နှာကို စူးစိုက်ကြည့်ရင်း ..၊

"ဘာဖြစ်လို့လဲဆိုတာ သူ ဘယ်မှာရှိနေတယ်ဆိုတာ မင်း မသိသေးလို့ပဲ .."

ရဲသွေး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ထို့ကြောင့် ရှေ့ကိုစိတ်လောကြီးစွာ တစ်လှမ်းတိုးလိုက်လျှင် လူချင်းပိုနီးသွားခဲ့ပြီး ..၊

"ခင်ဗျားက ကျုပ်ကို ထိန်ချန်ထားတယ်ပေါ့ .."

"ငါ့ဘဝမှာ တစ်ပါးသူကို အကြွင်းမဲ့ယုံတယ်ဆိုတာ တစ်ခါမှ မရှိခဲ့သေးဘူး .."

"ခွပ် .."

"ဘုတ် ..."

မြန်ဆန်လွန်းသည့် လက်သီးချက်နှင့်အတူ ကန်ချက်တစ်ချက်က ခါးစပ်ကို ကျကျနနထိသွား၏။ ဦးကောင်းမိုး ဘေးတိုက်ပစ်လဲသွားသည်နှင့် ရဲသွေး က အင်္ကျီရင်ဘတ်စကို ဆုပ်ဆွဲထူလိုက်ကာ ..၊

"ရတယ် ဦးကောင်းမိုး .. သူ ရှိတဲ့နေရာကို ကျုပ်သိဖို့မလိုပါဘူး၊ ခင်ဗျားရင်ထဲက သံယောဇဉ်တွေကို သိလိုက်ရတဲ့အတွက် ကျေးဇူးပဲ ..၊ ခင်ဗျားလောက် သူခင်တွယ်ရင် မကြာခင် သူ ကျုပ်ရှေ့ကိုရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ် ..”

“ဟိတ်ကောင် .. မင်း ..”

“ခွပ် ...”

မျက်လုံးထဲမှာ မီးပွင့်သွားသည်။ နောက်ထပ် ဒေါသနှင့်ရင်းသော စကားလုံးတွေ ပြောဖို့ရှိနေသေးပေမယ့် အသိအမြင်အားလုံးတို့ မှောင်အတိကျသွားခဲ့၏။

“ဟား .. ဟား .. ဟား ..”

ရဲသွေး ၏ ရယ်သံကြီးအောင်မြင်စွာ ထွက်ပေါ်လာခဲ့သည်။ ထို့နောက် ရယ်နေရင်း တည်တင်းသွားခဲ့လျက် ...၊

ရွှေလက်နဲ့ ခေါ်တာမရတော့လည်း ကြိုးကွင်းစွပ် ဒရွတ်တိုက်ဆွဲပြီး ခေါ်ရုံပေါ့ ...။

မင်းကို ငါမပိုင်ရရင် ဒီစိတ်နဲ့ ရူးသွားနိုင်တယ် လွှယ် ...။ ငါ့လိုအင်ပြည့်ဝဖို့အတွက် မင်းကတော့ မင်းရဲ့ လိုအင်ဆန္ဒတွေကို စွန့်လွှတ်ရလိမ့်မယ် ...။

“ဟား .. ဟား .. ဟား ..”

တိတ်ဆိတ်စွာတွေးရင်း ဟားတိုက်ရယ်ချလိုက်တော့ အရူးလို ...။



## အခန်း (၂၇)

“ဘာ .. ဘယ်လို ..”

ဒေါ်ဇင်မာလွင် ဖန်ခွက်ထဲကို ရေထည့်ပြီးကာမှ မျက်လုံးအပြူးသားနှင့် အနားရောက်လာသည်။ ပြီးတော့ ရေမသောက်ဖြစ်ဘဲ ဖန်ခွက်ကို စားပွဲပေါ် ဒီတိုင်းချထားလိုက်ကာ ...၊

“ပြန်ပြောစမ်းပါ .. မင်း ပြောလိုက်တာ .. ဘာလဲ ..”

“မေမေ .. အဲဒါ ..”

“မေမေ သားကိုမေးနေတာမဟုတ်ဘူး ..”

ဒေါ်ဇင်မာလွင် က တစ်ယောက်ထိုင်ဆိုဖာမှာထိုင်ချလိုက်သည်၊ ပြီးမှ ...၊

“အိမ်ထောင်ကျတာနဲ့ အရေပြားရောဂါ စဖြစ်မှာပဲဆိုတာ မင်း ပြောလိုက်တာလား လွှယ် ..”

“ဟုတ်ပါတယ် အန်တီ ..”

“မင်း အဲဒါကို ခုမှပြောရလား .. ဒါကိုသိထားလျက်နဲ့ သားနဲ့ မင်း ..”

“လက်ထပ်ခဲ့တာပါ အန်တီ .. သူနဲ့ လွှယ် က ဘာမှ ..”

“ဟော့ .. နေဦး ..”

www.burmeseclassic.com

www.burmeseclassic.com



ပင့်သက်တဝကြီးရှိုက်ရင်း နေရာမှ ထရပ်လိုက်တော့ ရေခွက်ပါ တစ်ပါတည်းပါလာ၏။ ဖန်ခွက်ထဲမှာ ရေတစ်ဝက်လောက်ကျသွား အောင် သောက်လိုက်ပြီးမှ နေရာမှာ ပြန်ထားလိုက်ပြီး ..၊

"ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်တယ်၊ သူ့အိမ်မှာ လိုက်နေ နေတယ်ဆိုတည်းက မင်း ပြောချင်တာတွေက ဘာမှအရာမဝင်တော့ ဘူး၊ အိမ်ထောင်ပြုပြီးရင် အိမ်ထောင်ရေးကိုပဲတွေး၊ ပျိုတယ်အိုတယ်ဆို တာ မိနစ်ပိုင်းအတွင်းမှာ ဖြစ်ပျက်ပြောင်းလဲနိုင်တဲ့ကိစ္စ ဘာဖြစ်လို့ ဒီလောက်လွယ်လွယ်တွေးရတာလဲ .."

"လွယ်လွယ်တွေးခဲ့တာမဟုတ်ပါဘူး အန်တီ .. အစတုန်းက လွယ် ကိုယ်တိုင် ဒါကိုယုံကိုမယုံတာပါ၊ အန်ကယ့်လ် အပေါ်မှာ မကောင်းမြင် နေတဲ့စိတ်ကလည်း အတိုက်အခံပြုချင်တဲ့ဘက်မှာပဲ အလေးသာနေခဲ့ တော့ သူ လွယ့် ကို ချုပ်ကိုင်ထားချင်လို့ ဒီလိုပြောတယ်ပဲ ထင်ခဲ့မိတာ.."

"ခုတော့ ဘာကြောင့် ယုံသွားတာလဲ .."

လွယ် က နေမြဲ ကို လှမ်းကြည့်သည်။ နေမြဲ ကလည်း မျက်ခုံး ထူထူနှစ်ဖက် တွန့်ကုတ်နေလျက် ရူးရူးရဲရဲပြန်ကြည့်နေသဖြင့် သူမ မျက်လွှာချလိုက်မိရင်း ..၊

"ကိုယ့်ဘာသာ ဂရုမစိုက်ခဲ့ပေမယ့် နှစ်ယောက်ဖြစ်လာတဲ့အခါမှာ လွယ် စိုးရိမ်လာလို့ပါ၊ လွယ့် ကြောင့် ကိုနေ့ ကို .."

"အဲဒါနှစ်ယောက်မဖြစ်ခင်တည်းက မင်း စဉ်းစားရမှာ .. လူငယ် တွေ ဘာတွေလုပ်လာလာ ငါကလူကြီးမိဘနေရမှာ ဝတ္တရားကျေဖို့ပဲ စဉ်းစားခဲ့တယ်၊ ပြီးတော့ ဒါက အိမ်ထောင်ရေး .."

"လွယ် မှားသွားပါတယ် အန်တီ .. ဒါပေမယ့် လွယ် တို့ကို လက်ထပ် မပေးပါနဲ့ .."

"တောက် .."

ခပ်ပျော့ပျော့တက်ခေါက်ရင်း ဒေါ်ဇင်မာလွင် ခေါက်တုံ့ခေါက် ပြန်လျှောက်နေခဲ့၏။ သူမ ဝယ်ပေးထားသည့် အဝါရောင်တီရှပ်ပွပွလေး



ဒီသားအမိနဲ့တွေ့ကာမှ သူမ ရှဲ့ချင်တာတွေ၊ ဂရုမစိုက်ဘဲဘာတွေ ဘယ်ဆီရောက်ကုန်ရတာလဲ ..။

"မိဘကိုမတိုင်ပင်ဘဲ မင်းတို့ ကိုယ့်မင်းကိုယ့်ချင်းလုပ်ခဲ့ကြတယ်၊ မိဘကခွင့်ပြုပါပြီဆိုတော့လည်း မဟုတ်သေးပါဘူး ဖြစ်ကြပြန်ပြီ၊ အဲဒါ တွေကို ငါ ဘယ်လိုရှင်းရမှာလဲ .."

လွယ့် ဘက်ကိုပဲ မေးခွန်းတွေလှည့်ထုတ်နေသဖြင့် နေမြဲ မနေသာ တော့ပေ ..။

"ခဏလေးပါ မေမေ .. ကျွန်တော်တို့နှစ်ယောက်တည်းစကား ပြောခွင့်ပြုပါ .."

နှစ်ယောက်တည်းကျန်ခဲ့မှာကို မလိုချင်ပေမယ့် သူ ခွင့်တောင်း လိုက်တာနှင့် ဒေါ်ဇင်မာလွင် က အထဲဝင်သွားပေးခဲ့ပြီး ..၊

"လွယ် .. မင်း တမင်တကာပြောလိုက်တာမို့လား .."

"မဟုတ်ဘူး .."

"ဟုတ်တယ် .."

"မဟုတ်ဘူး နေမြဲ .. အဲဒါနဲ့ပတ်သက်ပြီး အန်တီ့ကိုပြောခဲ့တာ အမှန်အတိုင်းပဲ .."

လွယ် က ပျာပျာသလဲရှင်းပြကာ ပါးရိုးလေးပေါ်ဖြတ်ဆင်းနေ သည့် ဆံပင်တွေကို နားနောက်မှာ သိမ်းညှပ်လိုက်ရင်း ..၊

"လွယ် မှားပါတယ် .. အန်တီ့ ကို မဟုတ်ဘဲ ညာပြောခဲ့မိတည်း က မှားတာ .."

"မင်း ...."

မေမေ ကြားသွားမှာစိုးကာ သူ လွယ့် လက်လေးကို ဖမ်းဆုပ်ကာ ခြံထဲကိုဆင်းလာခဲ့၏။ ခြံဆိုတာ အကျယ်ကြီးတော့မဟုတ်ပေမယ့် မေမေ မကြားလောက်သည့်နေရာထိ ထွက်လာခဲ့ပြီး

"ရပ်ပြီပြော .."

လက်ကိုလွှတ်၍ မျက်နှာချင်းဆိုင်ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ကာ …။

"သိနေတဲ့အတွက် မင်းရဲ့သံသယစကားတွေ အကြည့်တွေကို သူ ရင်ဆိုင်ခဲ့ရတာလည်း မင်းဘဝတစ်လျှောက်လုံးပဲဖြစ်လိမ့်မယ် .."

လွှယ် က ဒါကို သူမကိုယ်တိုင် သတိမမူခဲ့မိသလို ဒေါ်ဇင်မာလွင့်ကိုနားမလည်သလိုလေးကြည့်နေခဲ့၏။

"မေမေက သူ့ဦးလေးပြောတဲ့စကားကို ယုံထိုက်တယ်လို့ပြောနေတာလား .."

နေမြဲ က ဝင်မေးသဖြင့် လှည့်ကြည့်လိုက်တော့ ကိုယ့်သားရဲ့ မျက်နှာမှာ ဒီအဖြစ်ကို မလိုလားသော စိုးထိတ်မှုတွေ သိသာထင်ရှားနေခဲ့တာ မြင်လိုက်ရသည်။

ကိုယ်တွက်ထားတဲ့အတိုင်းပဲမို့ ဒေါ်ဇင်မာလွင် စိုက်ကြည့်နေပြီးမှ ခေါင်းခါ၍ …။

"မဟုတ်သေးဘူး သား .. မေမေက သူ့ဦးလေးနဲ့ သူ့ကြားက ဆက်ဆံရေးကိုပဲ ထောက်ပြတာ၊ ဒီလူပြောတာ တကယ်ဟုတ်နိုင်တယ် မဟုတ်နိုင်ဘူးဆိုတာကတော့ သူကိုယ်တိုင်ပြောပြမှ သိနိုင်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလူနှစ်ယောက် ဘယ်လိုတော်စပ်ကြသလဲဆိုတာတောင် ပတ်ဝန်းကျင်က မသိခဲ့ဘူးလေ၊ လွှယ် လည်း သူ့ဘဝကို သူ သေချာမသိခဲ့ဘူး၊ ဟုတ်တယ်မို့လား .. ဒီထဲမှာ ပြောနိုင်တာ တစ်ယောက်ပဲရှိမှာပေါ့ .."

နေမြဲ အကြည့်တွေ လွှယ့် ဆီ ပြန်ရောက်သွားသည်။ ဒေါ်ဇင်မာလွင်က နှစ်ယောက်စလုံးကို အကဲခတ်၍ …။

"အခု မင်္ဂလာဆောင်ကိစ္စအတွက် ပြောသင့်တဲ့လူကိုပြောပြီးပြီ၊ စီစဉ်စရာရှိတာ စီစဉ်ဖို့လည်း မိတ်ဆွေတွေနဲ့ တိုင်ပင်ခဲ့တယ် .."

ဒေါ်ဇင်မာလွင် အပြင်ကိုမကြာခဏသွားလာနေတာ ကိုယ့်အကြောင်းနဲ့ ပတ်သက်ပြီး လိုက်စုံစမ်းနေသည်သို့ပဲ ထင်ခဲ့မိသဖြင့် လွှယ့် ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်သွားမိသည်။



နှင့် ပိတောက်ခြောက်ရောင် စကက်ရှည်လေးနဲ့ လွှယ် က ယဉ်ယဉ်လေးနဲ့ လှနေ၏။

မျက်လွှာပင့်ကြည့်လိုက်တိုင်း မျက်တောင်ကော့တို့က လိပ်ပြာတောင်ပံခတ်သလို ကဗျာဆန်သည်။ ပါးမို့လေးတွေက ဘယ်အချိန်ကြည့်ကြည့် ပန်းနုရောင်ညက်ညက်လေး …။

ဒီလောက်လှနေရသည့် မိန်းကလေးကို သား အလွှယ်တကူ စွန့်လွှတ်နိုင်ပါ့မလား …။

မိဘတို့စိတ်တိုင်းကျဖြစ်ခြင်းမဖြစ်ခြင်းနှင့် တိုင်းတာပြောရပါမူ ဒီမိန်းကလေးနဲ့လွဲရဖို့ ဖြစ်လာခြင်းကို ဝမ်းတောင်သာရဦးမှာဖြစ်သည်။

သို့သော် တစ်ဘဝလုံး မိဘစိတ်တိုင်းကျ နေထိုင်လာခဲ့သည့် သား အလိမ္မာလေးအတွက် သူ ကိုယ်တိုင် ဦးဆောင်လျှောက်လှမ်းရမည့်ဘဝ တစ်ဆစ်ချိုးမှာတော့ စိတ်ချမ်းသာပျော်ရွှင်စေချင်သည်။

ထို့အတွက် ဒိုယ့်ဘက်က အတတ်နိုင်ဆုံး လိုက်လျောပေးဖို့လည်း ဆုံးဖြတ်ထားခဲ့သည်ဖြစ်ရာ …။

"မင်းမိဘ ဘယ်သူတွေလဲ လွှယ် .. မင်းရဲ့ဦးလေး ပြောခဲ့တုန်းက မယုံကြည်ခဲ့ဘူးဆိုတာ ဘာဖြစ်လို့လဲ .."

"သူက လွှယ့် ဦးလေးမဟုတ်လို့ပါ၊ ပထွေးဖြစ်ပေမယ့် လွှယ့်ကို မယားပါသမီးလို မဆက်ဆံခဲ့တာတစ်ခုကလွဲရင် သူ့အကျိုးအတွက်ဆို .."

"နေဦး လွှယ် .."

ဒေါ်ဇင်မာလွင် က နေမြဲ ရဲ့ ဘေးမှာ ထိုင်လိုက်ကာ …။

"မိဘမဲ့ခဲ့တဲ့အချိန်မှာ ပထွေးရဲ့ စောင့်ရှောက်မှုနဲ့ ကြီးပြင်းခဲ့ရတဲ့ မိန်းကလေးတစ်ယောက်အတွက် သန့်စင်တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်ခွင့်ရထားခဲ့တာကိုပဲ သူ့ကို မင်း ကျေးဇူးတင်သင့်နေပြီ၊ ပြီးတော့ ဘယ်သူမှ မသိပေမယ့် သူက ပထွေးဆိုတာ မင်းသိနေတယ် .."

လွှယ် က ခေါင်းညိတ်လိုက်မှ ဒေါ်ဇင်မာလွင် ကလည်း ဆတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



"မှားပါတယ်လို့ လွယ် တောင်းပန်နေတာပဲ .."

"ဘာကွ .."

ဒေါ်သက ပိုတိုးသွားခဲ့လျက် ..။

"မှားပါတယ် .. တောင်းပန်ပါတယ်ဆိုတာတွေနဲ့ မင်းက လက်ပြ ထွက်သွားမယ်ဟု ..ါလား .. နောက်ထပ်ပြီး လက်ထပ်ထားတယ်ဆိုတာလည်း မဟုတ်ပါ.. းလို့ ဖွင့်ပြောဦးမှာလား .. ပြောစမ်း .."

"ပြောသင့်တဲ့အ..ျိန်ကျရင်တော့ .."

"ပြောသင့်တဲ့အချိန်ဆိုတာ ဘယ်အချိန်လဲ .. မင်း လွတ်ခနဲညာ ပြောလိုက်တုန်းက ငါဘာမှမငြင်းနိုင်တဲ့အချိန်ကို တမင်ရွေးပြောတာလား၊ အိပ်ရာထဲမှာ ဒီကောင် သတိလစ်နေတုန်းဆိုပြီးတော့ .."

"မဟုတ်ဘူး .."

"ဒီငတုံး သားအမိကို ငါ ဘာပြောပြော ဖြစ်ပါတယ်ဆိုပြီးတော့လား၊ ငါ လာချင်လာမယ် ပြန်ချင်တဲ့အချိန် ပြန်မှာပဲဆိုတာမျိုး .."

"ရှင်ဘာတွေလျှောက်ပြောနေတာလဲ .."

"မင်း လျှောက်လုပ်နေတာတွေ ပြောနေတာလေ .."

နေမြဲ မျက်နှာတွေ ရဲတွတ်နေအောင် စိတ်တိုနေတာကို လွယ် အံ့ဩနေခဲ့သည်။ အော်ကြီးဟစ်ကျယ်ဒေါပွပေါက်ကွဲနေတာကြောင့် ထိတ်လန့်လာခဲ့ပြီး ..။

"လွယ် အဲလိုမဟုတ်ဘူးဆိုမှ .."

"မဟုတ်ရင်ဘာလဲ .. ပြောလေ .."

"ရှင့်ကို ဒုက္ခမပေးချင်လို့ ဆုံးဖြတ်လိုက်တာ .."

"နားစမ်းပါကွာ ... မင်းပေးတဲ့ဒုက္ခတွေနဲ့ ငါက မီးပုံးပျံကြီးဖြစ်နေပြီ .."

ခံစားချက်က နင့်နေသဖြင့် အသံတွေပါတုန်အက်နေခဲ့လျက် ..။

"ကြွက်ကိုကြောင်ကစားသလို မစားဘဲထားခဲ့လည်း အဲဒီကြွက်မှာ ရှင်နိုင်စရာလမ်းရှိဦးမလား .."



"ရှင်က ကြွက်မှမဟုတ်တာ နေမြဲ၊ မီးပုံးပျံလည်းမဟုတ်ပါဘူး၊ လွယ့် မှာ ဒီရောဂါတကယ်ရှိနေခဲ့ရင်သာ ရှင့်ဘဝတစ်လျှောက်လုံး .."

"ပြော .. ဘာဖြစ်သွားမလဲ .. ပြောပါ .."

"မပြောတတ်ဘူး .. ဒါပေမယ့် ရှင်နဲ့ ရှင့်အမေက စိတ်ထားဖြူခင်ကြတဲ့လူတွေပါ၊ လွယ်လွယ်ခက် ဆိုတာ ပြာဖုံးနေတဲ့ မီးကြီးခဲတစ်စပဲ၊ ထိလိုက်တဲ့သူ အပူလောင်မှာပဲ .."

လေပြင်းတစ်ချက်တိုးတိုက်သွားလျှင် လွယ့် ဆံပင်တွေက မျက်နှာလေးတစ်ခြမ်းကနေ ဖျန်းခနဲအုပ်ကွယ်သွား၏။ သူမ ဆံပင်တွေကို နဖူးကနေ ထိုးသိပ်တင်ရင်း ခေါင်းလေးငုံ့ပစ်ကာ ..။

"လွယ် အဲဒီလိုမပြောမိခင်ထိ လွယ့် အတွက် လိုအပ်သမျှဘာမဆို ရှင့်ဆီမှာပြောမယ်၊ ရှင် ကူညီနိုင်တယ်လို့ပဲ ထင်ခဲ့တယ်၊ ရှင် လိုက်လျောလာခဲ့တာတွေကြောင့် အနိုင်လိုချင်တဲ့ စိတ်တွေလည်းဖြစ်နိုင်တယ်၊ ဒါပေမယ့် အဲဒီကိစ္စအံတည်ဖြစ်သွားတည်းက လွယ့် ရင်ထဲမှာ အရင်လို ပေါ့ပေါ့ပါးပါးဖြစ်မနေတော့ဘူး .."

သူမအသံလေးတိမ်ဝင်သွားရင်း မျက်နှာမော့လာတော့ မျက်ဝန်းမှာ မျက်ရည်စတို့ဝေ့နေခဲ့လျက် ..။

"တကယ်ပြောနေတာ နေမြဲ .. အဲဒီရောဂါကိစ္စကြီးကို တွေးမိလာပြီး လွယ် ကြောက်လာတယ်၊ အထူးသဖြင့် နားလည်ပေးနေခဲ့တဲ့လူတွေကို မထိခိုက်စေချင်တော့ .."

"ပြောလိုက်တာတော့ သိပ်လွယ်တယ် .. မင်း .."

ခါးနှစ်ဖက်ထောက်လိုက်ရင်း သူမကို အားတိုက်ပုံစံနှင့် မျက်နှာလွှဲရပ်မိသည်။

"အေး .. ငါကတော့ မွန်းတည့်ချိန်မှာ နေဝင်သွားပါပြီလို့ ပြောတာကို ကြားလိုက်ရသလိုပဲ .. မင်းဘာတွေပြောပြော အဲဒါ အကြောင်းပြနေတာတွေလို့ ထင်နေတယ် ..၊ မင်း .."

မချင့်မရဲ ခေါ်လိုက်ပြီး ဖျတ်ခနဲ ပြန်လှည့်လာကာ ..။

www.burmeseclassic.com

www.burmeseclassic.com



"မင်း လွယ်လွယ်လေးကန်ထုတ်လိုက်တဲ့ ယောကျ်ားတွေထဲမှာ ငါလည်းတစ်ယောက်အပါအဝင်ဖြစ်သွားလိမ့်မယ်လို့ နည်းနည်းလေးမှ မတွေးမိခဲ့ဘူး၊ အဲဒါ ငါ့ကိုယ်ငါ အထင်ကြီးခဲ့တာထင်တယ် .."

"ကန်ထုတ်တဲ့ထဲမှာ ပါရအောင် ရှင်က လွယ့် ကို လိုအပ်တာတွေ ဖုံးဖေါလအောပ့်ပိုးပြီး ချစ်ပါရစေ .. ကြိုက်ပါရစေလို့ ဒူးထောက်တောင်းဆိုခဲ့ဖူးတဲ့ယောကျ်ားလား .."

အမိပ္ပာယ်တွေကိုယ်စီနှင့် မျက်ဝန်းနှစ်စုံအတန်ကြာ ငြိတွယ်နေခဲ့ကြပြီး ...၊

"ငါက အခု တောင်းဆိုမယ်ဆိုရင်ရော .."

လွယ် မျက်နှာပျက်သွားသည်။ ပြီးတော့ ချက်ချင်းမျက်နှာလွှဲပစ်ကာ ..၊

"ရှင်မယုံလည်း မတတ်နိုင်ဘူး နေမြဲ .. ခုကစပြီး လွယ် အိမ်ထောင်ပြုဖို့မကြိုးစားတော့ဘူး .."

မျက်ဝန်းတို့ ဆုံဆည်းနေမိကြစဉ် ဖုန်းသံကနှောင့်ယှက်လေသည်။ နေမြဲ မှုန်ကုတ်ကုတ်မျက်နှာနှင့် လှည့်သွားကာ ခပ်လှမ်းလှမ်းကျမှ ရှပ်အင်္ကျီအိတ်ထဲက ဖုန်းကိုထုတ်ကိုင်၏။

"ဟလို .."

"..... ..... ....."

"ဟုတ်တယ် .. နေမြဲ ပါ .."

"..... ..... ....."

"ဗျာ ..."

ဖုန်းနားထောင်ရင်း လှည့်ကြည့်လိုက်သဖြင့် ကိုယ်နဲ့ ပတ်သက်သည့် ဖုန်းမှန်း လွယ် သိလိုက်ကာ ချက်ချင်းအနားရောက်လာ၏။

"ဘာတဲ့လဲဟင် .. ဘယ်သူဆက်တာလဲ .."

"မင်းဦးလေး .."

ဟင်!...၊



လွယ် အထိတ်အလန့်ဖြစ်သွားသည်။

"မဟုတ်ဘူး .. ကျွန်တော်လာမှဖြစ်မှာပေါ့ .."

ဖုန်းပြန်သိမ်းလိုက်ပြီး လွယ့် ဘက်လှည့်၍ ..၊

"ကိုယ့်ရုံးခန်းကို ခု သွားရမယ် .."

"ဘာဖြစ်လို့လဲ .. ဘာသွားလုပ်မှာလဲဟင် .. အန်ကယ်လ်နဲ့ ချိန်းလိုက်တာလား .."

"မဟုတ်ပါဘူး .. ရဲသွေး ပြဿနာရှာနေလို့ သတိပေးတာ .."

"ရဲသွေး .."

သံယောင်လိုက်ခေါ်ရင်း သူ့နောက်ကနေ လွယ် ထပ်ချပ်မကွာလိုက်ပါလာ၏။

"အဲဒါ လွယ့် ပြဿနာ ရှင် တစ်ယောက်တည်းသွားလို့ ဘယ်လိုလုပ်ဖြစ်မှာလဲ .."

"ဖြစ်တယ် .. မင်း မလိုက်နဲ့ .."

"မလိုက်လို့ရမလား .. အဲဒါ .."

"ဟဲ့ .. ဟဲ့ .. ဘာတွေဖြစ်နေကြတာလဲ .. ပြောစမ်း .."

အိမ်ပေါ်တက်သွားတာနှင့် ဒေါ်ဖင်မာလွင် က စိုးရိမ်တကြီးဖြစ်သွားကာ ..၊

"စကားပြောနေကြရင်းနဲ့ ဘာထဖြစ်တာလဲ .."

"ဘာမှမဖြစ်ဘူး မေမေ .. အလုပ်ကဖုန်းဆက်လို့ .."

"အလုပ်က ဖုန်းဆက်တာ ဒီလောက် ပျာနေရလား သား .. ကိုယ့်အလုပ်ကိုယ်လုပ်တာပဲ၊ အိမ်မှာ ရှင်းစရာရှိတာရှင်းရမယ်၊ တိုင်ပင်စရာရှိတာတိုင်ပင်ရဦးမယ် .."

"မရဘူး မေမေ .. ကျွန်တော် နေမကောင်းဘူးပဲပြောထားတာ နှစ်ရက်သုံးရက်ရှိနေပြီ၊ ခုအပဲ .. တစ်ချို့အလုပ်ကိစ္စတွေ သူတို့မလုပ်နိုင်ဘူး .."

မေမေ ဘဝင်မကျသေးမှန်းသိသည်။ ဒါပေမယ့် ပြဿနာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာသိလိုက်လျှင် တစ်ယောက်တည်း သွားခွင့်ပြုမှာမဟုတ်ပေ ..။

ကားကို အလျင်စလိုမောင်းထွက်ခဲ့ရင်း လမ်းကျမှ ဆီမရှိတာကို သတိထားမိ၏။ ထို့ကြောင့် ဆီဆိုင်ဘက်ကို လမ်းယူလိုက်လျှင် အတည့်ကြောကနေ ဒေါးချင်းယှဉ်လာသည့် ကားတစ်စီးက သူ့ကားဘေးမှာ တမင်လာကပ်ပြီး ..။

"တီ ..."

ဟွန်းသံကြောင့် လှည့်ကြည့်လိုက်တော့ သုတကျော် ဖြစ်နေ၏။ သူ့နောက်လိုက်ခဲ့ဖို့ အရေးကြီးသည့်ပုံစံနှင့် လုပ်ပြနေသဖြင့် ဦးကောင်းမိုး ပြောသည့်ကိစ္စနှင့် ပတ်သက်နိုင်မလားလို့ တွေးလိုက်မိ၏။

ထို့ကြောင့် ဘာမှဆက်မတွေးတော့ဘဲ သူ့နောက်လိုက်လာခဲ့သည်။ ကားရပ်လို့အဆင်ပြေသည့်နေရာမှာ နှစ်စီးစလုံးရပ်ထားခဲ့ကြပြီး ..။

"ခင်ဗျား ချစ်မြားရှင်ကိုသွားမလို့မို့လား .."

"ဟုတ်တယ် .."

"တော်သေးတာပေါ့ .. ခင်ဗျားကို အုပ်မိလိုက်လို့၊ ခင်ဗျားကို ကျွန်တော် ပက်ရှာနေတာ .."

"ဘာကိစ္စနဲ့လဲ .."

"အခု ခင်ဗျားသွားမယ့်ကိစ္စပေါ့ .."

သုတ မျက်နှာကလည်း တင်းသည်၊ ပြေသည်မဟုတ်ဘဲ ပြေပြစ်ရှု အနည်းငယ်ကို ကြိုးစားထုတ်ညှစ်နေရသည့်လေသံနှင့် ..။

"လွယ် ကို ခင်ဗျားခေါ်သွားတာမို့လား .."

"နေပါဦး .. မင်းက ဒီလိုမေးရအောင် ငါက လက်တို့မေးတိုင်း ဖြေမယ့်ရုပ် ပေါက်နေလို့လား .."

"ခင်ဗျား ဖြေဖြေမဖြေဖြေ ခင်ဗျားနောက်ကို လွယ် ပါသွားတယ် ဆိုတာ ရဲသွေး က တပ်အပ်သိနေတာ .."

"ဒါဆို မင်း လက်ထောက်ချလိုက်လို့ပဲဖြစ်မှာပေါ့ .."

သုတကျော် က ရိုးသားမှုမရှိသော အပြုံးနှင့် သူ့ကိုစိုက်ကြည့်ကာ –



"ဘာဖြစ်လို့ ကျွန်တော်ဖြစ်ရတာလဲ .."

"ငါ မင်းနဲ့ စကားပြောဖို့ လာတာမဟုတ်ဘူး သုတကျော် .. မင်း ပြောချင်တာဘာလဲပြော .."

"လွယ် အတွက် ကျွန်တော်ကလည်း စိတ်ကောင်းမွေးထားတာပါ၊ ဒါပေမယ့် ခင်ဗျားကို မြင်လိုက်တော့ .."

လူကိုကြည့်ပြီး မဲ့ရွဲ့ပခုံးတွန့်ကာ ..။

"စေတနာပျက်သွားတယ် .."

"ဒါဆိုလည်း မင်း သူ့ကိုတွေ့မှပြောပေါ့ .. ငါ အချိန်မရဘူး .."

နေမြဲ က ကားထဲပြန်ဝင်လိုက်သဖြင့် သုတ က ကမန်းကတန်း ရှေ့တိုးလာကာ ..။

"နေဦး .. နေဦး .. ခင်ဗျားကို တစ်ခုတော့ပြောလိုက်မယ်၊ ဒါပေမယ့် ကျွန်တော်မေးတာကိုအရင်ဖြေပေး .."

နေမြဲ က စက်နှိုးလိုက်ပြီးမှ မျက်လွှာပင့်ကြည့်၏။ သုတ ပုံစံက အလွန်အမင်းစိတ်စောနေသလိုရှိကာ ..။

"လွယ် ကို ခင်ဗျားခိုးထားတာ မဟုတ်ဘူးမို့လား .."

"ပူး ...."

"ဟော့လူ နေဦး .. ခင်ဗျား ဟိုမှာရင်ဆိုင်ရမှာကို ကြိုပြောလိုက်မလို့ .. ဒါလေးပဲဖြေ .."

နေမြဲ က ဘက်ခ်ဂီယာထိုးလိုက်ရင်း စိုက်ကြည့်ကာ ..။

"မင်းပြောပြဖို့မလိုဘူး .. ငါ့ကားနဲ့ တိုက်မသတ်မိခင် မင်း မြန်မြန် ဖယ်လိုက် .."

ကားက ရှောခနဲနောက်ဆုတ်သွားသည်။ ပြီးတော့ ဝုန်းခနဲရှေ့တက်လာ၏။ သုတ ကမန်းကတန်းခုန်လွှားရှောင်လိုက်ရကာ ..။

"သေချာပြီ .. ခင်ဗျား လွယ် ကို လိုချင်နေတာ၊ ဒါပေမယ့် လွယ်လွယ်နဲ့တော့ရမယ်မထင်နဲ့ .. ခင်ဗျားလိုလူ ပွဲမတိုးဘူး .."

နောက်ကနေ အော်ပြောရင်းကျန်ရစ်ခဲ့၏။ နောက်ကြည့်မှန်းကြည့်မိရင်း

www.burmeseclassic.com

www.burmeseclassic.com



ကားကို အရှိန်ပြန်လျှော့ကာ လမ်းပေါ်တင်လိုက်သည်။

ဦးကောင်းမိုး ပြောသွားတာ အလောသုံးဆယ်ဆန်ကာ အသံတွေကလည်း မှုမမှန်ပေ ..။

ရဲသွေး ဆိုတဲ့လူ ဘာကိစ္စနဲ့ ချစ်မြားရှင်ကို ရောက်နေတာလဲ ..၊

"လွယ် နဲ့ မင်းတို့ အတူရှိနေရင် လုံခြုံအောင်သာနေကြ .." ဆိုတာ ဘာလဲ ..။

ထို့ပြင် ငါတို့ မင်းရဲ့ ချစ်မြားရှင်မှာလို့ ပြောသွားတာရှိသေးသည်။ စကားတွေက အဆက်အစပ်လည်းမရှိ၊ သဘာဝလည်းမကျ ..။

ငါတို့ဆိုတာ ရဲသွေး ကို ပြောတာမှန်းသိလိုက်သည်။ ကိုယ့်ဆီမှာ လွယ် ရှိနေမှန်းသိရင် အိမ်ကို လိုက်မလာဘဲ ဘာလို့ ချစ်မြားရှင်ကို သွားကြတာလဲ ..။

ရှုပ်ထွေးသည့်အတွေးတွေက ဘာတစ်ခုမှ မရေရာ ..၊

သေချာတာတစ်ခုက သူ့အတွက် အန္တရာယ်တစ်ခုခုစောင့်ကြိုနေပြီဆိုတာပင် ..။



## အခန်း (၂၈)

"ခင်ဗျား ဘာဖြစ်လို့ ကျုပ်ပြောခိုင်းတဲ့အတိုင်း မပြောတာလဲ ဦးကောင်းမိုး .."

မေးဖျားကနေ ဆွဲခါလိုက်တော့ လက်သီးနှစ်လုံးစာမိထားသည့် ခေါင်းထဲမှာ မူးမူးမိုက်မိုက်ဖြစ်သွားသည်။

"ခင်ဗျား ဘာအားကိုးနဲ့ ကျုပ်ကို ကလန်ကဆန်လုပ်ချင်နေတာလဲ .."

"အသားနာတိုင်း ဆရာခေါ်ရမယ်ဆိုရင် ယောဒီမြန်မာနိုင်ငံကြီးခုထိ သူတစ်ပါးကျွန်ဘဝက လွတ်မြောက်ခဲ့မှာမဟုတ်ဘူး ရဲသွေး၊ ငါ့အဘိုးကြီးကို မင်းနိုင်ပါတယ်၊ ဒါပေမယ့် ငါ့စိတ်ကိုတော့ ဘယ်တော့မှ ခိုင်းလို့ရမှာမဟုတ်ဘူး .."

"ဟာကွာ .. တောက် .."

လက်ကို အားပြင်းစွာရွယ်လိုက်မိသည်။ ပြီးမှ အံတကြိတ်ကြိတ်နှင့် ပြန်ချလိုက်ကာ ..၊

"ခင်ဗျားကိုယ်ခင်ဗျား ရှုတင်ရောက်နေတဲ့ မိန်းအက်တကြီးမှတ်နေသလား ဦးကောင်းမိုး .. ဒီကို လွယ် ရောက်လာတာနဲ့ ခင်ဗျားကို အငွေ့ပျံသွားအောင်လုပ်ပစ်မှာ .."

www.burmeseclassic.com

www.burmeseclassic.com



"လုပ်လေ .. ဒါ ရှပ်ရှင်ရိုက်နေတာမဟုတ်မှန်း မင်းကိုယ်မင်း သိဖို့ပဲလိုတာပါ .."

"တောက် .."

"ငါလည်း လူကောင်းတစ်ယောက်မဟုတ်ဘူး ရဲသွေး၊ ဒါပေမယ့် မင်း ယုတ်မာတာမျိုးကိုတော့ ကဲ့ရဲ့ချင်သေးတယ်၊ မင်းကို ကဲ့ရဲ့ဖို့ မင်းလောက် မယုတ်မာမှဖြစ်မှာ၊ ဒါကြောင့် နေမြဲ ကို ငါပြောလိုက်တာ.."

"ခင်ဗျားပြောပေမယ့် သူ ရောက်လာမှာပဲ .."

"ဖြစ်နိုင်တာပေါ့ .. ယောကျ်ားကောင်းဆိုတာ အန္တရာယ်ကြုံလာ ရင် ပြေးရင်ဆိုင်တာပဲ .. နိုင်ကွက်ရှိမှ စိန်ခေါ်ရဲတာမဟုတ်ဘူး .."

"ဟာ .. ဒီလူကြီး .."

ရဲသွေး လက်တစ်ဖက်မြှောက်တက်သွားလျှင် ..၊

"မင်းတို့ဂ႓ သူများအဆောက်အဦးထဲကို နေ့ခင်းကြောင်တောင် အနကြမ်းစီးသလိုဝင်လာကြပြီး ဘယ့်နှယ်ရိုက်ပုတ်နှိပ်စက်နေတာလဲ.."

"ခင်ဗျား တိတ်တိတ်နေ .."

"ဒါက ငါတို့အလုပ်ရုံးကွ .. နေမြဲ က လွယ်လွယ်ခက် ကို ခိုးပြေး တယ်ဆိုတာလည်း ဘာမှရေရေရာရာသိရတာ မဟုတ်ဘဲနဲ့ .."

ဦးထိုက်စံ ကလည်း ကြောက်ရွံ့ဟန်လုံးဝမရှိဘဲ ရဲသွေး ရှေ့မှာ မားမားကြီးရပ်ပြီး တစ်ခွန်းမကျန် ပြန်ပြောနေ၏။ လူလေးယောက် အထဲဝင်လာပြီး ဦးကောင်းမိုး ဆိုသည့်လူကိုတော့ တွဲခေါ်ချလာကြသည်။

အစကတော့ ချုပ်နှောင်ခေါ်လာမှန်းလည်းမသိ၊ ဘာကိစ္စနဲ့ ရောက် လာကြမှန်းလည်း မသိခဲ့ပေ ..။

သူရမင်း က လွယ့် ဓာတ်ပုံလေးကိုင်လျက်ရောက်လာပြီး နေမြဲ နဲ့ တွေ့ပါရစေပြောနေသဖြင့် ဒီရက်ပိုင်း နေမြဲ နေမကောင်းလို့ ရောက် မလာကြောင်း ပြောပြနေတုန်း ..၊

"သူတို့က လွယ့် ကို ဟုတ်လား ဦးထိုက်စံ .."



သူရမင်း အားလုံးကိုကြားနေပြီးမှ ကပ်မေး၏။ ပြီးတော့ သူလည်း ဒေါသတွေထွက်လျက် ..၊

"ဒီထဲမှာ ကျုပ်က ဘာဖြစ်လို့ အဆစ်ပါနေရတာလဲ၊ မိန်းမတစ် ယောက်ကို ပိုင်ဆိုင်ခွင့်အတွက် ဒီနည်းသုံးတော့ရော ခင်ဗျားရသွားရင် ပျော်ရမယ်ထင်နေလို့လား .."

"မင်းကို ဘေးလူတစ်ယောက်အနေနဲ့ ငါတို့ဝင်လာတည်းက ပြန် ခိုင်းမလို့ပဲ၊ ဘာဖြစ်လို့ ပြန်ခွင့်မပေးတော့တာလဲ သိလား .."

ရဲသွေး အကြည့်တွေက သူရမင်း ဆီ ရောက်လာပြီး လူပါလှည့် လျှောက်လာ၏။ ပြီးတော့ စားပွဲပေါ်မှာချထားသည့် လွယ့် ဓာတ်ပုံလေး ကို ကောက်ယူလိုက်ပြီး အစိတ်စိတ်အမွှာမွှာဖြဲပစ်လိုက်၏။

ပြီးမှ သူရမင်း ရဲ့ ခေါင်းပေါ်ကနေ ဓာတ်ပုံအပြဲစတွေကို ဖြန့်ကျဲ ချလိုက်ပြီး ..၊

"ဒီဓာတ်ပုံကို မင်းကိုင်လာတဲ့အတွက်ကြောင့်ပဲ .."

"ဘာလဲ ခင်ဗျားက ဒီထဲမှာရှိတဲ့ လူတွေကို တစ်ယောက်မကျန် သတ်ပစ်ဦးမှာလား .."

"သူ့ကိုဆုံးရှုံးရလို့ ငါ့ဘက်မှာ ဖြစ်လာမယ့်အပျက်ဘစီးတွေနဲ့ စာရင် လူသုံးလေးယောက်ကိုသတ်ရတာတန်ပါတယ် .."

"မလိုပါဘူးဗျာ .. အဲဒီလိုမရအရ လုယူလို့ရတာကို ကျေနပ်နိုင်ရင် ခင်ဗျားပဲယူပါ၊ ဒီမှာ လွယ် နဲ့ ကျုပ်နဲ့ စကားပြောခဲ့ဖူးတယ်၊ အဲ့ဒါကြောင့် သူ့စိတ်ခံစားချက်ကိုနားလည်ဖို့ ကျုပ်အရင်ကြိုးစားနေခဲ့တာ .."

"ခု နားလည်နိုင်ပြီမို့လို့ ရောက်လာတယ်ပေါ့ .."

"သူ မကြည်ဖြူသေးဘူးဆိုရင်လည်း လှည့်ပြန်သွားမှာဦးမှာပဲ .."

"ဟား .. ဟား .. ဟား .. ဘာလဲ၊ အကျိုးဆောင်အားကိုးနဲ့လား.."

"ဘာကြောင့်ပဲဖြစ်ဖြစ် ဓားပြတိုက်ယူတာထက်အများကြီးသာ ပါတယ်၊ သူ အိမ်ထောင်မပြုသေးမချင်း ကျုပ်ကို ဘယ်သူယောက်ပဲ ငြင်း

www.burmeseclassic.com

www.burmeseclassic.com



ပါစေ ကြိုးစားနေမှာပဲ .. အဲဒါ အချစ်ကိုတန်ဖိုးထားလို့၊ ခင်မျှားလို သွေးဆာနေလို့ မဟုတ်ဘူး ..”

ထိုစဉ် တံခါးဝမှာ အရိပ်တွေပေါ်လာကာ ..၊

“ဒါပေမယ့် အခု အချစ်ဆာတဲ့သူရော .. သွေးဆာတဲ့သူရော ဘယ်သူမှ မရတော့ဘူး ..”

“နေမြ ..”

ဦးကောင်းမိုး အသံ ဦးဆုံးထွက်လာသည်။ ရဲသွေး မျက်မှောင်ကုတ်သွား၏။ နေမြ နောက်မှာ သူ့လူတစ်ယောက်မှလွဲ၍ ဘယ်သူ့ကိုမှ မတွေ့လျှင် ..၊

“မင်းကို ဦးကောင်းမိုး-မပြောလိုက်ပေမယ့် မင်းနောက်ကို ငါ လိုက်နေတယ်ဆိုတည်းက မင်း ဘာလုပ်လာသင့်တယ်ဆိုတာ သိရမှာ..”

“မသိဘူး .. ဘာလုပ်လာရမှာလဲပြောလေ ..”

ခနဲ့ခနဲ့မျက်နှာကြောင့် အရူးမီးဝိုင်းဖြစ်နေသည့် ရဲသွေး မျက်နှာကြီး တင်းမာသွား၏။

“ဟိတ်ကောင် .. လွင် ကို ဘယ်မှာဝှက်ထားသလဲပြောစမ်း ..”

မေးခွန်းကိုကြားလိုက်ကာမှ သဘောပေါက်သွားခဲ့သည်။ လွင် ကို သူ့အိမ်မှာပဲ ထားမည်လို့ သူတို့ထင်ခဲ့ပုံမပေါ်၊ ဒါမှမဟုတ် သုတ သတင်းပေးလိုက်တာကိုက နိုးပြေးကြသည့်ပုံစံမျိုးမဟုတ်ခဲ့လို့ ဖြစ်နိုင်သည်။

“နေမြစေ မင်းရဲ့အဖြေစကားတစ်ခွန်းက လူ့အသက်တွေနဲ့ ထပ်တူအရေးကြီးတယ်နော် .. လွင် ဘယ်မှာလဲ ..”

“ကျုပ်နဲ့ အတူရှိတာပေါ့ ..”

ဦးထိုက်စံ တို့ပါ အံ့သြကုန်ကြ၏။ ရဲသွေး မျက်နှာမှာတစ်ယောက်တည်း သို့သော်သို့သောတွေ တွေးမိသွားပုံနှင့် ..၊

“သူ့ကို ဘယ်မှာထားခဲ့တာလဲ၊ မင်းကို ဒီကိုလာဖို့ခေါ်တာ သူ့ ...



ခေါ်လာဖို့ကွ ..”

“မင်းနိုင်းတိုင်းလုပ်မယ်လို့ ဘာဖြစ်လို့ထင်နေတာလဲ ..”

“လွင် က ငါနဲ့စေ့စပ်ပြီးသား .. ငါ လက်ထပ်မယ့် မိန်းကလေး..”

“အခု ငါနဲ့ လက်ထပ်ပြီးသွားပြီဆိုတော့ သူ့အတွက် ပူမနေနဲ့တော့ ..”

“ခွေးသူတောင်းစား ..”

ရဲသွေး ၏ ဆဲရေးသံနှင့်အတူ နေမြ ဘေးမှာရှိနေသည့် နှစ်ယောက်က တစ်ယောက်က ဆွဲချုပ်လိုက်ကာ တစ်ယောက်က လက်သီးတစ်လုံး အားပါးတရ ပစ်သွင်း၏။

“မလုပ်နဲ့ ..”

အလောတကြီး တားဆီးသံနှင့်အတူ လွင် ရောက်လာ၏။

“လွင် ..”

နေမြ စိုးရိမ်သွားသည်။ ရဲသွေး ဒီကစောင့်နေပြီး ဘာလုပ်မည်မှန်း မသိပေမယ့် ကိုယ့်ပိုင်နက်ကနေ မရှိးသားစွာ ကြံစည်နေပြီကို ခံစားမိသဖြင့် လွင် ကို လိုက်မလာဖို့သေချာမပြောခဲ့မိတာကို နောင်တရနေတုန်း ..၊

“မင်း ဘာလာလုပ်တာလဲ ..”

“ဒါ .. လွင် ရှင်းမှရမှာ ..”

“ဟုတ်တယ် .. ကိုယ် မင်းကိုပဲစောင့်နေတာ ..”

ရဲသွေး သဘောတွေကျသွားကာ မျက်နှာတစ်ခုလုံး သကာလောင်းထားသလို ချိုအီနေ၏။ အထူးသဖြင့် ဒဏ်ရာတွေနဲ့ ဦးကောင်းမိုး မျက်နှာကို လှမ်းကြည့်လိုက်သော လွင့် မျက်ဝန်းတွေကို နားလည်လိုက်သဖြင့် ကျေနပ်နေကာ ..၊

“မင်းရဲ့ ဦးလေးကို သိပ်မကျေနပ်သေးပေမယ့် မင်းသာနာခံတတ်ရင် အရင်အတိုင်း အေးဆေးပြန်ဖြစ်သွားမှာပါ ..”

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .. အဲဒါမဟုတ်ဘူး သမီး၊ ညည်းကို သူ နင်းချေတော့မှာ .. အသားလိုလို့ အရိုးတောင်းတဲ့ကောင်၊ ချစ်ခြင်းမေတ္တာဆိုတာ ဘာမှတန်ဖိုးထားရမှန်းသိတာမဟုတ်ဘူး .."

ဦးကောင်းမိုး စကားမဆုံးခင် ရဲသွေး ရဲ့ လူတစ်ယောက်က ရင်ဘတ်ကို ဆောင့်ဆွဲပြီး လက်သီးရွယ်၏။

"မလုပ်ပါနဲ့ .. ရှင်တို့ တော်တော်လက်ယဉ်နေကြပါလား၊ ကိုယ့်အဖေအရွယ်လောက်ရှိတဲ့လူကြီးကို .."

"ဟား .. ဟား .. ဟား .. အဖေအရွယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိချင်ရဲ့လား မင်း သူတို့ကို မေးကြည့်ပါဦး လွယ် ရယ် ..၊ ကာလပ်မှာ မာဆတ်မှာ ပြီးတော့ အွန်လိုင်းပေါ်မှာရော အဖေအရွယ်တွေ ရိုက်သတ်လို့မကုန်ဘူး .."

"ရှင် အပိုတွေပြောမနေပါနဲ့ .. ကိုနေ့ ကို လှမ်းခေါ်တာ ဘာကိစ္စလဲ .."

"မင်းက သူနဲ့ရှိနေတော့ .."

"ကျွန်မ သူနဲ့ လက်ထပ်ပြီးပြီ .."

"ဘယ်အဆင့်ရောက်နေနေ ငါ့အတွက် အမိကက မင်း ငါ့ဆီကို လာခဲ့ဖို့ပဲ .."

"သူများမယားဆိုတာတောင် မရှောင်တော့အောင် ရှင် ရူးနေပြီလား ကိုရဲသွေး .. ရှင် လိုချင်တာ ဘာလဲ .."

"မင်းကိုပဲ .."

"တောက် .."

"မင်းရဲ့တင်းမာမှုတွေကို တစ်ခုပြီးတစ်ခု ပြမနေနဲ့လွယ် .. အဲဒါတွေအတွက် မင်း ပြန်ပေးဆပ်ရမှာ သိပ်များသွားလိမ့်မယ် .."

"မင်းကို ဘယ်သူက ပေးဆပ်ပါ့မယ်ပြောနေလို့လဲ .."

နေမြဲ က ချုပ်ထားသည့်လူကို အသာလေးဆွဲလှဲပစ်လိုက်ကာ လွယ့်



သက်လေးကို လှမ်းဆွဲလိုက်သည်။

"မင်းဦးလေး ပြောနေတာကြားလား လွယ် .. မင်းဟို မရမက လိုချင်နေတဲ့ သူ့ရည်ရွယ်ချက်က နင်းချေဖို့ဖြစ်သွားပြီ .."

"ဟုတ်တယ် လွယ် .. ကျွန်တော်အားလုံးကြားပြီးပြီ .."

သူရမင်း ကလည်း လှမ်းပြောသဖြင့် သူရောက်နေတာကို ခုမှ သိလိုက်သော လွယ် က အံ့ဩသွားကာ ..၊

"ရှင်က .."

"မင်းကိုလိုချင်တဲ့သူတစ်ယောက်ပဲ လွယ် .. ဟွန်း .. ဒီကောင်နဲ့ အတူ မင်းရှိနေတယ်ဆိုတာကို သတင်းပေးတာလည်း မင်းကိုလိုချင်နေတဲ့လူပဲ .. ကိုယ်ကတော့ မင်းကိုလက်ဆွဲပြီး ဘိသိတ်ခံယူမယ့် ဂရေ့(ထ်) တင်း .."

မျက်နှာမော့ရင်ကော့ထားရင်း နေမြဲ ကို ဦးတည်ကာ ..၊

"မင်း ဆုပ်ကိုင်ထားတဲ့ သူ့လက်ကို လွှတ်လိုက် နေမြဲ .. မင်းလို ရှုပ်မရှိ ရေမလျှံ အနုပ်စုတ်ဂုတ်စုတ်ကောင်က လွယ့် ကို လက်ထပ်ထားတယ်ဆိုတာ ပုံပြင်တစ်ပုဒ်လောက်တောင် စိတ်ဝင်စားဖို့မကောင်းဘူး.."

"ငါကလည်း မင်း စိတ်ဝင်စားအောင်ပြောနေတာမဟုတ်ဘူး၊ ညီးကမ်းကလနားမသိ၊ လူမှုကျင့်ဝတ်နားမလည်တဲ့ မင်းကို သတိပေးတာ .. ဒီခေတ်မှာ သူ့မယားလိုချင်လို့ သူ့လင်လုံနဲ့ထိုးတာတွေ မရှိသလောက်ရှားနေပြီ .."

"ရှိတော့ ရှိသေးတယ် နေမြဲ .. အဲဒါ သူပဲ၊ မင်းတို့လက်ထပ်ပြီးပြီဆိုရင် ဒီလူအကျပ်ကိုင်ခြိမ်းခြောက်တာတေကို ဂရုစိုက်မနေနဲ့ .."

"ဟုတ်တယ် .. သူ ဘာလုပ်နိုင်သလဲလုပ်စမ်းပါစေ .. မင်းမဲ့တိုင်းပြည်မဟုတ်ပါဘူးကွ .."

ဦးကောင်းမိုး နဲ့ ဦးထိုက်စံ က မခံရပ်နိုင်စွာ ထပြောကြသည်။

"ဟား .. ဟား .. ဟား .."



www.burmeseclassic.com

www.burmeseclassic.com



လွယ် တစ်ကိုယ်လုံး တွန့်ခါသွားသည်။ အားလုံးက သတိလစ်နေပြီဖြစ်ကာ နေမြ တစ်ယောက်သာ လူးလူးလွန့်လွန့်နှင့် သူမအတွက် ပူပန်စိတ်ကြောင့် အားတင်းနေရှာတာဖြစ်သည်။ သို့သော် ...၊

"အဲ့ဒီကောင်ကို တစ်ခါတည်း အသက်ပါသွားရင်ပါပေစေ ... ရိုက်သတ်ပစ်စမ်း ..."

"မလုပ်နဲ့ ... မလုပ်ရဘူး ... ဘယ်သူ့ကိုမှ မသင့်ပါနဲ့ ... ဟင် ..."

နှာခေါင်းထဲမှာ ဂတ်စ်နံ့တွေ စူးစူးရှရှဝင်လာသဖြင့် ရဲသွေး ပြောသလိုလုပ်တော့မှာကို သိလိုက်သည်။ နေမြ သတိလစ်ကျန်နေခဲ့လျှင် သွားပြီ ...။

"အားလုံး လက်စဖျောက်ရှင်းပစ်ခဲ့ အစကျန်ရင် လုပ်တဲ့သူ တာဝန်ယူရမယ် ... ကြားတယ်နော် ..."

"ကြားပါတယ် ဆရာ ..."

"မလုပ်ကြပါနဲ့ ... ရှင့်ကို လွယ် လက်ထပ်ပါ့မယ်၊ ရှင် ကြိုက်သလို နှိပ်စက်ပါ၊ ဒီလူတွေကို ဘာမှမလုပ်လိုက်ပါနဲ့ ..."

"ဒါ ... မင်းခင်းတဲ့လမ်းပဲ ... ခုမှ မရတော့ဘူး၊ ရှေ့ဆက်ပြီးတော့လည်း မင်းအတွက် အလျှော့အတင်းဘာမှမရှိတော့ဘူးဆိုတာ တစ်ခါတည်းမှတ်ထား ..."

လွယ့် လက်လေးကိုဆွဲကာ လမ်းကြားဘက်ကထွက်ဖို့ ဘေးတံခါးကို ဖွင့်လိုက်လျှင် ...၊

"ဟင်! ..."

"သူတ ..."

သူတကျော် နှင့် နောက်က အရပ်ဝတ် ဝတ်ထားသော ရဲသုံးယောက် ...။

သူတို့ကို သေနတ်နဲ့ချိန်ထားသဖြင့် ရဲတွေမှန်းသိလိုက်ကာ ပန်းလုပ်သွားသည့် ရဲသွေး မျက်နှာ ချက်ချင်းဖြူးသွားသည်။ ပြီးတော့ သူတ ထိုကြည့်၍ ...။



ရဲသွေး က မျက်နှာမော့ပြီး ဟားတိုက်ရယ်သည်။ ပြီးတော့ ရယ်လက်စ မျက်နှာနှင့် လွယ့် လက်လေးတစ်ဖက်ကို လှမ်းဆွဲလိုက်၏။

"အို ... မကိုင်နဲ့ ..."

လွယ် က ရုန်းပစ်လိုက်ပြီး နေမြ လက်တစ်ဖက်ကို နောက်ပြန်ဆွဲထား၏။

"မိုက်ရိုင်းတဲ့ကောင် ..."

နေမြ ဒေါသထွက်သွားကာ လွယ့် ပခုံးလေးကို ဆွဲယူလိုက်ပြီး ရဲသွေး ရဲ့ ခြေသလုံးညို့သကျည်းကို လှမ်းကန်၏။ သို့သော် သူ့လှုပ်ရှားမှုတွေ အဆုံးမသတ်နိုင်မီ လွယ့် ဆီ အာရုံရောက်သွားသည့်အခိုက်မှာ နောက်ကနေ ဂုတ်ပိုးကို ဖြောင်းခနဲ လွဲရိုက်တာ ခံလိုက်ရပြီး ...၊

"အင့် ..."

"နေမြ ... နေမြ ..."

လွယ် စိုးရိမ်တကြီး ဖြစ်သွားသော်လည်း ရဲသွေး လက်ထဲမှာ ဆွဲချုပ်ခံလိုက်ရ၏။ ခဏအတွင်းမှာ သူ့လူတွေ လှုပ်ရှားသွားကြကာ ဦးထိုက် နှင့် သူရမင်း တို့သုံးယောက်စလုံး အတုံးအရုံးလဲကျကုန်၏။

"လွယ် ..."

"နေမြ ... လွယ် ဘာမှမဖြစ်ဘူး ... ဒီမှာ ... အား ...

ဒီမှာ လွယ်လွယ်ခက် ..."

ရဲသွေး က လွယ့် မေးဖျားလေးကို ဆွဲမော့လိုက်ကာ အကြွတ်သံနှင့် ...၊

"အလွမ်းသယ်မနေနဲ့ ... မင်း ငါ့ကို ခံစားရအောင် လုပ်သမျှ ကောင်းကောင်းကြီး ပြန်ပေးဆပ်ရမယ်ဆိုတာ မှတ်ထား၊ သိပ်မကြာခင် ဂတ်စ်အိုးပေါက်ကွဲပြီး လူလေးဦးသေဆုံးတဲ့သတင်း မင်း ကြားရလိမ့်မယ် ..."

"ဘာ! ..."

www.burmeseclassic.com



"မင်းလည်း ကြောင်သွားပြီလား သုတကျော် .."

"ဟုတ်တယ် .. ဒါပေမယ့် ခင်ဗျားလောက်တော့ အရူးမရင့်သေးဘူး .."

ရဲတွေက အိမ်ဘက်ကို မျက်နှာတွေရှေ့တိုးပြီး အနံ့ခံနေကြတာ ရဲသွေး က ကြည့်၍ ..၊

"ကျူပ်ကိုပစ်လိုက်လေ .. ဒီနေရာမှာ အလောင်းချင်းထပ်သွားအောင်ပေါ့ .."

"မင်းပါသေမှာရော တွက်မိရဲ့လား .."

ရဲတစ်ယောက်က မျက်နှာတင်းတင်းနှင့် မေးလျှင် ရဲသွေး က ပမာမခန့်ကြည့်ကာ ..၊

"သေမှာကြောက်ရင် မြို့လယ်ခေါင်မှာ ဒီလိုလာလုပ်ပါ့မလား .. နောက်ပြီး အများကြီးနဲ့ တစ်ယောက်၊ အလေးတင်းစရာမလိုဘူးဆိုတော့ တန်ပါတယ် .."

ပြောပြီး လွယ့် ကို နောက်ကနေ ဓားစာခံချုပ်သလို သိုင်းဖက်ချုပ်ထားလိုက်ကာ ..၊

"ကျူပ်ကို လမ်းဖယ်ပေး .."

သူ့ကိုယ်သူ အလွန်အမင်းယုံကြည်နေသည်မို့ ရုတ်တရက်နောက်က လှုပ်ရှားမှုကို သတိမထားမိလိုက် ..၊

"ဒုတ် .."

"အင့် .."

သူ စိုက်ခနဲပြိုကျသွားသည်နှင့် လွယ် ပါမသွားအောင် လက်မောင်းလေးကို လှမ်းဆွဲထားလိုက်ကာ နေမြဲ က လက်ထဲက သံပိုက်လုံးတိုကို လွှတ်ချလိုက်သည်။

"ဟိုကောင်တွေ ရှေ့တံခါးကနေ ထွက်ပြေးကုန်ကြပြီ .."

"သူတို့မလွတ်ပါဘူး .. ငါ့လူတွေ စောင့်နေပါတယ် .."



ကားတစ်စီးကို ဘေးတံခါးရှေ့မှာရပ်ထားတည်းက ဒီအပေါက်ကနေ ထွက်လာကြမှာကို တွက်ထားခဲ့တာဖြစ်သည်။ ရဲနှစ်ယောက်က အထဲပြေးဝင်သွားကြပြီး လိုအပ်သမျှတွေလုပ်ကြသည်။

လေဝင်လေထွက်တံခါးတွေ အားလုံးပိတ်ထားသဖြင့် ပြန်ဖွင့်လိုက်ကြကာ ခုထိ နှာကျင်နေသဖြင့် ရှုံ့မဲ့နေသည့် နေမြဲ ကို အထဲမှာနားခိုင်းထားရသည်။

"ငါ့ညီ သက်သာရင်တော့ စခန်းခဏလိုက်ခဲ့ကွာ .. စစ်ဆေးမေးမြန်းစရာလေးတွေ ခဏတစ်ဖြုတ် ဖြေပေးဖို့ ကူညီပါ .."

"ရပါတယ် .."

"နေမြဲ .. ရှင် သိပ်နာနေလားဟင်၊ တော်သေးတယ် သိလား .. ရှင်သာထွက်မလာရင် ဘာတွေဖြစ်ကုန်မလဲမသိဘူး၊ သူတို့က ရှင့်ကိုထားပြီး ထွက်ပြေးကုန်ကြတာလားဟင် .."

"အင်း ..."

"ရပါတယ် မဖြေပါနဲ့ .. လွယ် စိတ်စောနေတာ ရှင် သက်သာရဲ့လား .."

မဖြေပါနဲ့ပြောပြီး မေးခွန်းတွေချည်း မေးနေတော့ သူ့မျက်ဝန်းတွေ ရယ်မြူးရိပ်သိမ်းလျက် စိုက်ကြည့်မိသည်။ ပြီးတော့ ပြုံးလိုက်မိလျှင်...

"ရှင် ဘာပြုံးတာလဲ .."

"အဲဒါကိုရော .. မဖြေလို့မရဘူးလား .."

သူ ပြန်မေးလိုက်မှ သဘောပေါက်သွားပြီး လွယ် က ရယ်ကာ..၊

"လူမမာက သူများ အမှားထောက်ဖို့တော့သိတယ် .. ဟွန်း .."

အပြုံးလေးတွေ တိတ်တိတ်ကြိတ်ဖြစ်နေကြစဉ် ဒေါ်ဇင်မာလွင်ရောက်လာကာ ..၊

"ဘာတွေဖြစ်နေကြတာလဲဟင် .. အို .. ကိုထိုက်စံ တို့ဒဏ်ရာတွေနဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



လူတွေရှုပ်နေကြကာ အရပ်ဝတ်နှင့် ယောက်ျားတွေကိုလည်း ရဲမှန်းမသိ ..။

ဂျစ်ကားလေးပေါ်ကို သတိလစ်နေသည့် ရဲသွေး နှင့် နောက်လိုက်နောက်ပါတွေကို တင်နေသဖြင့် လည်ပင်းလိမ်အောင်ကြည့်ရင်း ..၊

"ဟိုဟာ .. ရဲကားလား .."

မသိတာတွေမေးနေရင်း ဘယ်သူ့ဆီကမှလည်း အဖြေမရသေးခင် ဒေါ်ဇင်မာလွင် စိတ်ဝင်စားဆုံးမြင်ကွင်းဆီ မျက်လုံးတွေ စူးစိုက်သွားခဲ့ပြီး ..၊

"မောင် မောင် .."

ဇဝေဇဝါခေါ်လိုက်မိသည်။ ပြီးတော့ သေချာစိုက်ကြည့်၍ ..၊

"ဟုတ်တယ် .. မောင်ရလေးပါ .."

ကိုယ့်ကိုယ်ကိုယ် ထပ်မံသေချာကာ ထွက်တော့မည့်ကားဆီ ပြေးဆင်းခဲ့ရင်း ..၊

"ခဏ .. ခဏလေးပါရှင် .."

ကားလည်းရပ်သွားသည်။ ကားထဲမှာရှိသမျှ ရဲတွေနဲ့ လူတွေလှမ်းကြည့်လာကြလျှင် ..၊

"မမ .."

ဒဏ်ရာတွေဗလပွနှင့် ဦးကောင်းမိုး မျက်နှာကြီး မျက်လုံးတွေပြူးကျယ်ကုန်၏။

မောင်နှမ ပြန်လည်တွေ့ဆုံခန်းက မလှမပ ..၊



အခန်း (၂၈)

"မမကို ကျွန်တော် တောင်းပန်ပါတယ် .."

"တော်စမ်း မောင်မောင် .. မင်းကို ငါ ခွင့်မလွှတ်ဘူးလို့ပြောပြီးပြီ၊ ခုချက်ချင်း ငါ့အိမ်ထဲကထွက် .."

ဒေါ်ဇင်မာလွင့် မျက်နှာက တင်းနေလျက် မျက်ဝန်းမှာ မျက်ရည်တွေဝေ့နေ၏။ မနေ့တုန်းကတော့ 'ငါ့မောင်လေးကို ဘာဖြစ်လို့ ဖမ်းသွားတာလဲ၊ မောင်မောင် က ဘာလုပ်ထားလို့လဲ ..' စသည့် စကားတွေနှင့် ပြေးလိုက်တာ ခလုတ်တိုက်မတတ် ..။

ဦးကောင်းမိုး ကလည်း နှစ်ရှည်လများ မျိုသိပ်လွမ်းဆွတ်နေခဲ့ရသည့် အစ်မကြီး၏ မေတ္တာတွေကို သိနေခဲ့သည်ဖြစ်ရာ ..၊ ဒေါ်ဇင်မာလွင့် ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ကာ ..၊

"ကျွန်တော် .. ကျွန်တော်က လူမိုက်ပါ၊ မိဘကိုလည်း စော်ကားခဲ့တယ်၊ ကျွန်တော့်မိသားစုက ကျွန်တော့်ကြောင့် ဘဝပျက်ခဲ့ရတာ၊ မမတို့လင်မယားလည်း .."

"တော်လိုက်တော့ မောင်မောင် .. မင်းကို တစ်ခုစီချပြီး ဝန်ခံခိုင်းနေတာမဟုတ်ဘူး၊ အတိတ်ကလုပ်ခဲ့တဲ့ လုပ်ရပ်တွေလည်း မမှတ်ဘူး၊ ခုထိလည်း မှားနေတုန်းပဲ .. မင်းကို မောင်တော်ရတာ ငါ ရှက်တယ်

www.burmeseclassic.com

www.burmeseclassic.com



သိရဲ့လား ..”

“ကျွန်တော် မမတို့လင်မယားကို ကြွေးဆပ်မယ်ဆိုပြီး ..”

“တော်တော့ ..”

“ကျွန်တော် လိမ်နေတာမဟုတ်ဘူး မမ .. မမ ကျွန်တော့်ကြောင့် အများကြီး နစ်နာခဲ့ပါတယ်၊ မုဆိုးမဘဝနဲ့ ရပ်တည်ခဲ့ရတဲ့အတွက် ကျွန်တော့်အပြစ်တွေ ပိုကြီးသွားပြီ ..”

“ဟုတ်တယ် .. ပိုကြီးသွားပြီ .. ဒါပေမယ့် ငါ့ကို ဒုက္ခပေးလို့မဟုတ်ဘူး ..”

ဒေါ်ဇင်မာလွင့် အကြည့်တွေက လွယ့် မျက်နှာလေးဆီရောက်လာသည်။ ပြီးတော့ တံခါးဝကနေ အပြင်ကိုလှမ်းငေးနေကာ ..၊

“လွယ်လွယ်ခက် ကို မင်းရဲ့ အတ္တလောဘအတွက် အသုံးချ တယ်၊ ပြီးတော့ .. သိဂီဦး တို့လင်မယားအပေါ်မှာ မင်း ကလိန်ကကျ ကျပြီး ..”

“မဟုတ်ဘူး မမ .. ဝမရှိဘဲ ဝိလုပ်လို့မရပါဘူး၊ ကျွန်တော် ရသင့်တာ ကို မညှာမတာယူခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် ဖေရဲ ဆိုတဲ့လူကလည်း ..”

“ဒီမှာ မောင်မောင် .. လူကျင့်ဝတ်ဆိုတာ လူ့ဘဝမှာ စောင့်ထိန်း ရအခက်ခဲဆုံးပဲ၊ လူဖြစ်ပြီး ကျင့်ဝတ်သိက္ခာမရှိရင် အဲဒီလိုလူဟာ မျက် နှစ်ဖက်ကြား ခေါင်းပေါက်နေလို့ လူဖြစ်လာတာ၊ ဘာတန်ဖိုးမှ မရှိဘူး မင်းလည်း အဲဒီလိုလူ .. လူတစ်ယောက်ရဲ့ဘဝ .. မိသားစုတစ်စုဒီလောက် ထိ ..”

“တော်ပါတော့ မမရယ် .. ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းရတာ အခက်ဆုံးပဲဆိုရင် ကျွန်တော်က လူဆိုးပါ၊ မစောင့်ထိန်းခဲ့ဘူးဆိုရင် လည်း ကျွန်တော့်ကို ခွင့်လွှတ်ပါ မမရယ် ..”

“မမေ့ ..”



နေမြဲ က ထိုင်ရာကနေ ထလာပြီး ဦးကောင်းမိုး ဒူးထောက်နေ သည့်ဘေးမှာ ရပ်လိုက်ကာ ..၊

“သူ့မှာလည်း ဒဏ်ရာတွေ အကင်းမသေသေးပါဘူး မေမေရယ်၊ အပြစ်ပြုမိတယ်ဆိုရင်လည်း တောင်းပန်နေပြီပဲ ..”

ဒေါ်ဇင်မာလွင် က မျက်ရည်ဝေ့နေပေမယ့် တင်းနေသည့်မျက်နှာ ထားက အနည်းငယ်မှ လျှော့မသွားခဲ့ပေ ..။ မောင်ငယ်တစ်ယောက်ရှိ နေပေမယ့် သေသွားပြီလား၊ ရှိနေသေးသလား မသိခဲ့ရသည့်အဖြစ်နှင့် နှစ်တွေကြာလာတော့ သေစာရင်းသွင်းပြီး မေ့နိုင်အောင် ကြိုးစားခဲ့ရ သည်။

သင်းကတော့ နိုင်ငံရပ်ခြားတွေရောက်လို့ရောက် ..၊

ရှိသမျှ ပါသမျှကို သုံးဖြုန်းပြီး ဘာမှမကျန်တော့မှ ခလုတ်ထိမှ အမိတ၏ ..။

မောင်မောင့် နာမည်က ဟိုတုန်းက ကောင်းမွန် ပါ ..။

ကောင်းမွန် ကနေ ကောင်းမိုး ဖြစ်ပြီး သူ မှားခဲ့တာအတွက် ပြန်ပေးဆပ်ဖို့ ငွေမှငွေ သည်းကြီးမည်းကြီးရှာခဲ့သည်တဲ့ ..။

“ကျွန်တော့်မှာ ခြူးတစ်ပြားမှမရှိဘဲ ငွေလုံးငွေရင်းရအောင် ရှာခဲ့ ရတာ၊ မသမာတဲ့နည်းတွေရော မတရားတဲ့ အလုပ်တွေရော အကုန်လုပ် ခဲ့ရတယ်” လို့လည်း ပြောပြသေးသည်။

သူ ကြိုးစားခဲ့ပုံတွေကို ဒီလိုပြောပြတဲ့အတွက် ကြားရတဲ့အစ်မ တစ်ယောက်အနေနဲ့ ပျော်နိုင်ပါ့လား ..။

ဒီလိုရှာဖွေထားတဲ့ငွေတွေကိုရော၊ ဘယ်သူက မက်မှာမို့လို့လဲ ..။

လက်သီးနှစ်ဖက်ဆုပ်ထားရင်း မျက်ရည်တစ်စက်က ပါးတစ်ဖက် ပေါ်မှာ စွန်းထင်းခဲ့၏။ သိဂီဦး ဆီက အပြန်မှာ တစ်ဖက်က ခြံကျယ် ကြီးရှေ့ရောက်တော့ ‘ဒေါ်ဇင်မာလွင်’ လားလို့ မေးခံခဲ့ရတာ ခုမှ နားလည်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

မောင်မောင်က ထိုတိုက်ကြီးနဲ့ ခြံကို သူမအတွက်ရည်ရွယ်ပြီး ပြုပြင်မွမ်းမံထားခဲ့သည် တဲ့ ..။ ထိုပြင် ဘဏ်မှာ ငွေတွေ သိန်းပေါင်း သောင်းနဲ့ချီနေပြီလို့ဆို၏။

ဒါတွေကရော လွယ့် မိဘတွေပိုင်တဲ့ ပစ္စည်းတွေနဲ့ ကင်းရဲ့လား ..။

"အန်တီ .."

အတွေးထဲမှာ မျောနေခဲ့သဖြင့် ရှေ့မှာ လွယ် မတ်တတ်လေးလာရပ်တာကိုလည်း သတိမမူမိခဲ့ ..။

"အန်တီ့ကို လွယ် တစ်ခုလောက် တောင်းပန်ပါရစေ .."

"သူ့အတွက်ဆိုရင် မပြောနဲ့တော့ လွယ် .. ကိုယ်လုပ်ရင် ကိုယ်ခံရမှာပဲ ဘယ်သူနဲ့မှ မသက်ဆိုင်ဘူး .."

ဒေါ်ဇင်မာလွင် က လွယ် နဲ့ နေမြဲ ကိုကြည့်ပြီးမှ ထိုင်ရာမထ ဒူးထောက်နေသည့် ဦးကောင်းမိုး ဆီ မျက်လုံးငွေ၍ ..။

"သူ့ကို ခွင့်မလွှတ်နိုင်တာ ပြီးခဲ့တဲ့ ငါတို့မိသားစုရဲ့ အတိတ်ကြောင့် မဟုတ်ဘူး၊ ငါ့အတွက် မေးဆပ်ချင်လို့ပါဆိုပြီး သူ တစ်ကိုယ်ကောင်း ဆန်ဆန်ကျော်ဖြတ်နင်းပြီး ရှေ့ဆက်လာခဲ့တဲ့ ခရီးတစ်လျှောက်မှာ ဒုက္ခပင်လယ်ဝေခဲ့တဲ့လူတွေ ဘယ်လောက်တောင်ရှိခဲ့သလဲ .."

"ကျွန်တော် အဲ့လောက်ကြီးမဟုတ်ခဲ့ဘူး မမ .."

"နောက်ထပ်ရှိသေးတယ် .. မင်း ခုထိ ရောင်းချစားသောက်နေတဲ့ အရက် .."

ဒေါ်ဇင်မာလွင့် အသံက အံကြိတ်ထားလျက် တိမ်လိုက်ပေါ်လာလိုက်ရှိလျက် ..။

"သူများကို တစ်ဘဝစာရှုးသွပ်အောင်ပြုမိတဲ့အတွက် မင်းဘဝသံသရာမှာ အရူးဘဝနဲ့ ဘယ်လောက်တောင်ကျင်လည်ရဦးမလဲ မင်း



သိရဲ့လား မောင်မောင် ရဲ့ .."

မျက်ရည်စက်တွေက ထိန်းချုပ်နေသည့်ကြားမှ ပိုးပိုးပေါက်ပေါက် ဆင်းကျလာကြသည်။ တကယ်တော့ အချစ်ရဆုံး မောင်လေးအတွက် စိတ်ပူလွန်းလို့ပါ ..။

"မင်းကိုယ်တိုင်သောက်စားပျော်ပါးခဲ့တယ်၊ လောင်းကစားတွေ လုပ်ခဲ့တယ် .. ခု ပြန်တွေ့ရတော့ ကိုယ်တိုင်ရောင်းစားနေတယ် .."

"အဲဒါ လွယ့် မိဘတွေလုပ်ခဲ့တဲ့ လုပ်ငန်းတွေပါ အန်တီ .. အန်ကယ်လ် မေမေ့ကို လက်ထပ်ခဲ့လို့ ဦးဆောင်သူဖြစ်လာခဲ့တာပါ .."

လွယ် ရှင်းပြပေမယ့် သူမ လက်မခံနိုင် ..၊

ကွမ်းယာသည် ကွမ်းစားသလိုမျိုး၊ တစ်ချို့ကျတော့ ကိုယ်တိုင် ကွမ်းကြိုက်လွန်းလို့ 'ငါ့ကွမ်းဖိုးနဲ့မွဲတော့မှာပဲ' ဆိုပြီး ကွမ်းယာထရောင်းကြတာတွေရှိသည်။

ကိုယ့်မောင်အကြောင်း မသိဘဲနေမလား၊ ဒီအလုပ်ကို သူ ဝါသနာကြီးမားစွာလုပ်နေခဲ့တာ ..။ မိန်းမက ဒီအလုပ်ရှိခဲ့တာဆိုရင်လည်း အဲ့ဒီလိုမိန်းမမို့လို့ ဒီကောင်လေး မျက်စိကျတာဖြစ်ရမည်။

"သေရည်သေရက်ဆိုတာ လူကိုအသိစိတ်ပျောက်စေတဲ့အရာ၊ အဲ့ဒီအရက်ရောင်းစားတဲ့လူတွေ သံသရာမှာ အရူးဘဝနဲ့ အဖန်ဖန်ကျင်လည်နေရတယ်တဲ့ .. မင်း ဒီအလုပ်ကို လုပ်နေသရွေ့ ငါ့မျက်စိရှေ့ ထယ်တော့မှ မလာခဲ့နဲ့ .. ပြီးတော့ .."

အကြည့်က လွယ့် ဆီ ရောက်ပြန်၏။

"ဒီမိန်းကလေးသာ ကိုယ့်အသိစိတ်လေးနဲ့ကိုယ် မထိန်းသိမ်းတတ်ခဲ့ဘူးဆိုရင် မင်း အဖွာကြီးတစ်ကိုယ်ကောင်းဆန်မှုနဲ့ .."

"မဟုတ်ပါဘူး အန်တီ အဲဒါတွေအားလုံး လွယ့် ဆိုးကြောင်နဲ့ ဖြစ်မှားနေခဲ့တာတွေပါ .."

www.burmeseclassic.com

www.burmeseclassic.com



သူမထံမှ ထူးဆန်းစွာကြားလိုက်ရသည့် စကားကြောင့် ဒေါ်ဇင်မာလွင် ကိုယ်တိုင် အံ့ဩသွားခဲ့သည်။

"အန်ကယ့်လ်အပေါ်မှာ တစ်ချိန်လုံး အထင်လွဲစိတ်နဲ့ ပြစ်မှားစော်ကားနေမိတာက လွယ် ပါ၊ အန်ကယ့်လ်က သူ့အလုပ်အပေါ်မှာ အတွယ်ရှိနေတာကလွဲရင် လွယ့် အပေါ်မှာ ဘယ်တုန်းကမှ ဖိနှိပ်စော်ကားခဲ့တာမရှိဘူး၊ အဆိုးဆုံးထိလည်း တွန်းမချခဲ့ဖူးပါဘူး၊ ခုလည်း သူ့အသားနာခံပြီး သတ်ပစ်ရင်တောင် သေသွားနိုင်ပေမယ့် လွယ့် ကို ကာကွယ်ခဲ့တာပါ၊ မှားခဲ့တာက လွယ် ပါ အန်တီရယ် .. အန်ကယ့်လ်ကို အပြစ်မယူပါနဲ့နော် .."

"မေမေရယ် .. အားလုံးအေးချမ်းနေကာမှ .."

"မဟုတ်ဘူး သား .. မအေးချမ်းသေးဘူး၊ သူက အစ်မကို ပြန်တွေ့လိုက်ရလို့ သူ့စိတ်နဲ့သူ ထမ်းထားတဲ့ တာဝန်ဝတ္တရားတွေ ပြီးဆုံးပြီလို့ တွက်နေတာ၊ ရှေ့ဆက်ပြီး ဒီ့ထက်ပျော်ပျော်ကြီး ဖောက်ချလုပ်တော့မှာ.."

ဒေါ်ဇင်မာလွင် စကားတွေကြောင်းပြီး နှုတ်ထုတ်စောင့်မျှော်နေပေမယ့် ဦးကောင်းမိုး ထံမှာ 'ကျွန်တော် ဒီအရက်ကို မရောင်းတော့ပါဘူး' ဆိုသည့် ကတိစကားမျိုးထွက်မလာခဲ့ပေ ..။

မောင်ဖြစ်သူကို ငုံ့မိုးကြည့်ရင်း အံကြိတ်လိုက်သည်။ သင်းက ဒီလိုခေါင်းမာနေတုန်းလား ..၊

မင်းကို ဒီတိုင်းထားခဲ့ပြီးတော့ ငါ မသေဘူး မောင်မောင်၊ တစ်နေ့နေ့မှာ ဒီငရဲထဲက မင်းကို မဖြစ်ဖြစ်အောင်ဆွဲထုတ်ပစ်မှာ ..။

"မေမေ .."

ဒေါ်ဇင်မာလွင် ဘာမှထပ်မပြောတော့ဘဲ အိမ်ထဲလှည့်ဝင်သွားလျှင် နေမြဲ ပျာပျာသလဲဖြစ်သွား၏။

မေမေ ဒီလောက်ထိပြတ်သားနိုင်လိမ့်မည်လို့ တကယ်ကို မထင်ခဲ့



မိပေ ..။

ထိုစဉ် ဦးကောင်းမိုး က ဒူးထောက်နေရာက ထရပ်လိုက်ကာ အားနာဟန်နှင့် နှစ်သိမ့်ဖို့ပြင်နေသည့် နေမြဲ ပခုံးကို ခပ်ဖွဖွဆုပ်ကိုင်လိုက်ပြီး ..၊

"ထားလိုက်ပါ လူလေးရယ် .. မမအကြောင်းကို လေးလေး အသိဆုံးပါ၊ နှလုံးသားနူးညံ့တယ်၊ ယုယကြင်နာတတ်တယ်၊ ခုလည်း သူ့မောင်ကို ချစ်လွန်းလို့ ရက်စက်ဟန်ပြသွားတာပါ .. ဦး နားလည်တယ်"

"ဝမ်းသာလိုက်တာ လေးလေးရယ် .. မေမေ့ရဲ့ သွေးအရင်းဆုံးကိုယ့်ဦးလေးတစ်ယောက်ကို ရလိုက်တာ ကျွန်တော် အရမ်းဝမ်းသာတယ်၊ မေမေ့ကို နားလည်တယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် စိမ်းကားပြတ်တောက်မနေကြဘဲ မေမေ ဘယ်လိုဆူဆူပြောပြော ကျွန်တော်တို့ဆီကို သွားလာမပျက်နေပါ .. လွယ် ကလည်း .."

"လွယ် ကလည်း လေးလေးရဲ့ သမီးပဲ သားရယ်၊ သားတို့ သမီးတို့ချင်း ခုလို ကြံဖန်ဆုံဆည်းခဲ့ကြတာ ကံကြမ္မာကို လေးလေး ကျေးဇူးတင်တယ်ကွာ .. အနှောင့်အယှက်အဖျက်အဆီးတွေကြားက မင်းတို့လက်တွဲညီခဲ့ကြတယ်နော် .."

မလုံမလဲ စိတ်တွေဖြစ်ကုန်ကြကာ လွယ် နဲ့ နေမြဲ ဖျတ်ခနဲအကြည့်ချင်းဆုံသွားသည်။ သို့သော် ချက်ချင်းပြန်လွှဲ၍ ပြုံးလိုက်ကြကာ ..၊

"တကယ်တော့ အန်ကယ်လ် .."

လွယ် က မျက်လွှာချထားလိုက်ပြီး စကားစလိုက်လျှင် နေမြဲ က သူမလက်လေးတစ်ဖက်ကို ခပ်ဖိဖိဆွဲလိုက်ပြီး ..၊

"တကယ်တော့ ကျွန်တော်တို့က လက်ထပ်ကြဖို့ထိ မရည်ရွယ်သေးဘူး လေးလေးရဲ့ .. အဲ့ဒါ .. ဟို .. မထင်မှတ်တဲ့ အခက်အခဲတွေက ဖိအားပေးလိုက်သလိုဖြစ်ပြီး .. ဟိုလေ .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ … နီးပြေးကြတဲ့ စုတွဲတော်တော်များများမှာ မထင်မှတ်ဘဲ ပြေးကြရတာတွေ အများကြီးပဲလေ၊ ဘာပဲဖြစ်ဖြစ် ချစ်သူချင်း နီးပြေးမိကြတာပဲ … ဘာကြောင့်ပဲပြေးရပြေးရ ညားကြလေသတည်းပေါ့ကွာ…"

"အပွန်း …"

လွယ် က အသက်မပါစွာရယ်ရင်း လက်ကိုပြန်ဆွဲရုန်းသည်။ နေမြဲ က အတင်းပြန်ဖိဆွဲထား၏။ ဦးကောင်းမိုး က အစ်မဖြစ်သူ ဝင်သွားသည့် အိမ်အတွင်းဘက်ကိုလှမ်းကြည့်ပြီး အပြုံးတို့တစ်ဝက်တစ်ပြတ် ပျောက်ကွယ်သွားခဲ့လျက် …

"နောက်ပြီး မမ ဘယ်တော့မှ လက်ခံမှာမဟုတ်တဲ့ ဘောက်ထော်က ခြံနဲ့တိုက်ကို သားနဲ့သမီးအတွက် လေးလေး လက်ဖွဲ့ပါရစေ၊ ဒါကို လက်ခံမယ်လို့ ကတိပေးစမ်းပါ …"

"ဗျာ …"

"မမို ဘာပြောပြော ဘယ်လိုတားတား လက်ဖွဲ့တို့ လက်ဆောင်တို့ဆိုတာ မငြင်းကောင်းပါဘူး၊ ပြီးတော့ ဒါ ကျွန်မ်းတို့ရဲ့ ဦးလေးအရင်းပါနော်"

ဦးကောင်းမိုး က နေမြဲ လက်ကိုဆွဲပြီး တောင်းပန်သည့်မျက်ဝန်းတို့နှင့် ငေးစိုက်ကြည့်နေခဲ့၏။

"မမကို မပြောရဲပေမယ့် သားကိုတော့ ပြောပါရစေ၊ ရေးရေး ငယ်တုန်းကလည်း ကိုယ်ပိုင်ဆိုင်သမျှ ရွှေငွေစည်းစိမ်ဥစ္စာတွေကို အဲဒီ ပတ်ဝန်းကျင် အဆိုင်းအဆင်းမိတ်ဆွေဆိုတာတွေက လှည့်မှုတ်ဖြုန်းခဲ့ကြတာပဲ၊ လေးလေး ဖြစ်ရလာတာမှ ဘာဖြစ်လို့ မကောင်းမှုဖြစ်ရတာလဲ၊ ဒီပစ္စည်းဥစ္စာတွေက ခိုးဆိုးတိုက်ခိုက်တာမပါဘူး၊ ဘယ်သူ့ဆီကမှ လုယူထားတာလည်း မဟုတ်ဘူး …"

နေမြဲ ခေါင်းညိတ်ပြီး ဦးကောင်းမိုး ကိုင်ထားသည့် လက်ပေါ်က



နေ ထပ်အုပ်ကိုင်မိကာ …

"ထားလိုက်ပါတော့ လေးလေးရယ် … လောဘစိတ်ကလာတာကိုက အကုသိုလ်ပဲ၊ လောကီသံသရာမှာ အကျိုးစီးပွားရှာနေကြတာ အကုသိုလ်မကင်းကြပါဘူး …"

"ဝမ်းသာလိုက်တာ လူလေးရယ် … လူတွေက သူတို့ပုံမှ ပုံမှန်းသိကြတာ၊ ခံလိုက်ရတဲ့လူက တက်ခေါက်ကြိမ်ဆဲကျန်ခဲ့တဲ့ ထုံးစံဝလေးသားရဲ့မေမေက အဲဒီ ကျိန်ဆဲသံတွေကြားပြီး လေးလေး ငရဲကြီးတော့မယ်၊ ဝဋ်လည်တော့မယ်လို့ပဲ တစ်ယူသန်စွဲနေတာ၊ ဖြစ်လာနိုင်မှန်းလည်း လေးလေး သိပါတယ်၊ ဒါပေမယ့် သံသရာကြောက်ပြီး ငုတ်တုတ်ထိုင်နေလို့လည်း မရဘူးလေ …"

ဦးကောင်းမိုး က အားတက်သရောရှင်းပြနေရင်း လွယ့် ကိုလည်း လှည့်လှည့်ကြည့်၏။ လွယ် က ခေါင်းညိတ်လိုက်မှ စကားဆက်၍ …

"ကျွမ်းကျင်ရာလိမ္မာဆိုတဲ့စကားလည်းရှိတယ်မို့လား … လောလောဆယ် မမ စိတ်ချမ်းသာသွားအောင် ကတိမပေးနိုင်သေးတာက လေးလေး ဒါကိုပဲ ကျွမ်းကျင်တာလေ၊ ပြောင်းလဲဖို့အတွက် အချိန်ယူရဦးမှာ …"

ပြောနေရင်း တစ်စုံတရာကို သတိရသွားသလိုပြုံး၍ …

"မမ ပြောသလိုမျိုးပေါ့၊ ရဲဆွေး ဆိုရင် လောင်းကစား အသောက်အစားအပြင် ဆေးလည်းသုံးတယ်၊ အခု နောက်ပိုင်းမှ သိရတာက သူမှာ စိတ်ရောဂါရှိနေတာပဲ၊ အဲဒါ သူများကိုရှုံးစေခဲ့လို့ ပြန်ခံရတာထင်တယ် …"

"ဟင် … ဘယ်လို လေးလေး …"

"အနုစားလေးပေါ့ကွာ … ဆေးကြောင်ကြောင်ပြီး ဆေးရုံတက်လိုက်ရတယ်၊ ပြီးတော့ ပြစ်ဒဏ်ကျခံခဲ့ရတယ်၊ အဲဒါတွေက တိုင်းတက်နိုင်ငံမှာဖြစ်ခဲ့တာတွေပါ၊ သူ့ဘက်က ပံ့ပိုးတဲ့ ဘက်(ခ်)ကြောင်း(န်)ကောင်းလို့ ဒီဘဝမျိုးပြန်ဖြစ်လာတာ …"

www.burmeseclassic.com

www.burmeseclassic.com



ဘုရား .. ကံကောင်းလို့ လွဲခွင့်ကြုံခဲ့တာပါလား ..။

လွှယ့် မျက်နှာလေး ချောက်ချားသလိုဖြစ်သွားတာကို ဦးကောင်းမိုး အမိဖမ်းကြည့်ကာ ..၊

"သမီး လေးလေးကို မုန်းသင့်ပါတယ်၊ ဒါပေမယ့် မုန်တာတစ်ခု ဝန်ခံရရင် သူ့ကို ဆေးသမားမုန်း အစက မသိခဲ့ပါဘူး၊ သူ့စကားတွေ တစ်ချက်တစ်ချက် အစွန်းရောက်သွားတတ်တာကို သတိထားမိပြီး စုံစမ်းလိုက်ကာမှ သိခဲ့ရတာ၊ လေးလေး စိတ်ကွက်သွားပေမယ့် ပတ်သက်မှုက လွန်နေကြပြီလေ .."

"လေးလေးက သူ့ဆီက ငွေတွေယူထားတာလား .."

"အဲဒါမျိုးတွေ မဟုတ်ဘူး သား .. မမတို့ မိသားစုအတွက် ငါ ပေးဆပ်ရမယ်ဆိုတဲ့တာဝန်သိစိတ်ဖြစ်လာတည်းက ကြွေးဆိုတာ ဘာကြွေးမှ လေးလေး အတင်မခံခဲ့ဘူး၊ ဒါပေမယ့် ကြွေးဆပ်ရမယ် .. ကျန်ခဲ့ရင်လည်း ဒီတိုင်းအလုံးမပျက်အရင်းမပျက် ကျန်ခဲ့ရမယ်ဆိုတဲ့ လောဘစိတ်တွေ များနေခဲ့တာ အမှန်ပဲ၊ ဒါကြောင့် သူနဲ့ လက်တွဲဖို့ကြိုးစားရင်း မကင်းရာမကင်းကြောင်းတွေ ငြိခဲ့မိတာတော့ ရှိတာပေါ့ .."

ဦးကောင်းမိုး က သေချာပြောပြနေကာ မျက်နှာပေါ်က အကင်းမသေသေးသည့် ဒဏ်ရာတွေကိုလည်း လက်နဲ့ခပ်ဖွဖွစမ်းနေရင်း ..၊

"လေးလေး ထင်တာပြောရရင် ဆေးကြောင့် ကြောင်သွားတဲ့ စိတ်ကယောက်ကယက်ဖြစ်စဉ်မှာ သူ့ရဲ့ ငုတ်စိတ်မှာ စွဲလမ်းခဲ့တဲ့သမီးက သူ့အတွက် အဓိကအရေးကြီးဆုံးဖြစ်သွားခဲ့တာ၊ သူ့ရဲ့ စွဲလမ်းစိတ်က သမီးကို ပိုင်ဆိုင်ဖို့ကလွဲရင် ဘာမှအရေးမကြီးတော့ဘူးဖြစ်လာပြီး အရူးလို လျှောက်လုပ်တာပဲ .."

ကြောက်စရာပါလား ..၊

"တကယ်တော့ ဝဋ်လိုက်တာနေမှာပါ၊ သူ လုပ်ခဲ့တဲ့ မကောင်းမှု



တွေနဲ့စာရင် လေးလေးက ကောင်းမှုတွေ အများကြီးပါ၊ ဒါကြောင့် အကုသိုလ်ကို ကုသိုလ်နဲ့ ပြန်ချေပဖို့ အချိန်ရှိပါသေးတယ်၊ လေးလေး ဓမ္မ ဖြစ်စေချင်သလိုဖြစ်လာအောင် ကြိုးစားမှာပါ .."

ပြောပြီးတော့ လွှယ့် လက်လေးကိုပါ လှမ်းဆွဲကာ ..၊

"ကဲ .. သားတို့ကို ဘောက်ထော်ကခြံကို လိုက်ပြမယ် .."

"ဟင် .. ခုလား .."

"အေး .. သားနဲ့သမီး လိုက်ကြည့်ပြီး ကျေကျေနပ်နပ်နဲ့ လက်ခံကြမယ်ဆိုမှ လေးလေး စိတ်အေးရမှာ .."

နေမြဲ လွှယ့်ကို လှည့်ကြည့်သည်။ လွှယ ကလည်း မျက်နှာလေး ဖျက်နေကာ သူ့ကိုကြည့်ပြီး မသိမသာခေါင်းခါပြ၏။ နေမြဲ က ပြုံးလိုက်ပြီး သူမလက်လေးကို ဖိဆုပ်ထား၍ ..၊

"သွားမယ်လေ .."

"အိုခေ .. အိုခေ .."

ဦးကောင်းမိုး မျက်နှာကြီး ဝင်းထိန်သွား၏။ ဘာမှလည်း မဟုတ်ခဲ့တာကို ဘယ်လိုမျက်နှာနဲ့ လက်ခံရမှာလဲ၊ ဘယ်သူက အိုခေပါတယ် ပြောမိလို့လဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

မင်္ဂလာပွဲကို တခမ်းတနားကျင်းပဖို့အတွက် ဒေါ်ဇင်မာလွင် က အားတက်သရောစီစဉ်နေသည်။ လွယ့်ဦးလေးဆိုတာက ကိုယ့်မောင်လေး ဖြစ်နေမှန်း သိလိုက်တော့ လွယ် က သွေးမတော်ပေမယ့် ပိုပြီးရင်းနှီးသွား သလို ခံစားမိ သည်။

ထို့ကြော င့် သမီးလေးလိုရော၊ ချွေးမလိုရော အရိပ်တကြည့်ကြည့် ဖြစ်နေခဲ့၏။

"သမီး စိတ် ဘိုင်းမကျတာရှိရင် ပြောနော် .. မေမေ အားလုံး ဖြည့်ဆည်းပေးမယ်၊ မင်္ဂလာကိစ္စကိုဖြစ်ဖြစ် သားနဲ့ ပတ်သက်တဲ့တစ်ခု တစ်ရာရှိရင် ဖြစ်ဖြစ် .."

"ဟို .. မရှိပါဘူး အန်တီ .. ဒါပေမယ့်လေ .. တစ်ခုတော့ -"

"မေမေရ .. ဒီမှာ ဖုန်းလာနေတယ် .."

လွယ့်ရင်ထဲမှာ မွန်းကျပ်နေတာတွေကို ဖွင့်ချလိုက်ဖို့လုပ်တုန်း နေမြဲ ဩသို့တစ်စုံတရာနှင့် နှောင့်ယှက်မြဲဖြစ်လျက် ..၊

"ခင်ဗျားက ဘာဖြစ်နေတာလဲ .. ဒါကိုပဲပြောဖို့ ပါးစပ်တပြင်ပြင်နဲ့ -"

"မပြောဘဲ မျိုသိပ်မနေနိုင်ဘူး နေမြဲ .. ရှင်နဲ့ လွယ် က ချစ်သူ



လည်း မဟုတ်ကြဘဲနဲ့ .."

"ဘာ ...."

"ဟော့ .. ဟော့ .. ညှိသည်တွေလာမှ အဆင်မပြေဖြစ်ပြီး မောင်း ထုတ်ဖို့ မစဉ်းစားနဲ့၊ ငါတို့က ဒီနေ့လယ်စာစားပြီးမှ ပြန်မှာ .."

ဦးထိုက်စံ နဲ့ ကိုလေး တို့အပြင် ပုညု တို့ လူစုတွေပါ ဝင်ချလာကြ တာ အားလုံး ခုနစ်ယောက် ..။

"ဘာကိစ္စနဲ့လဲ .. လူအုပ်ကြီးက .."

နေမြဲ ကလည်း တမင်တကာမျက်နှာထားနဲ့မေးကာ ခေါင်းပါ ကုတ်ပြလိုက်သေးသည်။

"ကိစ္စမရှိသေးပေမယ့် မြားနတ်မောင်အတွက် ဖူးစာရှင်ရှာရတဲ့ပွဲ မှာ ငါတို့နဲ့လည်း ပတ်သက်တယ် .."

"ဘာမှမဆိုင်ဘူး .."

"ဆိုင်တယ် သိပ်လိုက် နေမြဲ .. ချစ်မြားရှင်ကို ရောက်လာပြီးမှ မင်းတို့ဆုံကြတာ၊ ချစ်မြားရှင်က ငါတို့အားလုံးနဲ့ မဆိုင်ဘဲနေမလား .."

ကိုလေးကချည်း ခေါင်းဆောင်တိုက်ခိုက်နေကာ ..၊

"တခမ်းတနားကျင်းပမယ့် မင်းတို့ပွဲအတွက် အန်တီနဲ့အတူ ဝိုင်း ဝန်းကြံဆ .."

"တော်ပါကွာ .. မေမေ့ မိတ်ဆွေတွေ ဒီညနေ ဒင်နာလာစားကြ မှာ၊ အဲ့ဒါအတွက် မေမေ တမင်ဖိတ်ထားတာ မင်းတို့မလိုပါဘူး .."

"လိုလို မလိုလိုကွာ .. ကဲ .."

"အေးလေ .. ငါတို့က မင်းတို့ကို ဟိုတစ်ခါလို နှောင့်ယှက်ခဲ့ဖြ ခဲ့ယ့် အရှုးတွေ ထပ်ရှိလာရင် ကာကွယ်ပေးနိုင်သေးတယ် .."

"အံမာ အရှူးဆိုလို့ သတိရတယ်၊ သုတကျော် လည်း စမ်းသပ်ဖို့ လိုတယ်ကွ .. သိလား နေမြဲ .."

www.burmeseclassic.com

www.burmeseclassic.com



ကိုလေး က ရယ်ကာ လွယ့် ကို အားနာသလိုတစ်ချက်ကြည့်၏။ ပြီးမှ …၊

"သူလည်း အချစ်ရူးပဲထင်တယ်၊ လွယ့် ကို မင်းနဲ့ မသထာလို့ ဟိုပြေးဒီပုတ်နဲ့ ရှေးရူးလုပ်လိုက်သေးတယ်၊ ဒါပေမယ့် စိတ်ကောင်းလေး ဝင်ပြီး ရဲခေါ်လာပေးဖော်ရပါတယ်၊ ခုလည်း ငါတို့နဲ့မှာလိုက်တယ်၊ မင်းတို့ သူ့ကို ခွင့်လွှတ်ရင် မင်္ဂလာပွဲတက်ခွင့်ပြုပါတဲ့ …"

"တော်တော်၊ ဘြာင်တာနော် … သူလည်း အရူးတစ်မျိုးပဲ …"

"အချစ်ရူးပါပဲ ဒိမှ …"

သူတို့ဘာသာ ခင်ထုံကြပြီး ရေခဲသေတ္တာသွားဖွင့်တဲ့သူကဖွင့်…၊

နေမြဲ ရယ်နေ‌င်း လွယ့် ကို မျက်ခြည်ပြတ်သွားသဖြင့် ဟိုဒီလိုက် ရှာမိကာ …၊

"ဟော် …"

လွယ် က ကော်ဖီစေ့ရောင်ဘောင်းဘီရှည်နှင့် ခါးတိုလက်ပြတ် ဂျင်းရင်စေ့အင်္ကျီလေးကိုဝတ်ပြီး ထွက်လာသည်။ ဆံပင်တွေကို ဖြန့်ချ ထားပေမယ့် နားသယ်စပ်နဲ့ နဖူးက ဆံပင်တွေကို မျက်နှာလေးပြောင် သလင်းခါနေတဲ့အထိ သိမ်းလှန်ထားသဖြင့် ကော့ထင်းနေသည့် နှာတံ လေးနဲ့ မျက်တော‌င်ကော့တို့က ပို၍ပေါ်လွင်နေ၏။

'အဝတ်စားဝင့်လဲလိုက်တာ မြန်လိုက်တာ' လို့ ခပ်ကိုးတိုးရေရွတ် ရင်း သူမ ဆင်းထွက်သွားတဲ့နောက်ကို လိုက်ခဲ့မိ၏။

အိမ်ရှေ့မှာ လူကြေမျှားနေလို့လား … တမင်တကာ ဘယ်သူမှမသိ အောင် လစ်ထွက်ချင်တာလားတော့ မသိ …။

တစ်တောင်လောက်ရှည်ပြီး ကြီးသော ရှားရင့်ရောင် သားရေအိတ် လှလှလေးတစ်လုံးကို လွယ်ထားသည်။ ခြေလှမ်းမြန်လေ ကြည့်ကောင်း လေဖြစ်သော သူမရဲ့ သွားလာဟန်က ဆောက်ဆတ်ဆတ်လေး လျှော



နေပေမယ့် လှနေ၏။

ပြီးတော့ သူမ ပါးစပ်ထဲမှာ ပီကေရှိနေတာ လှမ်းမြင်တာနဲ့ သိ လိုက်သည်။

"ဟော … ခေါ်နေတာ မကြားဘူးလားကွ …"

"ဘာလိုက်လုပ်တာလဲ …"

"မင်းကရော ဘာလုပ်မလို့လဲ …"

လွယ် က အိမ်ထဲကို မလုံမလဲလှမ်းကြည့်ကာ ခြံအဝင်ဝရှေ့က မသွားဘဲ ခြံထောင့်က ခြေဦးလှည့်၏။

ထိုဘက်မှာ မလွယ်တံခါးတိုလေးရှိသေးသည်။ ခြံရှင်းတဲ့အခါ အမှိုက်တွေ ပစ္စည်းတွေကို အလွယ်ထုတ်လို့ရအောင် ရည်ရွယ်တာလည်း ပါ၏။

ဒီတိုင်းထွက်သွားဖို့ စိတ်စဉ်လာတာသေချာတာက သူမလက်ထဲမှာ ထိုတံခါးလေးကိုဖွင့်ဖို့ သော့နှင့် …၊

"လွယ် …"

"နေမြဲ … ရှင့်လက်ကို လွှတ်စမ်းပါ …"

လွယ် က နေမြဲ လှမ်းဆွဲလိုက်သည့်လက်ကို ပြန်ရုန်းရင်း တိုက်နံရံ မှာ ကျောပေးရပ်လိုက်ကာ …၊

"ရှင့်ကို လွယ် လက်မထပ်နိုင်ဘူး …"

"ဟင် … မင်း … မင်း ငိုနေတာလား …"

လွယ် က ကလေးငယ်လေး ငိုနေရင်းမုန့်စားသလို သူ မေးလိုက် မှ မျက်ရည်စက်တွေ လိမ့်ဆင်းကျလာ၏။ ပြီးတော့ ပီကေကို မုန့်ဝါး သလို အလုပ်တစ်ခုလုပ်၍ ဝါးနေလျက် …၊

"ဟင် … ဘာဖြစ်လို့လဲ … ဘယ်သူဘာပြောလိုက်လို့လဲ …"

"ငိုတာမဟုတ်ဘူး …"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ပါးပေါ်မှာ မျက်ရည်တွေ ကိုယ်မြင်နေရတာကို .."

"သူ့ဟာသူ ကျလာတာ .."

ပြောပြီး မျက်ရည်တွေ မျက်ဝန်းမှာ ထပ်၍ပြည့်သိပ်လာလျက်...၊

"ရှင့်ကို လက်မထပ်ဘူး .."

"ဟုတ်ပါပြီ .. ဘာကြောင့် အဲဒီလို ပြတ်သားနေရတာလဲဆိုတာ ပြောလို့ရပါတယ် .. မငိုပါနဲ့ .."

"ငိုတာမဟုတ်ဘူးဆိုမှ .."

မျက်ရည်သုတ်ပေးဖို့ကြိုးစားတာကို ဖယ်ချပစ်လိုက်ပြီး အော်တော့ သူ ပြုံးမိကာ ...၊

"ဟုတ်တယ် .. မငိုဘူး .. ပြော .. ဘာဖြစ်လို့လဲ .."

"ရှင် သူများခံစားနေရတာကို ပြက်ရယ်ပြုတယ်ပေါ့ .."

"မဟုတ်ပါဘူးကွာ .. မင်း မျက်ရည်ကျနေတာ ချစ်ဖို့ကောင်းလို့ပါ .."

"ဘာ ..."

"မဟုတ်ဘူး .. ငိုလိုက်ပြောလိုက်နဲ့ လုပ်နေတာကိုပြောတာ ပီကေတွေလည်း ဝါးနေရင်းနဲ့လေ .."

"နေမြဲ .."

"ဟင် ..."

"ရှင် လေးလေးနက်နက်နားထောင်ပေးဖို့ ဆန္ဒရှိတဲ့အခါ ဖုန်းဆက်လိုက် .. ခု လွယ် သွားမယ် .."

"ဟာ .. ဘယ်သူက မလေးနက်လို့လဲ၊ လွယ့် မင်းဘယ်လိုဖြစ်နေတာလဲ .. ကြည့်ဦး ခုလည်း ကိုယ့်ကို မပြောမဆိုနဲ့ ထွက်သွားဖို့လုပ်တာ ကိုယ်မြင်လိုက်လို့ .."

လွယ် ခြေလှမ်းပြင်သမျှ သူရှေ့ကနေ ကာဆီးနေမိရင်း ...၊



"အားလုံး အဆင်ပြေနေကာမှ လွယ် ရယ် .."

"အခြေအနေတွေ ပေးလာတာနဲ့ အိမ်ထောင်ပြုလိုက်ဖို့ ရှင် ဲ ဆုံးဖြတ်ပါ၊ လွယ် အဲဒီလိုဘယ်တော့မှ မလုပ်ဘူး .."

"ကိုယ်ပြောတာက မင်းနဲ့ ကိုယ် ရင်ဆိုင်ခဲ့ကြတဲ့ အခြေအနေတွေက အသက်အန္တရာယ်တောင်နီးခဲ့တာတွေလေ၊ အဲဒါတွေကို ကိုယ်တို့ ဘယ်လိုသတ္တိတွေနဲ့ ကျော်ဖြတ်ခဲ့ကြတာလဲ .."

လွယ် ပီကေဝါးနေသည့် ပါးလေးတွေ ခဏငြိမ်ကျသွား၏။ နေမြဲက အငိုက်ဖမ်းပြီး သူမ လက်မဝါးလေးတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ကာ ...၊

"ရှင်နဲ့ ကျွန်မ ချစ်သူတွေမဟုတ်ဘူးဆိုတဲ့အတွေးနဲ့ ဘာဖြစ်လို့ စည်းခြားချင်နေတာလဲ လွယ် ရယ် .. ချစ်တဲ့စိတ်က 'ချစ်တယ် .. ချစ်မှာလား' ရဲ့ရှေ့က ဖြစ်လာတာပါ၊ အဲဒီ အမေးအဖြေတွေကြောင့် ချစ်လာကြတာမှမဟုတ်တာ မင်းနဲ့ ကိုယ် နှလုံးသားချင်းနီးခဲ့ကြတယ်၊ ချစ်နေကြတယ်ဆိုတာလည်း တစ်ယောက်ကိုတစ်ယောက် နားလည်ကြတယ် .."

"လွယ် ပြောတာက .."

"ဘာလိုသေးလို့လဲ လွယ် .. လူကြီးတွေရဲ့သဘောကလည်း ညီညွတ်နေကြပြီပဲ .."

"အဲဒါတွေမဟုတ်ရင်လည်း ရှင်နဲ့ လွယ် တကယ်လက်ထပ်ခဲ့ကြတာမှမဟုတ်တာ၊ အထူးသဖြင့် ဖြောင့်မတ်မှန်ကန်တဲ့စိတ်ရှိငဲ့ အန်တီကို မညာချင်ဘူး၊ ဖွင့်ပြောလိုက်ရင်လည်း တစ်ခုခုတော့ ဖြစ်လာမှာ၊ လွယ် နောက်ထပ် စိတ်မဆင်းရဲချင်ဘူး .."

"မင်းပြောခဲ့တည်းက ကိုယ် ကျေကျေနပ်နပ်လက်ခံခဲ့တယ်၊ ခု ဒီတိုင်း ရှေ့ဆက်ကြမှာပဲ .. ကိုယ်တို့ မဟုတ်တာလုပ်တာမှမဟုတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းတည်းက ကိုယ်တို့ရဲ့ သံယောဇဉ်တွယ်တာမှုတွေက ခိုင်မြဲခဲ့တာ မင်း သိရဲ့လား ..."

လွယ် က သူ့မျက်နှာကိုမော့ကြည့်၏။ နေမြဲ သူမ မေးဖျားလေးကို ပင့်ယူကာ မျက်ရည်စတို့ကို တယုတယသုတ်ပေးလိုက်မိသည်။

"မင်း ကိုယ့်ကို မချစ်နိုင်လို့ ငြင်းနေတာမဟုတ်ရင် ပြီးတာပဲ၊ ကိုယ် နားလည်ထားတာ မင်းနဲ့ကိုယ် ချစ်နေကြတယ် .. ဒါပဲ လွယ်.."

"နေမြဲ .."

"ပြော .."

"လွယ် က ဖေဖေမေမေတို့ရဲ့ သမီးလည်းမဟုတ်ဘူး .."

"ဘာ!..."

အံ့သြသွားသဖြင့် မျက်ခုံးအစုံတွန့်ကုတ်သွားခဲ့၏။ လွယ် က မနို့တရိလေးပြုံးကာ ..၊

"လွယ့် ကို မေမေတို့က မိဘမဲ့ဂေဟာကခေါ်ပြီး မွေးစားခဲ့ကြတာ .."

"ဘာတွေပြောနေတာလဲ လွယ် .. အဲဒါတွေကို .."

"လွယ် နဲ့ ပတ်သက်ပြီး အပြစ်ဖြစ်ရတဲ့အချက်ကို အန်ကယ်ဖြေရှင်းနေတာ လွယ် ကိုယ်တိုင်ကြားခဲ့ရတာ .."

နေမြဲ စိတ်မကောင်းဖြစ်သွားလေသည်။ ဒါကြောင့် သူမ ခမျာ ရှက်ကြောက်အားငယ်နေရှာသည်ပဲ ..။ သူ ကြည့်နေရင်း မျက်လွှာချသွားသော မျက်တောင်ကော့တို့အောက်ကနေ မျက်ရည်စက်တို့ ပြိုးပြိုးပြက်ပြက်ခုန်ဆင်းသွားကြ၏။

"လွယ် ..."

မျက်နှာလေး မော့ဖို့ သူ ကြိုးစားတော့ လွယ် က လက်ကိုရှောင်၍ မျက်နှာလွှဲ၏။



"အန်ကယ်လ်က ကလေးမရနိုင်တော့အောင် ကျန်းမာရေးဆိုးသွားခဲ့တာတဲ့ .. မေမေ့ကို လက်ထပ်တော့ မေမေကလည်း ကလေးယူချင်သူ့ရောဂါပိုဆိုးမှာစိုးလို့ ကလေးမရအောင် ပြင်ဆင်ခဲ့တဲ့သူဖြစ်နေတယ်၊ အဲ့ဒါကြောင့် တစ်ယောက်ကိုတစ်ယောက် စိတ်ချယုံကြည်မှုတွေနဲ့ ပေါင်းဖက်ခဲ့ရင်း ကလေးလိုချင်တဲ့ မေမေ့စိတ်ကြောင့် လွယ့် ကို မွေးစားခဲ့ကြတာ .."

"လွယ် ရယ် .."

"အဖေအမေ ဘယ်သူမှန်းတောင် မသိခဲ့ရတဲ့ မိဘမဲ့အခြေမဲ့အနေမဲ့ .."

"တော်ပါတော့ကွာ .."

"အဲဒါ လွယ့် ဘဝလေ .. ရှင် နားထောင်ပေးဖို့တောင် သတ္တိမရှိဘူးမို့လား .."

"မဟုတ်ဘူး လွယ် .. မင်းကို နာကျင်စရာတွေ ထပ်ထပ်တွေးပြီး မခံစားစေချင်တာ၊ မေမေလည်း အဲဒါတွေသိပေမယ့် မင်းအပေါ်မှာ မေတ္တာပျက်ခဲ့လို့လား .."

"အန်နဲ့တို့စိတ်ရင်းကိုက အဲ့ဒီလိုပဲလေ .. ဒါကြောင့်မို့ မိဘတစ်ယောက်ရဲ့ သားသမီးအပေါ်ထားတဲ့ စေတနာကို လွယ် က နားလည်ပေးချင်တာပါ .."

"ဘယ်လို!..."

"ဘယ်မိဘမဆို .. သားသမီးကို ကောင်းစားစေချင်ကြတယ်၊ ဆင်းပြီး မြင်းရဲ့တာကိုပဲ မြင်ချင်ကြတယ်၊ လွယ့် ကို စာနာတဲ့စိတ်နဲ့ သူ့ရဲ့လောဘကို အတောသတ်ချုပ်ထိန်းရတာမျိုး .."

"သူ့ရင်ထဲထိ မင်း ဝင်ဖို့မလိုဘူး .. ပြီးတော့ မေမေက အဲဒီလိုရင်ထဲတစ်မျိုး နှုတ်ဖျားကတစ်မျိုး နေတတ်တဲ့လူမျိုးမဟုတ်ဘူးဆို

www.burmeseclassic.com

www.burmeseclassic.com



တာ ကိုယ် ပြောရဲတယ် ..”

“လွယ် အန်ဟို့ကို မကောင်းမြင်လို့ပြောတာမဟုတ်ဘူး၊ လွယ် က အသိုင်းအဝိုင်းမရှိ၊ စည်းစိမ်ဥစ္စာ ဆွေဂုဏ်မျိုးဂုဏ်မရှိတဲ့ ..”

“အဲဒါတွေ ရှိနေရင်လည်း လွယ်လွယ်ခက် က လွယ်လွယ်ခက် ပဲ မဟုတ်ဘူးလား သမီး ..”

ဟင် !..၊

နောက်ကအသံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ မီးဖိုခန်း ပြတင်းတံခါးကပွင့်နေလျက် ဒေါ်ဇင်မာလွင် က အထဲကနေ လက်ပိုက် ရပ်နေပြီး ..၊

“မေမေ ခိုးနားထောင်နေတာမဟုတ်ပါဘူး၊ မီးဖိုစတိုခန်းထဲမှာ ပစ္စည်းတစ်ခုရှာရင်း ဒီနားရောက်လာလို့ နားထောင်လိုက်မိတာ ..”

“မေမေ .. သူက ..”

“မေမေ ကြားပါတယ် .. တကယ်မေ့ ့ ဒိသားစုရဲ့ အဓိပ္ပာယ်က သွေးသားတော်စပ်ခြင်းမဟုတ်ဘူး လွယ် .. ချစ်တဲ့သူတွေချင်း စုစည်း နေထိုင်ကြတာကိုမှ မိသားစုလို့ခေါ်တာပါ၊ သွေးရင်းသားရင်းဆိုတဲ့လူ တွေ ပြိုင်တြဆိုင်ကြ အတိုက်အခံလုပ်ကြတဲ့ ပဋိပက္ခတွေ အမုန်းတွေ သမီး မကြားဖူးဘူးလား .. ချစ်ခြင်းမေတ္တာဆိုတာ သွေးသားတော်စပ်မှ ဖြစ်လာတာ မဟုတ်ဘူး၊ တော်စပ်ကြတိုင်းလည်း ချစ်ကြတာမဟုတ်ဘူး လေ ..”

ဒေါ်ဇင်မာလွင့် ကို ငေးနေရင်း လွယ့် မျက်ဝန်းလေးတွေ ကြည် လင်လာ၏။

“သမီး လေးလေးက သူ့ကို မေမေက ခွင့်လွှတ်ဖို့တစ်ခုတည်း အတွက် ဒါကို ရှင်းပြတာမဟုတ်ပါဘူး၊ ဒေါ်ခက်မြသွာ တို့မှာ ဂျင်း(န်) ရှိပေမယ့် သမီးက သူ့သွေးသားမဟုတ်တဲ့အတွက် ဒီအတွက် စိတ်ပူစရာ



မလိုဘူးဆိုတာကိုလည်း ပြောပြချင်တာပါ ..”

တွေ့လားဆိုသည့်သဘောနှင့် နေမြဲ က လွယ့် လက်ဖဝါးလေး ကို မသိမသာဆုပ်ညှစ်လိုက်၏။

“အဲဒီကိစ္စကို သမီးက ကြိုပြီး ဝန်ခံထားတဲ့အတွက် မေမေက ပီတိဖြစ်ရပါတယ်၊ အိမ်ထောင်ပြုကြဖို့အတွက် မိန်းကလေးဘက်မှာ ကြီးကျယ်ခမ်းနားမှုအဖြာဖြာပါနေဖို့ မလိုပါဘူးကွယ် .. မေမေကလည်း လူချမ်းသာကြီးတွေ မဟုတ်ကြပါဘူး၊ သမီးမှာ အဆင်းရှိသလို အချင်း လည်းရှိတယ်၊ မွန်မြတ်သန့်စင်တဲ့စိတ်ထားကို ဘာနဲ့မှ မလဲနိုင်ပါဘူး..”

ဒေါ်ဇင်မာလွင် က ဒါပဲပြောပြီး အသံတိတ်ထွက်ခွာသွား၏။

“ကဲ .. ဘယ်လိုလဲ ..”

“ဘာလဲ .. မသိဘူး ..”

လွယ် က မျက်ရည်တွေသုတ်၍ လှည့်ထွက်သွားဖို့ပြင်လိုက်သည် နှင့် နေမြဲ က လက်လေးကို ဖိဆွဲထားလိုက်ပြီး ..၊

“နောက်ထပ်ပြီး လက်ထပ်မယ့်ကိစ္စအတွက် ကချီးကချောင်တွေ မပြောရဘူး ..”

“ရှင်ကရော ..”

“ကိုယ့်က ဘာပြောဖူးလို့လဲ ..”

“ရှင့်ကိုလည်း မယုံဘူး ..”

“ဘာကိုလဲ ..”

“ခုတစ်မျိုး တော်ကြာတစ်မျိုး ..”

“ပြောမိလို့လား ..”

“ပြောတယ်လေ .. ဒီတိုင်းပဲဆက်နေပေးပါဦးလို့ ဒီကပြောတုန်း က ခါးခါးသီးငြင်းခဲ့တဲ့ ရှင့်မျက်နှာကြီး ..”

နေမြဲ က ရယ်လိုက်ကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး ဘယ်လိုကြီးလဲ .."

"မျက်ခုံးကထူထူ ဘိုကေပြောင်ပြောင်နဲ့ ရုပ်ဆိုးရတဲ့အထဲ မျက်မှောင်ကြီးကုတ်ပြီး စကားပြောတာ အရမ်းမုန်းဖို့ကောင်းတာပဲ .."

"တကယ်မုန်းတာလား .."

"ဟုတ်တယ် .. ဒါပေမယ့် .."

"ဒါပေမယ့် ဘာဖြစ်လဲ .. ဆက်ပြောလေ .."

လွှယ့် မျက်နှာလေးက မဲ့ရွဲ့နေရာကနေ ပြုံးယောင်သမ်းသွားလျက်..၊

"လွှယ် က အမြဲတမ်း လွှယ့် ကို လိုက်လျောတဲ့ ယောကျ်ားတွေပဲ ခေါ်ပြောလာခဲ့ရတော့ ရှင့်ကိုမြင်လိုက်တာနဲ့ .."

"ချစ်သွားတယ်ပေါ့ .. ဒါများကွာ .."

"အံမာ .. ကိုယ့်ဘာသာ အဆုံးသတ်ပြီး သွားကြီးအဖြီးသားနဲ့ .."

"မင်းပြောတာ အဆုံးသတ်နေပြီပဲဟာ .."

"မဆုံးသေးပါဘူး .. လွှယ့် စိတ်ထဲမှာ ထူးဆန်းသွားလို့ ရှင့်ကို စိတ်ဝင်စားသွားတာ .."

"ဟား .. ဟား .. ဟား .."

"မရယ်နဲ့ .."

"မရယ်တော့ဘူး .."

နေမြဲ က လွှယ့် ပခုံးလေးကို ဖက်ဖို့ လက်တပြင်ပြင်ဖြစ်နေလျက်..

"ဆက်ပြောကွာ .."

"ရှင်နော် .."

"ဘာလုပ်ရဦးမှာလို့လဲ .."

"လက်ကြီးက ငြိမ်ငြိမ်နေ .."

"မင်းက အသည်းယားအောင် ချစ်ဖို့ကောင်းနေတာ ဘယ်လိုလုပ် ရမလဲ .."



"လက်ပိုက်ထားလိုက် .."

"လုံးဝမရတော့ဘူး .."

"အို .. တွေ့လား .."

"တွေ့တယ် .. မင်း ချက်ချင်း အဝတ်အစားလဲပြီး ထွက်လာတာ တွေ့တယ်၊ ဒါပေမယ့် ဘာဝတ်ဝတ်ဘယ်လိုနေနေ ဘာဖြစ်လို့ ဒီလောက်တောင် လှနေတာလဲဆိုတာ စဉ်းစားမရဘူး .."

"မစဉ်းစားနဲ့ပေါ့ .. လွှတ်ပါ .. တော်ကြာ မေမေ .. အန်တီ ပြန်ရောက်လာလိမ့်မယ် .."

"မေမေ အန်တီတဲ့ကွာ .. ရယ်ရတယ် .."

"ရှင်နော် .."

"မေမေပဲခေါ်ပါလား .."

"ခုတော့ မခေါ်ရဲသေးဘူး .."

"ခုနကပဲ ခေါ်လိုက်ပြီးပြီ .."

"အဲ့ဒါကို ဘယ်ပါးစပ်ကြီးက ရယ်တာလဲ .."

"ဟား .. ဟား .. ဟား .."

"ကြည့်ပါလား .."

"မင်းလည်း ကိုယ့်ကိုကြည့်လေ .."

"ချောမှ မချောတာ မကြည့်ချင်ပါဘူး .."

"ခဏခဏ မပြောနဲ့နော် .. တော်ကြာ မင်း ဒီလောက်လှနေတာကို ကိုယ်သဝန်တိုပြီး အိတ်ကပ်ထဲကောက်ထည့်ထားမိလိမ့်မယ် .."

"အဟွန်း .."

လွှယ် က သူ့ အတင်းဖက်လိုက်သဖြင့် ပခုံးလေးကျုံ့ပြီး ရယ်နေ၏။ ပြီးတော့ ပြန်မော့မလာဘဲ သူ့ရင်ဘတ်အင်္ကျီစကို လက်ချောင်းလေးဆွနဲ့ ပွတ်သပ်ရင်း ..၊

www.burmeseclassic.com

www.burmeseclassic.com



"လွယ် လေ .. ရှင်နဲ့ကားနားမှာ အမှတ်တမဲ့ ပူးကပ်မိသွားတုန်းက .."

"ဟုတ်လား .. မသိတော့ဘူးကွာ .. ဘယ်တုန်းကလဲ .."

"နေမြဲ နော် .."

"ဟုတ်တယ် .. ဘယ်တုန်းကလဲ .. ပုလဲကွန်ဒိုဘယ်နေရာလဲ မသိတော့ဘူး .."

"သွား ..."

"ဆက်ပြောလေကွာ .."

"မရယ်နဲ့ .."

"လုံးဝ မရယ်ဘူး .."

"ပွန်း .."

လွယ် က သူ့ရင်ခွင်ထဲမှာ ပါးလေးအပ်ထားပြီး ရယ်နေလျက်..။

"လွယ် ဘယ်လိုကြီးဖြစ်သွားမှန်း မသိဘူး သိလား၊ တစ်ကိုယ်လုံး အပူငွေ့တွေ ရှိန်းရှိန်းရှိန်းရှိန်းထွက်လာပြီးတော့ လက်ဖျားတွေကျတော့ အေးစက်နေတယ် .."

"အင်း .. ပြီးတော့ရော .."

"ပြီးတော့လည်း ဒီတိုင်းပဲ .. သုတ က စွပ်စွဲတော့လည်း ရှင့် ရင်ဘတ်မှာ လွယ့် နှုတ်ခမ်းနီပေနေတာကို ကျေနပ်သလိုလို ရှက်သလိုလိုနဲ့ ညကျတော့ ပျော်နေတယ် .."

"ဒါဆို အိပ်မက်ထဲမှာ ကိုယ်ပါသေးလား .."

"ပါတယ် .."

"တကယ် .."

"တကယ်ပါဆို .."

"ဘယ်လိုပါတာလဲ .."

"အဲ့လိုပဲ .. ရှင်က .. ရှင်က လွယ့် ကို ဖက်ထားတာ .."



"ဟာ .. တူလိုက်တာကွာ .."

ဟင်!...၊

လွယ် သူ့ရင်ဘတ်ပေါ်မှာ လက်ဖဝါးလေးတင်ထားရင်း မျက်နှာကို တအံ့တဩမော့ကြည့်မိသည်။ နေမြဲ က ထိုလက်လေးပေါ်မှာ ထပ်ချုပ်ကိုင်ထားရင်း ငုံ့ကြည့်ကာ ..၊

"ကိုယ် အဲ့ဒီအကျီကို ဒီနေ့ထိ လုံးဝမလျှော်သေးဘူး သိလား .."

"ဟင် .. တကယ်လား .."

"မင်္ဂလာဦးညကျရင် မင်းကို အဲဒီအကျီပြမယ် .."

"အပွန်း .."

လွယ် က ကလေးလိုရယ်ကာ သူ့ရင်ခွင်ထဲမှာ ပြန်မှိုု၏။ နေမြဲ က ဖွဖွလေးပြန်ဖက်ထားလိုက်ပြီး ..၊

"ကိုယ်လည်း အဲလိုဖြစ်လာတဲ့ညက အကျီကိုကြည့်ရင်း အကျီက ရင်ဘတ်ပေါ်ကျပြီး အိပ်ပျော်သွားတာလေ၊ အဲဒါ အိပ်မက်ထဲမှာ ဘယ်လိုလဲ သိလား .."

သူက မေးဖျားကို မော့ယူလိုက်သဖြင့် အလိုက်သင့်လေးပါလာပြီးမှ သူ့မျက်ဝန်းနဲ့ နှုတ်ခမ်းဖျားက အပြုံးကြောင့် ဖျတ်ခနဲပြန်ငုံ့ပစ်၍ ..၊

"ရှင်နော် .. မဟုတ်ကဟုတ်ကတွေ မပြောနဲ့ .."

"ကိုယ်တို့ ရင်ဘတ်ချင်း အဖြေညှိနေကြတာကို မဟုတ်တာပြောစရာလားကွ .."

ထိုအခါကျမှ လွယ့် မျက်နှာလေးပြန်မော့လာ၏။

"မင်းကို ကိုယ်က ရင်ဘတ်ပေါ်မှာ တင်ဖက်ထားပြီး .."

"ဟာ .. နေမြဲ .. မဟုတ်တာတွေ .. သွား .."

"မဟုတ်တာလို့ ဒီတစ်ခါထပ်ပြောရင် ကိုယ် အဲဒီအိပ်မက်ထဲမှာ ဘာလုပ်ခဲ့သေးတယ်ဆိုတာ အခု လက်တွေ့ပြမှာနော် .."

www.burmeseclassic.com

www.burmeseclassic.com



"နေမြဲ .. ရှင် မညစ်ပတ်နဲ့ .."

"ဘယ်လိုလဲ .. ပြောဦးမှာလား .."

"ဟင့်အင်း .."

နေမြဲ က လွယ့် ကိုယ်လေးကို ခါးလေးကနေ သိမ်းဖက်ထားလိုက်ကာ ..၊

"ကိုယ် မင်းရဲ့ နဖူးလေးကိုပဲ မြတ်မြတ်နိုးနိုး နမ်းခဲ့တာပါ၊ ဒါပေမယ့် အဲဒီညမှာနိုးလာတော့ အရမ်းနှမြောတာပဲ မင်း သိလား .."

"ဘာကိုလဲဟင် .."

"အိပ်မက် နိုးသွားတာကိုပေါ့ .. မနိုးသေးဘူးဆိုရင် ကိုယ့်အနမ်းတွေ ခရီးဆက်လို့ရသေးတယ်လေ .."

"ကြည့်စမ်း .."

"ခု .. ကိုယ်က ခရီးဆက်ကြည့်ချင်လို့ .."

"သေလိုက်ပါလား .."

"ဟော့ .. လွယ် .. မင်း အဲ့လိုပြေးရင် ပိုတိုးသွားမှာနော် .."

လွယ် ထွက်ပြေးခဲ့ရင်း ရယ်သံလေးတွေ ပျံ့လွင့်ကျန်ရစ်၏။

ပျော်စရာနေ့ရက်များသို့သာ ခရီးဆက်ချင်ပါ၏။

သူနဲ့ လွယ် နဲ့ ချစ်ကြရင်းနဲ့ ..၊

*လရောင်ကျူးရင့်*

BURMESE CLASSIC

www.burmeseclassic.com